www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၇၉၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၄၄၀၇၁၁
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ရွှန်း ၁လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (၁၀၀၉၈)
ရွှေခြည်သွေးပုံနှိပ်တိုက်
အမှတ်–၂၀၈ ၊ ၃၁လမ်း။ ၁၁–ရပ်ကွက်
ပန်းဘဲတန်း။ ရန်ကုန်။
ပထမအကြိမ်
၂၀၁၁၊ အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၅၀၀ကျပ်။

၈၉၅ .

မိကိုရှမင်
မာနအနမ်း / မိကိုရှမင် ။ –ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၁။

၂၀၀–စာ၊ ၁၃x၂၀စင်တီ။
(၁) မာနအနမ်း

## အခန်း – ၁

" ခင်ညိုပြာညက် ၊ မင်းနာမည်လား "
" ဟုတ် "
" ဆယ်တန်းအောင်ပြီးသားနော် "
" ဟုတ် "
" မင်းမိဘတွေက အရာရှိကြီးတွေနော် ခင်ညိုပြာညက် "
" ဟုတ် "
" မင်းနာမည်ကို ပြောင်းပစ်လိုက်ဖို့တောင် ကောင်းတယ် "
" ရှင် . . . "
" ခင်ဖြူပြာညက် လို့ "

ပြောနေတဲ့လူကြီးရဲ့ အကြည့်တွေကို ခင်ညိုပြာညက် တင်းသွား ရသည်။ အပြုံးမပျက်ရဲ။

ခင်ညိုပြာညက်ဆိုတာ ဘယ်သူ့အကျောကိုမှ မခံဘဲ့သူ။ နဂိုကမှ စိတ်မလုံရတဲ့အထဲ . . .။

*သူ့ရဲကောင်းစာပေတိုက်*

www.burmeseclassic.com



လျှောက်လွှာထဲမှာ အားလုံးကို ရေးထားပြီးပြီပဲ။ ဖတ်ကြည့်ပေါ့။

မျက်နှာကြီးက ရှုပြောင်စက်စက်နှင့် ပေါက်ကရတွေ မေးနေသည်။ သူက အလုပ်ရှင်လားမသိ။ သည်လောက်စပ်စပ်စုစုမေးနေမှတော့ အလုပ်ရှင်ပဲ ဖြစ်နိုင်သည်။

" ကောင်းကင်ပြာ " အရောင်းဆိုင်ကြီးအတွက် အရောင်းစာရေးမ လိုတယ်ဆို၍ သူမ လာလျှောက်ခြင်းပါ။

လူတွေ့ စစ်ဆေးသည်။ တကယ်တော့ လျှောက်လွှာထဲမှာ ရေးထားတဲ့ ညိုပြာ့ကိုယ်ရေးရာဇဝင်က အမှားတွေ။

ခင်ညိုပြာညက်ဆိုတဲ့နာမည်နှင့် အမေနာမည်ပဲ မှန်သည်။

ကျန်တာအမှားတွေ။

အလုပ်ရှင်က ခင်ညိုပြာ့ကို အထင်သေးပြီး အလုပ်မခန့်မှာစိုး၍ ဖြစ်သည်။

ညိုပြာ့မိဘတွေက အရာရှိကြီးတွေ မဟုတ်။ ဆင်းရဲလွန်းသည်။

အမေပဲ ရှိ၏။ ညိုပြာ ဆယ်နှစ်သမီးတွင် အဖေကားတိုက်မှု ဖြစ်ပြီး ကွယ်လွန်သွားခဲ့သည်။

အဖေက သာမန်အလုပ်ကြမ်းသမားတစ်ယောက်ပဲ ဖြစ်၏။

နေရတာက ဆင်းရဲသားရပ်ကွက်လေးမှာ။

အမေက စက်ချုပ်သည်။

ညိုပြာ့ကိုတော့ စက်ချုပ်ရင်း ဆယ်တန်းအောင်အောင် ထား၏။

" မိညိုပြာရယ် . . . တက္ကသိုလ်ပဲ တက်စမ်းပါ . . . အမေ စက်ချုပ်ပြီး ထားနိုင်ပါတယ် "

သူ့ရဲ့ထောင်းစာပေတိုက်



" ကျောင်းက တက်ဖို့အဝေးကြီး လိုသေးတယ် အမေ၊ ညိုပြာ အလုပ် လုပ်ချင်တယ် "

" ဘာအလုပ် လုပ်မှာလည်း အမေစိတ်မချပါဘူး "

" မပူစမ်းပါနဲ့ အမေရာ . . ညိုပြာ ဆယ်တန်းအောင်ပြီးပါပြီ။ ကောင်းကင်ပြာအရောင်းဆိုင်အတွက် အရောင်းစာရေးမတွေ လိုနေ တယ်တဲ့ "

" အဲဒီအလုပ်တွေက အင်္ဂလိပ်စကားပြောတွေ ဘာတွေ တတ်မှ မဟုတ်လား သမီး "

" ရပါတယ် . . .နောက်မှ ညိုပြာ ဖြည်းဖြည်းချင်း သင်မှာပေါ့"

အမေက သိပ်သဘောမတူချင်ပေမယ့် ညိုပြာ ဇွတ်ပြောရသည်။ ညိုပြာ အလုပ်မလုပ်လို့ ဖြစ်မလား . .။

သူမက လုချင်သည်။ ဆယ်တန်းအောင်သွားပြီဆိုတော့ အဝတ် အစားက လိုလာသည်။ ဘယ်မှာလဲ။ အမေက ဝေးသေးတယ်။ ကျောင်း ထားပေးမယ်သာ အမေပြောနေသည်။ အဝတ်အစား ကောင်းကောင်းမရှိ။

ညိုပြာက အပျံစားမှ ကျောင်းတက်ချင်တာ။

" ခင်ညိုပြာညက် "

" ရှင် . . ."

" ဘာတွေစဉ်းစားနေတာလဲ "

" အလုပ် ခန့်မှ ခန့်ပါ့မလားလို့ "

" မင်းကို ခန့်မှာပါ . . . သိပ်လှတဲ့မင်းလိုကောင်မလေးမှ အလုပ်မခန့်ရင် ဘယ်သူ့ သွားခန့်မလဲ "

သူ့ရဲ့ထောင်းစာပေတိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



" အစ်ကိုကြီးက အလုပ်ရှင်လား "

" မဟုတ်ပါဘူး ၊ ပဏာမ ရွေးချယ်ပေးရတဲ့သူပေါ့ "

မျက်စောင်းလေး မထိုးမိအောင် ခင်ညိုပြာညက် ထိန်းလိုက်ရသည်။ သူ့ကိုယ်သူ ပိုင်ရှင်ကျနေတာပဲ။

ညိုပြာညက်တို့ကတော့ မျက်နှာချို သွေးလိုက်ရတာ။

" မင်းကို ပဏာမအနေနဲ့ ရွေးလိုက်မယ် ညိုပြာညက် "

" ကျေးဇူးပါပဲ ၊ ဟို . .ဟို အပြီးသတ်ရွေးချယ်မှုက ဘယ်တော့လဲရှင့် "

" ဒီနေ့ပါပဲ၊ ခဏနေ အလုပ်ရှင်လာမယ် . . . မင်း ဝင်တွေ့လိုက်ပေါ့ "

" ဟုတ် "

ပဏာမရွေးချယ်တဲ့ လူကြီးရှေ့ကနေ ညိုပြာညက် ထွက်လာခဲ့၏

တော်ပါသေးရဲ့ . . .။

ညိုပြာညက်မှာ လုလုပပသားသားနားနား အဖိုးတန်ဆိုလို့ သည်တစ်စုံပဲ ရှိ၏။

အလုပ်ဆင်းတော့ တူညီဝတ်စုံ ဝတ်ရမှာ။ ကိစ္စမရှိ။

နှစ်စုံလောက် ချုပ်ထားလိုက်ရင် ပြီးတာပဲ မဟုတ်လား။

" ခင်ညိုပြာညက် "

" ရှင် . . . "

" မင်း ဝင်လို့ ရပြီ "

" ဟုတ် "

*သူ့ရဲ့ကောင်းစာပေတိုက်*



အပြီးသတ်ရွေးချယ်မယ့်အလုပ်ရှင်သူဌေးနှင့် တွေ့ရတော့မည်။

ရင်တွေ ခုန်နေမိသည်။

စိတ်တွေကို ထိန်းလိုက်ပြီး အခန်းထဲ ဝင်လာခဲ့မိ၏။

ခမ်းနားလိုက်တဲ့ အခန်းကြီး။ အေးစိမ့်သွားပည်။

သူမပုံစံက အ,တတ နုံတုံတုံ လုပ်နေလို့ မဖြစ်သေးဘူး။

သွက်လက်နေမှ . . .။ ခြေလှမ်းလေးကို ခပ်သွက်သွက်လှမ်းပြီး အလုပ်ရှင်ရှေ့မှာ ဝင်ထိုင်လိုက်သည်။

ကြီးကျယ်ခမ်းနားလိုက်တာ . . .။

ညိုပြာညက် ဝင်လာတာကို တစ်စက်လေးမှ မော့မကြည့်ပေ။

သူမ အိုက်တင်ပေးရတာ အလကားဖြစ်သွားရတော့သည်။ တော်တော်နှင့် မော့မကြည့်။ လျှောက်လွှာစာရွက်ကို တစ်ရွက်ချင်း လှန်ဖတ်နေသည်။

အလုပ်ရှင် . . ဦးခန့်ကျော်စွာ . . .တဲ့။

အသက်က လေးဆယ်လောက် ရှိမည်။

လူပုံကတော့ နာမည်နှင့်လိုက်အောင် ခံ့ညားလွန်းနေသည်။ မျက်နှာထားက တင်းနေ၏။ ချမ်းသာတဲ့လူတွေဆိုတော့လည်း သည်လောက်တော့ ရှိမှာပေါ့။ ဦးခန့်ကျော်စွာ လက်မှာဝတ်ထားတဲ့စိန်လက်စွပ်ကြီးက တဖျတ်ဖျတ် ခါနေသည်။ သူမ ငေးစိုက်ကြည့်မိ၏။

ချမ်းသာလိုက်ကြတာ . . .။ သည်လိုမိဘတွေနဲ့ ဝမ်းထဲ ဘာဖြစ်လို့များ ခင်ညိုပြာညက် မဝင်စားရတာလဲ . . .။

သူမ ရယ်ချောတာပဲ ရှိသည်။

**သူ့ရဲ့ကောင်းစာပေတိုက်**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သာမန်အလုပ်ကြမ်းသမားအဖေနှင့် စက်ချုပ်သမားအမေက မွေးခဲ့၏။ နေတော့ . . . ဆင်းရဲသားရပ်ကွက်လေးတစ်ခုမှာ။

မိခင်ကြီးက စက်ချုပ်ပြီး သမကို ကျောင်းထားပေးခဲ့ရသည်။ လှပချောမောလွန်းတဲ့ သူမဘဝမှာ ချို့တဲ့လွန်းနေ၏။ မတွေးချင်။ တွေးမိတိုင်း ငိုချင်စိတ်တွေ ပေါက်သွားမိသည်။

" ခင်ညိုပြာညက် ဆိုတာ မင်းလား "

" အဖယ်လေး . . ."

အတွေးလွန်နေတဲ့ သူမ . ။ ရုတ်တရက် အသံထွက်လာသဖြင့် လန့်ပြီး အော်လိုက်မိသည်။

ဦးခန့်ကျော်စွာ အကြည့်တွေက ရူးရူးစွာ ဆတ်ခနဲရောက်လာ၏။

" ဘာဖြစ်လို့ လန့်သွားရတာလဲ . .ခင်ညိုပြာညက်၊ ကျုပ်အသံက သိပ်ကျယ်သွားလို့လား "

" ဟို . . ဟို မဟုတ်ပါဘူး ၊ ညိုပြာညက် အတွေးလွန်သွားလို့။ ဦးအလုပ်မှ ခန့်ပါ့မလားလို့ "

ကောင်မလေးကို ကြည့်ရတာ အလုပ် လိုချင်နေပုံ ရသည်။

ဦးခန့်ကျော်စွာ စိတ်ကလည်း တကယ်အလုပ်လုပ်ချင်တဲ့ မိန်းကလေးတွေကိုမှ အလုပ်ခန့်ထားချင်မိသည်။

" မင်း တကယ် အလုပ်လုပ်ချင်တာလား "

" ဟုတ်ကဲ့ "

" လခက သုံးထောင်နော် "

" ရပါတယ် "





ကျောင်းမဖွင့်ခင် သူမအတွက် အဝတ်အစား စုဆောင်းဖို့ ငွေ ရရင် တော်ပါပြီ။ အမေက ကျွေးမှာပဲ။ ခင်ညိုပြာညက် တက္ကသိုလ်တက်ဖို့ စောင့်ရဦးမည်။ အဝတ်အစား အသင့်အတင့်ရအောင် ငွေစုချင်နေမိသည်။

" မင်းက ဆယ်တန်းအောင်တာ ဂုဏ်ထူးငွေပါတယ်ဆိုတော့ မဆိုးပါဘူး "

ဦးခန့်ကျော်စွာစကားကြောင့် ခင်ညိုပြာညက် ဝမ်းသာသွားမိ၏။

" ညိုပြာကို အလုပ်ခန့်လိုက်ပြီပေါ့နော် "

" ဆိုပါတော့ . . . မင်းအလုပ်စည်းကမ်းတွေကို လိုက်နာရလိမ့်မယ်နော် "

" စိတ်ချပါ . . . ညိုပြာညက် စည်းကမ်းလိုက်နာနိုင်ပါတယ်"

ကောင်မလေးမျက်နှာလေးက ဝင်းလက်သွားသည်။လျှောက်လွှာထဲမှာ မိဘတွေကတော့ အသင့်အတင့် ဂုဏ်သရေရှိကြသည်။ သိပ်ဆင်းဆင်းရဲရဲကြီး မဟုတ်။

" နောက်တစ်ပါတ်မှာ ဆိုင်ဖွင့်ပဲ ရှိမယ် ညိုပြာညက် ၊ မင်း အလုပ်ဆင်းနိုင်ပြီ "

" ဟုတ် . . . ကျေးဇူးပါပဲ ဦးရယ် "

" မင်း သွားနိုင်ပြီ "

" ဟုတ် . .သွားခွင့်ပြုပါဦး "

ခင်ညိုပြာညက် ဝမ်းသာအားရနှင့် အခန်းကြီးထဲက ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



" ကောင်မလေး အလုပ်ခန့်လိုက်လား "

" အင်း "

" ငါပြောသားပဲ "

ညိုပြာညက် ဆက်ပြောမနေတော့ဘဲ ထွက်လာခဲ့သည်။

ဝမ်းသာသွားမိ၏။

အလုပ်ရပြီ . . ။ အမေက သမီးရှာတာ သမီးအဝတ်အစား ဝယ်ဝတ်တဲ့။ ဘက္ကသိုလ်တက်ဖို့အတွက် အဝတ်အစားတွေ စုရမည်။

ခင်ညိုပြာညက် ခြေလှမ်းတွေက ကားဂိတ်ဆီသို့ လှမ်းနေသည်။ တွေ့သမျှ ကောင်မလေးချောချောတွေကို သူမ ငေးကြည့်လာမိ၏။

ဝတ်ထားကြတာ အပုံစားပဲ။ တချို့ဆို သောင်းချီပြီးတန်တဲ့ အဝတ်အစားတွေ ဝတ်ထားကြသည်။ မဝတ်သာ မဝတ်နိုင်တာ။

ညိုပြာညက်တို့က စတိုးဆိုင်တကာ ဝင်ပြီး စပ်စုကြည့်ပြီးသား။

ဝယ်မယ် . . ။

တစ်လတစ်စုံတော့ ဝယ်ဖြစ်အောင်ကို ဝယ်ပစ်ရမှာပဲ။

တက္ကသိုလ်တွေ ဖွင့်တဲ့အခါ ညိုပြာညက်မှာ ဆယ်စုံလောက် ရှိနိုင်သည်။

" ဟင်း . . . "

ဝယ်ချင်၊ လှချင်စိတ်တွေကို ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ။

ကားဂိတ်မှာ ရပ်နေမိသည်။

လူ့ဒုက္ခကြီးက တစ်ပုံကြီးပဲ။ ကားနှင့်မမျှ။ သူမစီးရမှာက နှစ်ဆင့်တောင် ဖြစ်၍ စိတ်မောစရာ ကောင်းလှန်းသည်။





" သူများတွေများ ကားလှလှလေးတွေပေါ်မှာ အခန့်သားနဲ့၊ ညိုပြာညက်တို့ဘဝများ ဆိုးကို ဆိုးလွန်းပါတယ်နော် "

စိတ်ထဲကနေ မကျေမနပ်နှင့် ပြောနေမိသည်။

ကားနှစ်ဆင့်တားစီးပြီး အမေ့အိမ်လေးထဲ ဝင်လာခဲ့ပြီ၏။

အမေက အိမ်ဝမှ မျှော်နေသည်။

" သမီးရယ် . . . အမေ စိတ်ပူလိုက်တာ . . .ကားဂိတ်တောင် လိုက်စောင့်တော့မလို့ "

" ညိုပြာညက်အတွက် ဘာမှ မပူပါနဲ့ အမေရာ . .ကားတွေက ကျပ်နေလို့ "

" သမီးက အလုပ် လုပ်ချင်တာကိုး . . . အမေပြောသားပဲ အေးအေးဆေးဆေးနေပါလို့ "

ဒေါ်ရီဝေကတော့ သမီးကို အလုပ်မလုပ်စေချင်ပေ။ စိတ်မချ။ လှပချောမောတဲ့အပြင် ငယ်ရွယ်နုနယ်တဲ့အရွယ်ဖြစ်နေသည်။

ခင်ညိုပြာညက် ဆိုတဲ့နာမည်နှင့်ပင် မလိုက်ပေ။

အသားအရေက ဖြူဝင်းအိနေသည်။

" သမီးရယ် . . .အမေ စိတ်မချဘူး။ အလုပ် မလုပ်ပါနဲ့ . . တက္ကသိုလ်ပဲ အေးအေးဆေးဆေးတက်ပါ "

" အမေကလည်း ကျောင်းတက်တယ် ဆိုတာ လွယ်တာမှ မဟုတ်တာ၊ ညိုပြာညက်မှာ အဝတ်အစားကောင်းကောင်းလည်း မရှိဘူး။ ဖိနပ်တောင် ကိုးဆယ်တန်ပဲ စီးနိုင်တာ "

" ပညာသင်ဖို့သွားတာပဲ မိညိုပြာညက်ရယ် ၊ ကိုယ့်ဘဝ

www.burmeseclassic.com



ကိုယ်သိမှပေါ့ ၊ အမေတို့က ဆင်းရဲတာပဲ ”

“ အဲဒီဆင်းရဲနေတာချည်းကို ညိုပြာညက်တို့ စိတ်ညစ်တာ”

“ ဘာပြောတယ် သမီး ”

“ ညိုပြာညက်လေ . . . အခုခေတ်မိန်းကလေးတွေ ဝတ်သလို ဒီဇိုင်းမိမိလေးတွေ ဝတ်ချင်တယ် ”

သမီးလေးကို ကြည့်ပြီး ဒေါ်ရီဝေ သနားသွားမိသည်။ ဒေါ်ရီဝေလည်း မတာတ်နိုင်။ လှပချောမောတဲ့သမီးလေးကိုလည်း အဖိုးတန်အဝတ်အစားတွေ ဝတ်စေချင်သည်လေ။

“ သမီးလေးရယ် . . .ကိုယ်ကျင်လည်နေရတဲ့ဘဝနဲ့ လိုက်ဖက်တဲ့ အခြေအနေကိုပဲ ကျေနပ်စမ်းပါ ”

ညိုပြာညက် နှုတ်ခမ်းလေးတွေက တွန့်မဲ့သွားရသည်။

“ ဆင်းရဲသားတွေ ဘာဖြစ်လို့ ဆင်းရဲနေရတာလဲ အမေ သိလား ”

“ ကံတရားအရ ဆင်းရဲနေရတာပေါ့အေ့ ”

“ မဟုတ်ဘူးအမေ . . . ဆင်းရဲတဲ့ဘဝကို ကျေနပ်နေကြလို့ ဆင်းရဲနေကြတာပဲ ”

သမီးကို ဒေါ်ရီဝေ ငေးပြီး စူးစိုက်ကြည့်နေမိတော့သည်။

ဆင်းရဲတဲ့ဘဝကို ကျေနပ်လို့ ဆင်းရဲနေကြတာတဲ့ . . .။

ချမ်းသာတဲ့ဘဝကို သမီးလေး အတော်တောင့်တမက်မောနေတာပါလား . . .။

စိတ်လေးသွားရသည်။

သုခဲ့ဆောင်းစာပေတိုက်



“ ညိုပြာညက်ကတော့ ဆင်းရဲတဲ့ဘဝကို မကျေနပ်နိုင်ဘူး။ သမီးဘဝတိုးတက်ရေးအတွက် အမြဲ ကြံစည်နေမှာပဲ ”

“ လောကကြီးထဲမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်မလား သမီးလေးရယ် . . . ကံတရားကို ယုံစမ်းပါ ”

“ ကံဆိုတာ အလုပ်ပဲ အမေ ၊ ညိုပြာညက်ကတော့ ချမ်းသာတဲ့ဘဝကို မျှော်လင့်တောင့်တပြီး အလုပ်ကြိုးစားရမှာပဲ ”

ဒေါ်ရီဝေ သက်ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်လိုက်ရ၏။

“ အခု ချမ်းသာလာကြတဲ့သူဌေးကြီးတွေဘဝကို အမေ လိုက်မေးကြည့် ၊ တစ်ချိန်က ဆင်းရဲခဲ့ဖူးကြတာ ၊ ဆင်းရဲတဲ့ဘဝကို ကျေနပ်မနေဘဲ ချမ်းသာအောင် ကြိုးစားခဲ့ကြတာ မဟုတ်လား ”

ညိုပြာညက် အမေ့အနားကနေ ထလာခဲ့တော့သည်။

~ ~ ~

သုခဲ့ဆောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂

အလုပ် စတင်ဝင်ရမည့်နေ့။

ညိုပြာညက်တစ်ယောက် အလှအပတွေ ပြင်လို့မဆုံးပေ။

အဝတ်အစားကတော့ သိပ်ရွေးစရာ မရှိ။

တန်ဖိုးလည်း နည်းသည်။ ပုံစံဆန်းဆန်းလေး ဝတ်ထားသဖြင့် ကြည့်၍ ကောင်းနေ၏။

အမေ အခန်းထဲ ဝင်လာသည်။

" မိညိုပြာ . .မသွားသေးဘူးလား ၊ အချိန်နောက်ကျနေဦးမယ် သမီးရယ် "

" ညိုပြာ . . လှရဲ့လား အမေ "

" အမေ့သမီးလေးက ဘယ်လိုပဲဝတ်ဝတ် သိပ်ကြည့်လို့ ကောင်းတာပဲကွယ် "

သမီးလေး လှတာကိုတော့ လူတိုင်းပြောနေကြသည်။

အဖိုးတန်အဝတ်အစား မရှိ။





ခေတ်ဆန်ဆန်လေးချုပ်ထားတော့လည်း ကြည့်၍ကောင်းနေ၏။ အလှအပလည်း ပြင်တတ်သည်။ ကြော့ကြော့လေး။

" စိတ်ပျက်တယ် အမေရာ "

" ဘာကို စိတ်ပျက်နေတာလဲ သမီးလေးရယ် "

" ဘတ်စ်ကားတိုးစီးရမှာကိုပေါ့ . . ပြီးတော့ နှစ်ဆင့်ဘောင်။ အမေတို့ကလည်း ဘာဖြစ်လို့များ ဒီလောက်ဝေးပြီး ချောင်ကျတဲ့နေရာမှာ လာနေရတာလဲလို့ "

" ကံပေးတဲ့နေရာမှာပဲ နေရတာပဲ သမီးလေးရယ် "

" လာပြန်ပြီ ဒီကံ ၊ ညိုပြာညက်ကတော့ ကံကိုယုံပြီး ဒီနေရာမှာ နေရတာ မကျေနပ်ပေါင် ၊ တိုက်နဲ့ကားနဲ့နေရတဲ့ဘဝကို နေရအောင် ကြိုးစားပြမယ် "

" ညည်းစိတ်ဓါတ်ကြီးကလည်း ကြောက်စရာပါလား ၊ မဟုတ်မဟပ်တွေတော့ မလုပ်နဲ့နော် ၊ အမေ လက်မခံဘူး "

" အမေကလည်း ပြောပြီ။ ညိုပြာ့ကို အထင်သေးတာလား"

" မိန်းကလေးတစ်ယောက်ဟာ သိပ်အလှအပ ကြိုက်ပြီး ချမ်းသာချင်နေရင် ဒုက္ခတွေ့မှာပဲ "

အမေရဲ့ စိုးရိမ်ပူပန်နေတဲ့ မျက်လုံးအကြည့်တွေအောက်မှ ညိုပြာညက် ထွက်ခဲ့သည်။

သူမကို မြင်လိုက်သူတိုင်းက နှစ်ခါပြန်မကြည့်ဘဲ မနေနိုင်။

ဘဝနှင့်အလှက တခြားစီပဲ။

အမေက ကံကိုယုံကြည်နေပြီး ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာကို ချမ်းသာကြွယ်ဝပြီး သူဌေးသားတစ်ယောက်က ကြိုက်ရင် သိပ်ကောင်းမှာပဲ။

ကံကောင်းချင်နေမိသည်။

ဘဝပေး ကံကြီးရယ်၊ ညိုပြာညက်အတွက် ကံကောင်းပါစေ။

ဘတ်စ်ကားဂိတ်ရောက်လာသည်။ လူတွေ တစ်ပုံကြီး . . .။

သည်နေ့ ညိုပြာညက် အလုပ်စပြီးဆင်းရမယ့်နေ့ ဖြစ်နေသည်။

ကြော့ကြော့မော့မော့လေး သွားချင်ပါတယ်ဆိုမှ ကားကလည်း မလာသေး။

စီးမည့်သူတွေ တစ်ပုံတပင်ကြီး ဖြစ်နေသဖြင့် ငိုချင်လာမိသည်။

အရောင်းစာရေးမက ငါးယောက်တောင် ခန့်ထားလိုက်၏။ သည်ထဲမှာ ညိုပြာညက်က အချောဆုံး၊ အတောင့်ဆုံး။

ခက်နေတာက အဆင်းရဲဆုံးဖြစ်နေခြင်းပင်။

တခြားအရောင်းစာရေးမတွေက အဖိုးတန် အဝတ်အစားများ ဝတ်မလာ။

တစ်နေ့ပါပဲ။

အလုပ်ရှင်က ဆင်တူဝတ်စုံနှစ်စုံ ချုပ်ပေးမည်ဟု ပြောထား၏။

နောက်နေ့မှ စဝတ်ရမည်။ ကားဂိတ်မှာ ရပ်နေစဉ် ချွေးမပြန်အောင်လည်း ဂရုစိုက်နေရသေးသည်။ စိတ်အိုက်နေ၏။

မလွယ်ပါလား . . .။

" ဟေ့ . . ညိုပြာညက် ၊ တို့ကားနဲ့လိုက်မလား . . . နင်အလုပ်ဝင်ရမယ့်နေရာနဲ့ လမ်းကြုံတယ် "





သူငယ်ချင်းဖြစ်သူ ရတနာ့ကို ကားနှင့်တွေ့လိုက်ရသည်။

ညိုပြာညက် ဝမ်းသာသွားမိ၏။

" လိုက်မယ် ရတနာ ၊ ဒီမှာ ကားမရလို့ စိတ်ညစ်နေတာ"

" လာ "

ရတနာ့ကားပေါ် ဖွေ့ခနဲ ဝင်ထိုင်လိုက်မိတော့သည်။

သူမအလုပ် လျှောက်တဲ့ဖောင်မှာ ရတနာ့လိပ်စာ ပေးထား၏။

" နင်က အပျံစားပါလား ညိုပြာ "

" ဟန်ပေါ့ဟာ . . . နင့်လိပ်စာနဲ့ ငါ အလုပ်လျှောက်ထားတာနော် "

" အေးပါ "

ညိုပြာတို့ သူငယ်ချင်းထဲတွင် ရတနာက အချမ်းသာဆုံး။ တိုက်ကြီးနှင့် နေတာတော့ မဟုတ်။ အခန်းက တိုက်ခန်း။ သားနားသည်။

ညိုပြာညက် အလုပ်လျှောက်တော့ ရတနာ့လိပ်စာနှင့် လျှောက်ခဲ့၏။

" ညိုပြာ "

" ဟင် "

" နင်သာ သူဌေးသမီးလေးဆိုရင် အရမ်းကို တင့်တယ်နေမှာပဲနော် "

" ငါစိတ်ဓါတ်ကျနေတာ အဲဒါပဲပေါ့ "

" ဆင်းရဲလို့လား "

" အေး "



www.burmeseclassic.com

www.burmeseclassic.com



ရတနာက ချမ်းသာပေမယ့် မာနမရှိဘဲ ညိုပြာညက်နှင့် အတွဲများသည်။

ဆယ်တန်းလည်း အတူတူ အောင်ခဲ့သည်။

တစ်ခါတလေ . . . ပွဲလမ်းသဘင်တွေသွားလျှင် ရတနာ့ဆီမှ အဝတ်အစားတွေ ငှားဝတ်ရသည်။

" နင်က ဆင်းရဲပေမယ့် ဘာပဲဝတ်ဝတ် ကြည့်ကောင်းပြီး လှနေတာပါ "

ညိုပြာညက်ကတော့ သဘောကျစွာ ပြုံးနေမိသည်။

ကားစီးရတဲ့အရသာကို သဘောအကျကြီး ကျနေရ၏။ စိတ်ကူးတွေ ယဉ်နေမိသည်။

အလုပ်စဝင်တဲ့နေ့မှာ ကားနှင့်ဆိုတော့ အတော်ပဲ ဖြစ်သွား၏။ တခြားအရောင်းစာရေးမတွေနှင့် တွေ့ပါစေဟု ဆုတောင်းနေမိ၏။

" ညိုပြာ . . . နင် တက္ကသိုလ်တက်မှာလား "

" တက်မှာပေါ့ . . .ကျောင်းတွေ မဖွင့်ခင် အဝတ်အစားဝယ်လို့ ရအောင် အလုပ် ဆင်းနေတာ "

ညိုပြာညက် အလှအပကြိုက်တာကို ရတနာ အသိဆုံးဖြစ်၏။

ငယ်ပေါင်းတွေပဲ။ ကျောင်းမှာဆို ညိုပြာညက်က ရေပန်းစားလွန်းသည်။ မာနတော့ ကြီး၏။

ဘော်ရုံယောက်ျားတစ်ယောက်ကို ညိုပြာညက် စိတ်မဝင်စားပေ။

အရေးပင် မစိုက်။

" မီလျံနာလောက်မှ စဉ်းစားမယ် "





ရတနာနှင့် ညိုပြာညက်ကတော့ တစ်ယောက်အကြောင်း တစ်ယောက် သိထားပြီးသား . . .။

ကောင်းကင်ပြာ အရောင်ဆန်းမရှေ့သို့ ကားလေး ရပ်သွား၏။

ညိုပြာညက် ပတ်ဝန်းကျင် ကြည့်မိ၏။

ဝမ်းသာသွားသည်။

အလုပ်ရှင် ဦးခန့်ကျော်စွာလည်း သူ့ကားပေါ်က ဆင်းလာ၏။

" ရတနာ . . . အဲဒါပေါ့ တို့အလုပ်ရှင် ဦးခန့်ကျော်စွာဆိုတာ"

ရတနာလည်း အပြုံးအပြနှင့် လိုက်ကြည့်နေသည်။

" မသိမသာ ကြည့်ပါဟ "

" နာမည်နဲ့ လိုက်တယ်နော် . . . လူပျိုကြီးလား "

" ဘယ်က ဟုတ်ရမှာလဲ . . .မိန်းမ ရှိတယ် ၊ ဒေါ်မြတ်ဝါဆိုတဲ့ . ."

" နင် သတိတော့ထားနော် "

" ဘာကိုလဲ "

" နင်က လှတယ် မဟုတ်လား ၊ ရည်ရွယ်ချက်ပန်းတိုင်တွေ လွဲနေမှာ စိုးလို့ပါဟာ "

" ရတနာရာ . . . ညိုပြာ့ကို အထင်သေးလိုက်တာ ၊ နင်ငါ့အကြောင်း သိပါတယ် ၊ ဘော်ရုံလူ အထင်မကြီးဘူးဆိုတာလေ "

အလှအပနဲ့ ဂုဏ်ပကာသနကို မက်မောတဲ့သူငယ်ချင်းအတွက် ရတနာ စိတ်ပူမိသည်။

ညိုပြာညက်က ချမ်းသာချင်နေ၏။

www.burmeseclassic.com



မဟုဘ်မဟပ်တွေ ဖြစ်သွားမှာကို ရတနာ နှာမြောနေမိသည်။

" ညိုပြာ သွားမယ် "

" အေး "

ညိုပြာညက် ကားပေါ်က အဆင်းတွင် ဦးခန့်ကျော်စွာနှင့် အကြည့်ချင်း ဆုံမိသွားသည်။

နှုတ်မဆက်။

မျက်နှာထား တည်တည်နှင့်လှည့်ကာ အရောင်းခန်းဘက် ဝင်သွားသည်။

ညိုပြာညက် စိတ်ထဲမှာ တင်းသွားမိ၏။

ကြီးကျယ်လိုက်တာ။

ချမ်းသာတယ်ဆိုပြီး ညိုပြာညက်တို့ အရောင်းစာရေးမလေးတွေကို အဖတ်မတန်တဲ့သဘော။

ဒါကောင် ညိုပြာညက် ကားလုလုနှင့် အလုပ်ကိုလာခဲ့ခြင်းပဲ မဟုတ်လား . . .။ ဆင်းရဲနွမ်းပါးတာသာ သိရင် အထင်သေးမှာပဲ။

ကောင်းကင်ပြာအရောင်းခန်းမကြီးထဲသို့ ညိုပြာညက် ဝင်လာခဲ့သည်။ အလုပ်ရှင် ဦးခန့်ကျော်စွာက အရောင်းစာရေးမလေးတွေကို အသီးသီး နေရာချပေးနေသည်။

" ခင်ညိုပြာညက် "

" ပြောပါ "

" မင်းကတော့ ကျုပ်ရဲ့ ကိုယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ဖို့ ရွေးချယ်ထားတယ် "





" ရှင် "

ဦးခန့်ကျော်စွာရဲ့ ကိုယ်ရေးအရာရှိဆိုတော့ ဘာလုပ်ရမှာလဲ။ ထူးဆန်းနေသည်။

" ကျုပ်ကိုယ်စား စာရင်းဇယားတွေနဲ့ ဧည့်သည်တွေကို မင်း ကြိုဆိုရမယ် ၊ ဖုန်းတွေလာရင် မင်းမှတ်ထားရမယ် ၊ ပစ္စည်းတွေ မှာတာတွေ ရှိချင်လည်း ရှိမယ် ၊ မင်းအားလုံး ဆောင်ရွက်ပေးရမယ်"

အဆင့်မြင့်သားပဲ ဟု ညိုပြာညက် သဘောကျစွာ တွေးလိုက်မိသည်။

" မင်း ယူနီဖောင်းတော့ မဝတ်ရဘူးနော် ခင်ညိုပြာညက် "

" ရှင် "

ညိုပြာညက် အကြောက်ဆုံးက ယူနီဖောင်း မဝတ်ရမှာကိုပါ။

သူမ မှာက . . . အဖိုးတန် အဝတ်အစား မရှိပေ။

ကားနှင့်လာတာဆိုပြီး အထင်တကြီး ခန့်တာလည်း ဖြစ်နိုင်သည်။ ညိုပြာညက်ရဲ့ဖခင်အလုပ်။ နေရပ်လိပ်စာနဲ့ ကားစီးတာ မြင်ပြီး အထင်ကြီးသွားတာလား . . .။

ရင်တွေ ပူလာသည်။

စောစောက အပျော်တွေပင် ဘယ်ရောက်သွားမှန်း မသိတော့။

" မင်း လုပ်နိုင်တယ် မဟုတ်လား "

" ဟုတ် . . . ဟုတ်ကဲ့ "

အရောင်းစာရေးမထက် သူဌေးကိုယ်ရေးအရာရှိက ဩဇာပိုရှိသည်။ ကံကောင်းလျှင် သူဌေးသားတွေနှင့် ဖူးစာဆုံနိုင်ခြေများသည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်း စောစောလာနိုင်မလား "

" ရှင် "

" မင်းမှာ ကားရှိတော့ စောစောလာနိုင်မလားလို့ပါ "

ညိုပြာညက် ထင်တဲ့အတိုင်းပင် ဦးခန့်ကျော်စွာက အထင်ကြီးနေသည်။

အစောကြီးလာနိုင်မလားတဲ့ . . .။

ဘယ်လိုလုပ်ပြီး အစောကြီး လာနိုင်မှာတဲ့လဲ။

ဘတ်စ်ကားက နှစ်ဆင့်တောင် စီးရတာ။

လူက ကျပ်သေး။

ကားက လမ်းကြုံလို့ ညိုပြာညက် ကပ်လိုက်လာတာပါ။

" မင်းကို မေးနေတယ်လေ "

" ဟို . . ဟို ကားက ဖေဖေ အလုပ်ယူသွားတော့ ညိုပြာညက် အစောကြီးတော့ မလာနိုင်ဘူး "

အမှန်အတိုင်း မပြောမိအောင် ခင်ညိုပြာညက် ထိန်းချုပ်ထားလိုက်မိသည်။

" အင်းလေ . . . မင်းလာနိုင်တဲ့အချိန်ပဲ လာခဲ့ပါ ၊ ငါတော့ မင်းကို အရည်အချင်းရှိလို့ ဒီနေရာ ပေးတာ "

" ဟုတ်ကဲ့ . . ကျေးဇူးပါပဲ "

" အလုပ်တာဝန်ကျေရင် ကျေသလို မင်းခံစားခွင့် ရှိမယ် "

" ဟုတ် "

" မင်းနေရာက ဒီမှာ "





ဦးခန့်ကျော်စွာနှင့် မနီးမဝေးမှာ နေရာချထားပေးသည်။

ဖုန်းက သူမရှေ့မှာ။

ဦးခန့်ကျော်စွာက ကောင်းကင်ပြာအရောင်းခန်းမအပြင် တခြားအလုပ်တွေ ရှိသေးသည်။ အများကြီးပဲ။

ဘယ်ဘဝက ကုသိုလ်ကံတွေကြောင့် . . .သည်လောက်တော ချမ်းသာနေကြရတာလဲ . . .။ အားကျနေမိသည်။

" ကျုပ်အလုပ်ကိစ္စတစ်ခုအတွက် အပြင်သွားဦးမယ် ၊ မင ဖုန်းလာရင် မှတ်ထားနော် . . . တခြားအလုပ်တွေကိုလည်း ဖြူဖွေးက မင်းကို သင်ပေးလိမ့်မယ် . ညိုပြာညက် "

" ဟုတ် "

ဖြူဖွေးဆိုတဲ့ နာမည်က မျက်နှာပြောင်စပ်စပ်နှင့် လူကြီးပင

ဦးခန့်ကျော်စွာ ထွက်သွားသည်။ အလုပ်ရှင်အခန်းထဲမှာ . ခင်ညိုပြာညက် တစ်ယောက်တည်း ကျန်ခဲ့၏။

" အင်း . . . နေရထိုင်ရတာတော့ အဆင့်မြင့်မြင့်နဲ့ သားနာ ပါရဲ့ ၊ ပြဿနာက ယူနီဖောင်း မဝတ်ရဘူးတဲ့ "

ညိုပြာညက် တစ်ယောက်တည်း ပြောပြီး စိတ်ဓါတ်တွေ ကျ မိသည်။ ကောင်းကောင်းဆိုလို့ နည်းနည်းပဲ ရှိ၏။

ရတနာဆီက ငှားဝတ်ရမှာပဲ။

သူမဘဝကို သူမ အားမလိုအားမရဖြစ်ကာ ရက်နေမိတော့၏

သည်တာဝန်ကို ငြင်းလိုက်ရင် ကောင်းမလား . . .။

" ဟော့ . . . ခင်ညိုပြာညက် "



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူဖွေးဆိုတဲ့လူကြီး စပ်ဖြဲဖြဲနှင့် အခန်းထဲ ဝင်လာသည်။

ခင်ညိုပြာညက် အခန်းထဲမှာ လက်ထောက်မန်နေဂျာ ဦးဖြူဖွေးလည်း နေရ၏။ လက်နှိပ်စက်ရိုက်တဲ့ ကောင်မလေးတစ်ယောက်လည်း ရှိသေးသည်။

" ညည်းနေရာကို တခြားကောင်မလေးတွေ အရမ်းလိုချင်ကြတာ "

ညိုပြာညက် မပြုံးချင်ပြုံးချင်နှင့် ဟန်ဆောင်ပြုံးပြလိုက်ရသည်။

ဦးဖြူဖွေး . . .တဲ့။

အသားက ညိုမည်းနေသည်။

ညိုပြာညက်ကို ဖြူပြာညက် ဟုပဲ ခေါ်ပြီး နေတတ်၏။

" ကောင်မလေး "

" ပြော "

" ဒီနေရာရအောင် ဆရာ့ကို ငါပြောပေးထားတာဟ "

" ဦးညိုမည်းကို ကျွန်မက ကျေးဇူးတင်ရမှာပေါ့ "

" ဘာ . . . ဦးညိုမည်း ဟုတ်လား "

" ဟုတ်တယ် . . . နာမည်နဲ့ တခြားစီပဲ ၊ ဦးညိုမည်းလို့ ပြောင်းပစ်လိုက်ဖို့ ကောင်းတယ် "

" ဟား . . . ဟား ငါ့ကို မင်းက လက်စားချေတာပေါ့လေ"

ညိုပြာညက်ကတော့ ဘာမှမပြောဘဲ မျက်နှာလေးကို တည်ထားသည်။

သည်မှာ စိတ်ညစ်နေရတဲ့အထဲ . . .။

သူ့ရဲ့ထောင်းစာပေတိုက်



နေ့စဉ်ဝတ်လာရမယ့် အဝတ်အစားတွေအတွက် စိတ်လေးနေမိသည်။ ပြီးတော့ . . . သူမကို ကားနှင့်ထင်တာ။

ဘတ်စ်ကားတောင် အနိုင်နိုင် တိုးစီးနေရတဲ့ဘဝမျိုးဖြစ်နေသည်။

သိများ သိသွားရင် . . .အလိမ်အညာမလေး ဆိုပြီး သူမကို အလုပ်က ထုတ်ပစ်မှာ သေချာသည်။

" ကဲပါ . . ကောင်မလေးရယ် . . . ညည်း မကြိုက်ရင် မခေါ်တော့ပါဘူး . .ကျုပ်ကိုတော့ နာမည်မဖျက်နဲ့နော် "

ညိုပြာညက်ကို လုပ်ရမည့်အလုပ်တွေ သင်ပြညွှန်ကြားနေသည်။

" ဆရာက သိပ်စည်းကမ်းကြီးတယ် ၊ အလုပ်တာဝန်ကျေမှ ကြိုက်တာ၊ လိမ်ညာ ကောက်ကျစ်တာမျိုးဆို လုံးဝခွင့်မလွှတ်ဘူး ညိုပြာ"

ဦးဖြူဖွေးကြီး ပြောမှ ပိုပြီး ထိတ်လန့်တုန်လှုပ်သွားရသည်။

သူမက အလုပ်ရချင်၍ ပေါက်ကရတွေ လိမ်ရေးထားမိ၏။

သိသွားရင်တော့ . . .မလွယ်ဘူး။

" ဆရာ့မိန်းမကတော့ အေးတယ် ၊ ဆရာထားရာနေ စေရာသွားပဲ ၊ လုပ်ငန်းတွေမှာလည်း ဝင်မရှုပ်ဘူး "

ညိုပြာညက်ကတော့ . . . ဦးဖြူဖွေးပြောတာတွေကို စိတ်မဝင်စားပေ . .။ နေ့စဉ် အလုပ်ဆင်းရမည့်အရေးပဲ တွေးပြီး မှုပင်နေရသည်။

ရုံးဆင်းတဲ့အထိ . . .။

စိတ်မအေးနိုင်အောင် ဖြစ်နေမိသည်။

~ ~ ~

သူ့ရဲ့ထောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၃

" အဆင်ပြေရဲ့လား သမီး "

" ပြေပါတယ်အမေရာ . . . ခက်တာက ညှိုပြာယူနီဖောင်း မဝတ်ရဘူးတဲ့ "

" ဘာဖြစ်လို့လဲ "

" သူဌေးရဲ့ကိုယ်ရေးအရာရှိတဲ့ အမေ "

" ဘာလဲ . . . ကိုယ်ရေးအရာရှိ "

" သူဌေးအလုပ်တွေကို သမီးက လုပ်ပေးရမှာ "

" ဖြစ်ပါ့မလား သမီးရယ် ၊ သူဌေးအနားမှာ နေလို့ "

" ဖြစ်ပါတယ် အမေရာ . . .သမီးစိတ်ညစ်နေတာက အဝတ်အစား ဝတ်စရာမရှိတာ ခက်နေတယ် "

" သမီးမှာ ဝတ်စရာတွေ ရှိတာပဲ "

" အဖိုးမှ မတန်တာ "

" သမီးက လှပြီးသားပဲကွယ် . . . ဘာပဲဝတ်ဝတ်ကြည့်လို့





ကောင်းပါတယ် "

" အမေ ဘာသိလို့လဲ . . . တခြားသူတွေက အဖိုးတန်တွေ တ်ကြတာ "

" သူဌေးတွေကိုတော့ မတုနဲ့ပေါ့ သမီးရယ် "

သမီးလေးကို ဒေါ်ရီဝေ ဖျောင်းဖျပြောဆိုနေသည်။ လှချင်တဲ့ ရွယ်အထိ ဒေါ်ရီဝေတို့ကလည်း မပြေလည်သေးပေ။

စိတ်မကောင်း ဖြစ်ရသည်။

" ညှိုပြာညက်ဘဝကိုက သူများနဲ့ မတူပါဘူး အမေရာ "

တခြားသူတွေလည်း သိပ်အချမ်းသာကြီး မဟုတ်ကြ။ ရွှေတွေ တ်ထားကြသည်။ ဝတ်နိုင်ကြ၏။

ညှိုပြာညက်မှာသာ ဟန်ရေးပြဖို့တောင် မရှိဘဲ ဖြစ်နေရသည်။

" ညှိုပြာညက်ရယ် . . . ညည်း ဒီလောက်ဝတ်ချင်နေရင်လည်း အမေ အသိအထည်တိုင်က အကြွေးဝယ်ပေးမယ် ၊ နေ့သွင်းပေါ့ "

" ဟာ . . .ကောင်းတယ် အမေ၊ ကောင်းတယ် ၊ မြန်မြန်ဝယ် ပေးစမ်းပါ ၊ ဆိုင်မှာပုံစံလှလှလေးတွေ အမြန်အပ်လိုက်မယ် "

သမီးဖြစ်သူ ဒီလောက်ဝတ်ချင်နေသဖြင့် စိတ်မောသွားမိသည်။

" အမေ ချုပ်ပေးပါ့မယ်အေ "

" အမေချုပ်တာ ခေတ်မီမှာ မဟုတ်ပါဘူး ၊ ဆိုင်မှာပဲ ချုပ်မယ်၊ အဖိုးတန်တဲ့ပိတ်စလေးတွေတော့ ဝယ်ပေးနော် "

" အေးပါကွယ် "

သမီးလေး ဘဝမပျက်ဖို့အတွက် ဒေါ်ရီဝေ အနစ်နာခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ပိုလုပ်မှ . . .။

နေ့သွင်းအတွက်ပါ ပိုရှာရတော့မှာ မဟုတ်လား။

" တစ်ပတ်စာလောက်တော့ ရှိပါသေးတယ် . .အမေ အသစ် ဝယ်ပေးမှာနဲ့ အတော်ပဲ "

တစ်ပတ်လောက် ဝတ်ဖို့ရှိတာတောင် သိပ်အကောင်းစားတွေ မဟုတ်။ ညှိုးနေသည်။

ညိုပြာညက်က လှလွန်းလို့သာ ဝတ်ကောင်းနေတာပါ။

" ဦးခန့်ကျော်စွာတို့များ ချမ်းသာလိုက်တာ အရမ်းပဲ၊ ညိုပြာ တော့ အားကျတယ် "

" အားမကျပါနဲ့ သမီးရယ် . . . ကံပဲပေါ့ ၊ အတိတ်ဘဝက ကုသိုလ်တွေ ဘယ်လောက်ရှိထားခဲ့လဲမှ မသိတာ "

အမေ့ကို ပြောလိုက်လျှင် တရားနဲ့ပဲ ဖြေနေတတ်တာ၊ ညိုပြာ မကြိုက်တာပဲ။

ကံဆိုတာ အလုပ်။ အလုပ်လုပ်တဲ့သူတွေ ချမ်းသာလာကြတာ မဟုတ်လား။

" ဆင်းရဲသားတွေ ဆင်းရဲတာ သနားစရာတော့ မဟုတ်ဘူး အမေ "

" မိညိုပြာ . . . ညည်း ဘယ်လိုပြောလိုက်တာလဲ "

" ဟုတ်တယ်လေ . . သူတို့က တစ်နေ့စာရရင် ကျေနပ်နေကြတဲ့ လူတွေချည်းပဲ မဟုတ်လား ၊ ဘဝမှာ ချမ်းသာအောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာ အမြဲ စဉ်းစားနေရမယ်လေ "





သမီးကို အတိုက်အခံလည်း ဒေါ်ရီဝေ ပြောမနေချင်ပေ။ ဖွတ်တရွတ်ကောင်မလေး။

ချမ်းသာချင်တာလည်း မပြောနဲ့တော့။

" ရွှေလမ်းက ငွေမြကို အမေသိတယ် မဟုတ်လား "

" သိတယ် "

" ရုပ်ကလည်း ချောတယ် ၊ တက္ကသိုလ်ကျောင်းသူ၊ မိဘက ချို့ချို့တဲ့တဲ့ ထားရတာကို ယောက်ျားယူတော့ ဘဝတူ၊ ချိုကျိုးနားရွက်ပဲ့၊ အဲဒါကြောင့် ဆင်းရဲတဲ့ဘဝမှာ သူတို့က ကျေနပ်နေကြတာပါလို့ "

သမီးပြောတာလည်း ဟုတ်သလိုလိုတော့ ရှိသည်။

ငွေမြက ရုပ်ကချောက ချောချော။ မိဘက ချို့ချို့တဲ့တဲ့နှင့် တက္ကသိုလ် ထားသည်။ တစ်ဝက်တစ်ပျက်နှင့် ယောက်ျားယူလိုက်သဖြင့် ဒုက္ခ ရောက်သွားရ၏။

ယူတဲ့ယောက်ျားကလည်း တစ်လမ်းတည်းသား ဘဝတူတွေ။

" ငွေမြလို မဖြစ်အောင် သမီး ကြိုးစားပေါ့ "

" ဟင်း . . . ညိုပြာညက်တို့ကတော့ မဆင်းရဲချင်ဘူး. . . တိုက်နဲ့ကားနဲ့နေရမယ့် ယောက်ျားမှ ယူမှာ "

" သမီးရယ် . . .ဒီလိုလူတန်းစားတွေက သမီးကို ယူပါ့မလား၊ စဉ်းစားပါဦး "

" မရရင် မယူဘူးပေါ့ "

" ညိုပြာညက် "

" ရှင် "



www.burmeseclassic.com

www.burmeseclassic.com



“ ချမ်းသာချင်တိုင်း မဟုတ်မဟတ်တွေတော့ မလုပ်နဲ့နော်

ဂုဏ်သိက္ခာကျအောင် ဘာမှမလုပ်ပါနဲ့အေ ”

“ အမေကလည်း ညိုပြာပြောတာက သူဌေးသားလူမျိုးတွေခိုရင်

ပြောတာပါ ”

“ စိုက်ပူလို့ပါအေ ”

“ ညိုပြာညက်အတွက် အမေ ဘာမှမပူနဲ့ ”

အမေက ရီဝေတဲ့မျက်ဝန်းတွေနှင့် သူမကို ကြည့်နေသည်။

ညိုပြာကတော့ မနက်ဖြန် အလုပ်သွားဖို့ပဲ စိတ်စောနေသည်။

ဘယ်သို့အလှအပ ပြင်ရမလဲ . . .။

စောစောရောက်အောင်တော့ သွားမှဖြစ်မယ် . . .။

ညိုပြာညက် ဘတ်စ်ကားနှင့်လာတာ မသိစေချင်။

စိတ်စောလိုက်တာနော်။

သူမဘဝကို သူမအားမရဘဲ ဖြစ်နေသည်။ ချမ်းသာလွန်းတဲ့

ဦးခန့်ကျော်စွာရဲ့ဇနီး ဒေါ်မြတ်ဝါဆိုကို အားကျနေမိ၏။

ကံကောင်းလွန်းသည်။

ဒေါ်မြတ်ဝါဆို ဆိုတာ ဘယ်လောက်များ ချောမောလှပနေမလဲ

ညိုပြာညက် စဉ်းစားနေမိသည်။ အားကျနေမိ၏။

ဦးခန့်ကျော်စွာကလည်း နာမည်နှင့်လိုက်အောင် ခံ့ညားလွ

သည်။ ဒေါ်မြတ်ဝါဆိုကလည်း အရမ်းချောလို့ ဦးခန့်ကျော်စွာက ယူမှာ

မျက်နှာထား ဟင်းတင်းကြီးနေတတ်တဲ့ ဦးခန့်ကျော်စွာက တော

မိန်းကလေးကို ယူမှာ မဟုတ်။





ဂုဏ်တွေ . . .အရည်အချင်းတွေနှင့် ပြည့်နေမှာတော့ သေချာ

ပါတယ်။

“ ညိုပြာလည်း ဒေါ်မြတ်ဝါဆိုလို ကံကောင်းချင်လိုက်တာနော်”

ရေချိုးရင်း စိတ်ထဲမှာရှိနေတာတွေကို ပါးစပ်က ထွက်သွား၏။

“ သမီး ”

“ ဟင် ”

“ ဘာတွေ တစ်ယောက်တည်း ပြောနေတာလဲ . . အအေးပတ်

တော့မှာပဲကွယ် ”

ဒေါ်ရီဝေမျက်ဝန်းတွေက သမီးလေးကို ကြင်နာသနားစွာ ကြည့်

နေမိသည်။ လက်ရှိဘဝကို မရောင့်ရဲနိုင်တဲ့သမီး။

သမီးလေးကျေနပ်အောင် ဘယ်လိုလုပ်ပေးရမှန်းပင် မသိတော့။

“ မြန်မြန်အဝတ်အစား လဲနော်သမီး ၊ ထမင်းစားရအောင်”

“ အင်းပါ ”

အမေရောက်လာ၍ ညိုပြာညက်ရဲ့စိတ်ကူးယဉ်လှလှလေးတွေ

ပျက်သွားရသည်။

ရေအမြန်ချိုးလိုက်၏။ သူမအခန်းထဲမှာရှိတဲ့ ရေးဟောင်းကိုယ်

လုံးပေါ်မှန်ကြီးရှေ့မှာ ရပ်နေမိသည်။ ရေထိထားသဖြင့် အသားလေးက

ဝင်းအိစိုလက်နေ၏။ ကိုယ်လုံးကိုယ်ပေါက်က လှယဉ်ကျေးမယ်တွေဘော

အရှုံးပေးရမှာပါ။

ညိုပြာညက်မှာလည်း စိတ်ကူးယဉ်ထားတာတွေ အများကြီးပဲ။

မယ်ဘွဲ့လည်း ရချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ကျော်ကြားပြီး ချစ်ခင်မြတ်နိုးတဲ့သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ဘဝ။

ရုပ်ရှင်မင်းသမီး လုပ်ရင်ကောင်းမလား . . .။

တစ်နေ့ကျရင်တော့ . . . ဦးခန့်ကျော်စွာနဲ့ဖနီးဒေါ်မြတ်ဝါဆိုလို့ ကံကောင်းရမှာပဲ။ ဆင်းရဲနွမ်းပါးတဲ့ဘဝမှာတော့ ညိုပြာညက် မနေနိုင်ပေါင် . . .။ ချမ်းကို ချမ်းသာရမယ်။

" မိညိုပြာညက်ရေ . . ."

အမေ့အသံက အခန်းဝမှာ ပေါ်လာရပြန်တော့သည်။

" ထမင်းစားမယ်လေ "

" အမေကလဲ သမီးလာမှာပေါ့ "

သမီးမှန်ရှေ့မှာ စိတ်ကူးယဉ်နေတာ ဒေါ်ရီဝေ သိသည်။

ခက်တဲ့သမီးပဲ . .ဘယ်လိုဖျောင်းဖျရမှန်းမသိအောင် ဖြစ်နေမိ၏။ သမီးအခန်းက ထွက်လာခဲ့သည်။

'ဒေါ်ရီဝေတို့တစ်သက်မှာ ပြေပြေလည်လည်နှင့် လူတန်းစေ့နေရတာယ် မရှိခဲ့ပါ။ ဆင်းရဲစွာပဲ နေခဲ့ရသည်။

ယောက်ျားက အလုပ်ကြမ်းသမား ၊ မိမိက စက်ချုပ်။

ကံကောင်းတာ တစ်ခုပဲရှိသည်။ တစ်ဦးတည်းသောသမီးလေးက ရုပ်ရည်လှပချောမောနေတာပင်။

မိ,ခင်ညိုပြာညက်ကလည်း လှချင်လိုက်တာ မပြောပါနဲ့တော့။ မာနတော့ ကြီးသည်။ ယောက်ျားတွေကို အထင်မကြီးပေ။ တစ်ခုပဲ စိုးရိမ်ရတာက ချမ်းသာတဲ့ အသိုင်းအဝန်းတွေကိုတော့ အထင်ကြီးသည်။





သမီးအပေါ် တကယ်ချစ်ခင်မြတ်နိုးတဲ့ ယောက်ျားနဲ့တွေ့ရင်တော့ ကောင်းမှာပဲ။

" အမေ "

" အမယ်လေး . . လန့်လိုက်တာ မိညိုပြာညက်ရယ်၊ အမေက အတွေးလွန်နေတာ "

"ဘာလဲ. .အမေလည်း ညိုပြာလိုပဲ သူဌေးဖြစ်ချင်နေတာလား"

" မဟုတ်ပါဘူးသမီးရယ် . . ချမ်းသာချင်တာထက် အမေ့သမီးလေး လမ်းမှားမရောက်ဖို့ပါ "

" ကဲပါအမေရာ . . . ထမင်းစားမယ် ၊ ဆာလာပြီ "

" အဆင်သင့်ပါပဲ "

ဒေါ်ရီဝေ့အနေနှင့် သမီးလေးညိုပြာညက်ကို ဘာမှမနိုင်းရက်။

အေးအေးချမ်းချမ်းနှင့် နုနုဖပ်ဖပ်လေး အလှကြည့်ထား ထားခဲ့သည်။ မိညိုပြာညက်ကလည်း ငယ်ငယ်ကတည်းက အလိုလိုက်တော့ မသိတတ် . .။ တစ်ကိုယ်ကောင်းဆန်တဲ့ကောင်မလေး။

စိတ်ကူးယဉ်တတ်လွန်းသည်။

" အမေ "

" ဟင် . . ."

" ဟင်းကလဲ ဒါပဲလား "

" ချွေတာနေရတယ်လေ "

ထမင်းဝိုင်းမှာက ငါးပိရည်ကောင်းကောင်းနှင့် တို့စရာတွေပဲ စုံသည်။ ဈေးပေါတဲ့ ငါးသေးသေးလေးတွေကို ချက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



" အမေက ဘာဖြစ်လို့ ဒီလောက်ချွေတာနေရတာလဲ "

" သမီးအတွက် အဝတ်အစားက အကြွေးဝယ်ရမှာ၊ နေ့သွင်းသွင်းရဦးမယ်လေ "

သမီးလေး အကောင်းကြိုက်တတ်မှန်း သိ၍ ဒေါ်ရီဝေ ဟင်းကောင်းကောင်းပဲ ချက်သည်။ သားအမိနှစ်ယောက်တည်း ရှိတာ။ငယ်ငယ်ကတော့ သမီးက အစားကောင်းကောင်း မက်တတ်သည်။ ကြီးလာတော့ တစ်မျိုး ဖြစ်သွား၏။

အဝတ်အစားနှင့် အလှအပတွေဘက် ဦးစားပေးသွားပြန်သည်။

ဟင်းကောင်းကောင်းချက်ကျွေးရတာက သားအမိနှစ်ယောက်တည်းမို့ အကြောင်း မဟုတ်။

အဝတ်အစားက ဈေးကြီးပြီး အဖိုးတန်တွေမှ ဝတ်ချင်သည်တဲ့။

" ကိစ္စမရှိပါဘူး အမေ၊ စားတာက လူမြင်တာမှ မဟုတ်တာ၊ အရေးကြီးတာက အဝတ်ပဲ "

တော်ပါသေးရဲ့ . . .ဟု ဒေါ်ရီဝေ စိတ်ထဲက တွေးလိုက်မိသည်။

သမီးလေး ဝတ်ချင်လှချင်တာလည်း အပြစ် မပြောသာပါဘူးလေ၊ ငယ်သေးတဲ့အရွယ်။ လှသွေးကြွယ်ပြီး တက္ကသိုလ် တက်ရတော့မည်။ သမီးကတော့ စာတော့ တော်သည်။ ကြိုးစား၏။

" ညီပြာညက်က ဘဝတိုးတက်ရေးအတွက် အမြဲတမ်းကြိုးစားချင်တာ "

ပညာတတ်တစ်ယောက်ဖြစ်အောင် ညီပြာညက်လေး ကြိုးစားခဲ့သည်။ တစ်ခုတော့ စိတ်အေးသွားရ၏။





" အမေ "

" ပြော "

" သမီးကို အဝတ်စလေးတွေတော့ အမြန်ဆုံး ဝယ်ပေးနော်"

" အင်းပါ . . . မနက်ဖြန်ပဲ အမေသွားဝယ်ထားမယ် "

" အပေါ်စားတွေ၊ တရုတ်ပိတ်စတွေ၊ စိုင်းစီတွေ မဝယ်နဲ့နော်"

" သမီးက ဘယ်လောက်တန်ဖိုးရှိတာတွေ ဝတ်ချင်တာလဲ"

" ဈေးအနည်းဆုံးတော့ တစ်ကိုက်သုံးရာကျော်လောက်ပေါ့"

ဒေါ်ရီဝေ နှုတ်ကနေ ဘုရားမ,တမိအောင် မနည်းထိန်းချုပ်ထားရသည်။ တစ်ကိုက် သုံးရာကျော်တန်တဲ့. . .ဝမ်းဆက်ဆို နည်းမလား။

ဒေါ်ရီဝေ့မိန်းဆွေ အထည်ဆိုင်ကတော့ အဖိုးတန်တွေ ရှိသည်။ အမျိုးစုံ၏။ ငယ်သူငယ်ချင်းရဲ့ဆိုင်။ မိမိတို့က ဆင်းရဲ၍ အထင်သေးမခံချင်၍ မပတ်သက်ပေ။ သမီးအတွက် အောက်ကျခံရမှာပဲ။

" ညီပြာညက်က သူဌေးရဲ့အတွင်းရေးမှူးမလေးလေ အမေ၊ အပေါ်စားတွေ ဝတ်ရင် အထင်သေးမှာပေါ့ "

" စိတ်ချပါကွယ် ၊ အမေ ဝယ်ပေးပါ့မယ် "

" ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါးဆိုရင် လူတွေက အထင်သေးပြီး စော်ကားချင်ကြတာ အမေရ "

" ဟုတ်တယ် သမီး။ ဒီခေတ်ကြီးက ဟန်နဲ့ပန်နဲ့ နေတတ်ဦးမှ"

" ညီပြာ လခရတော့လည်း အမေ့ကို ပေးမှာပါ "

သမီးလေး စိတ်ချမ်းသာအောင် မိမိကြိုးစားပြီး ယုပ်ပေးဖို့ ခံပုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပါစေ . . .အရွယ်လေး ရောက်နေပြီပဲ။

" အစားကိုတော့ ညီပြာညက် ကျွေးတာနဲ့ စားပါ့မယ်၊ တစ်ခုတော့ ရှိတယ် အမေ "

တစ်ခုတော့ရှိတယ် ဆို၍ ဒေါ်ရီဝေ ထိတ်ခနဲတော့ ဖြစ်သွားရ၏။

" သမီးအလုပ်သွားတဲ့မနက်ပိုင်းအချိန်ကိုတော့ ကျွဲဆန်ကောင်းကောင်းလေး ထည့်သွားချင်တယ် ၊ နည်းနည်းပေါ့ "

" အေး . . အေး သမီးတစ်ယောက်စာ အမေစီစဉ်ပေးပါ့မယ်"

သမီးလေးဖို့ အလုပ်မှာက ပတ်ဝန်းကျင်အသိုက်အဝန်းရှိလာပြီ။ လှုပြုင်ကောင်းအောင် လုပ်ပေးရမည်။

တင်ယောက်စာ ကျွဲဆန်ကောင်းကောင်းလေး ဝယ်ထားရမှာပဲ။

" ညနေစာတော့ ငပိရည်နဲ့တို့စရာပဲ စားပါ့မယ် "

" သမီးလေးရယ် . . ."

သမီးလေးကို စိုက်ကြည့်မိရင်း စိတ်ထိခိုက်သွားရသည်။ သူဌေးသမီးလေးဘဝ ဖြစ်စေချင်မိ၏။

အမေတို့ဗိုက်ထဲကိုမှ လာပြီး ဝင်စားရတယ်လို့ သမီးလေးရယ်။ သားအမိနှစ်ယောက် ထမင်းစားရတာ ခြောက်ကပ်ကပ် ဖြစ်နေတော့သည်။

~ ~ ~



## အခန်း - ၄

" ကိုကို "

" ဟင် . ."

" ကိုကို့စာရေးမလေးက သိပ်ပြီးချောတာပဲဆို "

" ဘယ်သူပြောလဲ . . . . ဝါဆို့ကို ဘယ်သူပြောလဲ "

" ကိုဖြူဖွေး "

" စာရေးမ ချောတာ၊ မချောတာ ကိုကို စိတ်မဝင်စားဘူး၊ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့ပဲ မဟုတ်လား ဝါဆို "

ကိုကို့မျက်နှာကို ဝါဆို ငေးစိုက်ကြည့်နေမိသည်။

နာမည်နှင့်လိုက်အောင် ခန့်ချောနေ၏။ ဝါဆို့ကိုလည်း ချစ်ခင်ကြင်နာစွာ ယုယမှု ရှိသည်။ စီးပွားရေးလုပ်ငန်းတွေမှာတော့ . . .ဝါဆိုကိုယ်တိုင်က စိတ်မဝင်စားတာ။

ကိုကိုကလည်း အားလုံးပြည့်စုံအောင် ဖြည့်ဆည်းပေးထားသည်။ ဝါဆို စိတ်ချမ်းသာရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကိစ္စ အိမ်ထောင်သက်ဆယ်နှစ်မှာ တစ်ခါမှမရှိခဲ့။

ကိုကို့ ဝါသနာမပါမှန်း ဝါဆို သိပါသည်။

ရုပ်ချောပြီး ချမ်းသာကြွယ်ဝတဲ့ ကိုကို့အနားမှာ ကောင်မလေးတွေ ဝိုင်းနေ၏။ စီးပွားရေးပဲ စိတ်ဝင်တစားလုပ်နေတတ်တဲ့ ကိုကိုပါ။

" ဝါဆို ဘာကြည့်နေတာလဲကွ "

သူမပါးပြင်လေးကို ဆွဲလိမ်ပြီး ကိုကို အပြုံးနှင့် ကြည့်နေသည်။

" စိတ်ပူလို့ "

" ဘာကိုလဲ "

" ကိုကို့ အတွင်းရေးမှူးမလေးက သိပ်ချောတာပဲဆိုတော့ ဝါဆို သဝန်ကောင် ကြောင်ချင်လာပြီ "

" ဟား . . .ဟား ကိုကို့မိန်းမ သဝန်ကြောင်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ကိုကို့ဘဝမှာမိန်းမချောလေးတွေ တစ်ပုံကြီး တွေ့ဆုံခဲ့ဖူးပါတယ်ကွာ "

ကိုကို့ပြောတာ ဟုတ်သားပဲ . . .လို့ ဝါဆို စိတ်ကို ဖြေတွေးလိုက်သည်။

အိမ်ထောင်သက်က ဆယ်နှစ်။ သားသမီး မထွန်းကားခဲ့။

တစ်ယောက်နှင့်တစ်ယောက် သစ္စာရှိရှိ ချစ်မြတ်နိုးစွာ ပေါင်းသင်းခဲ့ကြသည်။

" မိန်းမ . . . ဘာမှမပူနဲ့၊ မိုးပေါ်က ကျလာတဲ့ နတ်သမီးဆိုရင်တောင် ကိုကို့မိန်းမကို မလွှမ်းမိုးနိုင်ဘူး "

" ဝါဆိုက အသက်အရွယ် ရလာပြီ ကိုကိုရဲ့ "





" လူ့ဘဝဆိုတာ အသက်လေးဆယ်မှ စတာပါ "

" ဘာလဲ . . . ကိုကိုက လူ့ဘဝကို အခုမှ စချင်တာလား"

" ဝါဆို စိတ်ခါတ်တက်ကြအောင် ပြောနေတာပါ၊ ကိုကို့အတွက် စိတ်မပူနဲ့၊ ကိုယ့်မိန်းမကလွဲပြီး ဘယ်မိန်းကလေးမှ မချစ်ဘူး "

" အဟုတ် "

" ဆယ်နှစ်တောင် ပေါင်းလာပြီပဲ မိန်းမရယ် "

ကိုကိုက ဝါဆို့ပုခုံးလေးကို ပွေ့ဖက်ပြီး ချော့မော့သည်။

ဝါဆို ကျေနပ်မြပင် . . . ယုံလည်း ယုံကြည်သည်။

ကိုကို စီးပွားရေးလုပ်တဲ့တစ်လျှောက် အတွင်းရေးမှူးမလေးတွေ ရှိခဲ့၏။ ပြဿနာ မရှိ။ အိမ်ထောင်ကျသွားကြသဖြင့် အလုပ်ဆက်မလုပ်ကြတာတဲ ရှိသည်။

ကိုကိုက ဝါဆိုမှ ဝါဆို။

" မိန်းမ "

" ဟင် . . ."

" စိတ်ပူနေပြန်ပြီလား "

" မပူပါဘူး၊ ဝါဆို ယုံပါတယ်၊ ကိုကို့ရဲ့ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို မိန်းကလေးတစ်ယောက်အတွက်နဲ့ မလဲပါဘူးဆိုတာလေ"

" ဒီလိုအတွေးအခေါ်ရှိမှပေါ့ မိန်းမရာ၊ ကိုကိုက ကိုယ်ကျင့်တရား ပျက်ပြားမှာ အရမ်းရှက်တယ်၊ နာမည်ကောင်းပဲ ရှိချင်တာ "

ကိုကိုတို့ စီးပွားရေးလောကမှာ နာမည်ကောင်းရခဲ့သည်။

မရှုပ်မပွေ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကိုပဲ စိတ်ဝင်တစား လုပ်နေတတ်တဲ့ ကိုကိုပါ။

ကောင်းကင်ပြာအရောင်းခန်းမကိုလည်း လုပ်ငန်းအသစ်ထားခဲ့တာ။ တခြားလုပ်ငန်းတွေလည်း ရှိသည်။

" ကိုကို့မိန်းမကို လှလှပပကြွကြွရွရွလေးပဲ ထားချင်တာ . . ဝါဆို့အတွက် ကိုကို စီးပွားရှာနေတာပါ "

ဝါဆို့အသက် သုံးဆယ့်ရှစ်နှစ်ဆိုပေမယ့် အရွယ်မလိုက်အောင် နုဖပ်နေသည်။ မိန်းမချောလေး ဝါဆိုပါ။

တစ်ချိန်က မြင်သူငေးရလောက်အောင် မြတ်ဝါဆိုက ချောမော လှပခဲ့သည်။ အသက်ကလေးရလာတော့လည်း တည်ငြိမ်လာ၏။ လှချင် ပချင်စိတ်ထက် အိမ်ရှင်မ ပီသဖို့ပဲ ကြိုးစားနေမိသည်။

ဝါဆိုအကြောက်ဆုံးက . . .

ကိုကို နောက်မိန်းမ ယူသွားမှာကိုပင်။

" ကိုကိုက အိမ်ရှင်မ ပီသမှ သဘောကျတာ ဝါဆို "

မိန်းမချက်ကျွေးတဲ့ထမင်းဟင်းကိုမှ စားတတ်တဲ့ကိုကိုဖြစ်သည်။

" ကိုကိုက စီးပွားရှာမယ် ၊ ဝါဆိုက ပြုစုနော် "

မိန်းမအပေါ် ဘယ်တော့မှ သစ္စာမမဲ့ခဲ့တဲ့ချစ်လင်ကို ယုံကြည်နေမိသည်။

" ဟိတ် . . . မိန်းမ "

" ဟင် . . . လန့်သွားတာပဲ ကိုကိုရာ "

" ဘာတွေ အတွေးလွန်သွားတာလဲ ၊ ငြိမ်သွားတယ် "

ဝါဆို ပြုံးပြီး ကိုကို့ကို မော့ကြည့်လိုက်မိသည်။

သူရဲကောင်းစာပေတိုက်



" ဝါဆိုကတော့ ကိုကို နောက်မိန်းမယူရင် ကွာယမ်မှာနော် "

" မိန်းမရယ် . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ သဝန် မကြောင်စဖူး ကြောင်နေပြန်ပြီ "

" သဝန်ကြောင်တာတော့ မဟုတ်ပါဘူး ၊ ကိုကို့ကို သိပ်ချစ် လို့ပါ၊ နောက်မိန်းမတွေ ရှုပ်တဲ့ယောကျ်ားတွေဆို သိပ်မုန်းတယ် "

" ကဲ . . .ဘာမှ လျှောက်မပြောမနေနဲ့၊ ကိုကို သွားမယ် ၊ ဘာမှာဦး မှာလဲ . . . စိတ်မချရင်လေ ဥဒ္ဒဿုံး လိုက်ခဲ့လေ "

" မလိုက်တော့ပါဘူး . . . ဝါဆိုက ကိုကို့ကို ယုံပါတယ်၊ သတိတော့ နည်းနည်းပေးထားရတာပေါ့ "

" ရွှတ် . ."

" ကြည့် . . ကိုကိုနော် "

သူမပါးပြင်လေးကို ရွှတ်ခနဲ နမ်းပစ်လိုက်သည်။

" ကိုကို့မိန်းမက လှပြီး ကိုကို ဘယ်မိန်းကလေးကိုမှ စိတ်မဝင် စားဘူး ၊ အဲဒါတော့ ယုံ "

မိန်းမနှင့်နေလျှင် ကိုကို အမြဲပျော်ရွှင်သွက်လက်နေတတ်သည်။

အပြင်မှာတော့ တည်ငြိမ်လွန်းသည်။

မိန်းကလေးတွေနှင့် ပတ်သက်လျှင် ပိုပြီး တည်ငြိမ်တတ်၏။

ဝါဆို အသိဆုံးပင်။

" ကိုကို သွားတော့မယ်နော်၊ မိန်းမ "

" ဟုတ်ကဲ့ ကိုကို "

မိန်းမကိုနှုတ်ဆက်ပြီး ခန့်ကျော့စွာ ကားလေးနှင့် ထွက်သွားခဲ့၏။

သူရဲကောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာ ဟု ခေါ်နေကြသော်လည်း သူ့အသက်က လေးဆယ်ပဲ ရှိသေး၏။ အသက်ထက် အရွယ်က နုနေသည်။ စီးပွားရေး လောကမှာတော့ နာမည်တစ်လုံးနှင့် အောင်မြင်နေ၏။

ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာအရှိဆုံး ဦးခန့်ကျော်စွာပင်။

ကားမောင်းရင်း မိန်းမရဲ့သဝန်တြောမှုလေးတွေကို သဘော ကျနေမိသည်။

" ကိုကို့စာရေးမလေးက သိပ်ချောတော့ ဝါဆို သဝန်တောင် ကြောင်ချင်လာပြီ "

ဦးခန့်ကျော်စွာရဲ့နှုတ်ခမ်းသားတွေပေါ် မှာ အပြုံးတွေပေါ်လာ၏။

" ဝါဆိုရယ် . . ကိုကို ဘယ်တော့မှ ဂုဏ်သိက္ခာမဲ့တဲ့အလုပ်တွေ ကို မလုပ်ပါဘူးကွာ "

စိတ်ထဲကနေ မိန်းမကို ရည်မှန်းပြီး ကတိပေးနေမိသည်။

သူ့ဘဝတစ်လျှောက် ဆင်းရဲနွမ်းပါးစွာ ပညာသင်ရင်း ကြိုးစား ခဲ့ရ၏။

အဖေက အရက်သမား ၊ အမေက ဈေးသည်။

ဦးခန့်ကျော်စွာကို တစ်ဦးတည်းသောသားလေးဖြစ်၍ အမေက ချစ်၏။ ပညာတတ်စေချင်သည်။

သူကလည်း ဆင်းရဲနွမ်းပါးတဲ့ဘဝမှာ ကျေနပ်မနေပေ။ ကြိုးစား ခဲ့သည်။ ဆယ်တန်းမှာ ဂုဏ်ထူးတွေနှင့်အောင်ပြီး စီးပွားရေးတက္ကသိုလ် တက်ရ၏။

ဝါဆိုနှင့် တွေ့ကြသည်။

သူ့ရဲ့ကောင်းစားရေးတိုက်



နွမ်းနွမ်းပါးပါးနှင့် ပညာသင်နေရတဲ့ဘဝကို ဝါဆိုက ကူညီခဲ့၏။

လိုအပ်တာတွေကို ဖြည့်စွမ်းပေးသည်။

ချစ်သူတွေ ဖြစ်သွားကြ၏။

ဝါဆိုတို့ အသိုင်းအဝိုင်းက ချမ်းသာကြသည်။

တစ်ဦးတည်းသောသမီးပဲ။ ချမ်းသာတဲ့သူဌေးသမီးကို ရပေမယ့် ဦးခန့်ကျော်စွာ အချောင်မနိုတတ်။

ကြိုးစားသည်။

ဘွဲ့ရတော့ ဝါဆိုနှင့် စေ့စပ်ခဲ့တာပဲ ရှိပြီး လက်မထပ်သေးပေ။

" ကျွန်တော် စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်အောင် လုပ်ဦးမယ် ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ ဝါဆိုကို လက်ထပ် ပါရစေ "

ယောက္ခမလောင်းတွေကလည်း ကူညီထောက်ပံ့ကြသည်။

ဦးခန့်ကျော်စွာ တိုးတက်အောင် စီးပွားရှာခဲ့၏။

" ဝါဆိုကိုပဲ သစ္စာရှိရှိ ကိုကိုပေါင်းမှာပါ "

ဝါဆို့မျက်နှာလေးကို မြင်ယောင်ရင်း ကျေနပ်ပီတိ ဖြစ်မိသည်။

ကားလေးက အရောင်းခန်းမရှေ့သို့ ရောက်လာခဲ့ပြီ။

ကိုဖြူဖွေးက တံခါး ဖွင့်ပေးသည်။

" ဟော့ကောင် ဖြူဖွေး "

" ဗျာ . . . ဆရာ "

" ဝါဆို့ကို မင်း ဘာတွေသွားပြောလဲ "

" ဘာပြောလို့လဲ ဆရာ "

သူ့ရဲ့ကောင်းစားပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



" ငါ့အတွင်းရေးမှူးမလေးက ချောတယ်ဆို "

" ကျွန်တော်လည်း ကောင်မလေးချောတာ သဘောကျပြီး ပြောလိုက်မိတာပါ ၊ မမက ဆရာ့ကို ယုံပြီးသားပဲ "

" ငါ့မိန်းမ စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောနဲ့ဖြူဖွေး၊ ငါက မိန်းမကို အမြဲတမ်း စိတ်ချမ်းသာအောင်ပဲ ထားချင်တာ "

ဦးခန့်ကျော်စွာ အရောင်းခန်းမထဲသို့ ဝင်လာခဲ့သည်။

သူ့မျက်နှာထားက တည်သွား၏။

အကျင့်ပဲ။

လုပ်ငန်းခွင်မှာ တည်တည်ကြည်ကြည်ပဲ ဆက်ဆံပြောဆိုတတ်သည်။ ဦးခန့်ကျော်စွာ သူ့အခန်းထဲ ဝင်လာတဲ့အချိန်တွင် ခင်ညီပြာညက်က ကြိုနေ၏။

ကိုဖြူဖွေးပါ နောက်က လိုက်လာသည်။

သူ့အကြည့်တွေက စားပွဲဆီပဲ လျှောက်လာခဲ့သည်။

ထိုင်လိုက်၏။

" ဦး "

" ပြော "

" ဖုန်းလာလို့ပါ "

" ဘယ်ကလဲ "

" မိုးမခကုမ္ပဏီကပါ ၊ ညစာစားပွဲအတွက် ဖိတ်တာ "

" ဘယ်တော့လဲ "

" ဒီည "





မိုးမခ ယဉ်နှင့်စက်ကရိယာအရောင်းကုမ္ပဏီက ဖြစ်သည်။

ဦးခန့်ကျော်စွာရဲ့ သူငယ်ချင်း။

" ဖြူဖွေး . . . မင်း မမှတ်ထားဘူးလား "

" ကျွန်တော်က နောက်ကျတယ် ဆရာ . . . ညီပြာညက်က အစောကြီး ရောက်နေတာ "

" မင်းစောသားပဲ . . . အိမ်က ကားနဲ့လာတာလား "

" ဟုတ် "

ညီပြာညက် ခပ်တည်တည်နှင့် ပြောပစ်လိုက်သည်။

စိတ်ကတော့ မလုံပေ။

လိမ်လက်စနဲ့တော့ ဆက်ပြီး လိမ်ရတော့မှာပဲပေါ့။

" မင်း စောစောလာနိုင်တာတော့ ကောင်းပါတယ် . . . ခင်ညီပြာညက် "

" ဟုတ် "

ဦးခန့်ကျော်စွာက ပြောလေ ညီပြာညက်က တုန်လှုပ်စိတ်က များလေ ဖြစ်နေမိသည်။

အလိမ်တွေ ပေါ်သွားရင် . . .

မတွေးရဲ . ။

ကောင်းကင်ပြာ အရောင်းခန်းမအရှိန်အဝါက ကြီးမားလှန်း၏။

ရဖို့ မလွယ် . . . ။

" ခင်ညီပြာညက် "

" ရှင် "



www.burmeseclassic.com

www.burmeseclassic.com



" အသက်မှ ရှိသေးရဲ့လားလို့ ခေါ်ကြည့်တာပါ "

" ဟာ . . . ဦးဖြူဖွေးကြီးကလဲ "

" ကိုဖြူဖွေး လုပ်ပါဟ . . . အသက်က မကြီးသေးပါဘူး "

" ဦးဖြူဖွေးပဲ ခေါ်ချင်တယ် ၊ ဦးလေးအရွယ်ပဲဟာ "

ဦးဖြူဖွေးကို ပထမတော့ ပြောင်စပ်စပ်ဖို့ ကြည့်မရ၊ နောက်ပိုင်းတွင်တော့ စိတ်သဘောထား ဖြူစင်ပြီး အကူအညီ ပေးတတ်သည်။

" ဖြူဖွေး "

" ဗျာ . .ဆရာ "

" မင်းအစ်မဆီ ဖုန်းဆက်စမ်း ၊ ညနေ ဧည့်ခံပွဲ သွားရမယ်၊ အဆင်သင့် ပြင်ထားပါလို့ "

" ဟုတ်ကဲ့ "

ရုံးခန်းရောက်သည်နှင့် ဦးဖြူဖွေးမှာ ဖုန်းဆက်ရတဲ့အလုပ်နှင့် ရှုပ်နေသည်။

ဦးခန့်ကျော်စွာက စာရင်းတွေ၊ လုပ်ငန်းတိုးတက်မှုတွေ စစ်ဆေးရ၏။ ကြည့်ရှုရသည်။

ညိုပြာညက်ကတော့ ဦးခန့်ကျော်စွာ ဘာနိုင်းမလဲဆိုတာ စောင့်နေရသည်။

" ဖြူဖွေး "

" ဗျာ "

" မင်းမမဆီ ငါပဲ ဆက်လိုက်မယ် "

" ဟုတ်ကဲ့ "

သူ့ရဲ့တောင်းစာပေတိုက်



ဦးခန့်ကျော်စွာက သူ့မိန်းမဒေါ်မြတ်ဝါဆိုဆီ ဆက်မည်ဆို၍ စိတ်ဝင်စားသွားရသည်။

ဒေါ်မြတ်ဝါဆိုကို တွေ့ချင်မြင်ချင်စိတ်တွေ ပြင်းပြနေမိသည်။ တွေ့ရမှာတော့ မဟုတ်။ ဦးခန့်ကျော်စွာက ဧည့်ခံပွဲကို သူ့မိန်းမနှင့်သွားမှာ။

အိမ်ဝင်ခေါ်မည်တဲ့။

ဒေါ်မြတ်ဝါဆိုဆီ ဦးခန့်ကျော်စွာ ဖုန်းဆက်နေသည်။

" ဝါဆိုလား "

ညိုပြာညက်ရှေ့မှာတင် ဦးခန့်ကျော်စွာ ဖုန်းဆက်နေသည်။

ကြင်နာယုယတဲ့အသံက ညိုပြာညက်နားထဲ တိုးဝင်လာ၏။

ကံကောင်းလိုက်တာနော်။

ဒေါ်မြတ်ဝါဆို ဘဝကို အားကျနေမိသည်။

" ကိုကို ညနေဧည့်ခံပွဲရှိတယ် ဝါဆို ၊ ပြင်ဆင်ပြီး စောင့်နေနော်၊ ကိုကို ဝင်ခေါ်မယ် "

ဦးခန့်ကျော်စွာက တယုတယနှင့် ခေါ်နေသည်။

" လိုက်ခဲ့ပါကွာနော် . . .ကိုကိုက မိန်းမနဲ့ တွဲသွားချင်တာ ဒီမှာ အလုပ်တွေ ရှုပ်နေကြတဲ့ကြားက ဖုန်းဆက်တာ ၊ ဝါဆို လိုက်ခဲ့နော်၊ မိန်းမနော် "

ဒေါ်မြတ်ဝါဆိုက ငြင်းနေပုံ ရသည်။

ညိုပြာညက်တို့နဲ့များ လဲပစ်လိုက်ချင်နေမိသည်။ ဦးခန့်ကျော်စွာလို ယောကျ်ားတစ်ယောက်က ဘယ်လောက် တင့်တယ်မလဲ၊

" ဝါဆို . .လိုက်ခဲ့နော် . . . ကိုကို ဝင်ခေါ်မယ် "

သူ့ရဲ့တောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာက တတွတ်တွတ် ချော့မော့ပြီး ခေါ်နေသည်။

“ ဝါဆို နေမကောင်းဘူးလား . . .ကိုကို စောစောပြန်လာမယ်၊ ဆေးခန်းသွားဖို့ လိုသေးလား ”

ဒေါ်မြတ်ဝါဆိုတော့ မသိဘူး ညိုပြာညက်ပင် ရင်ခုန်သွားသည်။

ချစ်လိုက်တာ . . . ကြင်နာလိုက်တာ။

“ ညနေတော့ ကိုကို မသွားလို့မဖြစ်ဘူး . . သွားလိုက်မယ်နော် အမြန်ဆုံး ပြန်လာမှာပါ ”

ဦးခန့်ကျော်စွာက နှုတ်ဆက်ပြီး ဖုန်းခွက်လေးကို ချလိုက်သည်။

“ ဖြူဖွေးရေ . . . မင်းမမကတော့ ထုံးစံအတိုင်းပဲ၊ ကိုကိုပဲ သွားလိုက်ပါတဲ့ ၊ ခေါင်းမူးလို့တဲ့ ”

“ မမကတော့ အိမ်ရှင်မ သိပ်ပီသတာပဲ ”

“ မင်းနဲ့ ခင်ညိုပြာညက်ပဲ လိုက်ခဲ့တော့ . . .ခင်ညိုပြာညက် လည်း အတွေ့အကြုံ ရတာပေါ့ ”

“ ဟုတ်ကဲ့ဆရာ ”

ညစ်ခံပွဲတက်ရမယ်ဆို၍ ခင်ညိုပြာညက် ရင်တွေခုန်လာသည်။ စိတ်လှုပ်ရှားနေမိ၏။

“ ခင်ညိုပြာညက် စာရင်းတွေ လုပ်ထားနော် ”

“ ဟုတ် ”

“ မင်းနေရာသွားတော့ ”

“ ဟုတ် ”

ဦးခန့်ကျော်စွာ စားပွဲရှေ့ကနေ သူ့မစားပွဲသို့ ပြန်လာခဲ့သည်။





ညနေ . . .ညစ်ခံပွဲတဲ့။

ညိုပြာညက် ဝတ်လာတဲ့ အဝတ်အစားနှင့် ဖြစ်ပါ့မလား .။

လက်ဝတ်ရတနာတွေလည်း မရှိ။ သူများတွေကမှ နည်းနည်း ပါးပါး ဝတ်ထားကြတာ ရှိသေးသည်။

ဦးဖြူဖွေး သူ့မအနား ရောက်လာ၏။

“ ဦးဖြူဖွေးကြီး ”

“ ပြော ”

“ ညစ်ခံပွဲသွားရမယ်ဆိုတော့ ညိုပြာညက် ဒီအဝတ်အစားနဲ့ ဖြစ်ပါ့မလား ”

“ နင်က လှပြီးသားပဲ ”

“ ညိုပြာ နည်းနည်းတော့ အိမ်ပြန်ပြီး ပြင်ဆင်ရမလား ”

“ သွားလေ . . . ငါ လိုက်ပို့ပေးရမလား ”

“ ဟင့်အင်း . . . ညိုပြာကားနဲ့ ရပ်ကွက်ထဲဝင်ရင် ပတ်ဝန်း ကျင်က တစ်မျိုးဖြစ်မှာ ”

“ ဘာလို့ဖြစ်ရမှာလဲ . . .နင်နေတဲ့အသိုင်းအဝန်းက အဆင့် အတန်း ရှိပါတယ် ”

ညိုပြာညက် ပေးထားတဲ့လိပ်စာကို မေ့ပြီး ပြောလိုက်မိသည်။

“ အင်းလေ . . . ဦးဖြူဖွေးကြီး လိုက်ပို့ချင်လည်း ပို့ပေါ့ ၊ ညိုပြာ ခဏလေးပဲ ကြာမှာ ”

“ ဆရာ့ကို ပြောလိုက်မယ်လေ ၊ ညစ်ခံပွဲက [illegible]နာရီမှ စမှာပါ ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ "

ညိုပြာညက်က သူငယ်ချင်း ရတနာအိမ်သွားဖို့ စဉ်းစားထားသည်။ အခြေအနေအားလုံး ရတနာ သိထား၏။ ပြဿနာ မရှိ။

ရတနာမှ အိမ်မှာ ရှိရဲ့လားလို့ ညိုပြာညက် စိတ်ပူသွားမိသည်။

ဆရာ့အလစ်တွင် ရတနာ့ဆီလှမ်းပြီး ဖုန်းဆက်လိုက်မိသည်။

" ရဘနာ . . ငါ လာခဲ့မယ်နော် . . . ကူညီပါဦး သူငယ်ချင်းရယ် . .နော် "

" အေးပါ . . . အိမ်မှာလည်း ငါတစ်ယောက်တည်း ရှိတယ်၊ လာခဲ့ "

" အေး . . အေး ကျေးဇူးပါပဲ သူငယ်ချင်းရာ "

ရတနာက ကူညီမယ်ဆို၍ ညိုပြာညက် စိတ်အေးသွားမိသည်။

တော်ပါသေးရဲ့ . . .။

ညိုပြာလက် စိတ်အေးလက်အေး ဖြစ်သွားမိတော့သည်။

စိတ်မောရပါလား . . .။

မြန်မြန်ချမ်းသာသွားအောင် ညိုပြာညက် ဘယ်လိုလုပ်ရမှန်းပင် မသိတော့ . . .။

အလုပ်ထဲကို စိတ်တွေ မနည်းနှစ်ထားလိုက်ရသည်။

~ ~ ~



# အခန်း - ၅

ရတနာ့အဝတ်အစားတွေနှင့် ညိုပြာညက် အပုံစား ဖြစ်နေ၏။

" နင် ကြည့်လုပ်ဦးနော် ညိုပြာ . . . တော်ကြာ ဘာညာဖြစ်နေဦးမယ် "

" ဘာလဲ . . ဘာညာ "

" သူဌေး ဟိုဟာ ပြောတာ ၊ ငါ တည့်တည့်မပြောချင်ဘူးဟာ"

" လုပ်မနေနဲ့ ဦးခန့်ကျော်စွာဆိုတဲ့ သူဌေးက သူ့မိန်းမ ဒေါ်မြတ်ဝါဆိုကို သိပ်ချစ်တာ "

" နင်က လှတော့ စိုးရိမ်တယ် . . ညိုပြာညက် "

" ဘာမှ မစိုးရိမ်နဲ့ . . . သူဌေးသားလှလွတ် ၊ ရုပ်ကလည်းချော ၊ အဘက်ဘက်က ပြည့်စုံနေမှ "

" သိပ်လည်း ဂုဏ်တွေမမက်ပါနဲ့ဟာ၊ဒုက္ခတွေ့မှာ စိတ်ပူတယ်"

ရတနာကတော့ ညိုပြာ့လုပ်ရပ်တွေ လမ်းလွဲနေသည်ဟု ထင်မိသည်။ အချစ်ဆုံးသူငယ်ချင်းရဲ့အကျင့်ကို သိထား၍ စိတ်ပူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာချင်လိုက်တာ မပြောနိုင်တော့။

" နင် သိပ်လှတာပဲ ညိုပြာ "

" ပဲ . . .ဟဲ ကျေးဇူးပဲ ရတနာရယ်၊ ငါ့ကို ဒီတိုက်ခန်းအထိ လိုက်ပို့မှာပါ "

" သိပ်လည်း အတင့်မရဲနဲ့ဦး "

" စိတ်ချပါဟ "

ညိုပြာညက်က ပြင်ဆင်ပြီး ပြန်ထွက်လာခဲ့သည်။

ဧည့်ခန်းမှာ ဦးဖြူဖွေးကြီး ထိုင်ပြီးစောင့်နေ၏။

" သွားမယ် "

" ညိုပြာညက် နင်တကယ်ချောတာပဲ "

" ဦးဖြူဖွေးကြီးနော် "

ညိုပြာညက် ခပ်သွက်သွက်လေး ပြန်ထွက်လာခဲ့သည်။

" နင်တို့ညီအစ်မက ရုပ်ချင်းမတူကြဘူးနော် "

" အင်း "

" ပြင်ရသူ ပေးယူရလောက်အောင် ချောတဲ့ခင်ညိုပြာညက်ပဲ"

ဖြူဖွေးကတော့ ညိုပြာညက်ကို ချီးကျူးနေမိသည်။

ကောင်းကင်ပြာအရောင်ခန်းမရှေ့ ပြန်ရောက်လာခဲ့၏။

ဦးခန့်ကျော်စွာက စောင့်နေ၏။

ကားပေါ်မှ ဆင်းလာတဲ့ခင်ညိုပြာညက်ကို အမှတ်တမဲ့ ကြည့်မိသွား၏။

" ကိုကို့အတွင်းရေးမှူးမလေးက သိပ်ချောတာပဲဆို "





ချစ်ဖနီးဝါဆိုပြောတဲ့စကားတွေကို ပြန်ကြားယောင်နေမိသည်။

သူ ဘာတွေစဉ်းစားနေတာလဲ။

ခင်ညိုပြာညက်ဟာ သူ့အလုပ်သမားတစ်ယောက် ဖြစ်သည်။

ဦးခန့်ကျော်စွာမှာလည်း အတွင်းရေးမှူးမချောချောလေးတွေ ခန့်ထားခဲ့ဖူး၏။

ညိုပြာညက်လောက် ထင်ပေါ်မှုမရှိကြပေ။ မိဘတွေက ချမ်းသာကြသည်။ အပျော်လာလုပ်နေတဲ့ကောင်မလေးတစ်ယောက် ဖြစ်နေ၏။

" ဆရာ "

" ဟင် . . ."

" သွားတော့မလား "

" အေး . ."

ဖြူဖွေးအသံကြားမှ သူ့အတွေးတွေ ပြတ်တောက်သွားရသည်။

သူတို့လောကမှာ အတွင်းရေးမှူးမ ချောချောလေးတွေ ရှိကြတာပဲ။ ဧည့်ခံပွဲရောက်တော့ ခင်ညိုပြာညက်က ပေါ်လွင်ထင်ရှားလွန်းသည်။

လူတိုင်းက မျက်စိကျနေတတ်၏။

" ကိုခန့် . . . မောင်ရင့်ကောင်မလေးက မိလှချည်လား "

ပြောလွန်းတော့လည်း ဦးခန့်ကျော်စွာ သဘောကျသလို ဖြစ်လာ၏။ ဂုဏ်ယူစရာ ဟု ထင်မိ၏။

တကယ်လည်း ညိုပြာညက်က ချောလှနေတာ မဟုတ်လား။

" မောင်ရင့်ကုမ္ပဏီကိုတော့ ကျုပ်တို့ အလည်ခဏခဏ လာရမလို ဖြစ်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ကျိုတ်ပြီး ပီတိတွေ ဖြစ်နေမိသူက ခင်ညိုပြာညက်ပင်။

သူမကို လူတွေက စိတ်ဝင်တစားနှင့် အရေးတယူဖြစ်နေကြသည်။ အထင်ကြီးကြ၏။ ညှိခံပွဲမှာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေ။

ဂုဏ်သရေရှိလူကြီးလူကောင်းတွေ စုံညီတဲ့ပွဲပဲ မဟုတ်လား။ ညိုပြာညက် အိုက်တင်ပေးနေမိသည်။

ကြော့ကြော့လေး ထိုင်နေမိ၏။

ဦးခန့်ကျော်စွာကို စကြနောက်ကြ ရိနေကြတာကို ကြားနေရသည်။

ရှက်သွေးတွေဖြာပြီး ခေါင်းလေးငုံ့ထားလိုက်မိ၏။

သူမကို အထင်မသေးအောင်ပါ။

ညှိခံပွဲက သူမပွဲဖြစ်နေသလို လူတွေအားလုံး စိတ်ဝင်စားကြသည်။ ဒါပေမယ့် . . .

ဒါပေမယ့် ညိုပြာညက်တစ်ယောက် ပျော်သင့်သလောက် မပျော်နိုင်ဘဲ ဖြစ်နေသည်။

ဟန်ဆောင်နေရတဲ့ဘဝ . . ။

ယင်းရဲ့နွမ်းပါးတဲ့မိဘတွေ . . ။

ဦးခန့်ကျော်စွာသာ သူမအလိမ်အညာတွေကို သိသွားရင် မလွယ် . . ။ ရင်တထိတ်ထိတ် ဖြစ်နေသည်။

ညှိခံပွဲပြီးသွား၏။

" ဦးခန့် "

" ဟာ . . . ထွန်းနေလပါလား . . မင်းအက်ဒီပါလား "





" မပါဘူး ဦးခန့် . . . နေ တစ်ယောက်တည်းလာတာ "

ထွန်းနေလအကြည့်တွေက ဦးခန့်ဘေးမှာ ထိုင်နေတဲ့မိန်းကလေးဆီ ရောက်နေသည်။

အပြတ်မိတာပဲ။

ချောတဲ့ကောင်မလေး ဖြစ်၍ စိတ်ဝင်စားပြီး မိတ်ဆက်ချင်လာသည်။

ဦးခန့်က ဒက်ဒီ့မိတ်ဆွေ။ ခင်မင်ပြီးသားဖြစ်၍ ထွန်းနေလ မျက်နှာချို သွေးလိုက်သည်။

ထွန်းနေလအကြည့်တွေက ကောင်မလေးဆီ ရောက်နေ၏။

" သူက ဘယ်သူလဲ ဦးခန့် "

ဦးခန့်က မိတ်ဆက်မပေး၍ ထွန်းနေလ မနေနိုင်တော့ဘဲ မေးလိုက်မိသည်။

" ဦးခန့်ရဲ့ ကိုယ်ရေးအရာရှိမလေးပါ ၊ ခင်ညိုပြာညက်တဲ့"

" အခုလို ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ် မခင်ညိုပြာညက်"

ထွန်းနေလ ခပ်တည်တည်ပဲ မိတ်ဆက်စကား ပြောပစ်လိုက်၏။ ကောင်မလေး၏မျက်နှာလှလှလေးကို စိုက်ကြည့်နေမိ၏၊

ညိုပြာညက်ကတော့ ရင်တွေ တဒိန်းဒိန်းခုန်နေဘာ သတိထားမိသည်။ သူမ မျှော်လင့်ညှော်ရှယ်ထားတဲ့ ယောကျာ်းတစ်ယောက် ဖြစ်နေ၏။

အကြည့်ရဲလွန်းသည်။

" ခင်ညိုပြာညက် "

" ရှင် "



www.burmeseclassic.com

www.burmeseclassic.com



" သူက ဆရာ့ရဲ့မိတ်ဆွေရဲ့ သား . . ထွန်းနေလတဲ့။ စက်မှုတက္ကသိုလ်ကျောင်းသားပေါ့ . . . တစ်ဦးတည်းသော သား "

ထွန်းနေလတစ်ယောက် ခင်ညိုပြာညက်ကို သဘောကျနေတယ်ဆိုတာ ဦးခန့်ကျော်စွာ ရိပ်မိလိုက်သည်။ ဒါကြောင့်လည်း မိတ်ဆက်ပေးလိုက်၏။

" ကဲ . . . စကားပြောနေလိုက်ဦး . . . ဦးခန့် ဟိုဘက်ဝိုင်းသွားစကား ပြောလိုက်ဦးမယ် "

မြှူဖွေးက စားပွဲထိုးအဖြစ် ဝိုင်းပြီး ကူညီနေသည်။

ကောင်မလေးနှင့်သူ စားပွဲတစ်ခုမှာ ထိုင်နေရ၏။ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာစိုး၍ ကောင်လေးနှင့် ထားခဲ့သည်။

အမြင် ရှင်းစေချင်မိ၏။

ဦးခန့်ကျော်စွာဆိုတာ နာမည်တစ်လုံးနှင့် နေလာခဲ့တဲ့ လူကြီးလူကောင်းတစ်ယောက်ပဲ ဖြစ်ရမည်။ ချစ်ဇနီး အပေါ်မှာ သစ္စာကြီးမားတဲ့ အိမ်ထောင်ရှင်ယောကျ်ား။

သိက္ခာသမာဓိတွေကို အဓိကထား စောင့်စည်းလာခဲ့သူပါ။

တခြားဝိုင်းမှာ မိတ်ဆွေတွေနှင့် စကားပြောနေလိုက်သည်။

" ကိုခန့်ရေ . . .ခင်ဗျားကတော့ တကယ်တော်တယ်ကွာ "

" ဘာတော်တာလဲဗျ "

" အတွေးရေးမှူးမလေး အရွေးတော်တာ ပြောတာဗျ "

ဦးခန့်ကျော်စွာ စိတ်အညစ်ဆုံးက ခင်ညိုပြာညက်အကြောင်း ပြောနေကြခြင်းပင်။





" ကိုယ့်မိန်းမနဲ့ ဆွေမျိုး နီးစပ်တော်တယ်၊ ဟိုမှာလေ . . . ထွန်းနေလက စိတ်ဝင်စားနေပြီ ထင်တယ် ၊ မိတ်ဆက်ပေးခဲ့တယ် "

ခင်ညိုပြာညက်နှင့် သူ့ကို တမျိုးထင်မှာ စိုးရိမ်နေမိသည်။ ထွန်းနေလရောက်လာလို့ တော်ပါသေးတယ် . . .ဟု တွေးနေမိ၏။

" ခင်ညိုပြာညက်တဲ့လား . . .လူကတော့ လှတယ်၊ချောတယ်၊ တကယ်ပဲဗျာ . . .ဘာမှကို ပြောစရာ မရှိတော့တာ "

ဦးခန့်ကျော်စွာ စိတ်ပျက်စွာပြန်ချင်နေမိသည်။ လူတိုင်း၏ပါးစပ်ဖျားမှာ ခင်ညိုပြာညက်နာမည်က စားနေ၏။

" ထွန်းနေလနဲ့တော့ လိုက်တယ်နော် ၊ ကျုပ်အတွင်းရေးမှူးမလေးတွေက သူဌေးသားတွေပဲ မျက်စိကျတာ "

မိန်းမနှင့် ဆွေမျိုးနီးစပ်တော်တယ်ဆို၍ ဘာမှမပြောကြတော့။

ဦးခန့်ကျော်စွာ စကားလမ်းကြောင်း လွှဲပြီး ပြောနေရသည်။ ထွန်းနေလနှင့် ညိုပြာညက်တို့ကတော့ တရင်းတနှီး စကားလက်ဆုံကျနေကြ၏။

" ကိုနေတွေ့ခဲ့တဲ့မိန်းကလေးတွေထဲမှာ ညိုပြာညက်လောက်ချောတဲ့မိန်းကလေး မတွေ့ဖူးသေးဘူး ၊ မယ်ရွေးပွဲ ဝင်ပါလား "

" ညိုပြာလည်း စိတ်ကူးနေတာ . . . အပယ်ခံရမှာတော့ သေချာတယ်နော် ကိုထွန်းနေလ "

" ကိုနေလို့ပဲ ခေါ်ပါလား ညိုပြာရယ် "

" ဟာ . . . မရဲပါဘူး "

" ဘာဖြစ်လို့လဲ "



www.burmeseclassic.com

" ပိုပ်မှ မခင်သေးတာ "

ညိုပြာညက်အသံလေးက ရက်ရဲရဲလေးနှင့် တုန်ချင်နေသည်။ တကယ်တော့ . . . သူမ ပီတိတွေ ဖြစ်နေမိသည်။

ကိုင်ဇွန်းနေလအကြည့်တွေက သူမအပေါ် စိတ်ဝင်စားမှု လွန်ကဲနေသည်။ သိကာပေါ့ . . .။ အခွင့်ရေးရတုန်း ညိုပြာညက် အိုက်တင်အပြည့် ပေးနေမိသည်။

" ကိုနေကတော့ ဦးခန့်တို့ အရောင်းခန်းမကို အကြောင်းမရှိ အကြောင်းရှာပြီး လာနေမှာပဲ "

" ညိုပြာညက်က ဦးခန့်ကျော်စွာ အခန်းမှာ နေရတာ "

" ဘာဖြစ်လဲ ၊ ကိုနေနဲ့ဦးခန့်က ပြောရမယ့်လူတွေ မဟုတ်ဘူး။ ဝင်ချင်ဝင် ထွက်ချင်ထွက် ဦးခန့်က ပြောမှာ မဟုတ်ဘူး "

" တော်ကြာ ညိုပြာညက်ကို ဦးခန့်ကျော်စွာက အထင်သေးမှာ စိုးတယ် "

ရုတ်ရက်ကြီးတော့ ယောကျ်ားတစ်ယောက်နှင့် မရှုပ်ထွေးချင်။ ဦးခန့်ကျော်စွာ အထင်သေးမှာလည်း စိုးရိမ်နေမိသည်။

ပြီးတော့ . . . သူမဘဝက ဆင်းရဲနွမ်းပါးသူတစ်ယောက် ဖြစ်ပဲနေသည်။ သိသွားရင် ရှက်စရာ။

" ဦးခန့်က ကိုနေအတွက် ဘယ်တော့မှ မဟန့်တားဘူး . ညိုပြာညက်က သာ စကားမပြောဘဲနေမှာကို စိုးတယ်ကွာ "

ခင်ညိုပြာညက် မျက်နှာလေးကို စိုက်ကြည့်ပြီး ပြောလိုက်မိသည်။ ထွန်းနေလ မျက်နှာချောချောလေးကို မေ့ဖျောက်မရပေ။





မြင်မြင်ချင်းပဲ ချစ်မိသွားသည်။

သူ့အနားမှာကောင်မလေး ချောချောလေးတွေ ဝိုင်းနေ၏။ စိတ်သိပ်မဝင်စား။ ခင်ညိုပြာညက်ကို မြင်မှ စိတ်တွေက အကြီးအကျယ် လှုပ်ရှားသွားရသည်။ နိုက်သွားပြီ . . .။

ဦးခန့်က သူ့အတွက်ဆို ပြောစရာမလိုတာ သူသိသည်။

" ခင်ညိုပြာညက် "

" ဟင် . . ."

" ကိုနေ လာလည်မယ်နော် "

" ဦးခန့်ကျော်စွာ လက်ခံရင် လာပေါ့ ကိုနေလရယ် "

" ကိုနေလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါ ညိုပြာ "

သည်လောက်အထိတော့ ညိုပြာညက် နှုတ်မသွက်ရဲဘဲ ဖြစ်နေမိသည်။ သူမရင်ထဲမှာ သိမ်ငယ်သလို ခံစားလာရ၏။ ကိုနေက သူမကို စိတ်ဝင်စားသလို အကြည့်မျိုးနှင့် ကြည့်နေသည်။

မဖြစ်ပါဘူး ကိုနေရယ် . . .။ ညိုပြာညက်က ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက်ပါ။ တစ်နေ့နေ့ သိမှာပါ။

အမှန်တရားဆိုတာ ဘယ်လောက်အထိ ဖုံးကွယ်နိုင်မှာလဲ။

ဦးခန့်ကျော်စွာ ရောက်လာသည်။

" ပြန်မယ် ကိုနေ ၊ နောက်မှ လာလည်ပေါ့ ဟုတ်လား "

" စိတ်ချ ဦးခန့်ရေ . . .ကိုနေ လာလည်မှာပါ "

ဦးခန့်ကျော်စွာ ပြန်မယ်ဆို၍ ညိုပြာညက် ထလိုက်သည်။ ဧည့်သည်တွေရဲ့အကြည့်က သူမဆီ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



" ပြန်မယ်နော် ကိုနေ "

" လွမ်းတယ်ကွာ "

" အို . . ."

ဦးခန့်ကျော်စွာ အရှေ့မှ သွားနှင့်သဖြင့် ကိုနေ အနားကပ်ပြီး ပြောသည်။ ရှက်သွားရ၏။ သူမခြေလှမ်းကို ခပ်သွက်သွက် လှမ်းပြီး ထွက်လာခဲ့မိသည်။

ဦးခန့်ကျော်စွာ ရတနာတို့အိမ်သို့ သူမကို လိုက်ပို့၏။

" ကျေးဇူးပဲနော် ဦး "

ဦးခန့်ကျော်စွာက အမြဲတမ်း သူမတို့ကိုဆက်ဆံလျှင် ခပ်တည်တည်ပဲ ဆက်ဆံသည်။ ကားလေး ပြန်ထွက်သွားမှ ညိုပြာညက် စိတ်မော သက်သာသွားရ၏။

" ညိုပြာရယ် . . . မိုးချုပ်လိုက်တာ၊ နင့်အမေ စိတ်ပူနေမှာပဲ"

ညိုပြာညက် လုပ်ရပ်တွေအတွက် ရတနာ စိတ်ပူသွားမိသည်။

" နင်လိုက်ပို့နော် ရတနာ "

" အေးပါ "

ရတနာက သူငယ်ချင်းကောင်း ပီသသည်။

အဝတ်အစားတွေ ချွတ်ပြီး ညိုပြာညက် သူမအဝတ်အစားကို ပြန်ဝတ်သည်။

အမေ အိမ်ပေါက်ဝကနေ မျှော်နေတာ တွေ့ရ၏။

ရတနာ့အိမ်က ကားနှင့်လိုက်ပို့၍ တော်ပါသေးရဲ့ . . .။

~ ~ ~





အခန်း - ၆

ကိုနေများ လာလည်မလားလို့ ညိုပြာ မျှော်နေမိသည်။

သူမဘဝရေးရေးအတွက် မျှော်လင့်ချက်တစ်ခုပဲ မဟုတ်လား။ ဆင်းရဲလွန်းတဲ့သူမဘဝက လွတ်ချင်နေတဲ့ ညိုပြာညက် ရင်ခုန်နေသည်။

" ချမ်းသာလွန်းတဲ့သူဌေးသားတွေက သမီးလို မိန်းကလေးမျိုးကို အတည်လက်ထပ်ပါ့မလား . . သမီးရယ် "

" မိန်းကလေးတို့ရဲ့အလှဟာ ဥစ္စာနေတဲ့ အမေရ "

" မိညိုပြာညက်နဲ့တော့ ခက်နေပါပြီ . . . စိတ်ကူးယဉ်မနေ စမ်းပါနဲ့အေ "

ကိုနေ့အကြောင်းတွေ ပြောပြတော့ အမေက ဆုံးမသည်။

မဖြစ်နိုင်ပါဘူးတဲ့။ သည်လောက်ချောတဲ့ ညိုပြာညက်ကို သူ စွဲလမ်းမှု ရှိနေမှာပါ။

" ညိုပြာ ချမ်းသာချင်တယ် အမေ ၊ ဒေါ်မြတ်ဝါးဆိုကို အားကျနေမိတယ် "



www.burmeseclassic.com

www.burmeseclassic.com



" သူ့ကံနဲ့သူပဲ သမီးရယ် . . . အများတွေဖြစ်မှာ အမေ စိတ်ပူတယ် "

ညည်းခံပွဲအကြောင်းတွေကို အမေသိတော့ စိတ်ပူနေသည်။

" မိညိုပြာ "

" ရှင် "

" မဟုတ်မဟပ်တွေတော့ မလုပ်နဲ့နော် . . .အမေ ရှက်တယ်"

" ညိုပြာကို ဘာဖြစ်လို့ ဒီလောက်တောင်အထင်သေးနေတာလဲ အမေရာ "

" အမေ စိတ်ပူလို့ပါ သမီးရယ် . . .ဘာမဆို စဉ်းစားပြီးမှ ဆုံးဖြတ်နော် "

" အင်းပါ "

ကိုနေက သူဌေးသား လူပျိုလှလှတစ်ယောက်ပဲ မဟုတ်လား။

ညိုပြာ အိုက်တင်တော့ ခံနေမှ။ မိန်းကလေးဘက်က လိုလား လွန်းတဲ့ဟန် သိပ်ပြီးပြနေရင် အထင်သေးမည်။

အမေပြောလည်း ပြောစရာပဲ။ ညိုပြာ့ဘဝက ဆင်းဆင်းရဲရဲနှင့် နိမ့်ကျလွန်းတဲ့ဘဝ ဖြစ်နေသည်။

ကိုနေ သိရင် အခက်။

စိတ်ညစ်နေမိသည်။

ညိုပြာညက် ကောင်းကင်ပြာအရောင်းခန်းမကိုသာ လာခဲ့ရ၏။ စိတ်က မဖြောင့်။ လေးလေးလံလံကြီး ခံစားနေရသလို ပူလောင်နေမိ သည်။ ညိုပြာ အစောကြီးပဲ ရောက်နေ၏။ ကိုယ်ပိုင်ကားနဲ့ လာသလိုလို





" တီ . . .တီ "

" တီ . . ."

ဖုန်းသံမြည်လာသည်။

ညိုပြာညက် အိတ်ပင် မချရသေးဘဲ ဖုန်းကောက် ကိုင်လိုက်၏။

" ဟဲလို ပြောပါ "

" ညိုပြာညက်လား "

ကိုနေ့အသံဖြစ်နေ၍ ညိုပြာညက် ရင်ခုန်သွားရသည်။

" ဟုတ် "

" ညိုပြာ "

" ပြော "

" ကိုနေပါ ၊ သိလား "

" အင်း "

" စောစောက တစ်ခေါက် ဆက်သေးတယ် . . . ကိုင်မယ့်သူ မရှိဘူးကွာ "

" ညိုပြာ အခုမှ ရောက်တာ၊ ဦးခန့်ကျော်စွာက စောစောလာရ မယ် ပြောလို့ပါ "

" ညိုပြာရာ . . .ကိုနေလေ တစ်ညလုံး အိပ်လို့ မရဘူး "

" ကြမ်းပိုးကိုက်လို့လား "

" ဟာကွာ . . . နောက်နေပြန်ပြီ ၊ ညိုပြာ့ကို သတိရနေလို့ "

" မနေ့ညကမှ တွေ့ပြီး ချက်ချင်း မေ့လို့မရ ဆိုတာမျိုး မဖြစ်နိုင်ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ကိုနေ တကယ်ပဲ သတိရနေတာ၊ ညိုပြာ့အလှတွေက ကိုနေ့ မျက်လုံးတွေထဲ အရမ်းစွဲနေပြီကွာ "

ညိုပြာ့ရင်ထဲမှာ တိတ်တခိုးပီတိလေးတွေ ဖြစ်သွားရသည်။ ကိုနေ ခိုက်သွားတာတော့ ညိုပြာလည်း သတိထားမိနေ၏။

" ညိုပြာ "

" ပြော "

" ညိုပြာ့ဖေဖေကို ဒယ်ဒီက သိတယ်တဲ့ "

" ဘာပြောတယ် ကိုနေ "

ကိုနေ့စကားကြောင့် ညိုပြာ အထိတ်တလန့် ဖြစ်သွားရသည်။ ကျိုင်ပဲ။

" ညိုပြာ့ဒက်ဒီ ဦးခင်မောင်လတ်ကို ဒက်ဒီက သိနေတာ "

" သိပ်ခင်လို့လားဟင် "

" မခင်ပါဘူး . သိတာပါ ၊ ညိုပြာ့အကြောင်းတွေကို ညက ကိုနေ ဒက်ဒီကို ပြောပြတယ် "

" ဟာ . . . ဘာလို့ ပြောတာလဲ ၊ စိတ်ညစ်လိုက်တာ "

" ဒက်ဒီနဲ့ကိုနေက ပွင့်လင်းပြီးသားတွေပါ ၊ သူငယ်ချင်းတွေလို ပေါင်းတယ် "

" ညိုပြာ ရှက်တယ် "

" ဘာရှက်စရာရှိလို့လဲ ၊ ညိုပြာလုပ်တဲ့အကြောင်းတွေ ချစ်စရာကောင်းတဲ့အကြောင်းတွေ အများကြီးပဲ "

" စိတ်ညစ်လိုက်တာ "





" ကိုနေ ရောက်လာရင် ညိုပြာ ပျော်သွားမှာပါ "

" မလာပါနဲ့ ဒီမှာ အလုပ်တွေ အများကြီး ဦးခန့်ကျော်စွာက အလုပ်တာဝန် ပေါ့လျော့ရင် မကြိုက်ဘူး "

ကိုနေ လာမယ်ဆိုတော့ ညိုပြာညက် လန့်သွားမိသည်။ ရှက်သလိုလို . . .။

ဦးခန့်ကျော်စွာကလည် သဘောကျချင်မှ ကျမှာပါ။

" ကိုနေရယ် . . . အခုချက်ချင်းကြီးတော့ မလာပါနဲ့ဦး . ညိုပြာ့ကို ပတ်ဝန်းကျင်က တစ်မျိုးထင်မှာ စိုးတယ် . နော် "

" ဘယ်တော့လာရမလဲ "

" နောက်တစ်လလောက် "

" ဟာ . . . မစောင့်နိုင်ဘူး ၊ ညနေရုံးဆင်း လာကြိုမယ် "

" မဖြစ်ဘူး ကိုနေ ၊ လုံးဝမလာပါနဲ့နော် . . . ညိုပြာရှက်တယ်၊ ဖြည်းဖြည်းမှ လာပါနော် "

ရုံးဆင်းချိန်တော့ ကိုနေနှင့် တွေ့လို့မဖြစ်ပေ။

သူမက ဘတ်စ်ကား စီးရတာပါ။ နှစ်ဆင့်တောင်။ ကိုနေက ဖွတ်အတင်း လိုက်ပို့ရင်လည်း အရှက်ကွဲမှာ သေချာသည်။ ညိုပြာနေတဲ့ နေရာ သိသွားမှာပဲ။

" ရှပ်တယ်ကွာ . . .ကိုနေလာမှာပဲ ၊ ရုံးမဆင်းခင် ဦးခန့်ဆီ လာလည်သလိုနဲ့ လာခဲ့မယ် "

ကိုနေက သူပြောချင်တာတွေ ပြောပြီး ဖုန်းပြန်ချသွားတော့သည်။ ပျော်ရမယ့်အစား စိတ်ညစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေ လာမယ်တဲ့။

သူ နှင့်တွဲပြီး ပြန်ရမှာကို ညိုပြာ အကြောက်ကြီး ကြောက်နေမိသည်။

အသိမ်တွေ ပေါ်ကုန်တော့မှာပဲ . . ။

ဘယ်လိုဖြေရှင်းရမလဲ မသိအောင် ဖြစ်နေမိတော့သည်။

" ခင်ညိုပြာညက် "

" အမယ်လေး လန့်လိုက်တာ ဦးဖြူဖွေးကြီးရာ ၊ အနားကပ်ပြီး အသံပြုကြီးနဲ့ လာအော်နေတယ် "

ဖြူဖွေးက စပ်ဖြဲဖြဲနှင့် ညိုပြာညက်ကို ကြည့်လိုက်၏။

ကောင်မလေးကို ညီမလေးတ . . ကလို ခင်မင် သံယောဇဉ် ဖြပ်နေမိ၏။ ချစ်စရာကောင်းသည်။ . ချောတဲ့ကောင်မလေး တစ်ယောက် ဘဲ ပြောရမလားပင်။

" ကိုနေ ဖုန်းဆက်တယ် မဟုတ်လား ခင်ညိုပြာညက် "

" ဟုတ်တယ် "

" သဲလွန်းတယ်ဟာ "

" ကိုနေက အသည်းအသန်ကြီး ဖြစ်နေတာ၊ ညိုပြာရက်တယ် "

" ဒီကောင်က တော်ရုံမိန်းကလေးတွေကို အထင်ကြီးတာ မဟုတ်ဘူး ညိုပြာညက်၊ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကောင် "

" မိန်းမရှုပ်လားဟင် "

" မရှုပ်ပါဘူး မာနမင်းသား ၊ ညိုပြာညက်ကျမှ အရှုံးအမှုံးကို ပြစ်တော့တာပဲ "





" ဦးဖြူဖွေးကြီးကလည်း "

" ဟုတ်တယ်ဟ . . .ထွန်းနေလဘေးမှာ ချမ်းသာတဲ့မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတာ "

ဘုရား . . ။

ဘုရား . . ဟုသာ စိတ်ထဲကနေ အမောတကော ရေရွတ်ပစ်လိုက်မိသည်။

ချမ်းသာတဲ့သူဌေးသမီးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကိုထွန်းနေလ ဆိုပါလား . . ။

ကျောချမ်းသွားမိ၏။

ညိုပြာညက်က ဆင်းရဲ၏။ ဘာအဆောင်အယောင် ဂုဏ်ပကာသနမှ ရှိသူတစ်ယောက် မဟုတ်ပေ။ ညွှန်ကြားရေးမှူးဦးခင်မောင်လတ်က ရာနာလတ်ရဲ့ ဖခင်တစ်ယောက်ပါ။

" ထွန်းနေလက မရှုပ်ပါဘူး၊ လူကောင်းလေးတစ်ယောက်ပါ။ ချမ်းလည်း ချမ်းသာ၊ ပညာလည်း တတ်၊ အရာရာပြည့်စုံနေတဲ့ ဘစ်ဦးတည်းသောသား "

" ဘာတွေလာပြောနေတာလဲ . . ညိုပြာညက်တော့ စိတ်မဝင်စားဘူး "

" ထွန်းနေလက အပြတ်ခိုက်နေတဲ့ပုံစံပဲ ညိုပြာ "

" ညိုပြာက အလုပ်ကိစ္စတွေပဲ စိတ်ဝင်စားတယ် "

ညိုပြာစာရင်းဇယားတွေကိုပဲ ကြည့်နေမိသည်။ ရင်တော့ ထိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေ လာမှာလား . . .။

ချမ်းသာပြီး တစ်ဦးတည်းသောသားဖြစ်နေတဲ့ ကိုနေ။ ညိုပြာ စိတ်ကူးယဉ်ကမ္ဘာလေးထဲက ရွှေမင်းသားတစ်ယောက် ဖြစ်သည်။ သူမ စိတ်ညစ်နေရ၏။ ရတနာ့အဖေကို သူ့ဒက်ဒီက သိနေတယ်တဲ့။

စုံးဂမ်းလိုက်ရင် အခက်။

ဦးခန့်ကျော်စွာ ရောက်လာ၍ အခန်းထဲက လူတွေ ပျာယာခတ် သွားသည်။

ညိုပြာညက်က ဆရာ့အိတ်ကို ယူ၏။

" ဘာအကြောင်းထူးသေးလဲ ဖြူဖွေး . . . ငါ နောက်ကျသွား တယ်ကွာ . . မင်းမမကို ဆေးခန်းပို့နေရသေးတယ် "

" မမ ဘာဖြစ်လို့လဲ ဆရာ "

" သွေးတိုးနေတယ်ကွာ "

ဦးခန့်ကျော်စွာက မိန်းမကို သိပ်ဂရုစိုက်တာပဲ ဟု တွေးနေမိ သည်။ စိတ်ပူနေပုံပင်။

ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ သူ့စားပွဲမှာ ဝင်ထိုင်သည်။ အလုပ်က လွဲပြီး ဦးခန့်ကျော်စွာ စိတ်အဝင်စားဆုံးက ဒေါ်မြတ်ဝါဆို ဖြစ်မည်။

အခုနေများ . . . တိုက်ခန်းလေးတစ်ခန်းနှင့် ကားလေးတစ်စီး လောက် ဝယ်နိုင်ရင် ကောင်းမှာပဲ။ ညိုပြာညက် အလုပ်ထဲမှာ စိတ်ဝင်စား အောင် မနည်းကြိုးစားနေမိသည်။

ဦးခန့်ကျော်စွာက သူ့မိန်းမဆီ ဖုန်းဆက်ပြီး ကျန်းမာရေးအခြေ အနေကို မေးနေသည်။





" ဝါဆို သက်သာရဲ့လား . . .ကိုကို စောစောပြန်ခဲ့ပါမယ်ကွာ၊ ဘာမှာဦးမလဲ . . ပြောလေ "

ကိုနေက ဦးခန့်ကျော်စွာလို အကြင်နာအယုအယတွေ ရှိနေရင် သိပ်ကောင်းမှာပဲ။

" ကိုကိုက အခုတောင် လာချင်တာ၊ ဒီမှာအလုပ်တွေရှိလို့"

ဒေါ်မြတ်ဝါဆို ကံကောင်းသည်ဟု ညိုပြာညက် စဉ်းစားနေမိ၏။

ဦးခန့်ကျော်စွာ ဖုန်းဆက်ပြီး အလုပ်တွေ လုပ်နေ၏။

" ညိုပြာညက် . . .မနေ့က နိုင်ငံခြားပို့တဲ့ပစ္စည်းစာရင်းတွေ ယူလာခဲ့ "

" ဟုတ် "

ညိုပြာညက်က အလုပ်ကိုတော့ တိတိကျကျနှင့် သေသေသပ် သပ် လုပ်သည်။ အလုပ်ရှင်က ကျေနပ်သဘောကျခဲ့တာပဲ ရှိ၏။

" အလုပ်လုပ်တာတော့ သေသပ်ပါတယ် ညိုပြာညက် . . . ကားလည်း ရှိတော့ ရုံးကို စောစောလာနိုင်တာပေါ့ "

ဦးခန့်ကျော်စွာ ပြောတာတွေကို ငြိမ်ပြီး နားထောင်နေလိုက်၏။ သူမအစောကြီး ထပြီး ဘတ်စ်ကား နှစ်ဆင့်စီးပြီး လာခဲ့တာပါ။

ဦးခန့်ကျော်စွာ ရောက်မှုတဲ့တိုက်ခန်းက ရတနာတို့တိုက်ခန်း ပင်။ အထင်ကြီးနေသည်။ ညိုပြာညက် တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်နေ၏။

မကြည့်ရဲ . . .။

စာရင်းဖယားတွေကိုသာ ညိုပြာညက် သဲသဲမဲမဲ ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



" ညိုပြာညက် "

" ရှန် "

" ညနေတော့ မင်းစောစော အလုပ်ဆင်းနိုင်တယ် "

ဦးခန့်ကျော်စွာ အစောကြီးပြန်လျှင် ညိုပြာတို့လည်း ပြန်ခွင့်ရှိသည်။

" စာရင်းတွေကိုတော့ တိတိကျကျ လုပ်ထားနော် "

" ဟုတ်ကဲ့ "

" သွားတော့ "

အလုပ်ဂါဒ်စွက်ပြီး ဦးခန့်ကျော်စွာက အပိုတွေ မပြောတတ်။ စာရေးမတွေနှင့်လည်း အရောတဝင်နေတတ်လေ့ မရှိပေ။ လက်ဆောင်တွေတော့ အားလုံးဝေတူဝေမျှ ခံစားခွင့် ရှိစေသည်။ စည်းကမ်းကြီးတာတစ်ခုပဲ ရှိ၏။

တစ်နေ့လုံး . . . ညိုပြာညက် ရင်တထိတ်ထိတ်နှင့်အလုပ်တွေလုပ်နေရသည်။ ဘာဖြစ်လို့လဲဆိုတော့ . . . ကိုနေ လာမယ်တဲ့။

တံခါးဖွင့်သွားတိုင်း သူမရင်တွေ တထိတ်ထိတ် ခုန်နေမိသည်။

သူ . . . လာပြီလား . .။

မျှော်နေမိသည်။

" ဆရာ . . . ထွန်းနေလ ရောက်နေတယ် "

" ဝင်ပစေလေကွာ "

ကိုနေ ရောက်လာပြီ ဆိုတဲ့သတင်းကို ဦးဖြူဖွေးကြီးက သတင်းပို့သည်။





ပြီးတော့ . . . ညိုပြာညက်ကို ပြုံးဖြဲဖြဲကြီးကြည့်ပြီး ထွက်သွားသည်။

ကိုနေ ဝင်လာ၏။

" ဦးခန့် . . .အလုပ်များနေလား ၊ ကိုနေ ဘာကူညီရမလဲ"

" မလိုပါဘူးကွာ . . . မင်းတွေ့ချင်တဲ့သူဆီပဲ သွားပါ "

" ဟဲ . . .ဟဲ "

ကိုနေက ညိုပြာညက်နေရာသို့ လျှောက်လာတော့သည်။

သူမ ကျောက်ရုပ်လေးတစ်ရုပ်လို တောင့်တောင့်လေး ဖြစ်သွားမိ။ ဦးခန့်ကျော်စွာက ကြည်ကြည်ဖြူဖြူရှိလို့ တော်ပါသေးရဲ့ . .။

" ညိုပြာ "

" ဟင် "

" ဘာဖြစ်လို့ ငြိမ်နေရတာလဲ "

" မငြိမ်လို့ ညိုပြာက ထပြီး ကနေရမှာလား "

" ညိုပြာက သိပ်လှတာပဲ "

" ကိုနေနော် "

" မင်းကိုမြင်တိုင်း ကိုနေ ဒီစကားပဲ ပြောစရာရှိသလို ဖြစ်နေတယ် ညိုပြာလေးရယ် "

" ညိုပြာ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ ဆက်ဆံနော် . . ပေါက်ကရတွေ လာမပြောနဲ့ "

" ချစ်လို့ပါ "

" ဘာ "



www.burmeseclassic.com

www.burmeseclassic.com



" ညိုပြာရေ့မှာ ချောတာနဲ့ချစ်တာ နှစ်ခုပဲ ပြောစရာရှိတယ်"

ညိုပြာညက် ပီတိတွေ ကျိတ်ဖြစ်နေရပေမယ့် မျက်နှာလေးက အလိုမကျဟန် နေလိုက်သည်။ မိန်းကလေး ဈေးအကျမခံနိုင်။

ဦးခန့်ကျော်စွာက အလုပ်ဆင်းနိုင်ပြီဖြစ်ကြောင်း ပြောသည်။

" ညိုပြာညက်ကို ကိုနေ ပြန်ပို့လိုက်မယ်နော် ဦးခန့် "

" ခင်ညိုပြာညက် ဆန္ဒအတိုင်းပဲ ကိုနေရေ "

ဦးခန့်ကျော်စွာက လူငယ်တွေ ကိစ္စတွင် ဝင်မပြောချင်ပေ။ ပစ္စည်းတွေ သိမ်းပြီး ထွက်သွားသည်။

ကိုနေနှင့် ပြန်ရမှာ ညိုပြာညက် စိတ်မလုံးသလို ဖြစ်နေမိ၏။ သေချင်တာပဲ။

ညိုပြာ့ကို အိမ်အထိ လိုက်ပို့မယ်ဆိုရင် ပြဿနာ ဖြစ်မည်။ မပို့နိုင်ဘူး။

လိုက်သာလိုက်လာရသည်။ စိတ်ထဲမှာတော့ လေးလေးကြီးဖြစ်နေမိသည်။ အလိမ်တွေပေါ်မှာပဲ စိုးရိမ်နေရ၏။

ကိုနေ့ကားလေးနှင့် ညိုပြာညက် လိုက်လာခဲ့ရတော့သည်။

~ ~ ~





အခန်း - ၅

ကိုနေကတော့ ညိုပြာ ပါလာ၍ အပျော်ကြီး ပျော်နေသည်။

သူ . . . ညိုပြာညက်ကလေးကို ချစ်နေပါ၏။ အစွဲကြီး စွဲနေရသည်။ ချောမောလှပလွန်းတဲ့မိန်းကလေးလည်း ဖြစ်နေ၏။

ဘာဖြစ်လို့မှန်းမသိ။ သူ့ပတ်ဝန်းကျင်မှာ မိန်းမချောလေးတွေ တစ်ပုံကြီး ရှိနေသည်။ စိတ်မဝင်စား။ ညိုပြာညက်ကိုပဲ စွဲလမ်းမြတ်နိုးစွာ ချစ်ခင်နေမိသည်။

" ညိုပြာ "

" ဟင် . . ."

" ကိုနေက ပွင့်ပွင့်လင်းလင်းပဲ နေတတ်တယ်နော် "

ကိုနေ ပွင့်ပွင့်လင်းလင်းပဲ နေတတ်သလို ညိုပြာလည်း နေဝတ်တာပဲ။ ဒါပေမယ့် ညိုပြာ မပွင့်လင်းနိုင်။ သူမဘဝက အမှန် မဟုတ်။ ကိုနေသာ သိသွားရင်တော့ သူမကို အထင်သေးမှာ သေချာသည်။

ဘာလုပ်ရမလဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



ထိကာလည်း မပေါက်။

ရတနာသာ ညိုပြာဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ။

" ညိုပြာညက်လေး ဘာတွေစဉ်းစားနေတာလဲ "

ကိုနေ့အသံက ရုတ်တရက်ပေါ်လာ၍ လန့်သွားရ၏။

" ကိုနေ့အကြောင်းတွေလား "

" အင်း "

အင်း . . .ဟုပဲ ရောချပစ်ရသည်။

" ဘာတွေလဲ ပြော "

" ကိုနေနဲ့ ညိုပြာခင်မင်မှုက သိပ်မြန်နေလို့ပါ "

" သိပ်နှေးနေတာ "

" နောက်ပါနဲ့ ကိုနေရယ် "

" ဘာကယ်ပါ . . . ညိုပြာနဲ့ အစောကြီးခင်မင်ခွင့်ရရင် ကိုယ် အစောကြီး ပျော်မှာ "

ကိုနေက အားတက်သရော အပြုံးတွေဝေပြီး ပြောနေပေမယ့် ညိုပြာက ငိုချင်သွားသည်။ မပျော်နိုင်။

သူမဘဝမှန်ကို သူမတစ်ယောက်တည်း သိနေခဲ့သည်။

" ကိုနေ့ဒက်ဒီနဲ့ ကိုနေက ပွင့်လင်းကြတယ်၊ ညိုပြာ့မေမေ့ လည်း သိနေတော့ အိုကေပဲ "

" ဘာအိုကေတာလဲ "

" လက်ထပ်ဖို့ "

" ဘာ "





" ညိုပြာ့ကို လက်ထပ်ချင်တယ်၊ ချစ်တယ် "

ထွန်းနေလ စိတ်တွေကို ထိန်းချုပ်မထားတော့ဘဲ ပြောပစ်လိုက်သည်။

" ကိုနေ . . . ဘာတွေလာပြောနေတာလဲ . . . ညိုပြာ့ကို ရိုးရိုးသားသား ခင်မင်တာမျိုးပဲ ညိုပြာ ကြိုက်တယ် "

ညိုပြာ မျက်နှာလေးတည်ပြီး မကြိုက်သလို ပြောလိုက်မိသည်။

ကိုနေရယ် . . . ညိုပြာ့စိတ်ကူးယဉ်အိပ်မက်ထဲလေးထဲက ရွှေမင်းသားလေးက ကိုနေပါ။ မဖြစ်နိုင်သေးပါဘူး။ ဆင်းရဲနွမ်းပါးလှုံးတဲ့ ညိုပြာ့ဘဝကို ဘယ်သူက လက်ခံမှာလဲ . . .။

မသိသေးလို့ . . .။ ဆင်းရဲသားရပ်ကွက်လေးမှာ သူမနေတဲ့ အိမ်စုတ်လေး။ စက်ချုပ်ရလွန်းလို့ ပိန်ချုံးညစ်ထေးနေတဲ့ အမေ။

ချမ်းသာပြီး သားသားနားနားလူတွေကိုမြင်တိုင်း ညိုပြာအားကျ ခဲ့ရသည်။

" ညိုပြာ ပြန်တော့မယ် "

" ဘာဖြစ်လို့လဲ ညိုပြာ . . .ကိုနေ့ကို စိတ်ဆိုးသွားပြီလား"

ထွန်းနေလ ပျာပျာသလဲနှင့် ညိုပြာ့မျက်နှာလေးကို ကြည့်ပြီး ပြောမိသည်။ ညိုပြာ့မျက်နှာလေး တည်သွားတော့လည်း သူ မနေပတ်။

" ကိုနေ့ကို စိတ်မဆိုးပါနဲ့ကွာ . . . ရင်ထဲမှာ ရှိတာကို ပြောလိုက်မိတာပါ "

" ညိုပြာ စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ကိုနေက ညိုပြာ့အပေါ် အထင်သေးတော့ ညိုပြာ သိပ်ဝမ်းနည်းတယ် "



www.burmeseclassic.com

www.burmeseclassic.com



" ကိုနေဘက်က ညိုပြာကို အထင်သေးတဲ့အပြုမူမျိုး ဘာလုပ်ခဲ့မိလို့လဲ "

" တွေ့ဆုံကြတာမှ မကြာသေးဘူး ၊ လက်ထပ်ခွင့်တောင်းတာ ညိုပြာ့ကို အထင်သေးတာပဲ "

ညိုပြာ စိတ်ထိခိုက်ကြေကွဲစွာဖြင့် ပြောလိုက်မိသည်။

" ကိုနေက ညိုပြာ့ကို ချစ်မြတ်နိုးလွန်းလို့ လက်ထပ်ခွင့်တောင်းတာပါ ညိုပြာ၊ မယုံရင် ညိုပြာ့ဖေဖေဆီမှာ လူကြီးချင်းတောင်းရမ်းနိုင်းရမလား "

" ဟာ. . .မလုပ်နဲ့. . .မလုပ်နဲ့၊ ဖေဖေက သိပ်စိတ်ဆိုးသွားမှာ၊ ညိုပြာ့ကို အလုပ်လုပ်တာတောင် ကြိုက်တာ မဟုတ်ဘူး "

ညိုပြာ အထိတ်တလန့်နှင့် ပျာပျာသလဲ တားဆီးပစ်လိုက်မိ၏။

ပြဿနာတက်မှာ . . .။

အန်ကယ်ဦးခင်မောင်လတ်က ရတနာ့အဖေပဲဟာ။ ညိုပြာတို့ လုပ်ထားတာတွေ မသိ။ စည်းစနစ်ကြီးပြီး နေရတာကာ အလေးအနက်ထားဘတ်တဲ့ အဘိုးကြီး။

" ကိုနေ့ဖေဖေကိုတော့ ဘာမှ သွားမပြောနိုင်းနဲ့နော် . . . ညိုပြာ စိတ်ဆိုးမှာပဲ "

" ညိုပြာ စိတ်ဆိုးမယ့်အလုပ်ကို ကိုနေ ဘာမှမလုပ်တော့ဘူး စိတ်တော့ မဆိုးလိုက်ပါနဲ့နော် "

ထွန်းနေလကလည်း ညိုပြာ့မျက်နှာလေး ညိုသွားတာတွေ့ရ၍ ပျာပဟာခတ်သွားသည်။

**သူရဲကောင်းစာပေတိုက်**



အလှဘုရင်မလေးမျက်နှာကိုတော့ အညှိုးမခံနိုင်အောင် ဖြစ်နေမိပြီ။

" ညိုပြာရယ် . . . ကိုနေ ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူးပါဘူးကွာ "

ညိုပြာ့အတွက် ဂုဏ်ယူစရာကောင်းတဲ့ စကားလေးတွေပါပဲ။ ကိုနေက ချမ်းသာတဲ့အသိုက်အဝန်းက တစ်ဦးတည်းသောသား။ ပညာတတ်တစ်ယောက်။ ညိုပြာ မက်မောတမ်းတခဲ့ရတဲ့ယောကျ်ားကောင်းတစ်ယောက်။ အခုတော့ . . . ခက်နေပြီ။

" ညိုပြာ ပြန်ချင်ပြီ "

" ခဏလေး နေပါဦး ညိုပြာ . . .ကိုနေစကားတွေ အများကြီးထိုင်ပြောချင်သေးတယ် "

" ညိုပြာက မိန်းကလေးတစ်ယောက်ဆိုတာ ကိုနေ မေ့နေသလား၊ မိန်းကလေးတစ်ယောက်ရဲ့ အိမ်ပြန်ချိန်ဆိုတာ ရှိသေးတယ်"

" ညိုပြာ့ဆန္ဒပါပဲ ၊ ရုံးဆင်းချင်တိုင်း ကိုနေ လာကြိုမယ်နော်"

" ဟင့်အင်း ၊ အဲဒီလို အတင့်ရဲတာမျိုး ညိုပြာ မကြိုက်ဘူး"

" ကိုနေ . . . အရမ်းလွမ်းနေရမှာ "

" ဦးခန့်ကျော်စွာရဲ့ အထင်သေးမှုကို ညိုပြာ မခံချင်ဘူး "

" ဦးခန့်က ကိုနေ့ဆိုရင် ဘာမှမပြောပါဘူး ညိုပြာ "

ညိုပြာ ဆက်မနေချင်တော့သဖြင့် ပြန်ဖို့ပဲ ပြောလိုက်သည်။

" ကိုနေ လိုက်ပို့ပေးမယ် "

ရတနာတို့ကိုပဲ လိုက်ပို့နိုင်းမိသည်။

**သူရဲကောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



“ ခပ်လှမ်းလှမ်းကပဲ ကားရပ်ပေးနော် ကိုနေ ”

ကိုနေက ညိုပြာ့သဘောအတိုင်း ခပ်လှမ်းလှမ်းမှာ ကားရပ်ပေးသည်။

“ မနက်ဖြန်လည်း ကိုနေ တွေ့ချင်သေးတယ် ”

“ ဟင့်အင်း ”

“ ကိုနေ့ကို စိတ်ဆိုးသွားလို့လား ညိုပြာ ”

“ မဟုတ်ပါဘူး . . . နောက်တစ်ပတ်လောက်မှနော် ”

“ ညိုပြာ့သဘောပါပဲဗျာ ၊ ကိုနေတော့ လွမ်းနေမှာပဲ ”

ကိုနေ့ကားလေး ထွက်သွားတဲ့အထိ ညိုပြာ ရပ်ကြည့်မိသည်။ ရတနာ့ဆီ လာခဲ့၏။

“ ညိုပြာ . . . နင် ကားနဲ့လာတာ မဟုတ်လား ”

ရတနာက အခန်းဝကနေ ဆီးကြိုပြီး မေးလိုက်သည်။

“ အင်း ”

“ လာ . . ထိုင် ”

ဧည့်ခန်းမှာ ညိုပြာ စိတ်ပျက်လက်ပျက်နှင့် ဝင်ထိုင်လိုက်သည်။

“ နင် ဘာတွေ ဖြစ်လာလဲ ညိုပြာ ”

ညိုပြာ့ကို ကြည့်ပြီး ရတနာ စိတ်မောသလိုကြီး ဖြစ်သွားရသည်။ တစ်ခုခုတော့ ရှုပ်ထွေးနေသလိုပင်။

“ ရတနာ ”

“ ပြော ”

“ ကိုနေက ငါ့ကို လက်ထပ်ချင်တယ်လို့ ပြောနေတယ်ဟ”





“ ဘာ . . . နင်နဲ့ မနေ့ကမှ ခင်ကြတာ မဟုတ်လား ”

“ အေး ”

“ နင်ဟာလေ ချမ်းသာတဲ့ကောင်တွေကို ဘာဖြစ်လို့ အထင်ကြီးနေရတာလဲ ”

“ ချမ်းသာတဲ့လူကို ယူမှ သူဌေးဖြစ်မှာပေါ့ ”

ရတနာစိတ်ပျက်စွာနှင့် ညိုပြာ့ကို ကြည့်လိုက်သည်။

ချမ်းသာချင်တာတော့ ညိုပြာ့ကို အပြစ်မတင်ချင်ပေ။ ဝင်ချင်တဲ့အရွယ်။ ညိုပြာက လှတော့ ဂုဏ်မရှိ၍ မတင့်တယ် ဖြစ်နေရသည်။

“ ရတနာ ငါ ဒုက္ခဖြစ်နေတယ် ”

“ ဘာဒုက္ခလဲ ”

“ နင့်ဒက်ဒီ အနီကယ်လ် ဦးခင်မောင်လတ်ကို သိတယ်တဲ့”

“ ဘယ်သူလဲ . . . ကိုနေလား ”

“ မဟုတ်ဘူး . . . ကိုနေ့ဒက်ဒီက သိနေတာ၊ အလိမ်တွေပေါ်ကုန်ရင် ဒုက္ခပဲ ”

ညိုပြာအဖြစ်က စိတ်မောစရာကောင်းတဲ့အဖြစ်အပျက်ပင်။

“ ဒက်ဒီကလည်း လိမ်ညာတာ မကြိုက်ဘူးဟ ”

“ ကိုနေ့ကိုတော့ ဘာပြဿနာမှ မရှာဖို့ ပြောထားတယ် ”

“ ညိုပြာရယ် . . .အမှန်အတိုင်းပဲ ဖွင့်ပြောလိုက်ပါလားဟာ”

“ ငါ့ကို အထင်သေးသွားမှာပေါ့ ”

“ တစ်သက်လုံး နင်ဖုံးထားလို့ ရနိုင်မလား ”

“ ဟုတ်တယ် . . . ငါလည်း အဲဒါကို စဉ်းစားနေတာ ”



www.burmeseclassic.com

www.burmeseclassic.com



ရတနာကတော့ ဘယ်လိုအကြံပေးရမှန်းတောင် မသိဖြစ်သွားရသည်။ သူပေါ်ချင်းကို ကူညီနိုင်သလောက် ကူညီခဲ့မိ၏။

" ဒါ ပြန်တော့မယ် "

" အေး . . . ညိုပြာရယ် ၊ ကိုယ့်ဘဝအမှန်ကိုပဲ လေ့လာသုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် နေစမ်းပါ "

ညိုပြာ ဆက်မပြောချင်တော့သဖြင့် ထပြန်လာခဲ့၏။

ဘတ်စ်ကားဂိတ် ရောက်လာ၏။ လူအုပ်ကြီး ကြောက်စရာ။ ဘတ်စ်ကား စီးနေရတဲ့သူမဘဝကို တစ်နေ့သိသွားမှာပါ။

ရင်ခမောလိုက်တာ။

သူ့ပကာ ချောတော့ နောက်ချင်ပြောင်ချင်တဲ့ လူတွေလည်း ရှိသေးသည်။ ဦးဖြူဖွေးကြီးကတော့ လိုက်ပို့ဖို့ အမြဲပြောတတ်၏။ ညိုပြာက မပို့နိုင်းတာပါ။

" ညိုပြာဘဝကိုက ဆိုးပါတယ် "

စိတ်ထဲမှာ တွေးပြီး သူမဘဝကို သူမ အားမရဖြစ်မိသည်။ ဘတ်စ်ကား တိုးစီးလာရ၏။ ဆင်းရဲတဲ့ရပ်ကွက်လေးတစ်ခုသို့ သူမ ရောက်လာခဲ့ပြီ။ သိမ်ငယ်သွားမိ၏။ အမေက စောင့်နေကျ တံခါးဝလေးမှာ ရှိမနေပေ။ ညိုပြာ စိတ်ပူသွားမိသည်။

" အမေ "

အိမ်လေးထဲ အမေ့ကို အော်ခေါ်ရင်း ဝင်လာခဲ့သည်။ အမေက အိပ်ရာထဲမှာ လက်မှာလည်း ပတ်တီးတစ်ခု စီးထားတာကို တွေ့လိုက်ရ၏။

" အမေ . . နေမကောင်းဘူးလား "





" အေးကွယ် . . . နည်းနည်းဖျားချင်သလို ဖြစ်နေတယ်၊ သမီးရော နောက်ကျလိုက်တာကွယ် "

" ရတနာနဲ့ တွေ့နေလို့ပါ အမေ၊ လက်က ဘာဖြစ်တာလဲ"

" အပ်စိုက်သွားလို့ . . .အကြွေးက ပေးစရာရှိတော့ အမေ တစ်နေကုန် ချုပ်နေတာ "

ညိုပြာ့ အဝတ်စဖိုးတွေအတွက် အကြွေးတွေက နေ့စဉ်သွင်းနေရသည်။ အမေပဲ သွင်းရ၏။

" အမေလည်း ပင်ပန်းပါတယ်၊ ဗိုက်ချူးနေတာပဲ . . .အမေ့ကိုလည်း အေးအေးဆေးဆေးနေစေချင်ပါတယ် "

အိမ်ရှေ့အိမ်မှ ဒေါ်ခင်မြဆိုတဲ့ မိန်းမကြီး ရောက်လာ၏။

" ညိုပြာရေ . . . နင် ပြန်လာပြီလား။ မရီဝေ နေမကောင်းဘူးဆိုလို့ လာမေးတာ "

" ဟုတ်တယ် ဒေါ်လေးမြရေ . . . ဖျားချင်လို့တဲ့။ အမေနဲ့ စကား ပြောလိုက်ဦးနော် "

ညိုပြာ ရေချိုးဖို့အတွက် သူမ အခန်းလေးထဲ ဝင်ခဲ့သည်။

ထရံကာထားတဲ့ အခန်းလေး။ ဖျာခင်း အိပ်ရသည်။

ကိုနေပြောတဲ့အတိုင်း ညိုပြာ လိုက်လျောလိုက်ရင် ကောင်းမလား . . .။ မဖြစ်သေးပါဘူး . . .။ ညိုပြာ့ဘဝအမှန်ကိုသာ သိသွားရင် ကိုနေက အထင်သေးသွားပြီး စွန့်ခွာသွားမှာ။

တစ်ဖက်မှ အမေနှင့် ဒေါ်လေးမြတို့ ပြောတဲ့စကားတွေကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



" မရိဝေရေ . . . ဒေါ်အေးအေးတို့တော့ တိုက်ခံအိမ်လေး ဖြစ်သွားပြီ "

" ဘာဖြစ်လို့လဲ မမြ . . ဒေါ်အေးအေးတို့က ရှိမှ မရှိတာ။ ထီပေါက်လို့လား "

" ဘယ်က ထီပေါက်ရမှာလဲ၊ မအေးသမီးက သူဌေးအဘိုးကြီး တစ်ယောက်နဲ့ ငြိသွားတယ်လေ "

ရပ်ကွက်ထဲမှာ ဒေါ်မြက အတင်းရော သတင်းရော စုံသည်။

" ကားတောင် ဝယ်ပေးတော့မှာတဲ့ "

" အဲဒီလို ရတာမျိုးတော့ မယူချင်ပါဘူး မမြရယ် "

" ဟုတ်ပါ့ . . . ညိုပြာညက်က သိပ်ချောတော့ လင်ကောင်း သားကောင်း ရမှာပါ "

" ကျွန်မလည်း သမီးအတွက် စိတ်ပူနေရတယ် "

" ညိုပြာက လိမ္မာပါတယ် "

ဒေါ်အေးအေး သမီးခင်အေးဟန်က ညိုပြာလောက် မချော။ အသင့်အတင့်ပဲ။ သူဌေးကြီးတစ်ယောက်နဲ့ ငြိပြီး တိုက်တွေ ကားတွေ ရသည်တဲ့။

ညိုပြာ ဘာတွေစဉ်းစားနေတာလဲ . . .။

သူမ မျက်ဝန်းလေးတွေထဲမှာ ဦးခန့်ကျော်စွာကို ပြေးမြင်မိ၏။

မကောင်းပါဘူး . . .။

ဦးခန့်ကျော်စွာက ဒေါ်မြတ်ဝါဆိုအပေါ်တွင် ကြင်နာယုယ တတ်သည်။ သစ္စာတရား ကြီးမားသူ။





ညိုပြာ့ဘဝအတွက် တိုက်ခန်းလေး တစ်ခန်းလောက် ရရင် ကျေနပ်ပါပြီ။

ဆင်းရဲနွမ်းပါးတဲ့ ရပ်ကွက်လေးထဲမှာ မနေချင်တော့ပါဘူး။

ဘယ်လိုလုပ်ရမလဲ . .။

ကိုနေ အထင်မသေးနိုင်တဲ့ အခြေအနေလေးတစ်ခုတော့ လိုအပ် တာပေါ့ . . .။

သူမ ငိုင်တွေနေမိသည်။

" ညိုပြာ့ကို လက်ထပ်ပါရစေ "

သူဌေးသားတစ်ယောက်က သူမကို လက်ထပ်ခွင့်တောင်းနေပြီ။

အသက်ကြီးသော အဘိုးကြီး မဟုတ်။

သူမနှင့် သက်တူရွယ်တူ ပညာတတ်သူဌေးသားတစ်ယောက်ပါ။

မဖြစ်သေးပါဘူး ကိုနေရယ် . . .။

ဆင်းရဲနွမ်းပါးတဲ့ ညိုပြာ့ဘဝကို သိသွားရင် အထင်သေးသွားမှာပါ မုန်းသွားမှာပါ။

အဝတ်အစားတွေလဲရင်း အတွေးတွေနှင့် ရှုပ်ထွေးနေမိတော့၏။

ကိုနေ့ကို ချစ်သည်။

ဒါပေမယ့် . . ဘဝချင်းကတော့ မိုးနဲ့မြေ။

စိတ်မောရပါတယ် ကိုနေရယ် . . .။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၈

" ဝါဆို နေမကောင်းဖြစ်နေရင်လည်း ကိုကို ရုံးမသွားဘူးလေ"

" ကောင်းပါတယ် ကိုကိုရယ် . . . သွားပါ၊ စီးပွားရေးလုပ်ငန်းတွေက ကိုကို မရှိလို့မှ မဖြစ်တာပဲ။ ဝါဆို့အတွက် မပူပါနဲ့ "

" ပူရတာပေါ့ မိန်းမရာ . . . ကိုကိုက ဝါဆို့ကို သိပ်ချစ်တယ်၊ ဝါဆို တစ်ခုခု ဖြစ်သွားရင် ကိုကို ရင်ကျိုးရမှာဗျ "

ချစ်ခင်ပွန်းရဲ့စကားကြောင့် ဝါဆို ကျေနပ်ပီတိဖြာဝေသွားရ၏။ ကိုကိုရင်ခွင်ထဲ တိုးဝင်လိုက်မိ၏။

" ကိုကိုရယ် . . ."

ချစ်ဖနီး စိတ်ချမ်းသာမှုကိုပဲ အဓိက ထားနေမိသည်။ သူ့ဘဝ တိုးတက်ရေးအတွက် ရှေ့ဆောင်လမ်းပြလုပ်ခဲ့တဲ့ ချစ်ဖနီ၏ အကြင်နာတွေ ပိုမိသည်။

" မိန်းမ "

" ပြော "





" တစ်ခုခုဖြစ်တာနဲ့ ကိုကို့ဆီ ချက်ချင်း ဖုန်းဆက်နော် "

" ဝါဆို ဘာမှမဖြစ်ပါဘူး ကိုကိုရယ်၊ အအေးမိသွားတာပါ"

" ကိုကို စိတ်ပူလို့ပါကွာ "

" ပိုပြီ "

" ချစ်လို့ "

" သွား "

" မသွားခင်တော့ နှုတ်ဆက်အနမ်းလေး နမ်းသွားပါရစေဦး မိန်းမရယ် "

ချစ်ဖနီးဝါဆို ပါးပြင်လေးကို နမ်းပြီး ထွက်လာခဲ့သည်။

အခုတလော ဝါဆို့ကျန်းမာရေးက သိပ်မကောင်းချင်သလို ချူချာနေတတ်သည်။ စိတ်မချနိုင်။

ကောင်းကင်ပြာအရောင်းခန်းမကြီးထဲဝင်လာတော့ ညိုပြာညက်က အရောင်းကောင်တာတစ်ခုမှာ စကားပြောနေသည်။ ဦးခန့်ကျော်စွာကို တွေ့တော့ အပြေးကလေး ရောက်လာပြီး အိတ်ကိုယူလိုက်၏။

" မင်းရုံးခန်းထဲမှာ ဘာဖြစ်လို့ မနေတာလဲ ညိုပြာညက် "

ဦးခန့်ကျော်စွာက စည်းစနစ်ဖြင့် အလုပ်လုပ်တာပဲ သဘောကျသည်။ မိန်းကလေးတွေ စကားပြောတာမျိုးကို လုံးဝမကြိုက် . . .။

တာဝန်က အရေးကြီးဆုံးပဲ။

" ရုံးခန်းထဲမှာ ညှိသည်တစ်ယောက် ရှိနေလို့ပါ၊ သူနဲ့ညိုပြာ နှစ်ယောက်တည်း မနေရဲလို့ပါ "

ဦးခန့်ကျော်စွာနှင့်အတူ ရုံးခန်းထဲ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



" နောက် ဘယ်တော့မှ ကိုယ့်တာဝန်မရှိတဲ့နေရာမှာ မင်းသွားနေဝရာမလိုဘူး ခင်ညိုပြာညက် ၊ ဒါ နောက်ဆုံးအကြိမ် ဖြစ်ပါစေ "

ညွှန်သည်တွေရှေ့မှာ အပြောခံလိုက်ရသဖြင့် ညိုပြာညက် ဒေါကန်သွားမိသည်။ ရှက်လည်း ရှက်၏။ ယောက်ျားတစ်ယောက်နှင့် ညိုပြာက အခန်းထဲမှာ နေရမှာလား . . .။

ပြီးတော့ . . . သည်လူကြီးက အကြည့်ရဲလွန်းသည်။ ညိုပြာခုလေးတင်ပဲ အရောင်းခန်းမဆီ ထွက်သွားတာပါ။ စိတ်ကောင်ချင်လာမိ၏။

သိပ်ကြီးကျယ်တဲ့ ဦးခန့်ကျော်စွာ။ မုန်းတယ်။ ငွေရှင်ကြေးရှင်ဆိုပြီး အလုပ်သမားတွေကို အထက်စီးက ဆက်ဆံချင်တယ်။

သိမယ် . . .မလုပ်တော့ဘူး။

ညိုပြာညက် အလုပ်က ထွက်ဖို့ပင် ဆုံးဖြတ်လိုက်မိတော့သည်။

ကိုနေက တစ်မျိုး . . .စိတ်မောနေမိတာတော့ အမှန်ပင်။

ဦးခန့်ကျော်စွာကိုတော့ ညိုပြာညက် တင်းနေမိ၏။ စာရင်းတွေကို မကြည့်တော့။ တစ်ယောက်တည်း ထိုင်နေမိသည်။

ထွက်မယ် . . .အလုပ်ကကို ထွက်တော့မယ်။

လူတွေရှေ့မှာ ဘာမဟုတ်တဲ့ ပြစ်မှုလေးနှင့် အဆူအဟောက်ခံလိုက်ရသည်။ ရှက်မိ၏။ တစ်ကိုယ်လုံးထူပူပြီး ငိုချင်စိတ်တွေပင် ပေါက်လာရ၏။

ဦးခန့်ကျော်စွာကတော့ အလုပ်တာဝန်ပျက်ကွက်တဲ့အပြုအမူမျိုးကို လက်မခံနိုင်ပေ။ အလုပ်ရှင်ဆိုပြီး အထက်စီးက ဆက်ဆံတာတော့မဟုတ်။ လူအများနှင့် ဆက်ဆံရတာ မဟုတ်လား။





သူ့စားပွဲမှာ သူငယ်ချင်းကျော်သက်က ထိုင်စောင့်နေသည်။

ညိုပြာညက် ညွှန်ခံထားသည့် ထင်၏။ ကော်ဖီခွက်တွေ၊ စီးကရက်တွေဘာတွေ အစုံပဲ။

ကျော်သက်ရဲ့အကျင့်တွေကိုလည်း ဦးခန့်ကျော်စွာ သိထားသည်။ မိန်းမရှုပ်၏။ တရားဝင်မိန်းမပင် သုံးယောက်လောက် ပြိုင်ထားတဲ့ကောင်။ ကျောင်းနေဘက် ငယ်သူငယ်ချင်းတွေဖြစ်၍ ပြောရခက်သည်။ ပြောမနာ ဆိုမနာ။ စီးပွားရေးဘက်တွေလည်းဖြစ်၍ ဆက်ဆံနေရသည်။

ဦးခန့်ကျော်စွာက မကြိုက်။ အိမ်ထောင်ရှင်တစ်ယောက်ဖြစ်ပြီး ဖောက်ပြန်တာကို လက်မခံပေ။ တွေ့တိုင်းရှုံ့ချတတ်မြဲပင်။

" ကိုခန့် "

" မင်းက စောစောစီးစီး ရောက်နေတာလား ကျော်သက် "

" အေး "

" အရေးကြီးတဲ့ကိစ္စရှိလို့လား "

" ဟဲ . . .ဟဲ "

" ဘာလဲကွ "

ကျော်သက်က စပ်ဖြဲဖြဲမျက်နှာနှင့် သူ့ကို ကြည့်နေသည်။

" မနေ့ညကတည်းက ငါ အိပ်မပျော်လို့ မင်းဆီလာတာ "

" ဒါက ဆရာဝန်မှ မဟုတ်တာဘဲ ကျော်သက်ရာ "

" မင်းဆီရောက်မှ ဓာတ်ဝင်အိပ်ပျော်ဖြစ်မှာမို့ လာတာပေါ့ "

ဦးခန့်ကျော်စွာကတော့ နားမလည်သလို ကျော်သက်ကို ပြန်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုခန့် "

" ပြော "

" မင်းစာရေးမလေး ခင်ညိုပြာညက်ကို ငါစိတ်ဝင်စားနေတယ်"

" ဘာကွ "

" အရမ်းမိတယ်ကွာ . .ဆွဲဆောင်မှု သိပ်ရှိတယ်၊ ကောင်မလေးက မာနတော့ ရှိတယ် . . . ငါ စကြည့်မိတာနဲ့ အပြင်ထွက်သွားရော"

ခင်ညိုပြာညက် အပြင်ထွက်ရတဲ့ အကြောင်းရင်းကို သိလိုက်ရပြီ။ စိတ်မကောင်း ဖြစ်သွားမိ၏။ မိမိက ဘာမှမသိဘဲနှင့် လူတွေရှေ့မှာ ဟောက်ပစ်လိုက်မိသည်။

" ဘယ်လိုလဲ ကိုခန့် . . . ကောင်မလေးကိုသာ ရရင် မင်းအတွက် ဈေးကွက်တစ်ခု ငါ ပေးမယ် "

" ကျော်သက် . . . မင်းစကားကို ဆက်မပြောနဲ့တော့ကွာ၊ မင်းဆီက အမြတ်ငွေ သိန်းထောင်ချီရနေပါစေ၊ လူမှုရေးဖောက်ပြန်တာမျိုးတော့ ငါ လက်မခံနိုင်ဘူး "

ဦးခန့်ကျော်စွာက ခါးခါးသီးသီးနှင့်ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်သည်။

" ယောက်ျားကောင်း မောင်းမတစ်ထောင်တဲ့ ကိုခန့်၊ မင်းသာငေါ့ငအ သူဌေးရှင်ကြီးလုပ်ပြနေ၊ လောကစည်းစိမ်တွေကို မင်းသိမှာမဟုတ်ဘူး "

" မင်းမှာ အိမ်ထောင်နဲ့ မဆွေကလည်း ငါနဲ့ကျောင်းနေဖက်သူငယ်ချင်းပဲ။ မင်း တခြားမှာ ရှုပ်ချင်သလောက် ရှုပ် . . . ဒီမှာတော့





ဆောရီးပဲ . . .ငါ လက်မခံဘူး "

သူငယ်ချင်းဖြစ်သူကျော်သက်ကို မိန်းမအပေါ် သဘောမဲ့တဲ့ကိစ္စမျိုး ဘယ်တော့မှ အားမပေးခဲ့။

" မင်းဂုဏ်သိက္ခာမဲ့တဲ့အလုပ်တွေကို ရပ်တန်းက ရပ်လိုက်ပါတော့ကွာ . . . ရှက်ဖို့ကောင်းပါတယ် "

" မင်းပဲရှက်နေ ၊ ငါက အသက်ရှည်အောင် နေတာ။ ကိုခန့် မင်းကိုယ်ကျင့်တရားကိုတော့ လေးစားပါတယ်ကွာ "

"လေးစားရင်လည်း ကိုယ်နဲ့တော့ လာမပတ်သက်ပါနဲ့ကွာနော်"

ကျော်သက်ကို တောင်းတောင်းပန်ပန်နှင့် ပြောလိုက်ရသည်။

" ခင်ညိုပြာညက်လေးကိုတော့ တကယ်နိုက်လို့ပါကွာ . .ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားလို့ ရရင် မင်း မသိချင်ယောင် ဆောင်နေကွာ"

" ခက်ပါလား ကျော်သက်ရာ . . .ဒီကိစ္စမျိုး ငါ အားမပေးဘူး လူမှုရေး ဖောက်ပြန်မှုတွေကို ငါ မကြိုက်ဘူး "

ကျော်သက်တစ်ယောက် ခင်ညိုပြာညက်ကို ရိတိတိလုပ်ပြီး ပြန်သွားသည်။

ဦးခန့်ကျော်စွာ ရင်မောသွားမိ၏။

မလွယ်ဘူး . .ကျော်သက်တို့လို ကောင်မျိုးတွေကြောင့် မိန်းကလေးတွေ ဘဝပျက်ရတာ . . .။ အိမ်ထောင်ရှိလျက်နှင့် လူမှုရေးဖောက်ပြန်တာမျိုးတော့ မကောင်းပါဘူး . . .သူ လက်မခံနိုင်။

ဦးခန့်ကျောင်စွာအကြည့်တွေက ခင်ညိုပြာညက်ဆီ ရောက်သွားသည်။ အလုပ်မလုပ်ဘဲ ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှားပါ . . .ကျော်သက်လိုကောင်မျိုးနဲ့ ခင်ညိုပြာညက် ဘယ်နေရဲ့ပါ့မလဲ။ တောင်းပန်သင့်တယ် ဟု ထင်မိသည်။ ဖြူဖွေးကလည်း သူ နိုင်ထားခြင်း နောက်ကျမှ လာတော့မည်။

အခက်ပဲ ။ ဦးခန့်ကျော်စွာအနေနှင့် အလုပ်သမားတစ်ယောက်မို့ တောင်းပန်ရ ခက်နေတာ မဟုတ်။ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။ ကောင်မလေးက အတော်ရှက်သွားမယ်ဆိုတာ သူ သိနေသည်။

အရင်းရှင် သိပ်ဆန့်သွားပြီလား . . .။

သူ တောင်းပန်ရမယ်။

ခင်ညိုပြာညက်မှာ အပြစ်မရှိဘူး . . .ဆိုတာ သိလိုက်ရ၍ စိတ်မကောင်း ဖြစ်မိသည်။

သူက အလုပ်ရှင်ပဲ။ ဦးခန့်ကျော်စွာ ဆုံးဖြတ်လိုက်ပြီး စားပွဲမှ ထလိုက်သည်။ ခင်ညိုပြာညက်ကတော့ ထိုင်နေဆဲ။

" ခင်ညိုပြာညက် "

ဦးခန့်ကျော်စွာအနေနှင့် မိန်းကလေးတစ်ယောက်ကို တစ်ခါမှ မချော့ဘူး။ ချစ်ဇနီးဝါဆိုက လွဲပြီး တရင်းတနှီး ဆက်ဆံတာမျိုးလည်း မလုပ်ခဲ့ပေ။

" ကျွန်ုပ် တောင်းပန်ပါတယ် "

" ညိုပြာညက် အလုပ်ထွက်တော့မယ် ဦးခန့်ကျော်စွာ "

" ဘာဖြစ်လို့လဲ "

" သိပ်အရေးရှင် ဆန်လွန်းတဲ့အလုပ်ရှင်ဆီမှာ ကျွန်မ အလုပ် မလုပ်ချင်တော့လို့ "

သူ့ရဲ့တောင်းစာပေတိုက်



" ကျုပ်တောင်းပန်နေပြီပဲ ခင်ညိုပြာညက်ရယ် . . . မင်းအနေနဲ့ ကျော်သက်လိုကောင်မျိုးနဲ့ မနေချင်တာ သဘာဝ ကျပါတယ် "

" စောစောကတည်းက ဦးခန့်ကျော်စွာ စဉ်းစားဖို့ကောင်းတာပေါ့။ ငွေရှင်ကြေးရှင်ဆိုပြီးတော့ မောက်မာတာမျိုးတော့ မကောင်းဘူး။ အလုပ်ထွက်တာပဲ ကောင်းတယ် "

ဦးခန့်ကျော်စွာ ဘာပြောရမှန်း မသိတော့။

သူ့အပြစ်ကြောင့် အရည်အချင်းရှိတဲ့မိန်းကလေးတစ်ယောက် အလုပ် ထွက်ရတော့မည်။ မထွက်စေချင်ပေ။

" အလုပ်တော့ မထွက်ပါနဲ့ . . . ကျုပ် အနူးအညွတ်တောင်းပန်ပါတယ် ၊ မင်းမှာ အပြစ်မရှိပါဘူး ခင်ညိုပြာညက် "

ညိုပြာညက်ကတော့ ဦးခန့်ကျော်စွာအပေါ် စိတ်ဆိုး မပြေသေးပေ။ လှုပ်ဒလယ်မှာ အပေါက်ခံလိုက်ရ၍ တင်းနေမိသည်။

မလုပ်တော့ဘူး။

ကိုနေနှင့်လည်း ဆက်မပတ်သက်ချင်တော့။

အလိမ်အညာတွေ ပေါ်မှာ စိုးမိသည်။

စိတ်ထဲမှာ တထိတ်ထိတ်နှင့် စိုးရိမ်နေရတဲ့ဘဝ။ အားလုံးနဲ့ ပတ်သက်တာ အကောင်းဆုံးပဲ ဟု ဆုံးဖြတ်ထားမိသည်။

" ကျွန်မ အလုပ်ထွက်တော့မယ် ဦးခန့်ကျော်စွာ . . .ဆုံးဖြတ်ပြီးပါပြီ "

ခင်ညိုပြာညက် ပစ္စည်းတွေ သိမ်းပြီး ထလိုက်သည်။

တခြားအလုပ်ပဲ ရှာတော့မယ်။

သူ့ရဲ့တောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



အလိမ်အညာဘာဝနှင့်တော့ သူမ နေချင်စိတ် မရှိတော့ပေ။

" ခင်ညိုပြာညက် မင်းတကယ်ပဲ သွားတော့မလို့လား "

" ကျွန်မ ဆုံးဖြတ်ပြီးပြီ "

" ကျုပ် တောင်းပန်ပါတယ် ၊ မသွားပါနဲ့ "

ခင်ညိုပြာညက် လက်ကလေးကို ဦးခန့်ကျော်စွာ အမှတ်တမဲ့ လှမ်းဆွဲထားလိုက်မိသည်။

" အို . . . "

ဦးခန့်ကျော်စွာ သတိရသွားပြီး လွှတ်ပေးလိုက်မိသည်။

အကြည့်ချင်း ဆုံသွားမိ၏။

" ဦးခန့်ကျော်စွာလို အလုပ်သမားတစ်ယောက်အပေါ်မှာ ညှာတာယောက်ထားမှု ကင်းမဲ့တဲ့ အလုပ်ရှင်တစ်ယောက်ဆီမှာ ကျွန်မ ဘယ်တော့မှ အလုပ်မလုပ်တော့ဘူး "

သူမ ထွက်သွားတာကို သူ ကြောင်ပြီး ရပ်ကြည့်နေမိသည်။

ခင်ညိုပြာညက်က ချမ်းသာတဲ့ကောင်မလေးတစ်ယောက်ပဲ။ သူ့အပြော မခံ။ မာန ရှိသည်။ သူကလည်း သေသေချာချာ မစုံးစမ်း မဆင်ခြင်ဘဲ ပြောလိုက်မိ၏။

မှားသွားပြီ။

အလုပ်သမားတွေအပေါ် တည်တည်တံ့တံ့ ဆက်ဆံခဲ့သည်။ မိန်းကလေးဆို ဦးခန့်ကျော်စွာ ပိုပြီး ကင်းကင်းရှင်းရှင်းနေပြတတ်သည်။ သူ့ဂုဏ်သိက္ခာက ရှိသေးသည် မဟုတ်လား။

ဖြူဖွေး ရောက်လာသည်။





" ဆရာ "

" ဟင် . . . "

" ကောင်မလေး စိတ်ဆိုးပြီး အလုပ်ထွက်သွားတယ်ဆို "

" အေး "

" ဒီကောင်မလေးက မာနတော့ ရှိတယ်၊ သည်းတော့ခံပါတယ်၊ ဆရာ ဆူလိုက်တာ လွန်သွားတယ် ထင်တယ် "

" အလုပ်ရှင်နဲ့အလုပ်သမား ဒီလောက်တော့ ရှိမှာပေါ့။ ငိုက်ဆံ ရှိတော့လည်း မာနရှိမှာပဲ ဖြူဖွေး၊ အလုပ်သမားတွေ ပေါပါတယ်ကွာ"

ဖြူဖွေးတို့ ရှေ့မှာ အိုက်တင်နဲ့သာ ပြောလိုက်ရသည်။ စိတ်ထဲ မကောင်းတော့ ဖြစ်နေမိသည်။

အိမ်ရောက်တော့လည်း ကောင်မလေးအကြောင်းပဲ တွေးနေမိသည်။

ပြဿနာပဲ။

မေ့ပစ်လို့မရပါလား . . .။

ချစ်ဖနီးဝါဆိုရဲ့ အယုအယတွေကိုပင် မခံစားနိုင်ပေ . . .။

ခင်ညိုပြာညက်ကို လှုပုံအလယ်မှာ အရှက်ခွဲလိုက်သလို ဖြစ်သွားသည်။

မှားတယ် . . . သိပ်ကို မှားသွားခဲ့တယ်။

ကျော်သက်က ဘယ်လောက် သရုပ်ပျက်နေမှန်းမှ မသိဘာ။

" ကိုကို "

" ဟင် "



www.burmeseclassic.com

www.burmeseclassic.com



" ဒီနေ့ တစ်မျိုးပဲ မျက်နှာလည်း မကောင်းပါလား "

" နေကောင်းပါတယ် ဝါဆို ၊ အလုပ်နည်းနည်း ပင်ပန်းသွားလို့ ကိုကို အနားယူနေတာပါ "

" ဟုတ်ပါရဲ့ . . . ကိုကို့အလုပ်တွေကလည်း များလိုက်တာ"

ချစ်နှမ်းဝါဆိုကတော့ ဘာမှမသိရှာဘဲ သူ ပြောသမျှ ယုံကြည်နေဟတ်သည်၊ ပြုစုယုယ၏။

ဦးခန့်ကျော်စွာကိုယ်တိုင်က ခံစားနေရသည်။

ခင်ညို့ပြာညက်နှင့် ဖြစ်ပျက်ခဲ့တာတွေကို မေ့ပျောက်ဖျက်ပစ်မရ၊ သတိရနေမိသည်။

" ဦးခန့်ကျော်စွာလို အလုပ်သမားတွေ အပေါ်မှာ ညှာတာထောက်ထားမှုမရှိတဲ့အလုပ်ရှင်တစ်ယောက်ဆီမှာ ဘယ်တော့မှမလုပ်ဘူး"

ခင်ညို့ပြာညက် ပြောသွားတဲ့စကားကို ကြားယောင်လာမိသည်၊ အလုပ်တာဝန် ပေါ့လျော့တဲ့ အလုပ်သမားတွေကို ပြောနေကျပါ။

ခက်ဘယ်ကွာ . . ငါ ဘာဖြစ်လို့ စိတ်ဓါတ်တွေ ပျော့ညံ့နေရတာလဲ . . ။

သူမသက်ကလေးကို သူ အမှတ်မထင် ဆုပ်ကိုင်လိုက်မိသည်၊

နွေးထွေးတဲ့ခံစားမှုလေးက ဦးခန့်ကျော်စွာ ရင်ထဲမှာ ရှိနေဆဲပင် . . ။

အိပ်ပျော်အောင် မနည်းကြိုးစားနေရတော့သည်။

~ ~ ~

**သူရဲ့ထောင်းစာပေတိုက်**

အခန်း – ၉

ဦးခန့်ကျော်စွာစိတ်တွေ အလုပ်ထဲမှာ မဝင်စားနိုင်ဘဲ ဖြစ်နေ၏။ ခင်ညို့ပြာညက်ကို သတိရနေ၏။ အလုပ် မသင်းတော့။

ခြောက်ကပ်ကပ်ကြီးနှင့်ရုံးခန်းက တိတ်ဆိတ်ငြိမ်သက်နေသည်။

သူ . . . နေလို့ မရ . . .စိတ်ငြူပ်ရှားနေသည်။

ဆောက်တည်ရာ မရအောင် တစ်မျိုးပဲ ခံစားနေရ၏။ အမှားတစ်ခုအတွက် နောင်တရနေမိသည်။

ခင်ညို့ပြာညက်ရဲ့ လှုပ်ရှားမှုပုံရိပ်လေးတွေကို သတိရနေမိ၏။

မေ့ပစ်လို့မရ။ အခက်ကြီး ခက်နေတော့သည်။

တစ်ရက် . . နှစ်ရက် . . ။

ဦးခန့်ကျော်စွာ ပိုပြီး သတိရလာပါသလို ဖြစ်နေသည်။ သူ ဆုံးဖြတ်လိုက်ပြီ။ ခင်ညို့ပြာညက်ကို အလုပ်ပြန်ဝင်ဖို့ တောင်းပန်ရမှာပဲ။

အလုပ်ရှင်တစ်ယောက်ရဲ့ တာဝန်ပဲ။

လုပ်သင့်တယ်။

**သူရဲ့ထောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို လူပုံအလယ်မှာ အရှက်ခွဲလိုက်မိသည်။ သူ့အမှားအတွက် သူ နောင်တရလို့ မဆုံးအောင် ဖြစ်နေ၏။

ခင်ညိုပြာညက် ပေးထားတဲ့လိပ်စာအတိုင်း လိုက်သွားခဲ့သည်။

ဘဲလ်လေးကို နှိပ်လိုက်၏။

အဘိုးကြီးတစ်ယောက် ထွက်လာသည်။

" ခင်ညိုပြာညက်တို့ အခန်းလားဗျ "

" ခင်ညိုပြာညက်ဆိုတာ သမီးသူငယ်ချင်းပဲ ၊ ဘာဖြစ်လို့လဲ"

" ခင်ညိုပြာညက်ကို တွေ့ချင်လို့ပါ "

" ခင်ညိုပြာညက်က ဒီမှာ နေတာမဟုတ်ဘူးကွယ့် ၊ တောင်ဒဂုံမှာ နေတာ "

" ဗျာ "

ဦးခန့်ကျော်စွာ တအံ့တသြ ဖြစ်သွားရတော့သည်။

ခင်ညိုပြာညက်က တောင်ဒဂုံမှာ နေတာတဲ့။

" ဦးသမီးရဲ့သူငယ်ချင်းပါ၊ ဖအေ မရှိတော့ဘူး "

ဦးခင်မောင်လတ်စကားတွေကို မယုံနိုင်အောင် ဖြစ်မိသည်၊

ဟုတ်မှ ဟုတ်ရဲ့လား . . .။

ခင်ညိုပြာညက် စီးလာတဲ့ ကားလေးကိုလည်း တွေ့နေရသည်၊

" ကျွန်တော့်ကို ခွင့်ပြုပါဦး . . .ဦး "

" မောင်ရင်က . . ."

" ခင်ညိုပြာညက်ရဲ့ အလုပ်ရှင်တစ်ယောက်ပါ "

ဦးခန့်ကျော်စွာ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရသည်၊





သည်ကောင်မလေး ဘာဖြစ်လို့များ သူ့ကို လိမ်ညာပြောရတာလဲ . . .။

ဦးခန့်ကျော်စွာ တောင်ဒဂုံသို့ လိုက်လာခဲ့ပါသည်။

ခင်ညိုပြာညက်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

တကယ်ပဲ . . . ဆင်းရဲသားရပ်ကွက်လေးထဲက အိမ်လေးဖြစ်နေသည်။ သူ အိမ်လေးထဲ ဝင်လာခဲ့၏။

ခင်ညိုပြာညက် ထိုင်ပြီး စာဖတ်နေတာ တွေ့လိုက်ရသည်။

ဦးခန့်ကျော်စွာကို မြင်လိုက်သည်နှင့် ခင်ညိုပြာညက် လန့်သွားရ၏။ မျက်နှာလည်း ပျသွားမိသည်။ ရှက်သွား၏။

" ခင်ညိုပြာညက် "

" ဟင် . . ဦးခန့်ကျော်စွာက ဘာဖြစ်လို့ လိုက်လာခဲ့ရတာလဲ"

အလိမ်တွေ ပေါ်သွားသဖြင့် ခင်ညိုပြာညက် မျက်နှာပျသွားရ၏။

သွားပြီ . . .။ ခင်ညိုပြာညက် ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်သွားမိသည်။

" မင်းကို အလုပ်ဆင်းဖို့ ဦး လာခေါ်တာပါ ခင်ညိုပြာညက်"

ခင်ညိုပြာညက်ကို မြင်လိုက်ရတော့လည်း သနားသွားရသည်။

သူ တောင်းပန်ပြီး ပြောမိသည်။

" ဦးပြောခဲ့တာတွေကို တောင်းပန်ပါတယ် ခင်ညိုပြာညက်"

" ကျွန်မ အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ ဦးခန့်ကျော်စွာ၊ ပြီးတော့ . . .ခင်ညိုပြာညက် လိမ်ပြီး အလုပ်လျှောက်မိတာ တောင်းပန်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



ခင်ညိုပြာညက် အကျိုးအကြောင်း ရှင်းပြလိုက်မိသည်။

" မင်းကို ခွင့်လွှတ်ပါတယ် ခင်ညိုပြာညက်၊ အလုပ်ပြန်ဆင်းဖို့ တောင်းပန်ပါတယ် "

ဒေါ်ရီဝေကတော့ သမီးကိစ္စမှာ ဘာမှဝင်မပြောပေ။

အလုပ်လည်း မဆင်းစေချင်တော့ . . .။ ရပ်ကွက်ထဲမှာ ဦးခန့်ကျော်စွာ ကားနဲ့လာတာပဲ ရှက်နေမိသည်။

" မင်း မနက်ဖြန် အလုပ်ဆင်းနော် ခင်ညိုပြာညက်။ ဖျူဖွေးကို ကားနဲ့ အကြိုအပို့ လုပ်ခိုင်းပေးမယ် "

" ခင်ညိုပြာညက် ဘတ်စ်ကားစီးပြီးပဲ အလုပ်ဆင်းပါ့မယ်ဦး"

" မင်း ပင်ပန်းမှာစိုးလို့ပါ "

ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးတစ်ယောက်မို့ ပိုပြီးသနားသွားရသည်၊

" ကျွန်မ သွားနေကျပါ ဦး "

" မနက်ဖြန်တော့ အလုပ်ဆင်းနော် . . . ဦးမှာ အခက်အခဲဖြစ်နေလို့ "

ကျုပ်ဟုပင် မပြောတော့ဘဲ ဦး ဟု သုံးလိုက်မိသည်။

ခင်ညိုပြာညက် အလှအပတွေကို ဦးခန့်ကျော်စွာ ဂရုစိုက်မိလာ၏။ အာရုံကို ပြောင်းပစ်ရ၏။

" ဦး ပြန်မယ်နော် "

" ဟုတ် "

အကြည့်တွေကို ဆက်ခနဲ လွှဲပစ်ပြီး ပြန်ထွက်လာခဲ့၏။





ကားမောင်းထွက်လာရင်း ခင်ညိုပြာညက်မျက်နှာလေးကို မြင်ယောင်နေ၏။ စွဲမက်စရာ . .ကိုနေ အစွဲကြီး စွဲမိတာလည်း အပြစ်ပြောရာ မရှိပေ။ သူ ဘာတွေ စဉ်းစားနေတာလဲ . .မစဉ်းစားသင့်ပါဘူး။

မတွေးနဲ့ . . .။ ချစ်ဖနီးဝါဆို့အပေါ် သစ္စာတရားကြီးစွာထားပြရမည်။ တခြား မိန်းကလေးတွေကို စိတ်နဲ့တောင် မပြစ်မှားသင့်ဘူး။

ကားကိုသာ ဂရုစိုက်မောင်းနေရသည်။ ကောင်းကင်ပြာအရောင်းခန်းမရောက်တော့ ကိုနေ ရောက်နေသည်။

" ဦးခန့် ညိုပြာ ရုံးမတက်ဘူးလား "

ကိုနေကို မြင်လိုက်သည်နှင့် သူ့စိတ်ထဲမှာ အငြိမကျသလိုဖြစ်သွားမိသည်။

" အေး "

တစ်လုံးပဲ ပြောလိုက်သည်။ ကိုနေကတော့ ခင်ပင်နေသဖြင့် ထက်ပြီး ပြောနေသည်။

" ဦးခန့် "

" ဟင် "

" ညိုပြာ့ကို ကျွန်တော် လက်ထပ်ခွင့်တောင်းထားတယ် "

" နေပါဦးကွ . . . အခုမှ တွေ့တဲ့မိန်းကလေးကို မင်းက လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား "

" ချစ်လို့ "

" အချစ်တစ်ခုတည်းနဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ဖြစ်မလားကွ "



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့မှန်းမသိ။ ကိုနေနှင့် ခင်ညိုပြာညက် လက်ထပ်မှာကို စိုးရိမ်နေမိသည်။ သဘောမတူသလိုပင်။

" ကိုနေက ချမ်းသာပြီးသားပဲ ဦးခန့်ရ . .ညိုပြာ့ကို အစွဲကြီး စွဲနေပြီဗျာ "

ကောင်မလေးက ဆင်းရဲတယ် ဟု ပြောဖို့ စဉ်းစားမိသည်။

" ကိုနေ ခင်ညိုပြာညက်က အလုပ်ကို လိမ်လျှောက်တာကွ၊ ကောင်မလေးနေတာ တောင်ဒဂုံမှာ "

" ဗျာ . . . "

ဦးခန့်ကျော်စွာ မရည်ရွယ်ဘဲ ပြောလိုက်သည်။

သူ အတွေ့ဆန်သွားပြီလား . . .။

လူကြီးလူကောင်း မပီသတဲ့အလုပ်တွေကို လုပ်လိုက်မိသည်။

" ဦးခန့် တကယ်ပြောတာလား "

" မင်း စုံစမ်းကြည့်ပေါ့ ကိုနေ "

" ခင်ညိုပြာညက်ကို ချစ်တာကတော့ အရမ်းပဲ ဦးခန့်ရာ . . ဆင်းရဲလည်း ကျွန်တော် လက်ထပ်ယူမယ် "

" ကိုနေ . .မင်း စဉ်းစားနော်။ ကောင်မလေးကို မင်းမိဘတွေက သဘောတူမှာ မဟုတ်ဘူး "

" ကျွန်တော် ချစ်ရင် ပြီးတာပဲ "

ကိုနေ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။ သူ့နှလုံးသားတွေက ခင်ညိုပြာညက်ကို ချစ်နေမိ၏။ မခွဲနိုင်တော့ . . .။

" ညိုပြာ့ကို ကျွန်တော် သိပ်ချစ်သွားမိပြီ ဦးခန့်ရာ "





ကိုနေ ပြောပြီး ထွက်သွားတဲ့အထိ ဦးခန့်ကျော်စွာ ငိုင်ပြီး ကျန်ခဲ့သည်။

သူ . . . အမှားတစ်ခုကို ထပ်ပြီး ကျူးလွန်သွားမိပြန်ပြီလား မသိ။ ကိုနေက လူငယ်။ ခင်ညိုပြာညက်အပေါ် အထင်သေးအောင် ပြောလိုက်သည်။

ခန့်ကျော်စွာ . . . မင်းလုပ်ရပ်တွေက သိပ်ကို အောက်တန်းကျနေပြီကွ . . .မတတ်နိုင်ဘူး . .ပြောပြီးပြီပဲ။

အလုပ်တွေကို စိတ်ဝင်စားလို့မရအောင် ဖြစ်နေမိသည်။

ထွန်းနေလကလည်း ဦးခန့်ပြောတာတွေကို မယုံ၍ ခင်ညိုပြာညက်တို့ တိုက်ခန်း ရောက်သွားသည်။

" မောင်ရင်က ဦးမောင်မောင်ထွန်းသား မဟုတ်လား "

" ဟုတ်ပါတယ် ဦး "

" ဦးသမီးက ရတနာလတ်တဲ့။ ဒီမှာ ခင်ညိုပြာညက်က ဦးသမီးရဲ့ သူငယ်ချင်း "

ရတနာ့ဆီမှနေ၍ အကျိုးအကြောင်းတွေအားလုံး သိလိုက်ရ၏။

" ညိုပြာက သိပ်ချမ်းသာချင်တယ် ကိုနေ။ ကျောင်းတတ်ရင် အဝတ်အစား ဝယ်ဖို့ ငွေစုနေတာပါ "

" ရှုပ်ရှုပ်ယှက်ယှက်လုပ်ရင်တော့ ဖေဖေတို့ဆီ မလာစေနဲ့တော့၊ သမီးလည်း မပတ်သက်နဲ့ "

" ညိုပြာက ရှုပ်တာ မဟုတ်ပါဘူးဖေဖေ . . အလုပ်မ[illegible]သို့ လိမ်လျှောက်တာပါ "



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဘက်ကနေ ပျာပျာသလဲ တားဆီးကာကွယ်ပေးလိုက်သည်။

" ဖေဖေ့စကားကို သမီး နားထောင်ရမယ်၊ ခင်ညိုပြာညက်ကို သမီး အလာမခံနဲ့တော့ "

ဦးခင်မောင်လတ်ပြောပြီ အခန်းထဲ ဝင်သွားသည်။

" ကိုနေ "

" ပြောပါ မရတနာ "

" ညိုပြာအလုပ်လိမ်လှျောက်တဲ့အကြောင်း ဘယ်သူပြောတာလဲ "

" ဦးခန့် "

" ဦးခန့်ကျော်စွာလား "

" ဟုတ်တယ် မရတနာ ၊ ညိုပြာကို ကျွန်တော်ချစ်တယ်၊ ဘယ်ဘဝပဲဖြစ်ဖြစ် လက်ထပ်မှာပါ "

" ညိုပြာက ဆင်းဆင်းရဲရဲ မနေချင်တာကလွဲပြီး အပြစ်ကင်းပါတယ် ကိုနေ "

ရတနာကတော့ သူငယ်ချင်းဘက်ကနေ လိုက်ပြောနေမိသည်၊ ညိုပြာ တစ်နေ့ပြဿနာ တက်မယ်ဆိုတာ ရတနာ တွေးမိပြီးသားပဲ၊

ကိုနေ ပြန်သွားသည်။

ကားလေးနှင့် ညိုပြာဆီ ရတနာ ထွက်လာခဲ့ရ၏။

" ဒီကောင်မလေးကို အိမ်မလာအောင် သမီး အပြတ်ပြောခဲ့"

ဖေဖေက ဒေါသတွေ ထွက်နေသဖြင့် ရတနာ ဘာမှမတတ်နိုင်ခဲ့ပေ။ နာမည်တစ်လုံးနှင့်နေတဲ့ ဖေဖေပါ။ ရှုပ်ရှုပ်ယှက်ယှက်လုပ်တာမျိုး





ဘယ်တော့မှ လက်မခံ။ ခင်ညိုပြာညက်ကိုတော့ ပြောရမှာပဲ။

အချစ်ဆုံးသူငယ်ချင်း။

ရတနာလည်း အတတ်နိုင်ဆုံးဖျောင်းဖျပြောဆိုပြီး နားချမည်သည်။ ညိုပြာတို့အိမ်လေးသို့ ရောက်လာ၏။

" နင်လာတာနဲ့ အတော်ပဲ ရတနာ ၊ ငါ အလုပ်လိမ်လှျောက်တာ ဦးခန့်ကျော်စွာ သိသွားပြီ "

ခင်ညိုပြာညက်ကို ဦးခန့်ကျော်စွာအပြစ်မတင်၍ ပေါ့ပါးနေမိ၏။

" ညိုပြာ "

" ဟင် . . ."

" နင့်အကြောင်းတွေကို ဦးခန့်ကျော်စွာတင် မဟုတ်ဘူး။ ကိုနေပါ သိသွားပြီ "

" ဘာ . . . ကိုနေ သိသွားပြီ ဟုတ်လား . .ရတနာ "

" အေး "

" ဘယ်သူပြောတာလဲ . . .နင့်အဖေလား "

" ဦးခန့်ကျော်စွာ ပြောတာ "

" ဘာ "

ကိုနေလာသွားတဲ့အကြောင်းတွေကို ပြောပြလိုက်သည်။ ဖေဖေ ပြောတဲ့စကားတွေကိုလည်း မပြောမဖြစ်၍ ပြောပြလိုက်ရသည်။

" ကိုနေ ဘာပြောလဲ "

" နင် ဘယ်ဘဝပဲ ဖြစ်နေဖြစ်နေ သူချစ်နေမှာပါတဲ့ "

ဦးခန့်ကျော်စွာ ဘာသဘောနဲ့ ပြောလိုက်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်ဘူး။

ညိုပြာညက်ဆီမှာ ခွင့်တောင်းပြီးမှ ပြောသင့်တာပဲ မဟုတ်လား။

သူမ ရှက်နေမိသည်။ ကိုနေ့ဘက်က ဘယ်လောက်ပဲချစ်ချစ် သူမ စိတ်မဂရုံဘဲ ဖြစ်ရ၏။

မျက်နှာ ပူလိုက်တာ . . .။

ရတနာလည်း အဆက်အသွယ်ဖြတ်ရမလို ဖြစ်သွားသည်။

ဦးခန့်ကျော်စွာကြောင့် . . .။

ညိုပြာ့ကို အငြိုးနှင့် လက်စားချေလိုက်ပြီလား မသိပေ။

သူမကို သက်သက်အရှက်ခွဲတာ . . .။

အလုပ်ထွက်တာလည်း ဦးခန့်ကျော်စွာကြောင့်ပဲ မဟုတ်လား။

မလုပ်တော့ဘူး။ ကျန်တဲ့အရောင်းစာရေးမတွေကလည်း သူမကို အထင်သေးတော့မည်။

" နင် တခြားအလုပ် ပြောင်းလုပ်ပါလား ညိုပြာ၊ ကိုယ့်ဘဝ အမှန်အတိုင်း နေစမ်းပါ "

ရတနာကတော့ သူငယ်ချင်းကို ဖျောင်းဖျပြီး ပြောနေသည်။

" ကောင်းကင်ပြာအရောင်းခန်းမကို သွားဖို့ မသင့်တော့ပါဘူး"

ညိုပြာညက် ငြိမ်သက်စွာ စဉ်းစားတွေဝေနေမိသည်။

" ကိုနေက ချစ်တယ်ထားဦး ၊ သူ့မိဘတွေ သဘောတူမလား။ နင်ပဲ ဒုက္ခရောက်ရမှာပဲ "

ရတနာက ဖျောင်းဖျောင်းဖျဖျစကားတွေပြောပြီး ပြန်သွားသည်။ ခင်ညိုပြာညက် တစ်ယောက်တည်း ငေါင်ပြီးကျန်ခဲ့၏။





" ကိုနေက ချစ်ပေမယ့် သူ့မိဘတွေက သဘောတူပါ့မလား"

ရတနာ ပြောသွားတဲ့စကားတွေက အမှန်ဖြစ်နေသည်၊

ဦးခန့်ကျော်စွာကြောင့်။

ခင်ညိုပြာညက်ရဲ့အကြံအစည်တွေ ၊ စိတ်ကူးတွေကို ဖျက်ဆီးလိုက်တဲ့လူကြီး။ သူမကိုယ်တိုင် မသိမသာ ချွာနေပြီပဲ။

အခုတော့ . .အရှက်ကြီး ရှက်ရမယ့်အဖြစ်။ ကိုနေက ခွင့်လွှတ်ရင်တောင် သူမ မျက်နှာချင်း မဆိုင်လိုတော့ပေ။

" မထူးတော့ပါဘူး "

ဦးခန့်ကျော်စွာဆိုတဲ့လူကြီးကို ပညာပေးချင်သွားမိ၏။

ငွေရှင်ကြေးရှင်။ အလုပ်သမားတွေအပေါ် ခေါင်းပုံဖြတ်ချင်တဲ့ ဦးခန့်ကျော်စွာ။ သိမယ် . .။ ညိုပြာညက်ကို အရှက်ခွဲခဲ့တဲ့ ဦးခန့်ကျော်စွာလည်း အရှက်ကွဲ စေရမယ် . . .ဂုဏ်သိက္ခာ ကျစေရမယ်။

ခင်ညိုပြာညက် စိတ်တွေပူလောင်ပြီး အမှားအမှန်တွေကို မစဉ်းစားနိုင်တော့။ အတင်းကြီး တင်းနေမိတော့သည်။

ဦးခန့်ကျော်စွာ။

ညိုပြာညက်ကို အရှက်ကွဲအောင် အကြိမ်ကြိမ်သုပ်ခဲ့တဲ့လူကြီး။ နှုတ်ခမ်းသားလေးတွေကို တင်းတင်းစေ့ထားလိုက်မိသည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁၀

ခင်ညို့ပြာညက် အလုပ်ဆင်းသည်။

ပိုပြီးလှပအောင် ပြင်ဆင်ပြီး နောက်ကျမှ ရုံးကို ရောက်အောင် လာ၏၊ ဦးခန့်ကျော်စွာ မြင်စေသည်။

" ခင်ညို့ပြာညက် ရုံးနောက်ကျတာ ခွင့်လွှတ်ပါနော် ဦး "

" ရပါတယ် ညို့ပြာ ၊ မင်းလာရတာ ဝေးတာပဲ "

" ဟုတ်တယ် ဦးရာ . . . ကားက သိပ်ကျပ်တာပဲ၊ ညို့ပြာ မနည်းတိုးစီးရတာ ၊ အရင်ကတော့ မနက်အစောကြီး ထလာရတာ "

ခင်ညို့ပြာညက် ကန့်ကလျအမူအရာလေးနှင့် ပြောလိုက်သည်။ ဦးခန့်ကျော်စွာအကြည့်တွေက ညို့ပြာညက်ဆီပဲ ရောက်နေသည်။

ရှင် ဘာတတ်နိုင်သေးလဲ . . ဦးခန့်ကျော်စွာ။

အလုပ်ခန်းထဲမှာက နှစ်ယောက်တည်းရှိတဲ့အချိန်က များသည်။ ဦးဖြူဖွေးက အပြင်အလုပ်တွေ များ၏။

" ဦး "





" ဟင် . . ."

" ညို့ပြာညက် ဘာလုပ်ပေးရမလဲ "

" ဦး ခေါင်းကိုက်နေလို့ ကော်ဖီတစ်ခွက်လောက် ဖျော်ပေးပါလား ခင်ညို့ပြာညက် "

ကျုပ်ဆိုတဲ့ အသုံးအနှုန်းကို ဦးခန့်ကျော်စွာ သုံးတော့ပေ။ ညို့ပြာညက် သဘောကျသွားရသည်။

ဦးခန့်ကျော်စွာအတွက် ကော်ဖီခါးခါးလေး ဖျော်ပေးလိုက်၏။

" အလုပ်တွေ သိပ်မစဉ်းစားပါနဲ့ ဦးရယ် . . . ဦးနောက်တွေ စားတာပေါ့ . . . မဟုတ်ဘူးလား "

ခင်ညို့ပြာညက် အပြုအမူလေးတွေကို ဦးခန့်ကျော်စွာ စွဲမက်လာသလိုပင်။ စိတ်တွေကို ထိန်းချုပ်ထားရသည်။

" ဦး . . . သက်သာရဲ့လား "

" အင်း "

" ဆေးတွေဘာတွေရော သောက်ဖို့ လိုသေးသလား "

" မလိုပါဘူးကွာ "

ခင်ညို့ပြာညက် အပြတ်ကို ပြုံစုကြင်နာပေးပစ်လိုက်မိသည်။ အကြည့်ချင်းက မကြာခဏ ဆုံမိသွားတတ်ကြ၏။

" ညို့ပြာ့ကို အထင်သေးပြီး အလုပ်မခန့်မှာစိုးလို့ လိမ်ပြီး လျှောက်လိုက်တာပါ ၊ ညို့ပြာ့ကို ဦး အထင်မသေးပါနဲ့နော် "

" ညို့ပြာရယ် . . ဦးက တောင်းပန်ရမှာပါ ၊ မင်းဘဝအတွက် ဦး စိတ်မကောင်းပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်တတ်နိုင်ပါ့မလဲ ဦးရယ် . . .ကံပေါ့ "

ခင်ညိုပြာညက်အတွက် တိုက်ခန်းလေးတစ်ခန်း အနီးအနားမှာ စီစဉ်ပေးဖို့ စိတ်ကူးရသွားသည်။ အလုပ်လာရတာ ဝေးလွန်း၏။ ကောင်းပါ့မလား။ ဝါဆို သိသွားရင်ရော ဘာပြောမလဲဆိုတာ စဉ်းစားနေမိသည်။

" ဦး . . . ညိုပြာ့ကို နိုင်းစရာ ရှိသေးလားဟင် "

" မရှိတော့ပါဘူး ညိုပြာ "

သူမစားပွဲသို့ ခင်ညိုပြာညက် ပြန်လာခဲ့သည်။

ဦးခန့်ကျော်စွာ ဘာတတ်နိုင်သေးလဲ . . ။

ကိုနေ့ကို သူမ သတိရလာသည်။ သူမညှိမှန်းထားတဲ့ အညှော်အချင်းတွေနှင့် ပြည့်စုံတဲ့ယောက်ျား။

ဦးခန့်ကျော်စွာကြောင့် သူမဘဝအမှန်ကို ကိုနေ သိသွားခဲ့၏။ တင်းနေမိ၏။

" ခင်ညိုပြာညက် "

" ရှင် "

" ကိုနေလာရင် မင်း ညှော်ခံစကားမပြောနဲ့ "

" ဘာဖြစ်လို့လဲ ဦး "

" ဦး မကြိုက်လို့ "

ခင်ညိုပြာညက် မသိမသာ ပြုံးလိုက်မိသည်။

" ကိုနေက ဦးရဲ့ညှော်သည်ပဲ "

" မင်းဆီလာတာပဲ "

" ဦး မကြိုက်ရင် ညိုပြာ တည်တည်ပဲ နေပါ့မယ် "





" ညိုပြာ့ကို ဦးအခန်းတစ်ခု စီစဉ်ပေးချင်တယ် "

" ဘာပြောတယ် ဦး "

" မင်း သွားရေးလာရေး ခက်ခဲနေလို့ပါ . . . မြို့ထဲမှာ ဦး တိုက်ခန်း ဝယ်ပေးမယ် "

" ဝယ်ပေးမယ် ဟုတ်လား "

" ဟုတ်တယ်လေ . . . မင်းက ဦးရဲ့အလုပ်သမားပဲ ပြီးတော့ အရေးကြီးတဲ့အတွင်းရေးမှူးမလေး။ အဆင့်နဲ့ထားရမှာပေါ့ "

ဦးခန့်ကျော်စွာက တိုက်ခန်းဝယ်ပေးမယ်ပြော၍ ညိုပြာညက် ကျိတ်ပြီး ပျော်သွားသည်။ သူမတိုက်ခန်းလေးနှင့် နေချင်တာ ကြာလှပြီ မဟုတ်လား။ အိုက်တင်တော့ ခံပစ်လိုက်မိသည်။

" ညိုပြာ အလုပ်လာရတာ ဝေးလို့ တိုက်ခန်းလေးနဲ့ နေရရင်တော့ ကောင်းတာပေါ့ ဦး။ သင့်တော်ပါ့မလားဦးရယ် . .ပတ်ဝန်းကျင်က"

" ဘာဆိုင်လို့လဲကွာ ၊ ဦးအတွင်းရေးမှူးမလေး အဆင့်အတန်း ရှိရှိ နေနိုင်ဖို့ပဲ အရေးကြီးတာ "

" ညိုပြာ မနေချင်ဘူး . . . ကိစ္စမရှိပါဘူးလေ ၊ နောက်ဆို ညိုပြာ အစောကြီး လာပါ့မယ် "

မလိုင်ချင်တဲ့အိုက်တင်ကို အပြည့် လုပ်ပြလိုက်တော့သည်။

" ဦး ညိုပြာ့ကို သနားတယ် ၊ မပင်ပန်းစေချင်ဘူး "

" ဦးရယ် . . . ညိုပြာဘဝနဲ့ ညိုပြာပါ "

ခင်ညိုပြာညက် မျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်မိသည်။ စွဲမက်စရာမျက်နှာလေး . . .လှပလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦး၊နဲ့ကျော်ဇွာစိတ်တွေ ဘာဖြစ်လို့များ လှုပ်ရှားနေရတာလဲ။

တည်ငြိမ်အောင် ကြိုးစားနေရသည်။ ခင်ညိုပြာညက် အနား ကနေ ထွက်လာခဲ့၏။ အပြင်ထွက်စရာ ရှိသည်။ မထွက်ချင်။ ကိုနေ လာမှာစိုးတဲ့အပြင် ခင်ညိုပြာညက်နှင့် လွတ်လွတ်လပ်လပ် မတွေ့စေချင်။

" ကလင် . . .လင် "

ဖုန်းလာသည်။

" ဦး ဖုန်းလာနေတယ် "

ဖုန်းလာတယ်ဆိုကတည်းက သူ့ကို ခေါ်နေပြီ ဆိုတာ သိသည်။

" ကိုခန့် လာလေဗျာ ၊ ဒီမှာ ခင်ဗျားကို စောင့်နေတာ "

" ဟုတ်ကဲ့ . . . အခုပဲ လာခဲ့မှာပါ "

" ခင်ဗျားအတွင်းရေးမှူးမလေးပါ ခေါ်ခဲ့နော် "

" လုပ်ပြီဗျာ ၊ အဲ့ဒီလို နောက်တာမျိုး ကျုပ် မကြိုက်ဘူး "

အခုချင်က စီးပွားဘက်မိတ်ဆွေတွေဖြစ်၍ သူ အပြုံးမပျက် ရယ်နေလိုက်သည်။ အခုတော့ . .သဝန်က ကြောင်ချင်သလို ခေါသတွေပါ ထွက်ချင်လာသည်။

" နောက်တာပါ ကိုခန့်ရယ် ၊ မောင်ရင့်ကိုတော့ အားလုံးက ချီးကျူးနေကြတယ် "

" ဘာကိုလဲဗျ "

" ဒီလောက် ချောမောလှပတဲ့ အတွင်းရေးမှူးမလေးအပေါ် မဖောက်ပြန်လို့ပေါ့ . . .ကိုယ်ကျင့်တရားကောင်းတဲ့ ခင်ဗျားကို ကျုပ်တို့ လေးစားပါတယ် "





" ကျုပ် အခုပဲ လာခဲ့ပါ့မယ် "

တစ်ဖက်က ပြောနေတာတွေ ဆက်မကြားချင်တော့သဖြင့် ဖုန်း ချလိုက်သည်။ သူ့စိတ်တွေ ချောက်ချားနေသလိုပင်။

ခင်ညိုပြာညက်ကိုလည်း ထားခဲ့ရမှာ စိတ်မချပေ။ ကိုနေရောက် လာမှာ သေချာသည်။ အစည်းအဝေးခေါ်သွားပြန်ရင်လည်း မိတ်ဆွေတွေ က ဝိုင်းငမ်းကြဦးမည်။ အိမ်ထောင်ရှင်တွေပါပဲ။ မိန်းမရှုပ်တဲ့သူငယ်ချင်း တွေကို ခင်ညိုပြာညက်နှင့် မပတ်သက်စေချင်။

" ဦး "

" ဟင် . . ."

" သွားစရာ ရှိလို့လား "

" ဟုတ်တယ် "

" သွားလေ . . .နောက်ပိုင်းကိစ္စတွေ ညိုပြာ စီစဉ်ပါ့မယ် "

" ညိုပြာ "

" ပြောပါ ဦး "

" ခင်ညိုပြာညက်ကို ဦး စိတ်မချလို့ "

" ဟင် . . . ဘာဖြစ်လို့လဲ "

" မသိဘူး "

" ကိုနေနဲ့ စိတ်မချလို့လား "

" လူတွေအားလုံးနဲ့ "

" ဦးကလည်း ညိုပြာ့အတွက် စိတ်ချ . . . ကိုယ်မလုပ်ရှင် မကြိုက်တဲ့အလုပ် ဘာမှ မလုပ်ပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်ကြည်လင်နေတဲ့ မျက်နှာလေးနှင့် ပြောလိုက်သည်။

အကြည့်ကို ဆုံမိအောင် ကြည့်၏။ ဦးခန့်ကျော်စွာ စိတ်တွေ လှုပ်ရှားနေပြီဆိုတာ ခင်ညိုပြာညက် သိသည်။

" ကိုနေနဲ့ အပျော်တဝင်နေတာ ဦး မကြိုက်ဘူးနော် "

" ဟုတ် "

" ဦး သွားမယ် "

စိတ်က မချပေမယ့် မသွားလို့ကလည်း မဖြစ်ပေ။

ဖြူဖွေး ရောက်သည်။ အတော်ပဲ ဖြစ်သွား၏။

" ဖြူဖွေး "

" ဗျာ . . ဆရာ "

" ကိုနေလာရင် ခင်ညိုပြာညက်နဲ့ လွှတ်ပေးမထားနဲ့ "

" ဘာဖြစ်လို့လဲ ဆရာ "

" ကောင်မလေးက ဆင်းရဲတာကွ ၊ ကိုနေ့အဖေက သဘောတူမှာ မဟုတ်ဘူး ၊ တို့က လွှတ်ပေးထားတယ် ထင်နေမှာ "

" ဟုတ်ကဲ့ ဆရာ "

ဆရာ့လေသံက တင်းနေ၍ ကိုဖြူဖွေး လန့်သွားရသည်။

" အခန်းထဲမှာပဲ နေ "

" ဟုတ်ကဲ့ "

" မင်းမရှိရင် နာမယ်နော် "

" စိတ်ချပါ ဆရာ "

ဆရာထွက်သွားမှာ ဖြူဖွေး ညိုပြာညက်ဆီ ရောက်လာသည်။





" ခင်ညိုပြာညက်ရေ . . . ဆရာကတော့ အမိန့်ထုတ်ထားတယ်နော် "

" ဘာတဲ့လဲ "

" ကိုနေ လာရင် အခန်းထဲက လုံးဝမထွက်နဲ့တဲ့ "

ခင်ညိုပြာညက်ကတော့ ဦးခန့်ကျော်စွာ အဖြစ်သည်းနေဟာကို သဘောကျသွားမိသည်။

သူ့ဂုဏ်သိက္ခာတွေကိုပဲ ကြည့်တတ်သူတစ်ယောက်ပဲ။

ကိုနေကလည်း ထုံးစံအတိုင်း ရောက်လာခဲ့သည်။ သူမကိုယ်တိုင်က ကိုနေနှင့် မျက်နှာချင်း မဆိုင်လိုတော့ပေ။

" ဦးဖြူဖွေး . . . ညိုပြာ သူနဲ့မတွေ့ချင်ဘူး "

" ဆရာ့ကို ကြောက်လို့လား "

" မကြောက်ပါဘူး ၊ ညိုပြာ မပတ်သက်ချင်တော့လို့ပါ "

ဦးဖြူဖွေးကြီးကို မတွေ့ချင်တဲ့အကြောင်း ပြောနိုင်းလိုက်းသည်။

" မရဘူးညိုပြာညက်ရေ . . . ထိုင်စောင့်နေတယ် ဆိုင်ပိတ်တဲ့အထိ စောင့်မှာတဲ့ "

ဦးဖြူဖွေးကလည်း ဆရာမှာထားခဲ့၍ အထဲအဝင် မခံ။

ကိုနေ ကလည်း အပြင်မှာ။

ခင်ညိုပြာညက် စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားနေရသည်။ သူမ သိပါသည်။ ကိုနေ့အချစ်တွေကို သူမ နားလည်ခဲ့မိသည်။

မဖြစ်နိုင်ပါဘူး ကိုနေရယ် . . . ညိုပြာဘဝနဲ့ ကိုနေ့ဘဝက မိုးနဲ့မြေလို ကွာခြားနေပါတယ် . . .မပတ်သက်တော့ဘူး . . .။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက ညိုပြာညက် ချမ်းသာဖို့ တစ်ခုပဲမဟုတ်လား။

ဦးခန့်ကျော်စွာ ရှိနေသည်။ ကိုနေစောင့်နေတာ ဦးခန့်ကျော်စွာ တွေ့လျှင် ပြဿနာတက် နိုင်၏။ ဦးဖြူဖွေးကြီးကို ပြန်ခိုင်းသည်။

" မပြန်ဘူးတဲ့ . . . ခင်ညိုပြာညက်နဲ့ တွေ့ပြီးမှ ပြန်မယ်တဲ့"

" ညိုပြာမှ မတွေ့ချင်တာ "

" ခဏလေးဖြစ်ဖြစ် တွေ့လိုက်ပါဟာ . . . ငါ ဆရာ့ကို ကြည့်ပေးမယ် "

ကိုနေက ဖွတ်တောင်းဆိုနေ၍ ညိုပြာ လက်ခံလိုက်ရသည်။

" ညိုပြာ "

" ခပြာ "

" ညိုပြာ့ကို ကိုယ် နားလည်ပေးတယ်ဆိုရင် အရင်အတိုင်းပဲ ဆက်ဆံပါလား "

ညိုပြာ ရင်တွေခုန်နေ၍ ဘာပြောရမှန်းပင် မသိ။

" နေ့် . . ညိုပြာ "

" ကိုနေရယ် . . . ညိုပြာညက် တောင်းပန်ပါတယ် ဆင်းရဲလွန်းတဲ့ ညိုပြာ့ကို မဆက်ဆံချင်ပါနဲ့တော့နော် "

" ဘာဆိုင်လဲကွာ . . . ကိုနေချစ်တာက ညိုပြာ့ကိုပါ "

ကိုနေ့အကြည့်တွေကို ညိုပြာ ရင်မဆိုင်ချင်တော့ပေ။

" ကိုနေ့အချစ်တွေကို ညိုပြာ ယုံပါကွာ "

သူက ဖွတ်ကြီးပြောနေ၍ ညိုပြာညက် စိတ်ညစ်နေရသည်။

" ကိုနေ "





" ပြောလေ ညိုပြာ "

" ကိုနေနဲ့ညိုပြာ့ကို လူကြီးတွေက သဘောမတူရင်ရော "

" ခိုးပြေးမှာပေါ့ "

" လွယ်လိုက်တာ "

" ကိုယ့်အတွက်ကတော့ အားလုံး လွယ်တယ် "

ညိုပြာ့ကို ပိုင်ဆိုင်နိုင်ရေးပဲ ကိုနေ့အတွက် အရေးကြီးနေသည်။ ဘာမှ မစဉ်းစား။

" ကိုနေ့ကို ဒက်ဒီရော မာမီရော သိပ်ချစ်တယ်၊ အလိုသည်းလိုက်တယ် ၊ ကိုနေ့မိဘတွေက အဆင့်အတန်း မခွဲခြားတတ်ပါဘူး "

ညိုပြာညက်ကတော့ ရင်ထဲမှာ မောသွားရသည်။

ကိုနေရယ် . . .ချစ်တယ်။ ညိုပြာ့နှလုံးသားထဲမှာ ကိုနေ့ကို သိပ်ချစ်နေမိပါပြီ။ လူကြီးတွေက သဘောမတူရင် ကိုနေ စိတ်ဆင်းရဲမှာ စိုးတယ်ကွယ်။

" ကိုနေ ပြန်တော့နော် "

" ရုံးဆင်းတဲ့အထိ စောင့်မယ် ၊ ညိုပြာ့အလုပ်တွေ ကိုနေ ဝိုင်းလုပ်ပေးမယ်လေ "

" ဟင့်အင်း . . .မလုပ်ပေးပါနဲ့၊ ပြန်ပါတော့ ကိုနေရယ်နော်"

" မပြန်ဘူးကွာ "

ဦးခန့်ကျော်စွာက သေသေချာချာ အထပ်ထပ် မှာသွားသည်။ ကိုနေနှင့် မပတ်သက်ရဘူးတဲ့။ ညိုပြာတို့ကို တွေ့သွားရင် ဦးခန့်ကျော်စွာ စိတ်ဆိုးမှာပဲ။

www.burmeseclassic.com



" ညိုပြာ့ဂုဏ်သိက္ခာကို မငဲ့တော့ဘူးလား ကိုနေ "

ညိုပြာက နှုတ်ခမ်းလေး စူပုပ်ပြီး မျက်နှာထားတင်းတင်းလေးနှင့် ပြောလိုက်သည်။

" ညိုပြာ့ကို ချစ်လို့ ကိုနေ ပြန်တာနော် ၊ စောင့်နေမှာ . . တောင်ဒဂုံအထိ လိုက်ပို့ပေးမယ် "

" မစောင့်နဲ့ "

" စောင့်မှာပဲ "

ကိုနေ ပြန်ထွက်သွားတဲ့အထိ သူမစိတ်တွေ လေးလံနေသည်။

ဦးခန့်ကျော်စွာ ပြန်ရောက်လာသည်။

" ကိုနေ လာတယ် မဟုတ်လား "

" ဟုတ်ကဲ့ "

" ခင်းနဲ့နှစ်ယောက်တည်း စကားတွေ ပြောသေးလား "

" ဦးဖြူဖွေးကြီး ရှိပါတယ် "

" ညနေ ရုံးဆင်းရင် ဦးလိုက်ပို့ပေးမယ် ညိုပြာ "

ကိုနေလည်း စောင့်နေမည် ဟု ညိုပြာ့ကို ပြောသွားသည်။

ဦးခန့်ကျော်စွာကလည်း လိုက်ပို့မည် တဲ့။ သေချာသွားမိသည်။ သူမတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမိသည်။

ကိုနေရယ် . . . ညိုပြာ့ကို ဓမ္မပစ်လိုက်ပါတော့။

ကိုနေ့ကိုချစ်တဲ့အချစ်တွေ ညိုပြာ တစ်ယောက်တည်းပဲ နှလုံးသားထဲမှာ သိမ်းထားပြီး ခံစားနေဖို့ ဆုံးဖြတ်လိုက်မိသည်။

~ ~ ~



## အခန်း - ၁၂

ရုံးဆင်းချိန်။

ညိုပြာညက် စိတ်အညစ်ဆုံးချိန်သို့ ရောက်လာသည်။

ဦးခန့်ကျော်စွာက အလုပ်တွေ အကြောင်းပြုပြီး နောက်ကျမှ ပြန်စေသည်။ ကိုနေ စောင့်နေမှာ။ သိပ်ကြာလို့ ဖွတ်တျှုတ်ကြီး ဝင်လာရင် ပြဿနာက မသေးပေ။

ဦးခန့်ကျော်စွာ သဝန်ကြောင်နေမှန်း ညိုပြာ သိနေသည်။

ကျေနပ်မိသလိုလို။

" ဦး "

" ဘာလဲ ညိုပြာ "

" ဦး အလုပ်တွေ များနေရင်လည်း ညိုပြာတစ်ယောက်တည်းပဲ ပြန်လိုက်တော့မယ်နော် "

" အလုပ်က မရှိပါဘူး "

" ဒါဆို ဦးက ဘာဖြစ်လို့ ညိုပြာ့ကို ပြန်မလွှတ်သေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



" တမင်ပြန်မလွှတ်သေးတာ . . .နောက်ကျမှ ပြန်ချင်လို့"

ဦးခန့်ကျော်စွာစိတ်တွေက ညိုပြာညက်ကို စိတ်ဝင်စားနေမိ၏။ သဝန်ကြောင်ချင်လာ၏။ ထွန်းနေလ စောင့်နေမယ်ဆိုတာ ဦးခန့်ကျော်စွာ သိနေသည်။

တခြားဝန်ထမ်းတွေရှေ့မှာ သူ ကောင်မလေးကို လိုက်မပို့ချင်။ နောက်ကျနေလိုက်သည်။ ဖြူဖွေးကိုပင် အလုပ်အကြောင်းပြ၍ အစောကြီး ပြန်လွှတ်လိုက်၏။

" ပြန်မယ် ညိုပြာ "

" ဟုတ် "

အခုလောက်ဆိုရင် ကိုနေ ပြန်သွားလောက်ရောပေါ့။

စိတ်တွေက လှုပ်ရှားနေမိသည်။ အပြင်ရောက်တော့ ကိုနေ ကားလေးကို မိုကာ ရပ်နေတာ တွေ့ရသည်။ ဦးခန့်ကျော်စွာ မျက်နှာ ပျက်သွား၏။ လူကြီးမို့ ပြန်ထိန်းလိုက်သည်။

" ဦးခန့် . . .အလုပ်တွေများနေလို့လား၊ ညိုပြာကို ကျွန်တော် လိုက်ပို့ပေးပါ့မယ် "

ညိုပြာကတော့ ရင်တထိတ်ထိတ်နှင့် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။ ဦးခန့်ကျော်စွာနှင့် ကိုနေ ပြဿနာများ ဖြစ်ကြမလား။

" ဦးခန့် တောင်ဒဂုံကို သွားစရာရှိလို့ ကိုနေ ၊ ဦးခန့်နဲ့ ကားကြုံတယ်နော် ခင်ညိုပြာညက် "

" ဟုတ်တယ် ကိုနေ "

ကိုနေ့မျက်ဝန်းတွေက ညှိုးနွမ်းမှိုင်းဝေသွားသည်။





ညိုပြာကို ရူးခန့် တစ်ချက် စိုက်ကြည့်၏။

" ကိုနေ "

" ဗျာ . . ."

" မင်း ဒီကို ခဏ,ခဏလာနေတာ မင်းဒက်ဒီ သိသွားရင် ဦးခန့် မကောင်းဘူးဖြစ်မယ် "

" ဘာဆိုင်လဲ ဦးခန့်ရာ . . . ဒက်ဒီတို့သိလည်း ကိုနေ ဂရုမစိုက်ဘူး။ ညိုပြာကို တောင်းပေးဖို့ ဖွင့်ပြောလိုက်တော့မယ်ဗျာ "

" ဘာကွ "

" ဦးခန့် . . . ဒက်ဒီသဘောတူအောင် ကူပြောပေးနော် "

ကိုနေပြောနေတာတွေကို ဦးခန့်ကျော်စွာ မသိဟန်ဆောင်နေလိုက်သည်။ ကားဆီ ထွက်လာခဲ့လိုက်၏။

ညိုပြာညက် ခြေလှမ်းတွေက ကိုနေ့နားမှာ ရပ်သွားသလို။

" ပြန်တော့နော် "

" နောက်မှ တွေ့မယ် "

" ခဏ,ခဏ မလာပါနဲ့ "

" လာမှာပဲ "

" ညိုပြာကို စိတ်ညစ်အောင် လုပ်နေတော့မှာလား ကိုနေရယ်"

ညိုပြာ ထိုင်ပြီး ငိုပစ်ချင်စိတ်တွေပင် ဖြစ်သွားမိတော့၏။

ကိုနေက ဖွတ်။

" ချစ်တယ် ၊ ညိုပြာကို သိပ်ချစ်တယ် ၊ တစ်နေ့မတွေ့ရင် မနေနိုင်လို့ပါ "



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာ တစ်ခုခု ပြောမယ်အလုပ် ဦးခန့်ကျော်စွာက ကားဟွန်း တီးနေသည်။

" တီ . . တီ "

" တီ . . . . . "

" သွားတော့မယ် "

ဦးခန့်ကျော်စွာ ကားလေးရဲ့ နောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

ကားလေးက မောင်းထွက်လာ၏။ ကိုနေနှင့် ဝေးသွားသည်နှင့် ကားလေက ရပ်သွားသည်။

" ညိုပြာ "

" ရှန် "

" ရှေ့ခန်းမှာ လာထိုင် "

တကယ်တမ်းကျတော့လည်း ဦးခန့်ကျော်စွာဘေးမှာ ထိုင်ရမှာ ရှက်နေမိသည်။ မထိုင်ချင်။

" လာလေ "

" ဟုတ် "

ငြင်းမယ် စိတ်ကူးမိပြီးမှ ညိုပြာ မငြင်းဆန်တော့ပေ။

ဦးခန့်ကျော်စွာဆီမှ ဂရုစိုက်အရေးပေးမှုကို သူမ ရယူချင်မိ၏။ ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်၏။

" ညိုပြာ "

" ရှန် . . . "

" မင်း ကိုနေနဲ့ မလိုက်ရလို့ စိတ်ညစ်နေလား "

**သူ့ရဲ့တောင်းစာပေတိုက်**



" ကိုနေ ခဏ,ခဏလာနေလို့ ညိုပြာ စိတ်ညစ်နေတာပါဦး"

ဦးခန့်ကျော်စွာနှုတ်ခမ်းလေးတွေက အပြုံးတွေ ဝေသွား၏။ ကျေနပ်သွားမိ၏။ ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးကို စိုက်ကြည့်မိ လိုက်သည်။

" ဦး . . . သွားမယ်လေ "

" ညိုပြာ့ကို ဦး စကားတွေအများကြီး ပြောချင်နေတယ် "

" သိပ်နောက်ကျနေပြီ ဦး . . . မေမေ မျှော်နေမှာ "

ညိုပြာ တမင် အိုက်တင်ခံပြီး ပြောလိုက်မိသည်။

ဦးခန့်ကျော်စွာတစ်ယောက် သူမရဲ့နှလုံးသားအချစ်ကွန်ယက်မှာ တိုးလာပြီ။ ရှင်ကြီးက . . . လူကြီးလူကောင်းသိပ်ဖြစ်ချင်တဲ့ လုပ်ရှင်ကြီး တစ်ယောက်ပဲ။ စည်းကမ်းတွေ၊ ဂုဏ်သိက္ခာတွေ ဦးခန့်ကျော်စွာတစ် ယောက် သတိမှ ရသေးရဲ့လား . . .။

" ဦးစိတ်တွေ သိပ်လှုပ်ရှားနေတယ် ညိုပြာ "

" ရှန် . . "

" ညိုပြာ့ဘဝကို ဦး သနားနေတယ်၊ ဖေးမကူညီချင်တယ်"

" ဦးရယ် . . . ညိုပြာကံပဲပေါ့ . . . ဆင်းရဲတဲ့ညိုပြာ့ကို ဦး အထင်သေးမှာစိုးလို့ အလုပ် လိမ်လျှောက်မိတာပါ "

ညိုပြာကတော့ ဦးခန့်ကျော်စွာကို အပြတ်ညှုဖွဲ့ပစ်ပြလိုက်သည်။ ကိုနေနှင့် သူမကို လူကြီးတွေက သူမကို လူကြီးတွေက သဘောတူကြမှာ မဟုတ်ပေ။

ဆင်းရဲတဲ့သူမဘဝကို ညိုပြာ မနေချင်လောက်အောင် ဖြစ်မိ၏။

**သူ့ရဲ့တောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာချင်သည်။ ဝတ်ချင်စားချင်သည်။ လှလှပပလေးနေချင်တဲ့ဆန္ဒက ညိုပြာအတွက် အကြီးမားဆုံး ဖြစ်နေ၏။

ကိုးနှုကိုတော့ မပတ်သက်တော့ဘူး။ သူမကို အမုန်းကြီး မုန်းသွားလိုက်တာ၊ နှစ်ယောက်စလုံးအတွက် အကောင်းဆုံးပဲ။

“ ဦးရင်ထဲမှာ တစ်မျိုးပဲကွာ၊ ပြောချင်တာတွေ အများကြီးပဲ၊ ညိုပြာ နားမလည်မှာဘဲ စိုးတယ် ”

“ နောက်နေ့မှ ပြောနော် ဦး . . . မိုးချုပ်နေပြီ ”

ဦးခန့်ကျော်စွာက သူမကို ချစ်သည် ဟု ပြောတော့မည်။

သူ၊ နားမထောင်ရဲပေ။ သူမ ဘယ်လိုအဖြေ ပြန်ပေးရမှန်း မသိသေးဘူး မဟုတ်လား။

“ ညိုပြာကို ပြန်ပို့ပါ ဦးရယ် . . နော် ”

ဦးခန့်ကျော်စွာကို ညို့မျက်ဝန်းလေးများဖြင့် ကြည့်လိုက်မိသည်။ သိပ်မက်မောဟန် မပြ။ သူမ ကြောက်ရွံ့ထိတ်လန့်နေတဲ့အိုက်တင်က အပြည့်ဖြစ်နေသည်။

“ နောက်ကျရင် ညိုပြာက ဘတ်စ်ကားနဲ့လာရမှာ ဦး၊ အမေကလည်း စိုးပူနေမှာ ”

ဦးခန့်ကျော်စွာကတော့ သူ့ရင်ထဲမှာ ခံစားနေရတာတွေကို ထိန်းချုပ်လိုက်သည်။ ခင်ညိုပြာညက် စိတ်ဆိုးသွားမလား။

ချင်ဖနီးဝါဆို့မျက်နှာလေးကိုလည်း မြင်ယောင်လာမိသည်။

မဖြစ်နိုင်ပါဘူး . . . သူ့ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေကို ပြန်ထိန်းရင်း အသိဝင်လာသည်။





ကားစက်နှိုးလိုက်၏။ ညိုပြာညက်ကို ပြန်ပို့ပေးလိုက်သည်။

“ ဦး မနက်လာခေါ်မယ် ”

“ ညိုပြာ ဘတ်စ်ကားနဲ့ပဲ လာပါရစေ ဦးရယ် . . . ပတ်ဝန်းကျင်က မြင်လို့ မကောင်းပါဘူး ”

“ ညိုပြာ ပင်ပင်ပန်းပန်း ဘတ်စ်ကားတိုးစီးရတာ ဦး မကြည့်ရက်ဘူး ”

“ သွားမယ်နော် ဦး ”

“ ဦးကို အိမ်ထဲဝင်ဖို့ မဖိတ်ခေါ်တော့ဘူးလား ”

“ ညိုပြာတို့ အိမ်ထဲဝင်ဖို့ ဦးနဲ့ မသင့်တော်ပါဘူး ”

ဦးခန့်ကျော်စွာနှင့် အကြည့်ချင်းဆုံအောင် ကြည့်ပြီး ပြောမိ၏။ သူမ မျက်ဝန်းလေးတွေထဲမှာ အကြင်နာတွေ ရှိနေသယောင်ယောင်။

“ ဦး ”

“ ဟင် ”

“ ပြန်တော့နော် . . . ညိုပြာစိတ်ပူလို့ သိပ်မိုးချုပ်သွားရင် ဦး လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ ”

ဦးခန့်ကျော်စွာရဲ့အသိတရားတွေကို အမှောင်ထုက ဖုံးသွားပြန်သည်။ ခင်ညိုပြာညက်ရဲ့ အညှုအချွဲလေးတွေအပေါ် မက်မောဘယာ ခဲ့ရ၏။

“ ဦး . . . ပြန်နော် ”

“ အင်း . . . ”

နာခံစွာနှင့်ပင် ဦးခန့်ကျော်စွာ ပြန်မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ . . .

တစ်ကိုယ်လုံး ထုထုပုပုကြီးနှင့် နှလုံးသားတွေ နာကျင်နေသည်။

ဘာဖြစ်နေတာလဲ ခန့်ကျော်စွာ . .မင်းမှာ အိမ်ထောင်နဲ့ . ။

ဝါဆို . . . သူ့ချစ်ဇနီး။

ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်၍ အပေါင်းအသင်းအသိုက်အဝန်းတွေကြားမှာ နာမည်ရခဲ့သည်။ ဂုဏ်သိက္ခာတွေ ကြီးမားခဲ့ရသည်။

အသိတရားနှင့် ပြန်ဆင်ခြင်နေရသည်။ အိမ်ရောက်တဲ့အထိ သူ့စိတ်တွေက လေးလံတွေဝေနေဆဲပင်။

" ကိုကို . . . နောက်ကျလိုက်တာကွာ ၊ ဝါဆို ညစာတောင် မစားသေးဘဲ စောင့်နေတာ "

ချစ်ဇနီးဝါဆိုက အိတ်ကိုလှမ်းယူပြီး သူ့လက်မောင်းကို ဖက်တွယ်လိုက်သည်။ မနည်းဟန်ဆောင်နေရသည်။

" ကိုကို သူငယ်ချင်း ကျော်သက်နဲ့ စားခဲ့ပြီ။ ဝါဆို စားတာ ကိုကို ထိုင်ကြည့်နေမယ်နော် "

ဝါဆို တစ်မျိုးမထင်အောင်လည်း အတတ်နိုင်ဆုံးနေပြရသေး၏။

" နည်းနည်းတော့ စားနော် ကိုကို . .ဝါဆိုက တမင် ကိုကို့ကို စောင့်နေတာ . .လာနော် "

ချစ်ဇနီးရဲ့အယုအယတွေကို ဦးခန့်ကျော်စွာ မသာယာတော့ပေ။ တွေးနေချင်သည်။ ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးအကြောင်းပဲ စဉ်းစားချင်၏။ ဝါဆို စိတ်တိုင်းကျအောင် သူ ထမင်းစားပြနေရသည်။

ညစာကို စားချင်စိတ်မှ မရှိတာ . . . ပူလောင်နေသည်။





" ဒီနေ့ ကိုကို အလုပ်ကိစ္စတစ်ခုအတွက် ပင်ပန်းလာတယ် ဝါဆို ၊ အနားယူချင်တယ်ကွာ "

ကိုကို အလုပ်အဆင်မပြေတဲ့အခါမျိုး ဝါဆို တစ်ခါမှ မမြင်ဖူးပေ။ စိတ်ပူသွားမိ၏။

" ကိုကိုရယ် . . . အလုပ်ကိစ္စက တော်တော်အဆင်မပြေလို့လား။ ဝါဆို စိတ်ပူလိုက်တာ၊ တစ်ခါမှ ကိုကို ဒီလိုမဖြစ်လာခဲ့ဖူးပါဘူးကွာ"

သူ့စီးပွားရေးလုပ်ငန်းတွေ ဘယ်လောက်အဆင်မပြေဖြစ်ဖြစ် ဝါဆို မသိစေရပေ။ တစ်ယောက်တည်း ဖြေရှင်းကာ ချစ်ဇနီးဆီ ဟန်မပျက် ပြန်လာမြဲပင်။

သည်နေ့တော့ . . . ဦးခန့်ကျော်စွာ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားရ၏။

" ဝါဆို သိပ်စိတ်မပူပါနဲ့ကွာ . . .ကိုကို စာရင်းတွေ ကြည့်လိုက်ဦးမယ် ၊ ဝါဆို အိပ်တော့နော် "

ဝါဆိုကတော့ ချစ်ခင်ပွန်းအပေါ် ယုံကြည်မှုအပြည့်ရှိသည်။ နားလည်မှု ပေးခဲ့၏။ ကိုကိုက အိပ်ရာမဝင်သေးဘဲ စာရင်းတွေ ကြည့်တတ်သည်။ ဝါဆို မနှောင့်ယှက်။ ကိုကို့အတွက်သာ မေတ္တာပို့ပြီး စိတ်ချမ်းသာအောင် ဆုတောင်းပေးနေမိသည်။

ဦးခန့်ကျော်စွာကတော့ စာရင်းတွေကိုလည်း မကြည့်ချင် . ။ ငေါင်နေမိသည်။ အရင်ကဆို . . . ချစ်ဇနီးနှင့် တယုတယ နွေးထွေးစွာ ကျီစယ်နေကျ။ ဝါဆိုများ တစ်မျိုးထင်နေမလား။

ချစ်ဇနီးရဲ့ရိုးသားမှုကိုလည်း ဦးခန့်ကျော်စွာ သိသားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပဲလုပ်သုပ်၊ ဘယ်လိုပဲနေနေ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်း မရှိခဲ့။ ဝါဆိုအပေါ် သူ ယောကျ်ားကောင်း ပီသစွာ သစ္စာရှိရမည်။

ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးကို မေ့ပစ်လိုက်တာ အကောင်းဆုံးပဲ။ ကိုနေ့ရဲ့ ချစ်သူ။

လူကြီးတန်မဲ့ သဝန်ကြောင်နေတာ မကောင်းပါဘူးလေ။

တခဏ မျက်စိမှိတ်လိုက်၏။

မျက်လုံးထဲတွင် ချောမောလှပတဲ့မျက်နှာလေးက ပေါ်လာ၏။

" ဦး ပြန်တော့နော် . . . ညိုပြာစိတ်ပူလို့ သိပ်မိုးချုပ်သွားရင် ဦး လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ "

ခင်ညိုပြာညက်ရဲ့ အကြင်နာသံလေးကို သူ ပြန်ကြားယောင်လာမိသည်။ ခံစားမှုတွေက တိုးဝင်လာသည်။

စာရင်းတွေထဲကို စိတ်မရောက်တော့ . . .။

မနက်ဖြန် . . . ဘတ်စ်ကား တိုးစီးလာမည့် ခင်ညိုပြာညက်ကို သွားကြိုရ ကောင်းမလား။

ကိုနေနှင့် နှစ်ယောက်တည်း တွေ့ကြမှာကိုလည်း သဝန်ကြောင်နေမိသည်။ ခင်ညိုပြာညက်ကို ချစ်နေပြီလား။

ခေါင်းကို ခါယမ်းပစ်လိုက်မိသည်။ မဖြစ်သင့်ပါဘူး။

ဦးခန့်ကျော်စွာ၏စိတ်တွေက လှုပ်ရှားနေမိသည်။ တည်ငြိမ်အောင် ကြိုးစားနေရ၏။

" ကိုကို "

" ဟင် "





" အိပ်တော့ပါလားကွာ "

ချစ်ဇနီးက တယုတယ လာခေါ်တော့သည်။ တမကောင်းဖြစ်သည်။

" ကိုကို ဘာတွေဖြစ်နေတာလဲ "

" ဘာမှ မသိချင်ပါနဲ့ ဝါဆိုရယ်၊ ကိုကိုတို့ အိပ်ကြရအောင် "

ဦးခန့်ကျော်စွာစိတ်တွေကို ထိန်းချုပ်လိုက်ပြီး ချစ်ဇနီးဝါဆိုပခုံးကို ပွေ့ဖက်ပြီး အိပ်ခန်းထဲဝင်လာခဲ့သည်။ အိပ်ပျော်အောင် ကြိုးစားနေရ၏။

မျက်ဝန်းတွေထဲမှာ မေ့ပျောက်လို့ မရဘာက ခင်ညိုပြာညက် မျက်နှာလေးပါ။

" ဦးရယ် . . . ညိုပြာဘဝနဲ့ ညိုပြာပါ ၊ မသနားပါနဲ့ "

သူမအသံလေးတွေကိုက စွဲမက်စရာကောင်းလွန်းနေသည်။

ဝါဆိုက အိပ်သွားပြီ၊ ဦးခန့်ကျော်စွာတစ်ယောက် အိပ်ရာပေါ်မှာ လူးလိမ့်နေမိသည်။

ခင်ညိုပြာညက်ကို တိုက်ခန်းလေးတစ်ခန်းတော့ ဝယ်ပေးချင်၏။ ကားတိုးစီးရတာ . . . လူတွေကြားထဲမှာ တိုးနေရတာ မမြင်ရက်ပါဘူး ခင်ညိုပြာညက်ရယ်။

ရင်ထဲမှာပူလောင်နေသည်။ ကြေကွဲနေရ၏။

ခင်ညိုပြာညက်မျက်နှာလေးကို မမြင်ရ မနေနိုင်လောက်အောင် တမ်းတနေမိသည်။ အချစ်ဆိုတာကို ဦးခန့်ကျော်စွာ စဉ်းစားလာရ၏။

သူ . . . ကောင်မလေးကို စွဲနေပြီ။

~ ~ ~



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

ဦးခန့်ကျော်စွာရဲ့ကားလေးက ညိုပြာညက်တို့ အိမ်ရှေ့သို့ ရောက်လာခဲ့ပြီ။

ညိုပြာညက်ကလည်း အိမ်ထဲမှ အထွက် . . .

" ဟာင် . . . ဦး "

" ညိုပြာ့ကို လာကြိုတာ "

" အားနာစရာကြီး ဦးရယ် . . ညိုပြာလည်း ညက အိပ်လို့ မရဘူး ၊ အိပ်ရာထ နောက်ကျသွားတယ် "

" ညိုပြာက ဘာဖြစ်လို့ အိပ်မရတာလဲ "

ဦးခန့်ကျော်စွာရဲ့ အမေးကို မဖြေမိဘဲ ကားလေးထဲသို့ ညိုပြာ ခွေ့ခနဲ ဝင်ထိုင်လိုက်သည်။ ရှေ့ခန်းမှာပါ။ ကားလေးက လျှောခနဲမောင်း ထွက်သွားတော့သည်။

" ညိုပြာ "

" ရှင် . . . "





" ညက ဘာဖြစ်လို့ အိပ်မပျော်တာလဲ "

" ဦးကြောင့် "

" ဘာပြောတယ် "

ဦးခန့်ကျော်စွာ ကားလေးက တုံ့ခနဲ ရပ်သွားသည်။

" ဦး အိမ်ကို ချောချောမောမောမှ ရောက်ပါ့မလားလို့ပါ "

" စိတ်ပူတတ်သားပဲ "

" ဦးက ညိုပြာ့ကျေးဇူးရှင်တစ်ယောက်ပဲဟာ "

ညိုပြာညက်ရဲ့အပြောလေးတွေကို ဦးခန့်ကျော်စွာ သဘောအကျကြီး ကျနေတော့သည်။ ကားလေးကို ဆက်မောင်းထွက်ခဲ့၏။

ရင်ထဲမှာတော့ နွေးထွေးသွား၏။

" ဦး . . . ကားကို ဘယ်မောင်းနေတာလဲ "

" ကျောက်မြောင်းဘက် "

" ဘာကိစ္စရှိလို့လဲ ဦး "

" တိုက်ခန်းဝယ်မလို့လေ "

" ဘယ်သူ့အတွက်လဲ "

" ညိုပြာ့အတွက်ပေါ့ "

" ဟာ . . . မဟုတ်တာ ဦးရယ် . . . ပိုက်ဆံအပိုကုန်ပါတယ် ညိုပြာ ဘတ်စ်ကား စီးပြီးလာလို့ရပါတယ် "

ပျာပျာသလဲ ငြင်းလိုက်သဖြင့် ဦးခန့်ကျော်စွာ ပိုပြီးဝယ်ပေးချင်စိတ်ဖြစ်သွားသည်။

" ညိုပြာ ပင်ပန်းနေတာ ဦးမှ မကြည့်ရက်တာပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ညီပြာ့ကံပဲပေါ့ ဦးရယ် . . . အငှားသဘောနဲ့ နေရင်လည်း ညီပြာက လခမှ မပေးနိုင်တာ "

" အပိုင် ဝယ်ပေးမှာ "

" ရှင် . . ."

ညီပြာ မျက်ဝန်းဝိုင်းဝိုင်းလေးများဖြင့် ဦးခန့်ကျော်စွာကို ကြည့်မိသည်။

" ညီပြာ့နာမည်နဲ့ ဝယ်ပြီး အပိုင်ပေးမှာပါ "

" မဟုတ်သေး ဦးရယ် . . . ငွေတွေ အများကြီး ပေးရမှာ။ ညီပြာ မလိုချင်ပါဘူး "

" ညီပြာ "

" ရှင် . . ."

" ဦးရဲ့ စေတနာမေတ္တာတွေကို လက်ခံပါ "

" ဦး စေတနာမေတ္တာတွေကို ညီပြာနားလည်ပါတယ် . . . ဟို . . . ဟို မသင့်တော်ဘူး ထင်ပါတယ် ဦးရယ် "

ဦးခန့်ကျော်စွာက ညီပြာ ငြင်းလေ ဝယ်ပေးချင်လေ ဖြစ်သည်။

သူမကလည်း အိုက်တင်ခံနေတာ။

တိုက်ခန်းလေးတွေကို ကြည့်ပြီး ပီတိတွေ ကျိတ်ခံစားနေရ၏။ ဦးခန့်ကျော်စွာက သူ့ဘာသူ ဝယ်ပေးနေတာပါ။ ညီပြာက အတင်းဝယ်ခိုင်းတာ မဟုတ်။

ဘာဖြစ်လဲ . . .။

သူမဘာဝက နှိမ့်ကျလွန်းသည်။

သူရဲတောင်းစာပေတိုက်



ဆင်းရဲနုံချာတဲ့ဘဝ။

လွတ်မြောက်ဖို့ တစ်ခုပဲ သူမ တွေးနေမိခဲ့သည်။

မစဉ်းစားချင်ဘူး။

ဆင်းရဲသား ရပ်ကွက်လေးထဲမှာ ညီပြာ မနေချင်တော့ပေ။

တိုက်ခန်းကို အကောင်းဆုံး အလှပဆုံးအခန်းကို ရှာနေသည်။ ချက်ချင်းတက်နေနိုင်တဲ့ အနေအထားမျိုး ဖြစ်၏။

" သိပ်ဈေးကြီးကြီးတွေတော့ မဝယ်ပါနဲ့ဦးရယ် . . . ပိုက်ဆံတွေ အရမ်းကုန်ပါတယ် "

" ဦး စိတ်ဥတာတွေကို ငြိမ်ငြိမ်လေး လက်ခံစမ်းပါ . . . ခင်ညီပြာညက်ရယ် "

ဦးခန့်ကျော်စွာက စိတ်ကြိုက်တိုက်ခန်းလေး တစ်ခန်းဝယ်ပေးသည်။ အလှအပတွေ ပြင်ပြီးသား။ ညီပြာ သဘောကျနှစ်သက်တဲ့အခန်း ဖြစ်သွားသည်။ ဦးခန့်ကျော်စွာက ချက်ချင်းငွေချေဖို့ ပြင်ဆင်နေ၏။ ရုံးကိုတော့ အလုပ်ကိစ္စတစ်ခုကြောင့် နောက်ကျမည်ဖြစ်ကြောင်း ဖုန်းဆက်လိုက်သည်။

ညီပြာ ငြိမ်နေမိ၏။

ကျိတ်ပြီးတော့ ကျေနပ်ပီတိတွေ ဖြစ်ရသည်။

" ပရိဘောဂတွေကိုတော့ ဖြူဖွေးနဲ့ စီစဉ်ခိုင်းရမယ် "

" ညီပြာတော့ အရမ်း အားနာတာပဲ ဦးရာ "

ညီပြာညက်ရဲ့ အညှအခရာတွေကြားထဲမှာ ဦးခန့်ကျော်စွာ မလှုပ်သာတော့။

သူရဲတောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခင်ညိုပြာညက်အတွက်ဆိုရင် ဦးခန့်ကျော်စွာ ဘာပဲ လုပ်ပေးရ လုပ်ပေးရ။ အရှက်တွေ ၊ ဂုဏ်သိက္ခာတွေ မစဉ်းနိုင်တော့ . . ။

ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးကို ချစ်မိသွားပြီ။

ဦးခန့်ကျော်စွာ ပီတိတွေ ဖြစ်နေမိ၏။

" ညိုပြာညက် "

" ပြောပါ . . ဦး "

" ဘယ်နေ့ပြောင်းမလဲ "

" အမေ့ကို ပြောရဦးမယ် ဦး "

ခင်ညိုပြာညက်သာ တိုက်ခန်းနဲ့နေချင်တာ ၊ အမေက ဘာပြောဦးမလဲ မသိ။ စိတ်ပူနေမိသည်။

ဦးခန့်ကျော်စွာကိုပဲ အားကိုးအားထား ပြုဖို့ ဆုံးဖြတ်လိုက်၏။

ဘာဖြစ်လဲ . . ။

ခင်ညိုပြာညက်အဖို့ အဆင့်အတန်းနှင့် နေချင်ပြီ။ ဆင်းဆင်းရဲရဲ မနေချင်တော့။ အမေ့ကိုလည်း ချမ်းချမ်းသာသာနှင့် နေစေချင်ပြီ။

ကိုနေ . . . မဖြစ်ပါဘူး။ ကိုနေ့မိဘတွေက ခင်ညိုပြာညက်နှင့် သဘောတူမှာ မဟုတ်ကြ။ အမွေဖြတ်ချင် ဖြတ်မှာ။ ညိုပြာ့ဘဝကို သူ ဂုဏ်ရှိအောင် ချမ်းသာအောင် ထားချင်လည်း ထားနိုင်မည်။

သူမ လက်မခံချင်။ ချစ်ရတဲ့ကိုနေ ဂုဏ်ငယ်ရမှာမျိုး ညိုပြာ မဖြစ်စေလိုပေ။

ဆင်းရဲနွံချာလွန်းတဲ့ ခင်ညိုပြာညက်ရဲ့ဘဝထဲ ဝင်မလာပါနဲ့ ကိုနေရယ် . . ။





ချစ်သူကို တမ်းတလာမိသည်။

စိတ်တွေက မေ့ပျောက်ဖို့ ကြိုးစားနေရ၏။

အချစ်ဆိုတာ . . . စွန့်လွှတ်အနစ်နာခံခြင်းလား။

ကိုနေ့ကို သူမ ချစ်သည်။ သူမစိတ်ကူးယဉ်ကမ္ဘာလေးထဲမှ ရွှေမင်းသားလေး ကိုနေ။

ချစ်လွန်း၍ မနှစ်ချင်တာ။

ကိုနေက သူမအပေါ် နားလည်ခွင့်လွှတ်လေ သူမက မချစ်ရဲလေပဲ။

ညိုပြာ့ဘဝထဲကို မဝင်ချင်ပါနဲ့ ကိုနေရယ် . . ။

" ညိုပြာ "

" ဟင် "

" ဘာတွေ စဉ်းစားနေတာလဲ "

ဦးခန့်ကျော်စွာအသံကြောင့် သူမအတွေးတွေ ပျောက်သွားရ၏။

" ပြောလေ . .ကောင်မလေး ၊ ဘာလဲ ထွန်းနေလအကြောင်းတွေ မင်း စဉ်းစားနေတာ မဟုတ်လား "

ဦးခန့်ကျော်စွာအကြည့်တွေက နည်းနည်းတည်သွားသည်။

" မဟုတ်ပါဘူး . . . ဦးအကြောင်း စဉ်းစားနေတာပါ "

ဦးခန့်ကျော်စွာ ကျေနပ်အောင် ခင်ညိုပြာညက် ပြောလိုက်ရသည်။

" ဦးအကြောင်းတွေ ဟုတ်လား . . . ဘာအကြောင်းတွေများ စဉ်းစားနေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ညို့ပြာညက်အပေါ် ဘာဖြစ်လို့များ ဒီလောက်တောင် သဘောကောင်းနေရတာလဲလို့ "

ဦးခန့်ကျော်စွာအကြည့်တွေက သူမဆီ ရောက်လာသည်။

အကြည့်တွေက စူးရှလွန်း၏။

ခင်ညို့ပြာညက်ဆိုတဲ့မိန်းကလေးကို ဦးခန့်ကျော်စွာ ချစ်နေပြီပဲ။ မျက်လုံးတွေထဲ ပေါ်လာသည်။

အကြည့်ချင်းက အကြာကြီး ဆုံသွားပြီ။

သူမက အကြည့်ကို လွှဲပစ်ရ၏။

" ညို့ပြာ "

" ရှင် . . . "

" မင်းကို ဘာဖြစ်လို့ ဦး သဘောကောင်းနေတာလဲဆိုတာ သိလား "

BURMESE CLASSIC .com

" ဟင့်အင်း "

" ချစ်လို့ "

" ဟင် . . . "

တကယ်တမ်း ဖွင့်ပြောလာတော့လည်း ခင်ညို့ပြာညက် အထိတ်တလန့် ဖြစ်သွားရသည်။ ကြောက်သွား၏။

သူမ၏မျက်လုံးသားတွေထဲမှာ နာကျင်စူးရှမှုတွေဖြစ်လာပြီး ငြင်းဆန်ပစ်ချင်လာသည်။

" ညို့ပြာကို ဦး ချစ်တယ် "

" ဟင် . . ဟို . . . "





" မင်းဘဝ ကောင်းစားစေချင်တဲ့ဆန္ဒက ဦးဆန္ဒဖြစ်နေတယ်၊ ဦးရဲ့ဂုဏ်တွေ၊သိက္ခာတွေ အသိုက်အဝန်းပတ်ဝန်းကျင်တွေက မင်းအတွက်နဲ့ပတ်သက်ပြီး ဦးကို မလွှမ်းမိုးနိုင်တော့ဘူး "

ဦးခန့်ကျော်စွာကို ညို့ပြာညက် အထိတ်တလန့် မော့ကြည့်လိုက်မိသည်။ တုန်လှုပ်ချောက်ချားသွားရသလိုပင်။

" မင်းလည်း ဦးအချစ်တွေကို လက်ခံမယ် မဟုတ်လား "

" ဦး ဘာတွေပြောနေတာလဲ ၊ ဒေါ်မြတ်ဆိုမျက်နှာကို ဦး မထောက်တော့ဘူးလား "

ခင်ညို့ပြာညက်က ချစ်ဇနီးအမည်ကို ဖွင့်ပြောလိုက်၍ နည်းနည်းတော့ တုန်လှုပ်သွားမိသည်။ ငိုင်တွေသွားရ၏။ သည်ကောင်မလေးကို သူ စွဲမက်တွယ်တာသွားမိပေမယ့် အတိအလင်း ယူလို့တော့ မဖြစ်သေး။

ဝါဆိုက ရှိသေးသည်။ နှလုံးရောဂါရှိတဲ့ ဝါဆို အရမ်းခံစားသွားမှာ သူ သိနေ၏။ ယောက်ျားအပေါ် ယုံကြည်ပြီး အချစ်ကြီးတတ်တဲ့ ဝါဆိုပါ။

" ဒီတိုက်ခန်းကို ဦးနာမည်နဲ့ပဲ ထားပါ ၊ ညို့ပြာ နေခွင့်ရရင် ကျေနပ်ပါတယ် ဦး "

ခင်ညို့ပြာညက်ရဲ့ အပြောလေးတွေကလည်း သူ့နှလုံးသားလေးတွေကို ကြွေသွားစေသည်။ စိတ်က မပြတ်မသား။

" ကိုနေနဲ့ ညို့ပြာအခြေအနေက ဘယ်လိုလဲ "

" သူက လက်ထပ်ခွင့်တောင်းနေတာပါပဲ ဦး "

" မင်းဘက်ကရော "



www.burmeseclassic.com

www.burmeseclassic.com



" စဉ်းစားနေတယ် . . . ညိုပြာ့ကို သိပ်ချစ်တဲ့ယောကျ်ား တစ်ယောက်ကိုပဲ ညိုပြာ လက်ထပ်ချင်တယ် "

ဦးကလည်း ညိုပြာ့ကို သိပ်ချစ်ပါတယ် ဟု ပြောလိုက်ချင်သည်။ ကိုနေ့ကိုလည်း သဝန်ကြောင်ချင်လာ၏။ ညိုပြာညက်နှင့် ချစ်သူတွေဖြစ် သွားကြမှာ မလိုလားနိုင်အောင် ဖြစ်မိသည်။

" ကိုနေက မင်းကို တကယ်ချစ်တယ်လို့ မင်း ထင်နေလို့လား"

" အင်း . . ."

ဦးခန့်ကျော်စွာရဲ့မျက်နှာက အကြီးအကျယ် ပျက်သွားတော့၏။ တင်းမာလာ၏။

" ပိဘအရိပ်အောက်မှာ နေတဲ့ကောင်က မင်းကို ဘယ်လောက် အထိ ချစ်နေနိုင်မှာလဲ "

" ဦးရယ် . . . တိုးတိုးပြောပါ ပတ်ဝန်းကျင်က ရှိသေးတယ်၊ ဦး ဘာဖြစ်နေတာလဲ ၊ ညိုပြာကလည်း ကိုနေ့အချစ်ကို လက်မခံသေး ပါဘူး "

ဦးခန့်ကျော်စွာအသံက ဒေါသသံတွေ ပါလာ၍ ပြန်ချော့ရသည်။ တိုက်ခန်းက ငွေချေလိုက်၍ ပိုင်ရှင်က သော့ပေးလိုက်သည်။ အခန်းထဲမှာ ဦးခန့်ကျော်စွာနှင့် ညိုပြာ နှစ်ယောက်တည်း ရှိနေကြသည်။

" ညိုပြာတို့ ပြန်ကြရအောင်နော် ဦး "

" ညိုပြာ "

" ပြောပါ . . ဦး "

" မင်း ကိုနေနဲ့ မပတ်သက်ရဘူး "





" ကိုနေက ဦးမိတ်ဆွေရဲ့သားပဲဟာ ၊ ညိုပြာကတော့ သူ့ကို သိပ်ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံချင်ဘူး "

" မင်းကိုယ်တိုင်က ထွန်းနေလကို ချစ်နေတာ မဟုတ်လား ညိုပြာ "

" ညိုပြာသာ ချစ်နေရင် ကိုနေနဲ့ ချစ်သူဖြစ်ပြီး လက်ထပ်ပစ် လိုက်တာ ကြာသွားပြီ "

" ဆက်မပြောပါနဲ့တော့ ညိုပြာ ၊ ဦး မကြားချင်လို့ပါ "

" ရုံးသွားကြရအောင်နော် "

" ဦး ဒီမှာပဲ နေချင်သေးတယ် ၊ ညိုပြာနဲ့ စကားပြောနေရတာ ရင်ခုန်စရာ ကောင်းနေတယ် "

ဦးခန့်ကျော်စွာတစ်ယောက် ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရား တွေကို မေ့သွားသည်။ လှပပြီး စွဲမက်စရာကောင်းတဲ့ ညိုပြာညက်မျက်နှာ ကို ကြည့်မဝ။ သူ့စိတ်တွေ တင်းမထားချင်။ လွှတ်ထားလိုက်ချင်ပြီ။

" ညိုပြာ "

" ဟင် "

" ဦး ညိုပြာ့ကို ချစ်တယ် ၊ အတူတူနေချင်တယ် ၊ ပိုင်ဆိုင် ထားချင်တယ်ကွာ "

ဦးခန့်ကျော်စွာရဲ့လက်တွေက ညိုပြာ့ပုခုံးလေးပေါ် ရောက်သွား သည်။ ညိုပြာညက်က ဖယ်ပစ်လိုက်ပြီး အထိတ်တလန့်နှင့် မော့ကြည့်၏။

ဦးခန့်ကျော်စွာက မလွှတ်တော့။ အရာရာက သူ့အသိတရား တွေကို အမိုက်မှောင် ဖုံးလွှမ်းနေသလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မစဉ်းစားချင်တော့။

ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးကို ချစ်တာပဲ စဉ်းစားနေချင်သည်။

ညနေစောင်းသွား၏။

အမှောင်ထုက အခန်းလေးထဲမှာ လွှမ်းမိုးချင်လာသည်။

" ဦး ညိုပြာ့ကို ပြန်ပို့ပါ ၊ ဒီမှာဆက်နေလို့ မသင့်တော်ပါဘူး။ ပြန်ကြရအောင်နော် ဦး "

ညိုပြာမျက်လုံးတွေ အပြုံးသားနှင့် တောင်းတောင်းပန်ပန် ပြောလိုက်သည်။ မလုပ်သင့်ဟု သူမ ထင်၏။ အပြင်းအထန်ငြင်းဆန်လိုက်ချင်တဲ့ ဆန္ဒသာ ရှိနေခဲ့ရသည်။

ဦးခန့်ကျော်စွာရဲ့ရင်ခွင်ထဲသို့ သူမ ရောက်သွား၏။

" အို "

" ဦးကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်ချင်ရတာလဲ ညိုပြာရယ် "

" ဟို . . .ဟို မဖြစ်သင့်ပါဘူး ဦးရယ်နော် ၊ ပတ်ဝန်းကျင်က ရှိသေးတယ် . . .မဖြစ်ပါဘူး "

" ဦးတော့ ဘာမှ မစဉ်းစားချင်ဘူး ညိုပြာ၊ မင်းကို ချစ်တယ်၊ ပိုင်ဆိုင်ထားချင်တယ် . . .ဒါပဲ "

ခင်ညိုပြာညက်ကိုယ်လုံးလေးက ဦးခန့်ကျော်စွာ ရင်ခွင်ထဲမှာ နစ်မြုပ်နေရသည်။

သူမကလည်း ရွတ်မရုန်းမိ။





ဦးခန့်ကျော်စွာတစ်ယောက် အသိဉာဏ်တွေ ၊ ခေါင်ခြင်တုံတားများတွေ မေ့သွားရသည်။ စိတ်တွေကို မထိန်းချုပ်နိုင်တော့။

ခင်ညိုပြာညက်ရဲ့အလှအပတွေနှင့် အညှုအဆွဲရာတွေက သူ့တစ်ကိုယ်လုံးကို ပိုက်ကွန်ကြီးသဖွယ် အုပ်မိုးရစ်ပတ်ဝ ားနိုင်လိုက်ပြီ။

" ချစ်တယ် ညိုပြာရယ် ၊ ဦးဘဝတစ်ခုလုံးနဲ့ လဲပြီး မင်းလေးကို ချစ်တာပါ "

" ဦး . . ညိုပြာ တောင်းပန်ပါတယ် ၊ ခေါင်းအေးအေးထားပြီး ညိုပြာတို့ နောက်နေ့မှ တွေ့ကြတာပေါ့နော် "

ဦးခန့်ကျော်စွာ ရင်ခွင်ထဲကနေ ရုန်းထွက်ပ ာလိုက်ရသည်။ ရွတ်ထွက်လာခဲ့၏။ သူမနောက်မှ ဦးခန့်ကျော်စွာပါ ထွက်လာသည်။

ကားလေးနှင့် ပြန်ပို့၏။

" မနက်ဖြန် . . . ဦး လာကြိုနေမယ်နော် ၊ မင်း ဘတ်စ်ကားနဲ့ မသွားရဘူး "

သူမ ခေါင်းညိတ်ပြလိုက်ပြီး အိမ်လေးထဲ ဝင်လာခဲ့သည်။

အမေက အခန်းထဲမှ ထွက်လာ၏။

ဒေါသတွေနှင့် ဝင်းဝင်းတောက်နေတဲ့ အမေ့မျက်လုံးတွေကို ရင်ဆိုင်လိုက်ရသည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၃

" ညည်း ဦးခန့်ကျော်စွာနဲ့ ပြန်လာတာ မဟုတ်လား ညိုပြာ"

" ဟုတ်တယ် အမေ "

" ဘာဟုတ်တာလဲ ၊ ကဲ . . . ဟုတ်ဦး . . ဟုတ်ဦး "

" ဖြန်း "

" ဖြန်း "

" အမေ "

အမေ့လက်ဝါးပြင်က ညိုပြာ့ပါးပေါ် ဘယ်ပြန်ညာပြန် ကျလာသည်။ ညိုပြာ လဲကျသွားရ၏။ နာကျင်တဲ့ဝေဒနာကို အပြင်းထန်ဆုံး ခံစား‌လိုက်ရသည်။

အမေ တစ်ခါမှ ညိုပြာ့ကို လက်နှင့်ရိုက်ရန် မရွယ်ဖူးခဲ့ပေ။ ဒေါသ‌လည်း မဖြစ်ခဲ့။

တစ်ဦးတည်းသောသမီးလေးမို့ အရိပ်တကြည့်ကြည့်နှင့် အလိုလိုက်ဘားခဲ့သည်လေ။





အခုတော့ . . . ခွင့်မလွှတ်နိုင်တဲ့အကြည့်တွေနှင့်အတူ အမေ့ဒေါသတွေကိုပါ မြင်လိုက်ရသည်။

" အလုပ်ရှင်သူဌေးကို မြူဆွယ်စားတဲ့မိန်းမ ဖြစ်နေပြီသား"

" မဟုတ်ပါဘူး အမေ . . ဦးက အလုပ်ဆင်းရတာ ဝေးလို့ ရိုးရိုးသားသား လိုက်ပို့ပေးတာပါ "

ဒေါ်ရီဝေကတော့ သမီးစကားတွေကို ဘယ်လိုမှ မယုံနိုင်ပေ။

ညိုပြာ့ညက်က ချမ်းသာချင်တဲ့ကောင်မ။

ဂုဏ်မက်သည်။ ဆင်ဆင်းရဲရဲဘဝကို အမုန်းကြီး မုန်းနေတာကို ဒေါ်ရီဝေသိ၏။

သင်း . . . ဦးခန့်ကျော်စွာနဲ့များ . . . ။

ဒေါ်ရီဝေတစ်ယောက် ဆက်မတွေးရဲအောင် တုန်လှုပ်ချောက်ချားသွားမိသည်။ လက်မခံနိုင်ဘူး . . ။ မိမိသမီးလေးဘဝကို ပန်းကောင်းအညွန့်ချိုးတော့ အဖြစ်ခံမလား။

" ချမ်းသာချင်တဲ့ကောင်မ . . . ငွေမက်တဲ့ကောင်မ . . . နင် . . နင် သူများအငယ်အနှောင်းဘဝ ဖြစ်သွားပြီလား "

ဒေါ်ရီဝေ ဆောက်တည်ရာမရအောင် ဒေါသတွေ ပေါက်ကွဲနေမိသည်။ မိမိ အရိပ်တကြည့်ကြည့်နေခဲ့တဲ့ သမီး။

" အမေ ညိုပြာ့ကို အဲဒီလို မပြောပါနဲ့ . . . မဟုတ်ဘူး . . . သမီး ဒီလောက် အောက်တန်းမကျပါဘူး အမေရယ် "

အမေ့ခြေသလုံးကို ဖက်ပြီး မျက်ရည်တွေနှင့် တောင်းပန်းပြာဆိုနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေ ပြောသလို ဦးခန့်ကျော်စွာရဲ့ မယားငယ်အဖြစ်တော့ သူမ ရောက်သွားပြီလား။ မဖြစ်သေးပါဘူး။

ညိုပြာ ပစ္စည်းတွေကို မက်မောတာတစ်ခုပဲ အပြစ်ရှိသေးသည်။

“ နင် . .နင် အလုပ်မဆင်းနဲ့တော့ . .ငါ သဘောမတူနိုင်ဘူး”

အမေ့အသံက ဒေါသတွေနှင့် တင်းမာခက်ထန်လွန်းနေသည်။ ဦးခန့်ကျော်စွာက ညိုပြာနေဖို့အတွက် တိုက်ခန်းပင် ဝယ်ပေးထား၏။ ဒီအကြောင်းကို အမေများ သိသွားလျှင်တော့ . . .

“ အမေ စက်ချုပ်ကျွေးပါ့မယ် ၊ ကိုယ့်ဘဝကိုယ် ကျေနပ်ပြီး နေပါလား သမီးရယ် ”

ခင်ညိုပြာညက်တစ်ယောက် တသိမ့်သိမ့်သာ ရှိုက်ငိုနေမိတော့၏။ သူမတိုက်ခန်းလေးနှင့် တင့်တင့်တယ်တယ် နေချင်တဲ့ဆန္ဒပဲ ပြင်းပြနေ၏။

အမေက လက်မခံ။

“ နင့်အလုပ်ရှင် လာရင် ပြတ်ပြတ်သားသားပြောပစ်လိုက်စမ်း ညိုပြာ ”

အမေပြောပြီး သူ့အိပ်ခန်းထဲ ပြန်ဝင်သွားတော့သည်။ အိပ်ခန်းထဲမှာ အမေ့ငိုရှိုက်သံကို ခင်ညိုပြာညက် ကြားနေရ၏။

အမေ ငိုနေသည်။ ခင်ညိုပြာညက်အတွက် စိတ်အတော်လေး ထိခိုက်သွားကြောင်း ထင်ရှား၏။

အမေ မငိုပါနဲ့ . . . မိခင်တစ်ယောက်ရဲ့မျက်ရည်တစ်စက်ဟာ သမီးအတွက် ဟာသမုဒ္ဒရာကြီးကို ကျော်ဖြတ်နေရသလိုပါပဲ အမေရယ်။

“ အမေ ”





အမေ မကြည့်။

အိပ်ရာပေါ် မျက်နှာမှောက်ကာ တသိမ့်သိမ့် ရှိုက်ငိုနေသည်။

“ ဦးခန့်ကျော်စွာနဲ့ ညိုပြာ ဘာမှမဖြစ်ပါဘူး . . . အမေ မငိုပါနဲ့တော့ . . . ညိုပြာ အလုပ်မဆင်းတော့ပါဘူး . . . ကျေနပ်တော့ အမေရယ်နော် . . .မငိုပါနဲ့ အမေ ”

အမေ့ပုခုံးကို ဆွဲဖက်ပြီး ညိုပြာနှင့် မျက်နှာချင်း ဆိုင်စေသည်။

“ ညိုပြာပြောတာကို အမေ ယုံပါ . . .သမီး မလိမ်ပါဘူး ”

သမီးလေးက တောင်းပန်နေတော့လည်း ဒေါ်ရီဝေ ကျေနပ်သွားမိသည်။

“ သမီး ”

“ အမေ ”

“ ချမ်းသာတဲ့လူတွေကို အထင်မကြီးစမ်းပါနဲ့ ၊ ရိုးရိုးသားသား ကြိုးစားရင် ချမ်းသာချင်တဲ့သူက တစ်နေ့တော့ ချမ်းသာလာမှာပဲ ”

ဒေါ်ရီဝေ တတ်နိုင်သလောက် သမီးနားဝင်အောင် ပြောနေမိ၏။ ဦးခန့်ကျော်စွာရဲ့ မယားငယ်အဖြစ်တော့ အရောက်မခံနိုင်ပေ။

သမီးရုပ်ရည်လေးနှင့် တင့်တင့်တယ်တယ် အိမ်ထောင်ဖက်ကို ရွေးချယ်နိုင်သည်လေ။

ဘဝ မပျက်စေချင်ပေ။

“ အမေ မကြိုက်တဲ့အလုပ်တွေ ညိုပြာ မလုပ်တော့ပါဘူး ”

“ အမေ ဝမ်းသာလိုက်တာ သမီးရယ် ၊ စိတ်ချမ်းသာလိုက်တာ၊ အမေ့သမီး တက္ကသိုလ်တက်ပြီး ဘွဲ့ရရင် သူဌေးသားတွေနဲ့ပဲ ညားမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



အမေက ညိုပြာညက်ကိုဖက်ပြီး အားပေးစကားတွေပြောနေ၏။

ဟုတ်ပါတယ် အမေ။ ညိုပြာညက်အလှက ယောက်ျားတွေကို ညို့ယူဖမ်းစားနိုင်စွမ်း ရှိပါတယ်။

" သမီးလေး ရေချိုးတော့၊ အမေ ထမင်းပွဲ ပြင်ထားမယ်နော်"

" ဟုတ်ကဲ့ အမေ "

အမေက သူမကို ဖက်ပြီး အခန်းအပြင်သို့ ခေါ်လာသည်။

ညိုပြာညက် ရေချိုးလိုက်၏။

စိတ်တွေက လန်းမလာ။

မနက်ဖြန်။

ဦးခန့်ကျော်စွာ လာကြိုလျှင် သူမ ဘယ်လိုဆက်ဆံရမလဲ။ အမေကတော့ အလုပ်ထွက်ရန် အပြတ်ပြောခိုင်းထားသည်။

ရေချိုးပြီးတော့ ထမင်းစားကြ၏။ အမေ ကျေနပ်အောင် ညိုပြာ အားရပါးရ စားပြလိုက်ရသေးသည်။

" သမီး ဘာမှအားမငယ်နဲ့ . . .အမေတစ်ယောက်လုံး ရှိပါသေးတယ် ၊ သမီးလေးကို မနစ်မွန်းစေချင်လို့ အမေ တားနေရတယ် ဆိုတာ နားလည်ပါကွယ် "

" ညိုပြာ နားလည်ပါတယ် အမေရယ် ၊ စိတ်အေးအေးထား နေပါ။ ညိုပြာ လိမ်လိမ်မာမာ နေပါတော့မယ် "

အမေ့ကို နှစ်သိမ့်ပေးပြီး အိပ်ရာထဲ ဝင်ခဲ့ကြ၏။

ညိုပြာက တစ်ခန်း။

အမေက တစ်ခန်း။





ညိုပြာ အိပ်မရဘဲ အတွေးတွေနှင့် ရှုပ်ထွေးနေမိသည်။

ဦးခန့်ကျော်စွာကတော့ ညိုပြာ့အတွက် အစွမ်းကုန် ဖြည့်စွမ်းပေးတော့မှာပါ။ အစ္စကြီး စွဲသွားပုံပင်။ တိုက်ခန်းတောင် အသားနားဆုံး၊ ဈေးအကြီးဆုံးတိုက်ခန်းမှ ဝယ်ပေးသည်။ ညိုပြာ့နာမည်နှင့် ဖြစ်၏။

" ကားလည်း ဦး စီစဉ်ပေးမယ် ၊ ညိုပြာ ကြော့ကြော့မော့မော့ လေး နေတာပဲ ဦးက မြင်ချင်တာ "

ညိုပြာကလည်း ဦးခန့်ကျော်စွာပေးတဲ့ စည်းစိမ်ဥစ္စာတွေကိုပဲ မက်မောတွယ်တာခဲ့တာပါ။

လူကိုတော့ မချစ်။

ကိုနေက လွဲပြီး ညိုပြာ ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး။

ဦးခန့်ကျော်စွာက သူမကို ချစ်နေသည်။ အစွဲကြီး စွဲလန်းဖြတ်နိုး နေ၏။ အမေက သဘောမတူဘဲ စိတ်ထိခိုက်နေသဖြင့် ခက်နေရသည်။

မနက်ဖြန် . . . ဦးခန့်ကျော်စွာ သူမဆီကို ကားလေးနှင့် ရောက်လာမှာ သေချာသည်။

အလုပ်က ထွက်ရမှာပဲ။ အမေ စိတ်ချမ်းသာအောင် အလုပ်က ထွက်လိုက်တာပဲ အေးပါတယ်လေ။

ညိုပြာ မချမ်းသာချင်တော့ပါဘူး။

သူဌေးသားတွေကို မှန်းနေတော့ရော သူတို့မိဘတွေက ရှိသေးသည်။ သဘောတူနိုင်ကြမှာ မဟုတ်။ အမေကတော့ ရိုးရိုးသားသား ကြိုးစားရင် တစ်နေ့ ချမ်းသာလာမှာပါတဲ့။

ညိုပြာ ကြိုးစားမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားနဲ့ အသုံးအဆောင်တွေကလည်း ပြည့်စုံနေပြီ။ ဦးခန့်ကျော်စွာနှင့် ကိုနေတို့ လက်ဆောင်အဖြစ် ပေးထားတာတွေ ရှိ၏။

ဘာမှ မလိုတော့ . . .။

တိုက်ခန်းနဲ့ ဦးခန့်ကျော်စွာရဲ့ ထောက်ပံ့ကြေးတွေကို ယူနေရင် သူ့မယားငယ် ဖြစ်မှာပဲ။

အမေ စိတ်ချမ်းသာအောင် နေတာက အကောင်းဆုံးဟု သူမ တွေးနေမိသည်။ ဦးခန့်ကျော်စွာနှင့် မပတ်သက်တော့။ ညိုပြာညက် တစ်ယောက်တည်း အတွေးတွေ လွန်ပြီး အိပ်လို့မရ . . .။

မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

ဦးခန့်ကျော်စွာ ရောက်လာတော့ သူမ အိပ်နေဆဲပင်။

အမေနှင့် တွေ့သည်။

အိမ်ခန်းရှေ့မှ အသံတွေကြား၍ သူမ ဖျတ်ခနဲ နိုးသွား၏။

" ခင်ညိုပြာညက် အလုပ် မဆင်းတော့ဘူး ဦးခန့်ကျော်စွာ"

" ဗျာ . . . ဘာဖြစ်လို့လဲ ဒေါ်ဒေါ် "

" ဘာမှမဖြစ်ပါဘူး ၊ ဒေါ်ဒေါ်က အလုပ်မလုပ်စေချင်လို့ "

အမေ့လေသံက မသိမသာ တင်းမာနေသည်။

" ဒေါ်ဒေါ် "

" ပြော . .မောင်ရင် "

" ခင်ညိုပြာညက်နဲ့ ခဏလောက် တွေ့ခွင့်ပေးပါလား "

" အိပ်နေတယ်ကွယ့် ၊ ဘာမှ တွေ့စရာ မရှိပါဘူး။ သမီးမှ အလုပ် မဆင်းတော့တာ "





" ညိုပြာနဲ့ ခဏလေး စကားပြောချင်တယ် ဒေါ်ဒေါ်၊ ပြောစရာ ရှိလို့ပါ တွေ့ခွင့်ပေးပါ "

" ဒီမှာ မောင်ရင် . . .ဒေါ်ဒေါ်ပြောပြီးပြီပဲ သမီး အလုပ်မဆင်းတော့ပါဘူးလို့ . . . ရပ်ကွက်ထဲမှာ ကားနဲ့ လာလာနေတာ မကောင်းပါဘူးကွယ် . .နော် "

" ကျွန်တော်တို့က ရိုးရိုးသားသား ခင်မင်ကြတာပါ၊ ကျွန်တော် ခင်ညိုပြာညက်အတွက် တိုက်ခန်းတစ်ခန်းတောင် ဝယ်ထားပြီးပါပြီ "

" ဘာကွယ့် . . ."

ဦးခန့်ကျော်စွာစကားကြောင့် ခင်ညိုပြာညက် ဟန့်တားဖို့ အပြင် ထွက်လာခဲ့သည်။ နောက်ကျသွားပြီ။

" ခင်ညိုပြာညက်နာမည်နဲ့ ဝယ်ထားတဲ့အပြင် အိမ်ထောင်ပရိဘောဂတွေ အကုန် ရောက်နေပါပြီ ၊ ကားတောင် စီစဉ်ထားပါတယ် "

" မင်း . .မင်းနဲ့ သမီး . . . ."

အမေ ဆက်မပြောနိုင်တော့ဘဲ ခွေလဲကျသွားသည်။

" ဦး အမေ့ကို ဘာတွေသွားပြောတာလဲ ၊ အမေ . .အမေ"

" ညိုပြာ့အမေ ကျေနပ်အောင်လို့ ဦး ပြောလိုက်တာပါ ၊ ဒေါ်ဒေါ်ကို ဆေးရုံပို့ရအောင် ညိုပြာ "

" လုပ်ပါဦး ဦးရယ် . . . အမေ့ကို ခေါ်လို့ မရတော့ဘူး . အမေ . . .အမေ "

ဒေါ်ရီဝေမှာ အသက်မရှိတော့ကြောင်း ဦးခန့်ကျော်စွာ သိလိုက်သည်။ ညိုပြာ့အတွက် စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



" ညိုပြာ . . . ဒေါ်ဒေါ် ဆုံးပြီ "

" ဟင် "

" ဦးကို အပြစ်တင်ပါ ညိုပြာ . . . မင်းအမေ လက်ခံအောင် ဦးက ပြောလိုက်မိတဲ့အတွက်ကြောင့်။ ဦး . . ဦး ဘာလုပ်ပေးရမလဲ "

" အမေ အမေရယ် ညိုပြာ့ကို ထားခဲ့ပြီလား "

အမေ စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားရပြီး ဆို့သွားတာပဲ ဖြစ်မည်။

" အမေ စိတ်ချမ်းသာအောင် ညိုပြာ လိမ်လိမ်မာမာ နေဖို့ ဆုံးဖြတ်ထားပြီးသားပါ အမေရယ် "

အမေ့ကိုယ်ကြီးကို ဖက်ပြီး ညိုပြာညက် ငိုရှိုက်ပစ်လိုက်သည်။

ပတ်ဝန်းကျင်က ဘာပြောမလဲ။

ညိုပြာနာမည်ပျက်တော့မှာ သေချာနေသည်။

" ပြန်ပါတော့ ဦးရယ် . . . ညိုပြာ တောင်းပန်ပါတယ် ညိုပြာနဲ့အမေ့ကို ခွဲလိုက်ရရင် ကျေနပ်ပါတော့ "

ဦးခန့်ကျော်စွာ သည်လောက်အထိ ဖြစ်သွားလိမ့်မည်ဟု မထင်မိခဲ့။ ဒေါ်ဒေါ့်ကို ငွေနှင့် စည်းရုံးမိသည်။

" အမေက ညိုပြာနဲ့ဦးကို အထင်လွဲနေတာ ၊ ညက ရိုက်တယ် အမေ ငိုတယ် ၊ အလုပ်မဆင်းနဲ့တဲ့ ၊ သူ စက်ချုပ်ကျွေးမယ်တဲ့ "

" ဦး တောင်းပန်ပါတယ် ညိုပြာ ၊ ဦး မှန်တူပြီး ပြောမိတာပါ ဒီအတွက် ညိုပြာ့အမေကိစ္စ ခမ်းခမ်းနားနားဖြစ်အောင် ဦး တာဝန်ယူပါရစေနော် "





အမေ့အသုဘအတွက် ညိုပြာ့မှာ ငွေမရှိတာတော့ အမှန်ပင်။ ဒါပေမယ့် ဦးခန့်ကျော်စွာနှင့် ပတ်သက်တာကို အမေက သဘောကျပါ့မလား။

" ညိုပြာ့မှာ ပိုက်ဆံရှိပါတယ် ဦး ၊ အမေက ဦးနဲ့ ပတ်သက်တာ ကြိုက်မှာ မဟုတ်ဘူး ၊ ပြန်ပါတော့နော် "

ဦးခန့်ကျော်စွာ ကျေးဇူးတွေက ရှိနေ၍ တင်းတင်းမာမာ မပြောတာပါ။

" ဦး မပြန်ဘူး . . . ဒေါ်ဒေါ်မှ မရှိတော့တာ မင်းအတွက် အားကိုးရာမဲ့နေမှာပေါ့ . . . ဦး တာဝန်ယူရမှာပဲ "

သူ့ကြောင့် ခင်ညိုပြာညက်အမေ ကွယ်လွန်သွားရသည်။

ပြီးတော့ ခင်ညိုပြာညက်က တစ်ယောက်တည်း ဖြစ်သွား၍ မသင့်တော်ပေ။

ဦးခန့်ကျော်စွာ တာဝန်ယူရမည်။ရပ်ကွက်ထဲမှာ လူတွေက လည်း ညိုပြာ့ကို အတင်းပြောကြသည်။

အဘိုးကြီးကို ချိုင်လို့ ညိုပြာ့အမေ ရှက်ပြီး သေသွားရတာတဲ့။

မထူးတော့ . . ပတ်ဝန်းကျင်ကို အရွဲ့တိုက်ပြီး အမေ့အသုဘကို အခမ်းနားဆုံး လုပ်ပေးလိုက်သည်။ ဦးခန့်ကျော်စွာ ငွေတွေကို အထပ်လိုက် ထုတ်ပေးခဲ့၏။ မျက်နှာ မငယ်ရ။

အမေက မွေးကတည်းက ဆင်းရဲနွမ်းပါးတဲ့ဘဝမှာပဲ နေခဲ့ရ၏။

နောက်ဆုံးခရီး . . ။

တမလွန်ဘဝကို ကူးပြောင်းသွားတဲ့အမေ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အတွက် ရည်မှန်းပြီး လှူဒါန်းမှုတွေ အကြီးအကျယ် လုပ်ခဲ့သည်။ ရေက်လည်တဲ့နေ့ . . .

တစ်ချပ်ကွက်လုံး ဖိတ်၍ ထမင်းကျွေးမွေး အလှူလုပ်ခဲ့သည်။ ဘုန်းကြီးတွေကို သင်္ကန်း၊ ထီး၊ ဖိနပ် လှူဖွယ်ပစ္စည်းတွေ လှူပေးလိုက်၏။

အမေ သဘောမကျတဲ့အလုပ်ကို သမီးလုပ်တာ မဟုတ်ပါဘူး အမေရယ် . . .။ နောင်သံသရာ အဆက်ဆက် အမေဆင်းရဲတဲ့ဘဝမှာ မနေရအောင်ပါ။ သမီးမှာ ပိုက်ဆံမှ မရှိတာ။ ဦးခန့်ကျော်စွာပဲ ပေးမယ့်သူ ရှိနေတာပဲ မဟုတ်လား။

အမေ့ကို တမ်းတပြီးတော့ ရင်ထဲမှာ တတွတ်တွတ် ပြောနေမိသည်။ ရည်လည်ပြီးတော့ ဦးခန့်ကျော်စွာ ဝယ်ပေးတဲ့တိုက်ခန်းမှာ လိုက်နေ၏။ အမေ့အတွက် အိမ်ရောင်းရငွေတွေကိုလည်း ကျောင်းဆောက်ဖို့ လှူလိုက်သည်။ညိုပြာ့ဘဝက သန်းခေါင်ထက်မှ ညဥ့်မနက်နိုင်တော့တာပဲ။

မထူးဇာတ် ခင်းပစ်လိုက်၏။ ဦးခန့်ကျော်စွာက ညိုပြာနှင့်အတူ လာနေ၏။ တရားဝင်တော့ မဟုတ်။

ပတ်ခန်းကျင်ကတော့ ရိပ်မိချင်ရိပ်မိနေပေမယ့် ညိုပြာတို့က ဟန်မပျက်။ ညဘက်မှာ ညိုပြာနှင့်အိမ်ဖော်မိန်းမကြီးတစ်ယောက် အတူ နေကြရသည်။

သူမနှလုံးသားထဲမှာ နာကျင်မှု ဝေဒနာတွေ ခံစားနေရပေမယ့် အခုစိတ်တွေတော့ ကုန်ဆုံးသွားခဲ့ပါပြီ။

~ ~ ~



အခန်း - ၁၄

" ညိုပြာ "

" ဟင် . . .ကိုနေ "

" ညိုပြာ့အမေ ဆုံးသွားပြီဆို "

" ဟုတ်တယ် ကိုနေ "

" ဦးခန့် ပြောတာ ၊ အခု ဦးခန့်က ညိုပြာနေဖို့ တိုက်ခန်း ဝယ်ပေးထားတာလား "

" ဟို . .ဟို ညိုပြာ အလုပ်ဆင်းရတာ ဝေးလို့ပါ၊ အိမ်ဖော်မကြီး တစ်ယောက်နဲ့ နေတယ် "

ကိုနေ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ညိုပြာ လန့်သွားရသည်။ အရောင်းခန်းမကို မလာပေ။ ညိုပြာသိက္ခာကျမှာစိုး၍ ကိုနေ မလာတော့တာပဲ ဖြစ်သည်။

" ညိုပြာရယ် . . .ကိုနေ စာမေးပွဲဖြေနေလို့ မလာဖြစ်တာပါ။ အခုတောင် သူငယ်ချင်းတစ်ယောက်ဆီ လာတုန်း ညိုပြာနဲ့ တွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်တည်းဆိုတော့လည်း ဦးခန့်က တာဝန်ယူထားတာ ဖြစ်နိုင်သည်။ ညိုပြာက လုပ်ငန်းကျွမ်းကျင်ပြီး ကြိုးစားနေတဲ့ မိန်းကလေးတစ်ယောက်။ ဦးခန့် သဘောကျနိုင်သည်။ ချမ်းသာတဲ့ဦးခန့်မှာ တိုက်ခန်းတွေ အများကြီး ရှိနေ၏။

" ဦးခန့်လို အလုပ်ရှင်တစ်ယောက်နဲ့ တွေ့ရတာ ညိုပြာ ကံကောင်းတယ် ၊ တခြားသူတွေဆို ညိုပြာ့ကို ဝင်ပြီး ဖန်ပစ်မှာ "

" ကိုနေနော် . . . ဘာတွေလာပြောနေတာလဲ "

" အကောင်းပြောတာ . . . ဦးခန့်ကတော့ ယုံရပါတယ် ၊ အန်တီဝါဆို့အပေါ် သိပ်ချစ်ပြီးသစ္စာရှိတယ် "

ကိုနေတို့ သိကျွမ်းခင်မင်ခဲ့ရတဲ့ သက်တမ်းတစ်လျှောက်မှာ ဦးခန့်လောက် ကိုယ်ကျင့်တရားနှင့် အိမ်ထောင်ရှင်ပီသမှု မရှိခဲ့ပေ။

" ကိုနေ့ဒက်ဒီတောင် တစ်ခါတလေ ကောင်မလေးတွေနဲ့ ကဲတတ်သေးတယ် ၊ ဦးခန့်ကတော့ လုံးဝကင်းတယ် "

" တော်ပါတော့ ကိုနေရယ် ၊ ညိုပြာ အလုပ်သွားတော့မယ်"

ကိုနေရဲ့စကားတွေကို ညိုပြာညက် မကြားရဲအောင် ဖြစ်သွားမိသည်။

ဦးခန့်က နာမည်တစ်လုံးနဲ့ နေတဲ့သူတဲ့။ညိုပြာတို့အကြောင်း သာသိသွားရင် ကိုနေ အထင်သေးသွားမလား . . .။

ကိုယ်ကျင့်တရားနှင့် အိမ်ထောင့်အပေါ်မှာ သစ္စာကြီးမားတဲ့ ဦးခန့် ပျက်စီးရတာ ညိုပြာ မြူဆွယ်လို့ဟုပဲ ထင်တော့မှာပါ။

" ကိုနေ လိုက်ပို့မယ် "





" မပို့ပါနဲ့ . . . တော်ကြာ အရောင်းကောင်ဘာက စာရေးမတွေထဲမှာ ညိုပြာ နာမည်ပျက်နေပါ့မယ် "

" မဆိုင်တာပဲကွာ "

" ဆိုင်တာပေါ့ . .ကိုနေလို သူဌေးသားတစ်ယောက်ကို မြူဆွယ်တာလို့ အထင်မခံနိုင်ဘူး "

ကိုနေ မလာအောင် ညိုပြာ အမျိုးမျိုး ပြောနေမိသည်။

ငိုချင်လာမိသည်။

ကိုနေတို့ အသိုက်အဝန်းက အထင်ကြီးနေတဲ့ဦးခန့်ကျော်စွာက သူမကို ဖျက်ဆီးလိုက်တာပါ။ ညိုပြာဟာ ချမ်းသာချင်ဘာတစ်ခုတည်းအတွက်နဲ့ ဦးခန့်ကျော်စွာ မမြူဆွယ်ခဲ့ပါဘူး။

အမှန်ပါ ကိုနေရယ်။ ရှင်းပြရင်လည်း ပိုရှုပ်ကုန်တော့မှာမို့ ကိုနေ့ကိုပဲ ခွာဖို့ ကြိုးစားရမည်။ ဆက်ပတ်သက်လို့ မဖြစ်ဘူး။

ဦးခန့်ကျော်စွာကလည်း သဝန်ကြောင်စွာ ဒေါသထွက်မှာ သေချာသည်။ ညိုပြာ သိနေသည်။ ရှုံးသွားဖို့ ဦးခန့်ကျော်စွာ မကြာခင်လာတော့မှာ မဟုတ်လား . . .။

" ကိုနေ ပြန်ပါတော့နော် ၊ နောက်နေ့မှ တွေ့မယ် ၊ လောလောဆယ် ပြောင်းလာကာစနဲ့ ပတ်ဝန်းကျင်က တမျိုးထင်သွားမှာစိုးလို့ပါ"

" ညိုပြာ "

" ဟင် "

" ဒက်ဒီတို့ကို ညိုပြာနဲ့ ကိုနေ့ကိစ္စ ဖွင့်ပြောမယ် "

" ဘာကိစ္စလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ချစ်နေကြတဲ့ အကြောင်းတွေပေါ့ . . . သဘောတူတယ်ဆိုရင် ညိုပြာ လက်ထပ်ရမယ်၊ ကိုနေ့ချစ်သူကို တစ်ယောက်တည်း ထားရတာ စိတ်မချတော့ဘူးကွာ "

" သဘောတူမှာ မဟုတ်ပါဘူး ကိုနေရယ်၊ ညိုပြာ့ကို မေ့ပစ်လိုက်ပါတော့ . . .ကိုနေ့ဘဝမှာ ညိုပြာထက် ချောတဲ့ဂုဏ်ရှိတဲ့မိန်းကလေးတွေ အများကြီးပါ "

" ကိုနေက ညိုပြာ့ကိုပဲ ချစ်တာပဲ၊ တခြား ဘယ်မိန်းကလေးမှ လက်မထပ်ဘူး . . . အထင်လည်း မကြီးဘူး "

ညိုပြာ ထိုင်ငိုပစ်ချင်လောက်အောင် ခံစားသွားမိသည်။

သူမ၏ဘဝက မသန့်ရှင်းတော့။ ကိုနေ့ရဲ့ဖြူစင်သန့်စင်တဲ့ အချစ်တွေနဲ့ မတန်တော့ပါဘူး ကိုနေရယ်။

" ညိုပြာရယ် . . . ကိုနေ့အချစ်တွေကို မငြင်းဆန်ပါနဲ့ . . . ဒက်ဒီတို့က သဘောတူတူ မတူတူ ကိုနေကတော့ နိုးပြေးမှာပဲ၊ ကျောင်းကလည်း ပြီးသွားပြီ၊ ဘာမှ မပူရတော့ဘူး ။ ကိုနေ စီးပွားရှာတတ်ပါတယ်၊ အလုပ်လုပ်မယ် ၊ ချစ်သူအတွက် ပင်ပန်းချင် ပင်ပန်းပါစေ "

" တော်ပါတော့ ကိုနေရာ . . . စိတ်ကူးယဉ်တာမျိုး ညိုပြာ မကြိုက်ဘူး . . . လူကြီးတွေ သဘောမတူဘဲ ဘာမှမလုပ်ပါနဲ့ ကိုနေ"

လူကြီးတွေ သိသွားရင် သဘောမတူဘူး ဆိုတာ ညိုပြာ သိနေသည်။ ကိုနေ ဖွတ်နိုးပြေးမှာစိုး၍ လူကြီးတွေနှင့် ခြိမ်းခြောက်ထားရ၏။

" ကိုနေ ပြန်တော့ . . . လူကြီးတွေ သဘောတူရင် ညိုပြာ အချိန်မရွေး လက်ထပ်မယ် . . .ဒါပဲ "





" ညိုပြာတကယ်ပြောတာလား "

" အင်း "

" ကိုနေ့အချစ်တွေကို ဘာဖြစ်လို့များ အသိအမှတ် မပြုချင်ရတာလဲကွာ "

ကိုနေ စိတ်ထဲမှာ အားမလို အားမရ ဖြစ်သွားမိသည်။

ချစ်ရတဲ့ ညိုပြာက မာနကြီးနေ၏။ ငြင်းဆန်နေဆဲပင်။

" ကိုနေ ဘွဲ့ရတော့မှာပဲ၊ ညိုပြာ့ကို အလုပ်လုပ်ကျွေးနိုင်ပါပြီ"

" လူကြီးတွေ စိတ်ဆင်းရဲရမယ့် အလုပ်တွေကိုတော့ ညိုပြာ ဘယ်နည်းနဲ့မှ မလုပ်ချင်ဘူး၊ သူ့ဌေးသားကို ချိုင်တာလို့လည်း ညိုပြာ အပြော မခံနိုင်ဘူး "

ညိုပြာ့အနားသို့ ကပ်လာပြီး လက်ကလေးကို ဆွဲယူလိုက်သည်။

" ကိုနေနော် . . .အဲဒီလို မလုပ်နဲ့၊ ညိုပြာ မကြိုက်ဘူး "

" ညိုပြာ ကိုနေ့ကို ချစ်တယ် မဟုတ်လားဟင် "

သူမမျက်ဝန်းလေးတွေက သူ့အပေါ် မစိမ်းကားဘူး ဆိုဘာ၊ မာနပြနေသည်။ အသည်းယားအောင် ညိုပြာအမူအရာလေးတွေက ဖန်တီးပေးနေသလိုပင်။

" ကိုနေနော် . . . ညိုပြာ့ကို မိန်းကလေးတစ်ယောက်တည်း နေတယ်ဆိုပြီး အထင်သေးတာမျိုးလား "

ညိုပြာ ပျော့နေ၍ မဖြစ်တော့မှန်း ရိပ်မိသဖြင့် လေသံမာသွားသည်။ စိတ်ဆိုးဟန် ပြလိုက်မိ၏။

" ကိုနေ ပြန်ပါ့မယ်ကွာ . . . နောက်နေ့မှ တွေ့မယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာ မကြိုက်ဘူးဆိုရင်လည်း ကိုနေ ဘာမှ မလုပ်ပါဘူး ''

ညိုပြာ့ကို စူးခနဲ တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားသည်။ ကားထွက်သွားသံကို ကြားရ၏။

ဆိုဖာဆက်တီပေါ် ထိုင်ချလိုက်ပြီး မျက်ရည်တွေ ပြည့်ဝိုင်းလာသည်။

'' ကလေးမရယ် . . .ဒီကောင်လေးက ကလေးမကို သိပ်ချစ်နေတာ . . သူ့ကိုပဲ ယူပါလား ''

အိမ်ဖော်အဒေါ်ကြီးက ညိုပြာ့ကို နူးမြေ့စွာ ပြောလိုက်သည်။

'' ကောင်လေးကလည်း ချမ်းသာတာပဲဟာ ၊ ဦးခန့်ကျော်စွာက တစ်သက်လုံး အတည်ယူမလား ၊ ကောင်မလေးပဲ ဒုက္ခရောက်မှာ ''

ရိုးသားတဲ့အဒေါ်ကြီးမို့ ညိုပြာ့ကို စေတနာနဲ့ ပြောနေတာပါ။

ကိုနေက သူမကို သိပ်ချစ်မှန်း ညိုပြာ သိပါတယ်။

သူမဘဝက မသန့်ရှင်းတော့။သိပ်ချစ်လို့ပါ ကိုနေရယ် . . .။

'' တီ . . .တီ . . .''

'' ဦးခန့်ကျော်စွာ လာပြီထင်တယ် . . . ကလေးမ အလှပြင်လိုက်ဦး ''

အဒေါ်ကြီးကို အမေတစ်ယောက်လိုပင် ညိုပြာ သဘောထားမိ၏၊ ညိုပြာ့ကိုလည်း သနားနေတတ်၏။ အမေ မရှိလို့တဲ့။

'' အဒေါ်လည်း အမေဆုံးသွားကတည်းက အိမ်ဖော်လေးဘဝ ရောက်သွားရတာပဲ ''

အဒေါ်ကြီးက သူ့ဘဝကို မကြာခဏ ပြောပြတတ်သည်။





ညိုပြာ အခန်းထဲ ဝင်လာခဲ့ပြီး မျက်ရည်တွေခြောက်သွားအောင် ပြုပြင်လိုက်၏။ ဦးခန့်ကျော်စွာ ဝင်လာသည်။ နောက်မှ သိုင်းဖက်လိုက်ပြီး သူမကို နမ်းလိုက်၏။

'' ညိုပြာက သိပ်လှတာပဲကွာ . . . ဘယ်အချိန်ပဲ ကြည့်ကြည့် စွဲမက်စရာ ကောင်းနေတယ် ''

ညိုပြာ စိတ်မသက်မသာကြီးနှင့် ဟန်ဆောင်ပြုံးနေရသည်။

'' ညိုပြာ အလှပြင်ပြီးသွားရင် သွားကြရအောင် . . . ဦး လက်ဆောင်တစ်ခု ပေးမလို့ ''

'' ဘာလဲဟင် ဦး ''

'' နောက်တော့ သိရမှာပေါ့ ''

ဦးခန့်ကျော်စွာက ညိုပြာ့လက်ကလေးကို ဆုပ်ကိုင်ပြီး ခေါ်လာသည်။ ကားလေးနား ရောက်သွား၏။

'' ဦးက ကားအသစ် စီးလာတာကို ''

'' ညိုပြာ့အတွက် ဦး ဝယ်လိုက်တာ ၊ ရော့ . . . ကားသော့။ ဦးရဲ့ ချစ်သက်လက်ဆောင် ''

ဦးခန့်ကျော်စွာက ကားမောင်းသင်ပေးထား၍ ညိုပြာ မောင်းတတ်နေသည်။ ကားလေးက အလှအပတွေ ဆင်ထားပြီးသား။ သစ်လွင်တောက်ပြောင်နေသည်။

ဦးခန့်ကျော်စွာက ပီတိတွေဖြာဝေနေတဲ့အပြုံးဖြင့် ကြည့်နေ၏။ ညိုပြာ မပျော်နိုင်။ ကိုနေ့မျက်နှာကို မြင်ယောင်ပြီး သူမနှလုံးသားတွေ နာကျင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာနဲ့ သူမအကြောင်းကို မသိတဲ့ကိုနေကတော့ သူမကို လက်ထပ်ခွင့်ရဖို့ ကြိုးစားနေမှာပါ။

" ညိုပြာ "

" ဟင် "

" သဘောကျရဲ့လား "

" ကောင်းတယ် ဦး . . . ညိုပြာ သဘောကျပါတယ် "

" ညိုပြာ့အတွက် ဦး ဘာမဆို ဖြည့်စွမ်းပေးဖို့ အဆင်သင့်ပါပဲကွာ "

သူမနှင့် တရားဝင်လက်ထပ်ဖို့တော့ ဦးခန့်ကျော်စွာ အဆင်သင့်ဖြစ်ချင်မှ ဖြစ်မှာပါ . . . ဒေါ်မြတ်ဝါဆိုကို စွန့်မလား။

အိမ်ဖေါ်အဒေါ်ကြီးပြောသလို သည်ဘဝမှာ တစ်သက်လုံး နေသင့် ၊ မနေသင့် စဉ်းစားနေမိသည်။

" ဘာတွေ စဉ်းစားနေတာလဲ ညိုပြာ ၊ ကားကို သဘောမကျလို့လား . . . ဦးဘာလိုအပ်နေလဲ ပြောလေ . . အားမနာနဲ့နော် "

" ဦး "

" ပြော "

" ဦးကို ညိုပြာ တစ်ခုတော့ တောင်းဆိုချင်တယ် "

" တစ်ခု မကာဘူးညိုပြာ ၊ အများကြီး တောင်းဆိုပါ "

ဦးခန့်ကျော်စွာကို ညိုပြာ စိုက်ပြီး ကြည့်ပစ်လိုက်မိသည်။

သူမကို ချစ်တယ်ဆိုတဲ့ ဦးခန့်ကျော်စွာရဲ့စိတ်ကို စိမ်းကြည့်ချင်မိ၏။





" ညိုပြာ့ကို ချစ်ရဲ့လား ဦး "

" ဘယ်လိုမေးလိုက်တာလဲ ညိုပြာ ၊ ချစ်လို့ ဦးရဲ့ဂုဏ်သိက္ခာတွေ ကိုယ်ကျင့်တရားတွေကို စွန့်လွှတ်ခဲ့တာပေါ့ "

" ဒေါ်မြတ်ဝါဆိုကို စွန့်လွှတ်ရမယ်ဆိုရင်ရော . . . "

" ဘာပြောတယ် ညိုပြာ "

ဦးခန့်ကျော်စွာတစ်ယောက် ညိုပြာ့စကားကြောင့် တုန်လှုပ်ချောက်ချားသွားမိသည်။ ညိုပြာက ပြောလိုက်တာ . . .

ဒေါ်မြတ်ဝါဆိုကို စွန့်လွှတ်ရမယ်ဆိုရင်ရောတဲ့ . . .။

" ဖြေလေ ဦး "

" ညိုပြာ ဘာပြောတာလဲ "

" ဒေါ်မြတ်ဝါဆိုကို ကွာရှင်းပြတ်စဲပြီး ညိုပြာနဲ့ တရားဝင်လက်ထပ်ရဲပါ့မလား "

ညိုပြာ သည်လို တောင်းဆိုလိမ့်မည် ဟု ဦးခန့်ကျော်စွာ မစဉ်းစားမိ။ အကြည့်က စူးရှနေသည်။

ခင်ညိုပြာညက်ကို တရားဝင်လက်ထပ်ယူရလိမ့်မည် ဟု မတွေးထားပေ။ စည်းစိမ်ဥစ္စာတွေနှင့် မျှားထားလျှင် ပြီးရော ဟုသာ သဘောထားခဲ့သည်။

" ဦး . . . ညိုပြာ တောင်းဆိုတာကို မလိုက်လျောနိုင်တော့ဘူးလားဟင် "

ခင်ညိုပြာညက်ညက် မေးခွန်းကို ဘယ်လို ဖြေရမှန်းပင် မသိ။

" ဒေါ်မြတ်ဝါဆိုကို ဦး မစွန့်လွှတ်နိုင်ဘူး မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



“ ဂါဆိုမှာ အပြစ်မှ မရှိတာပဲ ညိုပြာ ”

“ အပြစ်ရှိတာက ညိုပြာပေါ့ ”

“ ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ဦးပြောချင်တာက ဟို . . ဦး ဘာပြောရမလဲ . . . ဒီအတိုင်းလည်း နေလို့ ဖြစ်တာပဲ ညိုပြာ ”

ခင်ညိုပြာညက် မျက်ဝန်းလေးတွေက တင်းမာသွားသယောင် ဖြစ်သွားသည်၊ ဦးခန့်ကျော်စွာ လန့်သွား၏။ စိမ်းလွန်းတဲ့အကြည့်တွေ။

“ ရှင် . . . ရှင့် ကျွန်မကို တစ်သက်လုံး အပျော်မယားအဖြစ် ထားတော့မှလား ဦးခန့်ကျော်စွာ ”

သူကလည်း ဦးခန့်ကျော်စွာရဲ့စိတ်တွေကို စမ်းကြည့်လိုက်တာပါ။ ဒေါ်မြတ်ဝါဆိုလို အပြစ်ကင်းတဲ့သူကို ကွာရှင်းလိုက်ပြီး ညိုပြာက လုယူပုံမလား . . .။ သည်လောက်ထိတော့ ညိုပြာညက် မယုတ်မာသေးပါဘူး . . ဦးခန့်ကျော်စွာ။

“ ညိုပြာ ”

ညိုပြာ နှုတ်ခမ်းလေးတွေ စုထော်ပြီး အခန်းထဲ ပြန်ဝင်ခဲ့သည်။

“ ဦး ရှင်းပြပါရစေ ညိုပြာ ”

“ မရှင်းပြပါနဲ့နော် ၊ ညိုပြာ ဘာမှမသိချင်ပါဘူး ”

“ ဦးလေ ဝါဆို့ကို မကွာရှင်းနိုင်တာထက် မရက်စက်ချင်တာပါ အပြစ်ရှိတာက ဦး ”

ညိုပြာ အခန်းထဲ ဝင်လိုက်ပြီး တံခါးကို ပိတ်ထားလိုက်သည်။

“ ညိုပြာ . . ညိုပြာ တံခါးဖွင့်ပါဦး . . . ဦး ရှင်းပြတာတွေ သေသေချာချာ နားထောင်ပါ ”





“ ဟင့်အင်း . . ဟင့်အင်း နားမထောင်ချင်ပါဘူး . . ရှင်းပြမနေနဲ့တော့ . . . ဦး ပြန်ပါ ”

“ မပြန်ဘူးကွာ . . . ညိုပြာ အထင်လွဲနေတာ ဦးလက်မခံလို့ ရှင်းပြခွင့်ပြုပါ ”

“ ဦး ပြန်ပါ . . စဉ်းစားပြီးမှ ညိုပြာဆီ ပြန်လာခဲ့၊ ဒေါ်မြတ်ဝါဆိုကို ကွာရှင်းပြတ်စဲနိုင်တဲ့နေ့ ညိုပြာ စောင့်နေမယ် ”

“ ညိုပြာရယ် ”

ဦးခန့်ကျော်စွာ စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားနေရသည်။ နှလုံးသားတွေက ရူးရူးနာနာကျင်နေသည်။ သူ ခင်ညိုပြာညက်ကို ချစ်မိ၍ ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ ပျက်ပြားသွားမိသည်။ အသိတွေ ဝင်လာ၏။ ပတ်ဝန်းကျင်အသိုက်အဝန်းတွေက ခင်ညိုပြာညက်နှင့် သူ့အကြောင်းတွေ မသိသေး။

သူ့ကိုယ်ကျင့်သိက္ခာကို အထင်ကြီးနေကြဆဲပင် ရှိနေသည်။

ဘာလုပ်ရမလဲ . . . ဝါဆို့ကို ကွာရှင်းရမလား။

ညိုပြာညက်ကိုပဲ စွန့်လွှတ်လိုက်ရမလား ဆိုတာ စဉ်းစားရမည်။

ရင်တွေ ပူလောင်လာသည်။ ဆောက်တည်ရာ မရအောင် ခံစားမှုတွေက ပြင်းထန်နေသည်။

ခင်ညိုပြာညက်ရယ် . . . မင်း ဘာဖြစ်လို့များ ဦးအပေါ် ရက်စက်ချင်ရတာလဲ . . . အလုပ်ခွင်သို့ မသွားတော့။

အိမ်ပဲ ပြန်လာခဲ့တော့သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၁၅

" အဒေါ် . . .ခင်ညိုပြာညက် ပြန်ရောက်ပြီလား ခင်ဗျာ "

" အေး . . . ရှိတယ်ကွယ့် ၊ နေမကောင်းလို့ အိပ်နေတယ်။ မင်းကဲ့ တွေ့ချင်လား မတွေ့ချင်လား မသိဘူး "

" ညိုပြာ နေမကောင်းဘူး . . .ဟုတ်လား အဒေါ်၊ ဆေးခန်း မသွားဘူးလား "

" မသွားပါဘူးကွယ် ၊ ခဏထိုင်ဦးနော် "

ကိုနေတစ်ယောက် ညိုပြာ နေမကောင်းဘူးဆို၍ စိတ်ထိခိုက် သွားရသည်။ ညိုပြာ့ကို သူ ပြောစရာတွေ ရှိလို့ လာခဲ့ခြင်း ဖြစ်၏။

ဝမ်းသာစရာပါ။ ဒက်ဒီတို့က ညိုပြာနှင့် လက်ထပ်မှာကို မကန့်ကွက်ကြ . . သဘောတူကြသည်တဲ့။ ကိုနေ့အတွက် ဝမ်းအသာဆုံး အပျော်ရွှင်ဆုံးနေ့တစ်နေ့ပါ။ ညိုပြာ့ကို ထိုင်စောင့်ရင်း ရင်ခုန်နေမိတော့၏။

အကြာကြီးနေမှ . . . ညိုပြာက နွမ်းကျွေးတဲ့ခြေလှမ်းတွေနှင့် တစ်လှမ်းချင်း ထွက်လာ၏။ သူ့ရှေ့မှာ ဝင်ထိုင်၏။





" ညိုပြာ . . . ကိုနေ ညိုပြာ့ကို ဝမ်းသာစရာ ပြောမလို့ လာခဲ့တာ၊ ညိုပြာ နေမကောင်းဘူးလား . . အအေးမိတာလား။ ညိုပြာ တစ်ယောက်တည်း မနေသင့်ပါဘူး "

" ကိုနေ "

" ဟင် "

" ဘာပြောမလို့လဲ ပြော "

ဦးခန့်ကျော်စွာနှင့် ပြဿနာတက်ထား၍ ညိုပြာ စိတ်ရှုပ်နေမိ၏။ ဖုန်းလည်း မလာ။ လူလည်း မလာဘဲ ဦးခန့်ကျော်စွာ ပျောက်ချက်သား ကောင်းနေသည်။ခံပြင်းစိတ်တွေက ညိုပြာညက် ရင်ထဲမှာ ခက်ထန်နေ၏။

" ညိုပြာ "

" ပြော "

" ဒက်ဒီတို့က ကိုနေနဲ့ညိုပြာတို့ လက်ထပ်ဖို့ သဘောတူ တယ်တဲ့ "

" ညိုပြာ ဝမ်းမသာဘူလား . .သားချစ်ဖို့ပဲ အရေးကြီးတာပါတဲ့ ကိုနေ့ သဘောပဲ ၊ ညိုပြာ့ကို ခမ်းခမ်းနားနား လက်ထပ်ပါ့မယ် "

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက်သွားသည်။ ကိုနေ့မိဘတွေ က သဘောတူမယ် မထင်၍ ပြောလိုက်မိခြင်းပါ။

အခုတော့ . . . သဘောတူတယ်တဲ့။

" ညိုပြာ့စကားနဲ့ ညိုပြာပဲနော် . . .လူကြီးတွေ သဘောတူရင် ကိုနေ့ကို လက်ထပ်မယ်ဆိုတာ "

ချစ်သူက အားတက်သရော ပြောနေတာကို ညိုပြာ မနေသာနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနေရယ် . . . ညိုပြာ့ကို ဘာဖြစ်လို့ ချစ်မြတ်နိုးနေရတာလဲဟင် . .မတန်တော့ပါဘူး . ညိုပြာ့မှာက အမှားကြီးတစ်ခုကို ကျူးလွန်ထားပြီးပါပြီ။ ချမ်းသာချင်တဲ့ ညိုပြာ့စိတ်တွေက ညိုပြာ့ဘဝကို ဖျက်ဆီးပစ်လိုက်တာပါ။

" ညိုပြာ "

" ဟင် "

" ကိုနေ့ကို ချစ်တယ်မဟုတ်လား . . ဒက်ဒီတို့က ကိုနေတို့အချစ်ရေးကို မဟာန့်တားကြဘူးလေ၊ အခမ်းနားဆုံး လက်ထပ်ပေးမှာတဲ့"

ကိုနေက ပျော်နေသလောက် ညိုပြာက မပျော်နိုင်။

" ကိုနေနဲ့ ညိုပြာ လက်ထပ်ကြရအောင်နော် ညိုပြာ "

ကိုနေရယ် . . ညိုပြာ့ကို ဘာဖြစ်လို့ ပိုင်ဆိုင်ချင်ရတာလဲဆိုတာ မစဉ်းစားတတ်တော့ဘူး။

မသန့်ရှင်းတဲ့ညိုပြာ့ဘဝကို လက်မထပ်ချင်ပါနဲ့တော့။

" ကိုနေ့ကို ညိုပြာ လက်မထပ်နိုင်တော့ဘူး "

" ဘာပြောတယ် ညိုပြာ "

" လက်မထပ်နိုင်တော့ဘူးလို့ ပြောနေတာပါ "

" မင်း . . မင်း ဘာဖြစ်လို့ ဒီလို ဆုံးဖြတ်ရတာလဲ ၊ ကိုနေ့ကို မင်း ချစ်တယ် မဟုတ်လား ညိုပြာ "

အချစ်တွေကိုတော့ ညိုပြာ့နှလုံးသားထဲမှာပဲ သိမ်းထားပါရစေ။

ကိုနေ့ကို ချစ်တယ် . . . သိပ်ချစ်လို့ လက်မထပ်တာပါ။

" ချစ်တာက ချစ်တာပဲ ကိုနေ၊ လက်မထပ်ချင်တာက လက်





မထပ်ချင်တာပဲ . . ညိုပြာ ဒါပဲ ပြောတတ်တယ် ၊ ကိုနေ ပြန်ပါ "

" မပြန်ဘူး ညိုပြာ . . . မင်းပဲ ဒက်ဒီတို့သဘောဘူရင် ကိုနေနဲ့ လက်ထပ်မယ်ဆို "

" ကိုနေ့မိဘတွေက သဘောတူမယ် မထင်လို့ "

" ဘာ . . ."

" ဟုတ်တယ် . . . ရှင့်မိဘတွေက ကန့်ကွက်မယ် ထင်တာ။ သဘောတူတယ်ဆိုရင်တော့ ညိုပြာ့ဘက်က ကန့်ကွက်ရမှာပဲ "

" ညိုပြာ . . ကိုနေ့ကို အရူးလုပ်တာလား ၊ မင်း ကိုနေ့အချစ်တွေကို ဥပက္ခာ မပြုပါနဲ့ . . . မင်း ကိုယ့်ကို ချစ်တယ်မဟုတ်လား "

" အင်း "

" ချစ်ရင် လက်ထပ်ဖို့ ဘာဖြစ်လို့ ငြင်းရတာလဲ "

" ငြင်းသင့်တယ် ထင်လို့ "

" မရဘူးကွာမရဘူး။ ညိုပြာဆင်းရဲလို့ ကိုနေ့ကိုလက်မထပ်ချင်တာလား။ ဘာမှမစိုးရိမ်နဲ့၊ ဒက်ဒီတို့ အားလုံးသိတယ်၊ အဆင့်အတန်းမခွဲခြားတတ်ပါဘူးကွာ၊သမီးမရှိလို့ဝမ်းသာနေကြတာ၊သားချစ်ရင်ပြီးတာပဲတဲ့"

" တော်ပါတော့ကိုနေ၊ ဆက်မပြောနဲ့၊ ညိုပြာ့မှာ လက်မထပ်နိုင်တဲ့အကြောင်းရှိနေလို့ပါ။ကိုနေ ညိုပြာ့ကို ဘယ်တော့မှမပတ်သက်နဲ့တော့"

" ညိုပြာရယ် . . . ကိုယ့်ကို လက်မထပ်နိုင်တဲ့အကြောင်းတွေ ပြောပြစမ်းပါ ၊ အရာရာကို ကျော်လွှားနိုင်အောင် ကြိုးစားမယ် "

ညိုပြာ့ပုခုံးလေးတွေကို လှုပ်ယမ်းခါပြီး သူ မေးလိုက်မိသည်။ မျက်ဝန်းလေးတွေကို လိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မင်းမှာ ကိုနေ့ထက် ချစ်ရမယ့်သူ ရှိနေလို့လား "

" မရှိဘူး . . . ညိုပြာ့နှလုံးသားထဲမှာ ကိုနေပဲ ရှိတယ်။ အဲဒါတော့ ညိုပြာ ပြောပါရစေ "

" ကိုနေနဲ့ လက်ထပ်ဖို့ မင်းဘာဖြစ်လို့ ငြင်းနေရတာလဲ "

" အကြောင်းရှိလို့လို့ ညိုပြာ ပြောနေပြီပဲ "

" အဲဒီအကြောင်းကိုပြော "

" တစ်နေ့ သိလာမှာပါ . ညိုပြာ မပြောလည်း ပြောမယ့်သူတွေ တစ်ပုံကြီးပါ "

" မင်း ဘာတွေဖြစ်နေလဲ . . .ကိုနေ သိချင်တယ် "

" မပြောဘူး "

" ပြောရမယ် ၊ ကိုနေ တတ်နိုင်သလောက် ကူညီမှာပေါ့ "

" ကိုနေ့အကူအညီ မလိုချင်လို့ မပြောတာပေါ့ ၊ ဘယ်တော့မှ အကူအညီ မတောင်းဘူး ၊ ညိုပြာနဲ့ မပတ်သက်တာ အကောင်းဆုံးပဲ"

ညိုပြာ့မျက်ဝန်းကို သူ စူးစိုက်ကြည့်ပြီး အဖြေရှာမိ၏။ တစ်ခုခုတော့ တခုခုပဲ၊အဆင့်အတန်းမတူလို့ သူ့ကို အနှစ်နာမခံစေချင်တာလား။

" ကိုနေ့မိဘတွေက အဆင့်အတန်း မခွဲခြားတတ်ပါဘူး ညိုပြာ ကိုနေ့ချစ်သူ မျက်နှာ မငယ်စေရပါဘူး "

" ကိုနေပြန်တော့၊ဘာအကြောင်းနဲ့မှ ညိုပြာလက်မထပ်နိုင်ဘူး' ဦးခန့်ကျော်စွာနဲ့ ညိုပြာတို့ဇာတ်လမ်းတွေကို သူ သိလာရမှာပါ။ ဖုံးထားလို့မှ မရတာ။ ကိုနေရယ် . . . ညိုပြာကို မေ့လိုက်ပါ။ ကြာကြာနေလျှင် ကိုနေ့ဆန္ဒအတိုင်း ဖြစ်သွားနိုင်သည်။





သူမ နှလုံးသားကို သူမ သိနေ၍ ကိုနေ့ကို ပြန်နိုင်းနေရ၏။ မပတ်သက်ချင်။ ပျော့ညံ့တဲ့စိတ်တွေကို ထိန်းချုပ်နိုင်စွမ်း မရှိတော့။

" ညိုပြာ "

ကိုနေ့အကြည့်တွေက စိုလက်တောက်ပလွန်းသည်။ အားမလို အားမရဖြစ်နေပုံပင်။

" ကိုနေ့ဘဝမှာ မိန်းမချောလေးတွေ အများကြီး ရွေးချယ်လက်ထပ်ပိုင်ခွင့်ရှိနေတာ မင်းအသိပဲ မဟုတ်လား ညိုပြာ "

" သိတယ်လေ ၊ ညိုပြာပြောချင်တာက ကိုနေနဲ့လိုက်ဖက်မယ့် မိန်းကလေးတစ်ယောက်ကို ရှာပြီး . . ."

" တော်စမ်းကွာ , . . မင်းကို သိပ်ချစ်နေမှန်းသိလို့ ပြောနေတာလား ညိုပြာ "

ကိုနေ့အချစ်တွေကို ညိုပြာ အကြွင်းမဲ့ ယုံကြည်လက်ခံခဲ့ပြီးသားပါ။ မဖြစ်နိုင်တဲ့အခြေအနေတစ်ခုကို ညိုပြာ ရှင်းပြနိုင်တဲ့အင်အားတွေ မရှိလို့ . . .။

ငိုမိတော့မည်။ တဆတ်ဆတ်တုန်ယင်လာတဲ့ နှုတ်ခမ်းသားလေးတွေကို ထိန်းချုပ်ထားရသည်။ ညိုပြာ့အနားက သွားပါတော့။

" ညိုပြာ နေမကောင်းဘူး ကိုနေ ၊ အနားယူချင်တယ် "

" ယူပေါ့ . . .ကိုနေကတော့ ဒီမှာ တစ်နေကုန် နေမှာပဲ "

ကိုနေက ဖွတ်တရွတ် နေတတ်ပြောတတ်တာ ညိုပြာ သိသည်။ ဦးခန့်ကျော်စွာဘက်က ငြိမ်သက်တိတ်ဆိတ်နေ၍ ခံပြင်းစိတ်ဖြေ ဝင်လာမိ၏။ ညိုပြာ့ကို အရေးမစိုက်တော့ဘူးလား . . .။



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်လိုက်တဲ့သဘောဆိုရင်တော့ ညိုပြာ တင်းနေမိတာအမှန်။

ကိုနေ ရှိတာ ကောင်းတယ်။ ဦးခန့်ကျော်စွာ ပစ်သွားလည်း ညိုပြာ့ကို တင့်တင့်တယ်တယ် လက်ထပ်မယ့်သူ အဆင့်သင့်ရှိကြောင်း ပြောနိုင်သည်၊

" ညိုပြာ အနားယူတော့မယ် ၊ ကိုနေ့ကိုတော့ ညှော်မခံနိုင်ဘူးနော် . . .ပြန်လို့ ပြောထားပြီးပြီ "

ခင်ညိုပြာညက် သူမအိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။ ဦးခန့်ကျော်စွာ ကျေးဇူးကြောင့် ညိုပြာ အဆင့်အတန်းနှင့်တော့ နေရပါရဲ့။

လူမသိ သူမသိတဲ့ဘဝ။

ဘဝတစ်သက်လုံးအတွက် ညိုပြာ စဉ်းစားဆုံးဖြတ်သင့်ချိန် ရောက်ပြီ။ ဦးခန့်ကျော်စွာက ဘယ်အထိ ပေါင်းသင်းနိုင်မှာတဲ့လဲ. . .။

ဒေါ်မြတ်ဝါဆိုကို ဦးခန့်ကျော်စွာ မကွာရှင်းနိုင်ဘူးဆိုတာ သိလိုက်ရသည်။ ကိုနေနဲ့ လက်ထပ်လိုက်ရင် . . . ။

ဦးခန့်ကျော်စွာနှင့် သူမအဖြစ်အပျက်တွေကို လူတွေ သိပ်မသိကြပေ။ ရင်ထဲမှာ လေးလေးကြီး ဖြစ်သွားသည်။ မဖြစ်သေးပါဘူး။

ကိုနေ့ရဲ့ ခွင့်လွှတ်မှုတွေကလည်း ဘယ်အတိုင်းအတာထိ ရှိနေမှာလဲ . . .။ အိပ်ရာထဲမှာ လှဲနေမိသည်။ တစ်နေကုန်ပဲ။ သူမ မှေးခနဲ ပျော်သွားပြီး ပြန်နိုးလာတဲ့အချိန်ထိ ကိုနေ ရှိနေဆဲပင်။

" ကိုနေ မပြန်သေးဘူးလား အဒေါ် "

" မပြန်သေးဘူးကွဲ့ ၊ ကလေးမလေးကို စိတ်ပူလို့တဲ့ "

" ဒိတ်ညစ်တယ် "

**သူ့ရဲ့တောင်းစာပေတိုက်**



" ဒီသူငယ်လေးက မင်းကို သိပ်ချစ်ပုံပဲ . . .လက်ထပ်ယူလိုက်ပါလား ခင်ညိုပြာညက်ရယ် "

" မဖြစ်နိုင်တဲ့အခြေအနေကို အဒေါ်လည်း အသိဆုံးပဲဟာ"

" ဖွင့်ပြောလိုက်ပေါ့ "

" ဟင့်အင်း "

" ဘာဖြစ်လို့လဲ "

" ညိုပြာ့ကို သိပ်နာကြည်းသွားမှာစိုးလို့ "

မုန်းသွားတာနှင့် နာကြည်းသွားတာက မတူနိုင်ပေ။

ကိုနေ့အမုန်းကို သူမ ခံနိုင်သည်။ နာကြည်းသွားမှာ စိုးနေ၏။ ဒါကြောင့်လည်း သူမ လိမ်ညာပြီးလက်ထပ်ဖို့ မကြိုးစားခဲ့ပေ။ ဖွင့်ပြောဖို့ ဆိုတာလည်း တွန့်နေမိသည်။

" ကောင်လေး သနားပါတယ် . . . စကားလေး ဘာလေး ပြောလိုက်ပါ "

" အဒေါ် "

" ပြော "

" ဦးခန့်ကျော်စွာဆီက ဖုန်းလာသေးလားဟင် "

" မလာဘူးကွယ့် ၊ တစ်နေ့လုံး ဖုန်းသံတိတ်ဆိတ်နေတယ် "

ဖုန်းများ ပျက်နေသလားဟု တွေးမိပြီး ဖုန်းခွက်ကို ကိုင်လိုက်၏။ မပျက်ပေ။ နည်းနည်းတော့ ခံပြင်းစိတ်တွေ ဖြစ်ပေါ်လာရသည်။ ဦးခန့်ကျော်စွာက သူမကို စွန့်လွှတ်လိုက်တဲ့သဘောပဲလား။

သူမက စိတ်ကို စမ်းကြည့်လိုက်ခြင်းပင်။

**သူ့ရဲ့တောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာတို့ရဲ့အိမ်ထောင်ရေးကို မရည်ရွယ်ပါဘူး။

ရှင့်သဘောထားက သည်လိုကို။ မိန်းကလေးတစ်ယောက်ကို အချောင်ပေါင်းသင်းဆက်ဆံချင်တဲ့သူ။

အင်းလေ . . . ညိုပြာ့လို စည်းစိမ်ဥစ္စာကို နည်းလမ်းမကျစွာ လက်ခံချင်တဲ့မိန်းမအတွက် ဦးခန့်ကျော်စွာလို လူမျိုးနဲ့ပဲ တွေ့ရမှာပေါ့။

အမေ့ကို သတိရသွားမိသည်။ သမီးကို သည်လိုဘဝမျိုး အမေ ဘယ်တော့မှ မရောက်စေချင်ခဲ့ပေ။ သတင်းကြားရုံနှင့် အမေ စိတ်ထိခိုက်ပြီး ကွယ်လွန်သွားခဲ့ရသည်။ နောင်တ ရလာသလိုလိုပင်။

အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဧည့်ခန်းက ဆိုဖာတစ်ခုပေါ်မှာ ကိုနေ ထိုင်နေ၏။

" ညိုပြာ . . .နိုးပြီလား။ နေကောင်းရဲ့လား ၊ ကိုနေ စိတ်မချလို့ မပြန်ဖြစ်သေးတာ "

ညိုပြာ စိတ်တွေကို မနည်းထိန်းချုပ်ထားပစ်လိုက်ရသည်။ သူမကို သိပ်ချစ်တဲ့ ကိုနေ့ရင်ခွင်ထဲ တိုးဝင်ကာ ငိုပစ်လိုက်ချင်မိ၏။

ချစ်သူက တင့်တင့်တယ်တယ် လက်ထပ်မယ်ဆိုတော့ သူမဘက မတင့်တယ်။ ပတ်ဝန်းကျင်ရဲ့တံတွေးခွက်မှာမျောအောင် သူမကိုယ်တိုင်က လုပ်ခဲ့မိသည်။

" ညိုပြာ "

" ဟင် . . ."

" ဘာတွေ စဉ်းစားနေတာလဲ "

" ညိုပြာ့အကြောင်း "

**သူရဲတောင်းစာပေတိုက်**



" ကိုနေ့အကြောင်း မဟုတ်ဘူးလား "

" ဘာလို့ တွေးရမှာလဲ ၊ တွေးစရာမှ မရှိတာ "

" ညိုပြာ့အကြောင်းကရော ဘာတွေးစရာ ရှိလို့လဲ၊ ကိုနေနဲ့ လက်ထပ်ဖို့ သဘောတူဖို့ အကြောင်းလား "

" ကိုနေ "

ချစ်သူမျက်နှာကို တမက်တမော ကြည့်ပစ်လိုက်မိသည်။

" ဒီအခန်းနဲ့ကားက ဦးခန့်ကျော်စွာ ပစ္စည်းတွေဆိုတာ ကိုနေ သိတယ်နော် "

" သိတယ်လေ . . .ကိုနေနဲ့လက်ထပ်ပြီးရင်း ဒါတွေ ပြန်အပ်လိုက်ရုံပဲပေါ့ ၊ ဦးခန့်ကတော့ ညိုပြာ့အပေါ် သိပ်ကောင်းတာပဲနော်။ ကိုနေနဲ့ လက်ထပ်မယ်ဆိုရင်လည်း ဦးခန့် ဝမ်းသာမှာ "

ဦးခန့်ကျော်စွာကတော့ သူ့တာဝန်ကို ယူမယ့်သူရှိရင် သဘောကျမှာပါ။ ညိုပြာ့ကိုမှ လက်မထပ်ချင်တာ။

" ကိုနေနဲ့ လက်ထပ်ဖို့ ဘာဖြစ်လို့ ငြင်းနေရတာလဲကွာ၊ သဘောတူလိုက်ပါနော် ညိုပြာ . . . ဒက်ဒီတို့ကို ပြောပြီး ဦးခန့်ဆီမှာ လာတောင်းမယ် "

" ညိုပြာ စဉ်းစားပါရစေဦး . . .ကိုနေ မနက်ဖြန်မှ အဖြေပေးမယ် ၊ ညိုပြာ့ရင်ထဲမှာ ပြောစရာစကားတွေ အများကြီး ရှိသေးတယ်"

ဦးခန့်ကျော်စွာနှင့် အပြတ်ပြောဖို့ ဆုံးဖြတ်လိုက်မိသည်။ကိုနေ့ကိုပဲ လက်ထပ်မယ်။ သူမတစ်ဘဝလုံးအတွက်အကောင်းဆုံးက ကိုနေပါပဲ။

" ကိုနေ ပြန်တော့နော် "

**သူရဲတောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



" မနှင်ပါနဲ့ ညိုပြာ ပြန်မှာပါ ၊ မိန်းကလေးတစ်ယောက်တည်း နေတဲ့ အခန်းမှာ ယောကျ်ားလေးတစ်ယောက် ညမအိပ်သင့်ဘူးဆိုတာ ကိုနေ သိပါတယ် "

ညိုပြာ့မှာ နာမည်ရော၊ ဂုဏ်သိက္ခာပါ ပျက်ပြားနေပါပြီ ကိုနေ။ ပတ်ဝန်းကျင်ရဲ့တီးတိုးဝေဖန်သံတွေက ညိုပြာ့နားမှာ မဆန့်တော့ပါဘူး။

အဘိုးကြီးရဲ့ အငယ်တဲ့။ ရုပ်ကလေး သနားကမားနဲ့ ချူစားနေတဲ့ ကောင်မလေးတဲ့၊ ကဲ့ရဲ့ပြစ်တင်သံတွေ၊ မှဲ့ရွဲ့နေကြတဲ့မျက်ဝန်းအကြည့်တွေကို ညိုပြာ ရင်ဆိုင်နေရတာ။

ကိုနေ့ကို အဖြစ်မှန်တွေ ပြောဖို့ ညိုပြာ ဆုံးဖြတ်ထားမိသည်။

" ကိုနေ ပြန်မယ် ၊ ည တစ်ခုခု ဖြစ်ရင် ချက်ချင်း ဖုန်းဆက်ခေါ်နော် "

" ညိုပြာ့အပေါ် သံယောဇဉ်ကြီးလှချည်လား . . . ကိုနေရယ် "

ကိုနေက ညိုပြာ့နဖူးလေးကို ငုံ့နမ်းပြီး ထလိုက်သည်။

" ကိုယ်ပူလားလို့ စမ်းကြည့်တာနော် "

ပြောပြီး ပြန်သွားသဖြင့် ညိုပြာ ကြွေပြီး ကျန်ခဲ့ရသည်။

သူ . . . ညိုပြာ့အပေါ် ဘာဖြစ်လို့များ သည်လောက်ချစ်နေရတာလဲ။ ဦးခန့်ကျော်စွာနဲ့သူမအကြောင်းတွေ သိရင်ရော ခွင့်လွှတ်နိုင်ပါ့မလား ကိုနေရယ်။

မျက်ဝန်းထဲမှာ မျက်ရည်တွေက ပြည့်လာရတော့၏။

ငိုချင်တယ်။

~ ~ ~



## အခန်း – ၁၆

ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးနှင့် တစ်ရက် မတွေ့ရတာနှင့် ဦးခန့်ကျော်စွာ မနေတတ်အောင် သတိရတမ်းတနေမိသည်။

ရုံးလည်း မလာပေ။ နေမကောင်း၍ ဟု ခွင့်တိုင်ကြောင်း ဖြူဖွေးက ပြောသည်။ ဦးခန့်ကျော်စွာ သိနေ၏။

ခင်ညိုပြာညက်ဘက်က သူ့ကို စိန်ခေါ်လိုက်တာပဲ မဟုတ်လား။

ဘာလုပ်ရမလဲ . . . ချစ်ဖနီးဝါဆို့အပေါ်လည်း မျက်စက်နိုင်အောင် ဖြစ်နေမိသည်။

အပြစ်မရှိတဲ့ ဝါဆို။ ယောကျ်ားအပေါ် အယုံကြီးယုံကာ သူပြောသမျှပဲ အားလုံးကို ဖြစ်စေခဲ့သည်။ သူ့ဘက်က သစ္စာမဲ့တဲ့အလုပ်တွေကို ဘယ်တော့မှ မလုပ်ဘူးဟု ယုံကြည်ခဲ့သူ ဝါဆို။

" ကိုကို နေမကောင်းဘူးလား . ဘာအခက်အခဲတွေ ရင်ဆိုင်နေရလဲ ဝါဆို သိပါရစေ ၊ ဆိုးတူကောင်းဖက် ကူညီဖြေရှင်းရဝအောင်ပါ့ "

မျက်နှာမသာမယာဖြစ်နေ၍ ဦးခန့်ကျော်စွာကို ဝါဆိုက ဝေ့တွတ်



www.burmeseclassic.com

www.burmeseclassic.com



တွတ် မေးသည်။

" ဝါဆို သိပါတယ် . . ကိုကို အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်နေရတယ် မဟုတ်လား။ ပြောလေ . . .ဝါဆိုကို စိတ်မညစ်စေချင်တာနဲ့တော့ မပြောဘဲ မနေပါနဲ့ . . . ပြောပါ ကိုကိုရယ် "

ခင်ညိုပြာပြာညက်အကြောင်းတွေကို မပြောလို့ မဖြစ်ပေ။ ဝါဆိုနှင့် ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီး ညှိလိုက်မှ ဖြစ်မှာပါ။

" ဒေါ်မြတ်ဝါဆိုကို စွန့်လွှတ်နိုင်တဲ့နေ့ ဦး ပြန်လာပါ "

ခင်ညိုပြာညက်ကိုပဲ စွန့်လွှတ်လိုက်ရင် ကောင်းမလား။

သူ့နှလုံးသားတွေက လက်မခံ။ ကောင်မလေးကို ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေရသည်။ မခံစားနိုင်အောင် ဖြစ်နေရသည်။ တစ်ရက်ပင် မနေနိုင်။ မအိပ်နိုင်၊ မစားနိုင်နှင့် အပူမီးတွေ လောင်မြိုက်နေရသည်။

" ဆရာ "

" ဟင် "

" ဆရာ့ဇနီးဆီက ဖုန်းလာတယ် "

" ပေး . . .ပေး "

ဝါဆို့ဆီက ဖုန်းထက် ခင်ညိုပြာညက်ဆီက ဖုန်းကို သူ မျှော်နေမိသည်။ ကောင်မလေးကလည်း မာနကြီး၏။ မဆက်သွယ်ပေ။

" ကိုကို "

" ပြောလေ ဝါဆို "

" ကိုကို နေကောင်းရဲ့လား "





" ကောင်းပါတယ် "

" ဝါဆို စိတ်ပူလို့ . . . ကိုကို့လေသံက အားမရလိုက်တာ။ ရုံးကနေ စောစောပြန်ခဲ့နော် "

" အင်း "

" ကိုကို ဘာဖြစ်နေတာလဲကွာ . . . ဝါဆို သိပါရစေ ၊ ဝါဆိုသိတော့ ကိုကို့ရင်ထဲက အပူ သက်သာတာပေါ့ "

ချစ်ဇနီးရဲ့အားပေးမှုက သူ့အတွက် အင်အားတွေဖြစ်သွားရ၏။ ခွင့်လွှတ်စိတ်တွေနှင့် သူ့အခက်အခဲကို ဝါဆို ကူညီဖြေရှင်းပေးနိုင်မှာပါ။ မပြောလို့တော့ မဖြစ်ဘူး။

" ကိုကို ပြန်လာခဲ့နော် ၊ ဝါဆို လာကြိုရမလား "

" မလာပါနဲ့ ဝါဆို . . .ကိုကို ပြန်လာပါ့မယ် ၊ အလုပ်ကိစ္စရှိလို့ နည်းနည်းနောက်ကျချင် နောက်ကျမယ် "

" ဝါဆို ထမင်းမစားဘဲ စောင့်နေမယ်လေ "

" စားနှင့်ပါ ၊ ကိုကိုက ညစာစားပွဲ ရှိနေလို့ "

" ဝါဆို လိုက်ရဦးမလား "

" မလိုက်ပါနဲ့ ဝါဆို ၊ ပင်ပန်းပါတယ်ကွာ . . . သောက်ကြစားကြမှာ "

" ကိုကို့ကိုလည်း အတင်းတိုက်နေကြဦးမယ် ၊ အရင်ကတော့ ဝါဆို ရှိနေမှ ဖွတ်မတိုက်ကြမှာဆို "

" ဝါဆိုရယ် . . . ဒီညတော့ မလိုက်ပါနဲ့၊ ကိုကို့မှာ ရှင်းစရာကိစ္စလေး ရှိနေလို့ပါ "



www.burmeseclassic.com

www.burmeseclassic.com



" ကိုကို့အတွက် ဝါဆို အနားမှာ ရှိနေဖို့ လိုမလား "

ချစ်ဖနီးရဲ့အပြောလေးတွေကလည်း သူ့နှလုံးသားကို ထိခိုက်စေသည်။ သစ္စာတရားကြီးမားတဲ့ အိမ်ထောင်ရှင်အဖြစ် ဂုဏ်ယူခဲ့မိ၏။

မစဉ်းစားချင်ဘူး။ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းကာ ဘာမှ မလုပ်ချင်တော့။ ဝါဆိုက နှုတ်ဆက်ပြီး ဖုန်းချလိုက်သဖြင့် စိတ်မောသက်သာသွားရသည်။

" ဆရာ . . .ညှော်ခံပွဲ ရှိလို့လား "

" အေး "

" ကျွန်တော် လိုက်ဖို့ လိုသေးလား "

" မလိုဘူး "

ဦးခန့်ကျော်စွာ မျက်နှာတည်နေသဖြင့် မြူဖွေးတို့လည်း ငြိမ်နေကြသည်။

သူ ထိုင်မနေချင်တော့။ ညိုပြာညက်ဆီ သွားချင်တဲ့ဆန္ဒတွေသာ ပြင်းပြနေသည်။ အလုပ်ထဲမှာလည်း စိတ်မဝင်စား။ စိတ်သောကတွေ အကြီးအကျယ် ရောက်နေမိတော့သည်။

ရုံးဆင်းတော့ ညိုပြာ့ဆီသို့ ဝင်လာခဲ့၏။ ကိုနေ့ကားလေး ထွက်သွားတာကို ရိပ်ခနဲ မြင်လိုက်ရသည်။

ဒေါသတွေ ထောင်းခနဲ ထသွား၏။

သည်ကောင် . . . ညိုပြာနေတဲ့အခန်းကို ဘယ်လိုလုပ်ပြီး သိသွားတာလဲ မသိဘူး။ ဦးခန့်ကျော်စွာက လူတွေ မသိအောင် ထားတာ ကိုနေရောက် နေလို့ ညိုပြာ ရုံးကိုမလာတာလည်း ဖြစ်နိုင်၏။





သူ့အထောက်အပံ့ကို ယူပြီး သည်လိုလုပ်တာ သူ့ကို စော်ကားလိုက်ခြင်းပင်။ ညိုပြာက ညှော်ခန်းမှာ ထိုင်နေသည်။ အဒေါ်ကြီးက တံခါး ထဖွင့်ပေး၏။

"ကိုနေဆိုတဲ့အကောင် ဘယ်တုန်းက ရောက်နေတာလဲအဒေါ်"

" မနက်ကတည်းက မောင်ရင် ၊ ကလေးမ နေမကောင်းလို့ စောင့်ပေးနေတာတဲ့။ ပြန်ခိုင်းတာလည်း မပြန်ဘူး "

အဒေါ်ကြီးကလည်း အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

ဦးခန့်ကျော်စွာ ဒေါသတွေ အထွတ်အထိပ်သို့ ရောက်သွားရ၏။ ညှော်ခန်းထဲ ဝင်လာခဲ့သည်။

" မင်း ဘာအချိုး ချိုးတာလဲ ညိုပြာ "

ညိုပြာကတော့ အေးအေးဆေးဆေးပင် ဦးခန့်ကျော်စွာကို ရင်ဆိုင်လိုက်သည်။

" စိတ်အေးအေးထားပြီး ထိုင်ပါ ဦး ၊ ညိုပြာ့ကို လေသံမာမာနဲ့ ပြောစရာ မလိုပါဘူး "

ဦးခန့်ကျော်စွာ စိတ်တွေ လှုပ်ရှားနေသည်။

ဟန်ပင် မဆောင်နိုင်တော့။

" မင်း . . မင်း ကိုနေနဲ့ ချိန်းတွေ့တယ် မဟုတ်လား "

" မဟုတ်ဘူး "

" မင်း လိမ်တတ်နေပြီလား ညိုပြာ ၊ ကိုနေ ရောက်နေလို့ မင်း အလုပ်မဆင်းတာ မဟုတ်လား "

" အဲဒါတော့မဟုတ်ဘူး ၊ ဦးရဲ့ဆုံးဖြတ်ချက်ကို စောင့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာရဲ့ အရှိက်ကို အပြင်းထန်ဆုံး ထိုးနှက်လိုက်ခြင်းပင်။ ခေါင်းငိုက်စိုက်ကျသွားသည်။

" ကိုနေက သူ့သူငယ်ချင်းဆီ လာရင်းနဲ့ ညိုပြာကို တွေ့သွားတာပါ၊ ပတ်ဝန်းကျင်မှာက ဦးနဲ့ညိုပြာ သတင်းက ပြန့်နေပြီပဲ "

" ဘာ . . . "

တုန်လှုပ်ချောက်ချားသွားတဲ့အကြည့်တွေကို ညိုပြာ မြင်လိုက်ရသည်။ နှုတ်လမ်းလေးတွေ တွန့်ပြုမိ၏။

" မိန်းကလေးတစ်ယောက်ကို ဦးက တိတ်တိတ်ပုန်းပဲ ပေါင်းသင်းတာကိုး ၊ သတ္တိမရှိဘူး မဟုတ်လား "

ငြိမ်သက်နေတဲ့ ဦးခန့်ကျော်စွာရဲ့ ကိုယ်လုံးကြီးက လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

" ဦးကို အဲဒီလိုတော့ မပြောပါနဲ့ ညိုပြာ ၊ အခက်အခဲတွေ ဖြစ်နေလို့ပါ ၊ ပတ်ဝန်းကျင်မှာ မင်း မျက်နှာလည်း ငယ်ရမယ် "

" အခုလည်း ဘာထူးလို့လဲ ဦးရယ် . . . ညိုပြာ့နာမည်က ပျက်နေပြီပဲ "

ဦးခန့်ကျော်စွာရဲ့ အားနည်းချက်က လူတွေကို မတရား မလုပ်တတ်ခြင်းပင်။ သူ့ကြောင့် ခင်ညိုပြာညက်ဆိုတဲ့မိန်းကလေး နစ်နာသွားပြီလား။ ဖါဆို့ကိုလည်း မနစ်နာစေချင်ပေ . . .အခက်ကြီးခက်နေရသည်။

" ဦး "

" ပြောပါ ညိုပြာ "

" ညိုပြာ့ကို ဦး လက်မထပ်နိုင်ဘူး မဟုတ်လား "





" ဦး ဖြစ်စေချင်တာက ဘယ်သူမှ မနစ်နာစေချင်တာပဲ၊ ဖါဆို့မှာ ဘာအပြစ်မှ မရှိဘဲ ဦး ဘယ်လို ကွာရမလဲ "

" ဒေါ်မြတ်ဖါဆိုကို မကွာချင်ရင် ညိုပြာနဲ့ ဂဘမပတ်သက်ပါနဲ့တော့ "

" ဒီလိုလည်း မဟုတ်သေးဘူးလေ "

" ညိုပြာနဲ့ ကိုနေ လက်ထပ်တော့မယ် ၊ ဦး မနှောင့်ယှက်ဖို့ တောင်းပန်ချင်တာပါပဲ "

" ဘာပြောတယ် ညိုပြာ "

" ညိုပြာနဲ့ လက်ထပ်ဖို့ ကိုနေ့မိဘတွေက သဘောတူလိုက်ပြီ"

ညိုပြာ့စကားကြောင့် ဦးခန့်ကျော်စွာ ဒေါသကွေ ဖြစ်သွားရ၏။ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ ထိုင်နေရင်းကနေ ထလိုက်ပြီး ညိုပြာ့ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

" ငါ သဘောမတူနိုင်ဘူး။ ခွင့်မပြုနိုင်ဘူး။ မင်းဟာ ငါ့မိန်းမ၊ ငါ့ကို ဘာဖြစ်လို့ လာပြောရတာလဲ ညိုပြာ ၊ ငါ့ကို စိတ်သောကရောက်အောင် ဘာဖြစ်လို့ ပြောရတာလဲ "

ဦးခန့်ကျော်စွာ အရူးတစ်ယောက်လို အော်ဟစ်ပစ်လိုက်၏။

" ဦးနဲ့ညိုပြာက တရားဝင် လက်ထပ်ထားတာမှ မဟုတ်တာ၊ ညိုပြာ့အပေါ် ဆက်မယှတ်မာပါနဲ့တော့ "

" မင်း . . မင်း ဘာစကားပြောတာလဲ . . . ငါ လူယုတ်မာ မဟုတ်ဘူး ၊ မင်းကို သိပ်ချစ်မိလို့ လူပုံအလယ်မှာ မျက်နှာမပြရဲအောင် ဖြစ်နေရတယ် ခင်ညိုပြာညက် ၊ ဒါကိုရော မင်း သိသသမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးတွေထဲမှ မျက်ရည်တွေ စီးကျလာတာကို သူ တွေ့လိုက်ရသည်။

" မင်းလည်း အလိုတူလို့ ဒီကိစ္စတွေ ဖြစ်သွားကြတာ၊ ငါ့ကို လူယုတ်မာသဘောရောက်အောင် မလုပ်ပါနဲ့ "

သူ့ကို လူယုတ်မာတစ်ယောက်အဖြစ် ပတ်ဝန်းကျင်က မမြင်စေ ချင်ပေ။

" ညိုပြာ အတန်တန်ရှောင်တဲ့ကြားက ဦး ဖွတ်တိုးတာပဲ၊ အမေ သေရတာလည်း ဘယ်သူ့ကြောင့်လဲ ၊ ဦးကြောင့်ပဲ မဟုတ်လား"

ဦးခန့်ကျော်စွာ အင်အားချည့်နဲ့စွာဖြင့် ဆိုဖာပေါ် ပြန်ထိုင် လိုက်သည်။ ခေါင်းငိုက်စိုက်ကျနေ၏။ ဘာလုပ်ရမှန်းပင် မသိတော့။

" မင်းကိုငါ ယုတ်မာတာ မဟုတ်ပါဘူး ညိုပြာ၊ ချစ်လို့ပါ၊ ဒါပေမယ့် မဖြစ်သင့်ဘူး . . . အဲဒါ မဖြစ်သင့်တဲ့အဖြစ်အပျက် "

" အခုမှ ခေါင်းမရှောင်ချင်ပါနဲ့ ဦး . . . ညိုပြာအပေါ် ဦး မယုတ်မာဘူးဆိုရင် ကိုနေနဲ့ညိုပြာ လက်ထပ်ပွဲကို ဦး မနှောင့်ယှက်ဖို့ တောင်းပန်ပါရစေ "

သည့်လိုဆိုတော့လည်း ညိုပြာနှင့် ဝေရမှာကို တုန်လှုပ်နေမိ၏။ မစွန့်လွှတ်နိုင်။

တားဆီးထားမည်ဆိုရင်လည်း လူယုတ်မာကြီးတစ်ယောက် အဖြစ် ညိုပြာညက် ပြောတော့မည်။

" မင်း . .မင်း ဦးကို စွန့်ပစ်တော့မလို့လား ညိုပြာ "

" ညိုပြာနဲ့ဦး အခြေအနေက နောက်ဆုတ်သင့်နေပါပြီ "

သူ့ရဲ့တောင်းစာပေထိုက်



ညိုပြာညက်ရဲ့ ချမ်းသာကြီးပွားချင်တဲ့ဆန္ဒက မမှန်ကန်၍ ဒုက္ခ တွေ့ရခြင်းပင်။ ငါးစာကိုသာ မြင်သည်။ ငါးမျှားချိတ်ကိုတော့ သူမ တွေ့မြင်ခြင်း မရှိခဲ့။

ကိုနေ့ဘက်က အစစအရာရာ အဆင်ပြေနေပေမယ့် ညိုပြာ့ ဘဝက အမည်းစက် စွန်းနေရသည်။ လူ့ပတ်ဝန်းကျင်အသိုက်အဝန်းက ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ကိစ္စ . . . ပြစ်မှုတစ်ခုရှယ်ပါ။

ညိုပြာ့ကို သိပ်ချစ်တဲ့တန်ဖိုးထားသူ ကိုနေနှင့် ဝေးရတော့မည်။

ဦးခန့်ကျော်စွာ နှောင့်ယှက်လျှင် ညိုပြာညက် ဘာမှ မတတ် နိုင်ပေ . . .ပတ်ဝန်းကျင်မှာ မသင့်တင့်တော့။

" ညိုပြာ့ကို ငဲ့ညှာပါ ဦးရယ်နော် . . . ကိုနေနဲ့ လက်ထပ်ခွင့် ပြုပါ . . . ဦးနဲ့ပတ်သက်တာတွေကိုလည်း ညိုပြာ မေ့ပစ်လိုက်ပါပြီ "

" မင်းက လွယ်လွယ်နှင့် မေ့ပစ်နိုင်ပေမယ့် ငါကတော့ မမေ့ ပစ်နိုင်ဘူး ညိုပြာ ၊ ငါ့နှလုံးသားတွေက မင်းကို မစွန့်လွှတ်နိုင်ဘူး "

" ဦး ညိုပြာ့အပေါ် ကမ်းကုန်အောင် ယုတ်မာတော့မယ်ပေါ့ ဟုတ်လား "

" ယုတ်မာတာ မဟုတ်ဘူးကွ . . . ချစ်ကော "

" ချစ်ရင် ညိုပြာ့ဘဝကောင်းစားရေးအတွက် ဦးဆောင်ရွက် ပေးရမှာပေါ့ "

ဦးခန့်ကျော်စွာနှင့် ဆက်နေလျှင် ညိုပြာ့ဘဝ နစ်သထက် နစ်တော့မှာပါ။ တရားဝင်အတည်ပေါင်းသင်းမှာ မဟုတ်တာ ညိုပြာညက် သိသွားပါပြီ။

သူ့ရဲ့တောင်းစာပေထိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မမှားချင်တော့ပေ။ ဒေါ်မြတ်ဝါဆို စိတ်သောကတွေ ခံစား နေရမှာလည်း ညိုပြာ မလိုလား။

" ဦးအနီးဒေါ်မြတ်ဝါဆိုလည်း စိတ်ချမ်းသာ၊ ပတ်ဝန်းကျင်လည်း မသိသေးတဲ့အချိန်မှာ ညိုပြာတို့ လမ်းခွဲလိုက်တာ အကောင်းဆုံးပါ ဦး ရယ်နော်. . ."

အမြင့်မှန်ရလာတဲ့ ခင်ညိုပြာညက်ရဲ့ ဆုံးဖြတ်ချက်တွေပင်။

ဦးခန့်ကျော်စွာရဲ့ အိမ်ထောင်ရေးကိုလည်း မပြိုကွဲစေချင်ပါဘူး။

" ဦး ဂုဏ်သိက္ခာတွေ မထိသေးတဲ့အချိန်မှာ အေးအေးဆေး ဆေး နောက်ဆုတ်လိုက်တာ လမ်းအမှန်ဆုံးပါ "

ညိုပြာညက်ဘက်က အမြင်မှန်ရနေပြီဆိုတာ ဦးခန့်ကျော်စွာ သိသည်။ သူလည်း အမှားကို အမှားဆိုတာ သိ၍ နောင်တရနေမိ၏။

ဒါပေမယ့် စွန့်လွှတ်ခြင်းနှင့် ကွဲကွာခြင်းဆိုတာကို သူ့နှလုံးသား တွေက မခံစားနိုင်။ လက်ခံလို့လည်း မရ ဖြစ်နေသည်။

" ဦး စည်းစိမ်တွေအားလုံးကိုလည်း ညိုပြာ ပြန်အပ်သွားမှာပါ၊ ညိုပြာ မမက်မောချင်တော့ဘူး "

ငယ်ကဲ့သူက ဆက်မမိုက်ချင်တော့ပါဘူး ဟု ပြောနေပြီ။

ဦးခန့်ကျော်စွာ တွေဝေနေမိ၏။ ခင်ညိုပြာညက်အပေါ် စွဲလမ်း တပ်မက်စိတ်တွေက ထုထည်ကြီးမားနေသည်။

" ညိုပြာ့ကို ဦး စွန့်လွှတ်လိုက်ပါတော့ "

" ငါ မစွန့်လွှတ်နိုင်ဘူး ညိုပြာ ၊ မင်းကို အခြားယောက်ျား တစ်ယောက် ရင်ခွင်ထဲ ရောက်သွားတာမျိုး ငါ မမြင်ချင်ဘူး "

**သူ့ရဲ့တောင်းစာပေတိုက်**



" ဒါဆို ညိုပြာကို ဦး တရားဝင်လက်ထပ်ရဲတဲ့သတ္တိ ရှိလို့လား၊ ပြောပါ . . ဦး "

" ရှိတယ် ဆိုရင်ရော "

" ဦးဘက်ကသာ လူသိရှင်ကြား တရားဝင်လက်ထပ်ရဲရင် ညိုပြာ ဦး ရင်ခွင်ထဲမှာပဲ နေမယ် "

ညိုပြာက သတ္တိရှိရှိပြောပြီး သူ့အနားက ထသွား၏။

အသက်ရှူရတာပင် မွန်းကျပ်ကျပ်ကြီး ဖြစ်လာသည်။ ဖောချွေး ပြန်လာသည်။

ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးက လူသိရှင်ကြားလက်ထပ် ရဲလို့လားတဲ့။

စိတ်ရှုပ်ထွေးစွာဖြင့် ထလိုက်သည်။

ဝါဆို့ကို ဖွင့်ပြောလိုက်တာပဲ ကောင်းမယ် ထင်တယ်။

ကိုကို့ကို နာကြည်းသွားမလား။

ခွင့်လွှတ်စိတ်တွေနဲ့ ကူညီဖြေရှင်းပေးမှာလား ဝါဆိုရယ် . .။

အကျဉ်းအကျပ်ထဲ ရောက်နေရသည်။

ခင်ညိုပြာညက်ကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ပေ။

ပူလောင်ခြင်းဝေဒနာတွေ ခံစားလာရသည်။

အရှက်တွေ . . ဂုဏ်သိက္ခာတွေ . . .ကျဆင်းရတော့မှာတွေကို ဦးခန့်ကျော်စွာ တွေးလာမိတော့သည်။

~ ~ ~

**သူ့ရဲ့တောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၇

ဝါဆိုကို ဖွင့်ပြောလိုက်တာ အကောင်းဆုံးပဲ ဟု သူ ဆုံးဖြတ်လိုက်မိသည်။ မပြောလို့ မဖြစ်ပေ။

ခင်ညိုပြာညက်ကိုလည်း ဦးခန့်ကျော်စွာ မစွန့်လွှတ်နိုင်။

သူ့ကိုယ်သူ သိနေသည်။ နေလို့ မရတော့။ ခင်ညိုပြာညက်ကို တစ်ယောက်တည်း ထားရတာ စိတ်မချ ဖြစ်လာသည်။

ကိုနေ ရောက်လာပြီး ညအိပ်မလာ။ သောကတွေ ရောက်နေ၏။ သက်ပြင်းမောကြီးတွေ တဟင်းဟင်း ချပစ်နေရသည်။

" ကိုကို "

" ဟင် "

" ဘာတွေ အခက်အခဲ တွေ့နေလို့လဲ ၊ ဝါဆိုကို ပြောစမ်းပါ"

ဒေါ်မြတ်ဝါဆိုကလည်း ယောကျ်ားအတွက် စိတ်ပူမိသွားသည်။ ကိုကို ဘာတွေဖြစ်နေလဲ။ သက်ပြင်းတွေ တဟင်းဟင်း ချနေတာ သတိထားမိသည်။





" ဝါဆိုကို ဘာဖြစ်လို့ မပြောချင်ရတာလဲ ကိုကို ၊ မိန်းမ စိတ်ဆင်းရဲမှာ စိုးလို့လား "

" ဟုတ်တယ် ဝါဆို "

" ကိုကို စိတ်ဆင်းရဲနေတော့ရော ဝါဆို စိတ်ချမ်းသာမှာလား ဟင် "

ဒေါ်မြတ်ဝါဆို မျက်နှာလေးကို ကြည့်ပြီး ဦးခန့်ကျော်စွာ တစ်ယောက် မပြောရက်အောင် ဖြစ်နေမိ၏။ ဘယ်လိုစပြောရမှန်းပင်မသိ။

" ကိုကို စိတ်ညစ်နေတာ ကြည့်ပြီး ဝါဆို စိတ်ညစ်ဘာပဲ ရှိတယ် "

" ကိုကို ပြောတဲ့စကားတွေကို ဝါဆို စိတ်အေးအေးထားပြီး နားထောင်ပါ "

" ပြောပါ ကိုကို "

ချစ်ဇနီး ဝါဆိုရဲ့ပုခုံးလေးကို ဖက်ပြီး သူ့ရင်ခွင်ထဲ ဆွဲယူလိုက်၏။ အကြာကြီး စိုက်ကြည့်နေမိ၏။ ပြောရမည့်စကားတွေက ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။

" ကိုကို "

" ဟင် "

" ဒီလောက်တောင်အပြောရခက်နေတာ ကိုကို့မှာ နောက်မိန်းမ တစ်ယောက် ရှိနေလို့လား "

" ဟုတ်တယ် ဝါဆို "

" ဘာပြောတယ် ကိုကို "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်ဝါဆို ရင်တွေ တဒိန်းဒိန်းခုန်လာသဖြင့် လက်နှင့်ဖိထား လိုက်ရသည်။ ကိုကို့ရင်ခွင်ထဲကနေ ရုန်းထွက်ပြီး ကြောင်ကြည့်နေမိ၏။

" ဝါဆို "

" ရှင် . . . ရှင် ကျွန်မအပေါ် သစ္စာမဲ့တာလား ၊ နောက်မိန်းမ တစ်ယောက် တကယ်ပဲ ရှိနေတာလား "

ဒေါ်မြတ်ဝါဆိုလေသံက တင်းသွားရသည်။ သူမ လုံးဝမျှော်လင့် မထားသော စကားတွေ ဖြစ်နေ၏။

" ဝါဆိုအပေါ် သစ္စာမဲ့တာတော့ မဟုတ်ပါဘူး ၊ ကံကြမ္မာအရ ဖြစ်သွားတာပါ "

" ခင်ညိုပြာညက် မဟုတ်လား ကိုကို "

" ဝါဆို ဘယ်လိုလုပ်ပြီး သိနေတာလဲ "

" ဝါဆို စဉ်းစားကြည့်တာပါ ၊ ဖြစ်နိုင်တာ ခင်ညိုပြာညက်ပဲ ရှိတာယ်လေ "

" ဝါဆို ကိုကို့ကို မုန်းသွားပြီလား "

ဒေါ်မြတ်ဝါဆို စိတ်တွေကို ထိန်းချုပ်ထားပစ်လိုက်သည်။ အခြေ အနေ အဆိုးရွားဆုံးကို ရောက်နေတာ သူမ ရိပ်မိ၏။

" ကိုကို့ကို တရားဝင် ယူနိုင်းနေတယ် ဝါဆို "

" မဖြစ်နိုင်တာပဲ ကိုကို . . .ဝါဆိုက အကြောင်းမဟုတ်ပေမယ့် ပတ်ဝန်းကျင် အသိုက်အဝန်းမှာ ကိုကို့ ဂုဏ်သိက္ခာတွေ ကျတော့မှာ တွေးပါဦး ကိုကို "

ဒေါ်မြတ်ဝါဆိုနှင့် ပေါင်းလာတဲ့သက်တမ်းတစ်လျှောက်လုံး ကို





မိန်းမအပေါ် ချစ်ခင်မြတ်နိုးစွာ ပေါင်းခဲ့သည်။ သစ္စာတရား ကြီးမားခဲ့၏။

သူမ မှားတာပါ။ ယောကျ်ားအပေါ် ယုံကြည်ပြီး မိန်းမချောလေး နှင့် အနေနီးစေသည်။ တခြားကောင်မလေးတွေနဲ့တော့ ကိုကို နာမည် မပျက်ခဲ့။ ကိုယ်ကျင့် တရားအရာမှာ စံတင်လောက်တဲ့ ကိုကိုပါ။

ခင်ညိုပြာညက်နှင့်ကျမှ ဖြစ်ရသည်။

ကောင်မလေးက ဘယ်လောက်မြူဆွယ်နေဘာလဲမှ မသိတာ။

" သင်းက ကိုကို့ကို တရားဝင်ယူဖို့ အကျပ်ကိုင်နေတယ်ပေါ့ "

" အဲဒီလိုလည်း မဟုတ်ပါဘူး ဝါဆို ၊ ကိုကိုက ယောကျ်ားပီသ ပြချင်တာပါ "

" ဘာပြောတယ် ကိုကို "

" မိန်းကလေးတစ်ယောက်ကို စော်ကားသလို အဖြစ်မခံဘူး ဝါဆိုရယ် "

" ကိုကိုက ခင်ညိုပြာညက်ကို လက်ထပ်ချင်တာလား "

" ဟုတ်တယ် "

" ပြောရက်လိုက်တာ ကိုကိုရယ် ၊ ဝါဆိုဟာ ကိုကို့မိန်းမဆိုတာ သတိရသေးရဲ့လား "

ဝါဆို့မျက်လုံးတွေထဲမှာ မျက်ရည်တွေ စီးကျလာသည်။ ဟန်မဆောင်နိုင်အောင် ဖြစ်သွား၏။

" မငိုပါနဲ့ ဝါဆို . . .ကိုကို တောင်းပန်ပါတယ် ၊ မဖြစ်ချင်တာ ဖြစ်သွားတာမျိုးပါ ၊ ကိုကို မှားသွားတယ်ကွာ "

ဦးခန့်ကျော်စွာ ချစ်ဇနီးကိုဖက်ပြီး တောင်းပန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ကိုကို "

" ပြောလေ ဝါဆို "

" ကိုကို့အမှားတွေကို အချိန်မီ ပြင်လိုက်ပါလား "

ချစ်လင် တခြားမိန်းကလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲ နေမှာ စိုးရိမ်သွားမိသည်။ ဒေါ်မြတ်ဝါဆိုအတွက်ကတော့ မိမိနှလုံးသားတွေကို မီးလောင်တိုက် သွင်းနေသည့်အလား ခံနေရသလိုပင်။

မတွေးရဲ . . .။ ခင်ညိုပြာညက် ဆိုတဲ့ မိန်းကလေးကြောင့် ကိုကို ဂုဏ်မဲ့သွားရတာပဲ။

" ဒီကောင်မလေးကို မေ့ပစ်လိုက်ပါလား ကိုကို "

ဒေါ်မြတ်ဝါဆိုကို ဖက်ထားတဲ့ ဦးခန့်ကျော်စွာရဲ့လက်တွေက တဖြည်းဖြည်းနှင့် ပြေလျော့သွားသည်။ အကြည့်ကို လွှဲပစ်လိုက်၏။

" ကိုကို ညိုပြာ့ကို မခွဲနိုင်ဘူး။ မစွန့်လွှတ်နိုင်တော့ဘူး ဝါဆို"

" ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ အရှက်တရားတွေကို ထည့်မစဉ်းစားတော့ဘူးလား ကိုကို "

ဝါဆို အားမလိုအားမရနှင့် ကိုကို့လက်မောင်းတွေကို လှုပ်ခါပြီး မေးမိသည်။

ကိုကိုမှာ ဆင်ခြင်တုံတရားတွေမှ ရှိပါသေးရဲ့လား . . .။

ဖြစ်မှ ဖြစ်ရလေ . . .ကိုကိုရယ်။

စီးပွားဖက်မိတ်ဆွေတွေကြားမှာ နာမည်ကောင်းနှင့် နေခဲ့သည်။ အမြဲတမ်း . . . အထက်စီးကနေ စကားပြောလာခဲ့တဲ့ ကိုကို။

အခုတော့ . . .





" ကိုကို စိုးရိမ်တာက ဝါဆိုပဲ . . . ခွင့်လွှတ်နားလည်ပေးပါလားကွာ "

" ကိုကို ဘာကို ဆိုချင်တာလဲ . . .ပွင့်ပွင့်လင်းလင်းပြောပါ"

ဒေါ်မြတ်ဝါဆိုကလည်း စိတ်တွေကို တည်ငြိမ်အောင် ထိန်းခနေရသည်။ ပတ်ဝန်းကျင်နှင့် အရှက်ရတော့မည်။ စည်းစိမ်ချမ်းသာတွေ အပြည့်၊ ဂုဏ်သိက္ခာတွေနဲ့ နေလာခဲ့သည်။

" ဝါဆို့ယောကျ်ားကတော့ စံတင်လောက်အောင် အိမ်ထောင်ရှင် ယောကျ်ားကောင်းတစ်ယောက် ပီသပါတယ် "

ပတ်ဝန်းကျင်က ကိုကို့ကို ချီးမွမ်းနေတတ်ကြသည်။

" မောင်ခန့်ကျော်စွာက အိမ်ထောင့်အပေါ် သိပ်သစ္စာရှိတာပဲ၊ တချို့ယောကျ်ားတွေဆို ဖောက်ပြန်ပြီပေါ့ "

ဒေါ်မြတ်ဝါဆို ဂုဏ်ယူစွာ လက်မထောင်နေလာခဲ့ရသည်။

အခုတော့ . . .

" ကိုကိုရယ် . . . ဝါဆို တောင်းပန်ပါတယ် ၊ ပတ်ဝန်းကျင်မှ မသိသေးတာ ကောင်မလေး ကျေနပ်အောင် ပေးပြီး လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပါ "

" ဝါဆို မသိသေးပါဘူးကွာ ၊ ညိုပြာက ယောကျ်ားယူတော့မယ်၊ လက်ထပ်တော့မယ် "

" ကောင်းတာပေါ့ ကိုကို ၊ ကောင်မလေးဘက်က စွန့်ခွာသွားတာပဲ ကိုကို "

" ကိုကို သိက္ခာအကျမခံဘူး ဝါဆို "



www.burmeseclassic.com

www.burmeseclassic.com



" သိက္ခာ ကျတယ် . . .ဟုတ်လား ကိုကို "

" ညီပြုံ တခြားယောကျ်ားလေးတစ်ယောက်နဲ့ လက်ထပ်တာ ကိုကို ရှက်တယ်၊ သိက္ခာကျတယ်၊ ကိုကိုက စော်ကားပြီး တခြားယောကျ်ား တစ်ယောက်နဲ့ ထိုးပေးစားလိုက်တာမျိုး အဖြစ်မခံနိုင်ဘူး "

" မဆိုင်ပါဘူး ကိုကိုရာ . . .ဒီကောင်မလေးကို ယူမှ ကိုကို သိက္ခာကျမှာ ၊ အရှက်ရမှာ . . .စဉ်းစားပါဦး "

ဦးခန့်ကျော်စွာ စိတ်တွေကို အမှောင်တွေက ဖုံးနေသည်။

အသိတရားတွေ မရှိတော့။

နှလုံးသားတွေကို ဦးစားပေးနေမိသည်။

ခင်ညီပြုံညက်နှင့် ဝေးရမှာကို သူ့နှလုံးသားတွေက လက်မခံနိုင်ပေ။ ပူလောင်နေသည်။ စိတ်သောကတွေ အကြီးအကျယ် ခံစားနေမိတော့သည်။

" ကိုကို ဘာတွေဖြစ်နေတာလဲကွာ "

" ခင်ညီပြုံညက်ကို ကိုကို မခွဲနိုင်ဘူး ဖြစ်နေတယ် "

စိတ်ဂယောင်ချောက်ချားဖြစ်၍ သည်ညပင် ပြန်သွားဖို့ စိတ်ကူးနေမိသည်။

ဟိုကောင် . . . ကိုနေ လာမလား . . .။

သူများမိန်းမကို ကြာခိုတဲ့ကောင် ဟု ဒေါသထွက်နေမိသည်။ ခင်ညီပြုံညက်ကို မခွဲနိုင်သလို ဝါဆိုကိုလည်း မခွဲနိုင်တာတော့ အမှန်ပါ။

" ဝါဆို နှစ်ယောက်တော့ အပေါင်းမခံနိုင်ဘူး ကိုကို . . . ခင်ညီပြုံညက်နဲ့ ကိုကို့အတွက် ဝါဆို အနစ်နာခံပါ့မယ် "

ဝါဆို့ကို ဦးခန့်ကျော်စွာ ဆတ်ခနဲ ကြည့်မိ၏။





မဖြစ်နိုင်ပါဘူး။

အပြစ်မရှိတဲ့မိန်းမတစ်ယောက်ကို ကွာရှင်းပြီး မထားနိုင်။

" ဝါဆိုရယ် . . . ကိုကို့ကို စိတ်ချမ်းသာစေချင်တယ်ဆို "

ချစ်လင်ကိုလည်း ဝါဆို စိတ်သောကတွေ မခံစေချင်ပေ။

ပတ်ဝန်းကျင်ကလည်း အပြစ်တင်ကဲ့ရဲ့မှာလည်း စိုးနေခဲ့သည်။ ဒေါ်မြတ်ဝါဆို အရှက်ကြီး ရှက်နေမိတော့၏။ ပတ်ဝန်းကျင်ကို ဘယ်လို ရင်ဆိုင်ရပါ့မလဲ။ မျက်နှာပူနေမိမှာတော့ အမှန်။

ကိုကို နောက်မိန်းမ ယူသွားမှာ သူ့မတွေးပင် မတွေးရဲတော့ပေ။

" ကိုကိုရယ် . . . ဝါဆိုကိုသာ သေအောင် သတ်ပစ်လိုက်ပါတော့၊ စိတ်ဆင်းရဲလိုက်တာ ခင်ညီပြုံညက်နဲ့ပဲ ကိုကိုသွားပေါင်းလိုက်ပါ"

သည်လိုကျတော့လည်း ဦးခန့်ကျော်စွာ တွေဝေနေမိသည်။

ဝါဆို့ကို ပစ်ပြီး တခြားမိန်းကလေးတစ်ယောက်နဲ့ ပေါင်းရမလား . . .။ ခင်ညီပြုံညက်ကိုတော့ သူ ရင်ထဲမှာ တပ်မက်စိတ်တွေပဲ ရှိသည်။ တရားဝင် အိမ်ရှင်မအဖြစ် ပွဲလယ်မတင့်နိုင်ပေ။

" ဝါဆို ကွာရှင်းပေးပါ့မယ် "

" ဒီလိုလဲ မဟုတ်သေးဘူးလေကွာ . .ခင်ညီပြုံ့ဆီကို သွားချင်တယ်၊ ဝါဆိုဘက်က သဘောထားကြီးကြီးနဲ့ လက်ခံခွင့်လွှတ်ပေးဖို့ပါ"

" ပြောရက်လိုက်တာ ကိုကိုရယ် . . . ဝါဆိုက ဖလတ်စတစ် အရုပ်လေး တစ်ရုပ်မှ မဟုတ်တာ "

ကိုကို့အပေါ် ဝါဆိုနာကြည်းမုန်းတီးလို့မရတာက ခက်နေသည်။ ခွင့်လွှတ်ထားဖို့ဆိုတာလည်း ဒေါ်မြတ်ဝါဆို စိတ်ထိခိုက်ကြေကွဲရင်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းက တခြားမိန်းကလေးတစ်ယောက်အပေါ် သူမထက် ပိုချစ်ခင်တွယ်တာနေသည့် အဖြစ်မျိုး။ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။

" ကိုကိုက အသိဉာဏ်ရှိတဲ့လူတစ်ယောက်ပဲ ၊ အကောင်းဆုံး အခြေအနေတစ်ခုကို ဆုံးဖြတ်ပါ "

" ကိုကို အသိမဲ့သွားတယ် ၊ ဆင်ခြင်တုံတရား ကင်းမဲ့တဲ့ကောင် မဆုံးဖြတ်တတ်ဘူးကွာ ၊ ဘာမှမဆုံးဖြတ်တတ်တော့ဘူး "

ဦးခန့်ကျော်စွာ ရူးသွပ်သွားမလား ဟုပင် ထင်ရသည်။

စိတ်သောကတွေ ခံစားနေရသည်။

ပူလောင်မှုတွေက နှလုံးသားတွေကို လောင်မြိုက်နေသည်။

" ခင်ညိုပြာညက်နဲ့ကိုကို သိပ်ရင်းနှီးအောင် ထားမိတာ ဝါဆို့အပြစ်ပါ ၊ ကိုကို့အနားမှာ ဝါဆို အမြဲ ရှိနေသင့်တာ "

"ကံတရားကြောင့်ဖြစ်သွားရတာပါဆို့ မညည်းညူသဲ့ဖြစ်ကြတာ"

" ကံဆိုတာ အလုပ် ကိုကို ၊ ကိုယ်မဟုတ်တာတွေ လုပ်ပြီးမှ ကံကို ပုံမချပါနဲ့ "

ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးနှင့်မှ တွေ့ဆုံခဲ့ရသည်။ ကျူးလွန်သွားမိ၏။ အမှားတွေက ဆက်တိုက်ဖြစ်ပေါ်လာခြင်းပဲ မဟုတ်လား။

" ဝါဆို့ဘက်ကတော့ ကိုကို စိတ်ချမ်းသာဖို့က အဓိကပါ"

" ဝါဆိုရယ် "

ဦးခန့်ကျော်စွာ စိတ်မကောင်းကြီးစွာ ဖြစ်မိသည်။

" ကိုကို စိတ်ကိုနိုင်အောင် ထိန်းချုပ်ပါ "





" ကိုကို ကြိုးစားပါ့မယ် ၊ ဝါဆို အချိန်တော့ ပေးပါကွာ . . အချိန်းကလေးတစ်ခုပဲ လိုတာ "

အိပ်လို့မရအောင် မျက်လုံးတွေက ကြောင်နေမိသည်။

ခင်ညိုပြာညက် အိပ်ပျော်နေပြီလား။

ကိုနေမျှား ရောက်လာပြီး ကောင်မလေးနှင့် အတူတူနေရင် အခက် . . . ဆက်မတွေးရဲတော့ . . .။

ဆောက်တည်ရာ မရအောင် စိတ်သောကတွေ ခံစားနေမိသည်။

ခင်ညိုပြာညက် အခန်းကို လိုက်သွားရင် ကောင်းမလားဟု စဉ်းစားမိသွား၏။

ဟုတ်တယ် . . .လိုက်သွားမယ်။

လောလောဆယ်တော့ ကောင်မလေးကို မေ့ပစ်လို့ မရအောင် ဖြစ်နေသည်။ စိတ်မချ။ ကိုနေနှင့် လက်ထပ်သွားမှာကို မလိုလားနိုင်အောင် ဖြစ်နေသည်။ သဝန်ကြောင် ချင်လာ၏။

စိတ်က နေလို့မရတော့သဖြင့် ခင်ညိုပြာညက် တိုက်ခန်းသို့ ထွက်လာ၏။

ဝါဆိုကတော့ တားဆီးရင်း မျက်ရည်တွေနှင့် ကျန်ခဲ့၏။

ကိုကို့ကို ခွင့်လွှတ်နိုင်သရွေ့တော့ ခွင့်လွှတ်လိုက်ပါဦး ဝါဆိုရေ။

သူ့စိတ်တွေက ထိန်းချုပ်ထားလို့မှ မဖြစ်တော့တာပဲ။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၁၈

ခင်ညိုပြာညက် အခန်းရောက်တော့ ကောင်မလေးက အိပ်နေသည်။ ကိုနေလည်း မရှိ။

" ညိုပြာက သူ အိပ်နေရင် ဘယ်သူလာလာ မနှိုးပေးပါနဲ့တဲ့"

အိမ်ဖော်မကြီးက မနှိုးရဲကြောင်း ဦးခန့်ကျော်စွာကို ပြောသည်။ ဦးခန့်ကျော်စွာစိတ်တွေက ဆောက်တည်ရာမရအောင် ဖြစ်နေ၏။

ခင်ညိုပြာညက်ကို တွေ့ပြီး သူ့ရင်ထဲမှာခံစားနေရတာတွေကို ဖွင့်ပြောချင်သည်။ သူလာလျှင် အချိန်မရွေး တံခါးဖွင့်ထားတတ်တဲ့ ခင်ညိုပြာညက် အိပ်ခန်း။ အခုတော့ . . . ပိတ်ထားသည်။

" ညိုပြာ "

" ခေါက် . . .ခေါက် "

" ညိုပြာ . . .ညိုပြာ "

တံခါးကို ခေါက်ပြီး ညိုပြာ့နာမည်လေးကို ခေါ်လိုက်သည်။

" ညိုပြာ "





ဦးခန့်ကျော်စွာအသံကို ညိုပြာအခန်းထဲမှ ကြားနေရသည်။ စိတ်ထဲမှာ နာကြည်းမုန်းတီးနေမိသည်။ သူမဘဝကို ဖျက်ဆီးလိုက်တဲ့ လူတစ်ယောက်အဖြစ် မြင်မိသည်။

" ညိုပြာ "

မထူးဘဲနေလို့ မဖြစ်တော့သဖြင့် သူမ ထထူးလိုက်သည်။

" ညိုပြာ အိပ်ချင်ပြီ ဦး "

" ဒီအခန်းထဲမှာ ဦးလည်း အိပ်ခွင့်ရှိတာပဲ ညိုပြာ "

" ဦးကို ညိုပြာ ပြောထားပြီးပြီပဲ . . . ညိုပြာ ကိုနေနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ "

" ငါ လက်မခံနိုင်ဘူး ညိုပြာ "

" ညိုပြာ မတတ်နိုင်ဘူး ၊ ဦးနဲ့ ညိုပြာက တရားဝင်လက်ထပ်ထားတာမှ မဟုတ်တာ "

" တံခါးဖွင့်ပေးပါ ညိုပြာ "

" ဦး ဧည့်ခန်းမှာ သွားထိုင် "

ဦးခန့်ကျော်စွာနှင့် အိပ်ခန်းထဲမှာ အတူမနေသင့်တော့ဟု ထင်မိသည်။ နောင်တတွေ ရလာ၏။ ခင်ညိုပြာညက်ဘက်မှ စောင့်ထိန်းအပ်သည်ဟု ထင်မိသည်။

" ဦး ဧည့်ခန်းက စောင့်မှ ညိုပြာ ဂ သာမယ် "

" ကောင်းပြီ ညိုပြာ . . . ဦး ဧည့်ခန်းကပဲ စောင့်မယ် "

ဦးခန့်ကျော်စွာ ထွက်သွားမှ ညိုပြာ ထွက်လာခဲ့မိသည်။ ဧည့်ခန်းမှာ ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" အချိန်မတော်ကြီး ညိုပြာ့ဆီကို လာဖို့မသင့်ဘူး ဦး "

ခင်ညိုပြာညက်ကို သူ စူးစိုက်ပြီး ကြည့်လိုက်မိ၏။လှပအိစက်နေ၏။သည်မိန်းကလေးနှင့်ကျမှ သူ့ကိုယ်ကျင့်တရားတွေ ပျက်ပြားခဲ့ရ၏။

" ညိုပြာ "

" ပြောပါဦး "

" မင်းကို ဦး တရားဝင် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ "

" ရှင် "

ဦးခန့်ကျော်စွာကို သူမ အံ့ဩစွာ မော့ကြည့်မိသည်။သည်အချိန်မှ လာပုံထောက်လျှင် ဒေါ်မြတ်ဝါဆို သိသွားပြီဟု ထင်လိုက်၏။

" ဒေါ်မြတ်ဝါဆို သိသွားပြီလား "

" သိသွားပြီ "

" ဦးကို မတားဘူးလား "

" ဦးခိန်းမဝါဆိုက တစ်သက်လုံး ဦးအမိန့်ဩဇာအောက်မှာ နေလာခဲ့တာ "

" ဦးဟာ တော်တော်ရက်စက်တဲ့ယောကျ်ားတစ်ယောက်ပဲ "

" ဘာပြောတယ် ညိုပြာ . . ဦး မရက်စက်တတ်လို့ ကြင်နာသနားတတ်လို့ မင်းကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပေါ့ ညိုပြာ "

သူ့ကို နှလုံးသားမဲ့သူ ရက်စက်တတ်သူတစ်ယောက်အဖြစ် အပြောမခံနိုင်။

" ဒေါ်မြတ်ဝါဆိုလို ငယ်လင်ငယ်မယားတစ်ယောက်အပေါ် ဦး ကွာရှင်းပြတ်စဲနိုင်တဲ့ သတ္တိရှိတာ ရက်စက်ရာ မရောက်ဘူးလားဦး"

**သူ့ရဲ့ကောင်းစားပေတိုတ်**



ဦးခန့်ကျော်စွာ လက်မခံဘဲ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

" ဝါဆို့အတွက် စီးပွားဥစ္စာတွေ ပုံထားခဲ့မှာပါ ၊ ပြီးတော့ . . အသိုက်အဝန်းတောင့်တဲ့ ဝါဆိုအတွက် ဘာမှ ပူစရာမရှိဘူး "

ခင်ညိုပြာညက် နှုတ်ခမ်းလေးတွေ တွန့်မဲ့သွားရသည်။

" ဒေါ်မြတ်ဝါဆိုရဲ့ ဦးအပေါ်ချစ်ခင်တွယ်တာဖက်သံယောဇဉ်တွေ၊ ယုံကြည်အားကိုးမှုတွေ ပျောက်ဆုံးသွားတာကို ဦးက စီးပွားဥစ္စာတွေ ပုံပေးထားခဲ့လို့ ပြီးသွားပြီလို့ ထင်သလား "

ချစ်ဇနီးဝါဆို့အချစ်တွေကို ဦးခန့်ကျော်စွာ အသိဆုံးပါပဲ။ ယောကျ်ားကို ယုံကြည်သည်။

သူမအပေါ် ဘယ်တော့မှ သစ္စာမမဲ့ဘူး ဟု ယုံကြည်ထားသူပါ။

" မင်း တစ်ကောင်ကြွက်ဘဝနဲ့ ဆင်းဆင်းရဲရဲ နေရတာကို ဦး မလိုလားလို့ပါ ခင်ညိုပြာညက်ရယ် "

" ကိုနေက ချမ်းသာကြွယ်ဝတဲ့ အသိုက်အဝန်းထဲကပါ ဦး"

" ဦးနဲ့မင်းကိစ္စ ကိုနေ သိသွားတဲ့နေ့ မင်း ဘာဖြစ်သွားမယ်ဆိုတာ မင်း စဉ်းစားထားရဲ့လား "

" ဦး မနှောင့်ယှက်နဲ့ပေါ့ "

" မင်း ဦးအပေါ် စိတ်ကုန်သွားပြီလား ခင်ညိုပြာညက်ရယ်"

" ညိုပြာ့ဘဝကို ညိုပြာ နားလည်သဘောပေါက်သွားတာပါ ဦး ၊ ဒေါ်မြတ်ဝါဆိုကို စိတ်ချမ်းသာစေချင်ပါတယ် "

" ဦး စိတ်ဆင်းရဲနေမှာရော ညိုပြာ မစဉ်းစားတော့ဘူးလား"

" အားလုံးစိတ်ချမ်းသာဖို့အတွက် ညိုပြာ သုပ်ပေးတာပါဦး"

**သူ့ရဲ့ကောင်းစားပေတိုတ်**

www.burmeseclassic.com

www.burmeseclassic.com



ခင်ညိုပြာညက်ကတော့ ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ဆုံးဖြတ်ထားသည်။ဦးခန့်ကျော်စွာနှင့် လမ်းခွဲလိုက်တာက သူမဘဝအတွက်ပဲ။

ကိုနေနဲ့လက်ထပ်ဖို့အတွက် ခင်ညိုပြာညက် ကြိုးစားရမည်။ လူပျို့လူလွတ်တစ်ယောက်။ လူ့လောကကြီးထဲမှာ ဂုဏ်သိက္ခာရှိရှိ နေချင်လာမိသည်။

" ဦး "

" ဟင် "

" ညိုပြာ့ကို ချစ်လား "

" ဘယ်လိုမေးလိုက်တာလဲ ညိုပြာရယ် ၊ ချစ်လွန်းလို့ အရူးတစ်ပိုင်းဖြစ်နေပြီ "

" ချစ်ရင် ညိုပြာ့ကောင်းစားရေးကို ဦး လိုလားရမှာပေါ့ "

" မင်း ကောင်းစားရေးကို လိုလားလို့ ဦး စည်းစိမ်အပြည့်နဲ့ ထားခဲ့တာပဲကွာ "

" အဲဒီစည်းစိမ်တွေက ညိုပြာ့အတွက် ငရဲခန်းပါ ဦး "

" ဘာပြောတယ် ညိုပြာ "

" ဦးရဲ့ တရားမဝင် မယားဖြစ်နေရတာလား။ စည်းစိမ်းလား"

" မင်းအစက အဲဒါတွေကို ဘာဖြစ်လို့ မစဉ်းစားလဲ "

" ညိုပြာ့ကို ဦး အတင်းအဓမ္မ ဖျက်ဆီးခဲ့တာပဲလေ "

" ဘာ . . ."

ဦးခန့်ကျော်စွာ တုန်လှုပ်ချောက်ချားစွာ ကြည့်လိုက်မိသည်။ ခင်ညိုပြာညက်ကို သူ စပြီး ဖျက်ဆီးတာတဲ့။





" အခုဆို ကိုနေ့လို ကျက်သရေရှိတဲ့လူပျို့လူလွတ်တစ်ယောက်ကို ညိုပြာ လက်ထပ်ခွင့် မရှိတော့ဘူး "

ခင်ညိုပြာညက် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

" ဦး ညိုပြာ့ကို တရားဝင် လက်ထပ်ရဲလို့လား "

" မင်းဘဝ တစ်သက်လုံး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ခံစားနိုင်ဖို့ ဦး တာဝန်ယူပါတယ် "

" ဟင့်အင်း ၊ လူမသိ သူမသိဘဝနဲ့ ညိုပြာ မနေချင်တော့ဘူး"

ဝါဆိုနှင့် ကွာရှင်းပြီး ညိုပြာ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးကို ချစ်နေမိသည်။ ဝေးကွာသွားရမယ့်အရေး မတွေးရဲခဲ့ပေ။ ဝါဆိုက စည်းစိမ်ဥစ္စာတွေအပြည့်နဲ့ ထားခဲ့မှာပဲ။

" ညိုပြာ "

" ပြောပါ ဦး "

" ဦး ဆုံးဖြတ်လိုက်ပြီ ၊ မင်း ငါကလွဲပြီး တခြားဘယ်သူနဲ့မှ မဆက်သွယ်ရဘူး။ လက်ထပ်ခွင့်လည်း မပြုနိုင်ဘူး။ မင်းကို ဦး မခွဲနိုင်ဘူး။ တရားဝင် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ "

" ဒါဆို ဒေါ်မြတ်ဝါဆိုနဲ့ ဦး ကွာရှင်းလိုက်ပါ။ ညိုပြာ လက်ထပ်ဖို့ အဆင်သင့်ပဲ "

ညိုပြာသိနေတာက ဒေါ်မြတ်ဝါဆိုကို ဦးခန့်ကျော်စွာ ကွာရှင်းလိုက်မှာ မဟုတ်။ သူမကို ပြတ်စဲမှာပါ။ အချိန်တစ်ခုကို စောင့်နေသည်။

" မင်း လက်ထပ်သွားမှာကို ဦး ဘယ်နည်းနဲ့မှ ခွင့်ရက်



www.burmeseclassic.com

www.burmeseclassic.com



မကြားရက်ဘူးကွာ ”

“ ဦးကို ညိုပြာ ရှင်းရှင်းလင်းလင်း ပြောပြီးပြီပဲ ”

“ မင်း ကိုနေ့ကို လက်ထပ်ဖို့ ကြိုးစားရင် မင်းနဲ့ဦးအကြောင်းတွေ ဖွင့်ပြောရမှာပဲ ”

“ ဦးက ယုတ်မာချင်တဲ့သဘောလား ”

ခင်ညိုပြာညက် ဒေါသတွေ အကြီးအကျယ် ထွက်သွားမိသည်။ ဦးခန့်ကျော်စွာရဲ့အတွင်းသရုပ်က ပေါ်လွင်ထင်ရှားသွား၏။

ယုတ်မာတဲ့ သဘောပင်။

“ မင်းကို ဦး သိပ်ချစ်လို့ ဒီလောက်အထိ ခံစားနေရတာပါ”

“ ညိုပြာကတော့ ဦးနဲ့ ဘယ်လိုမှ မပတ်သက်ချင်တော့ဘူး။ ဦး ညိုပြာ့ကို မေ့လိုက်ပါ ”

“ မမေ့နိုင်လို့ မင်းကို ဒီလောက်အထိ အောက်ကျခံပြီး ပြောနေတာပေါ့ ၊ မင်းကို ဦး လက်ထပ်မယ် . . .ဒါပဲ ”

ဦးခန့်ကျော်စွာကို ခင်ညိုပြာညက် စွန့်ခွာဖို့ ကြိုးစားနေသည်။ အမှားကို အမှားမှန်း သိလျက်နှင့် ရှေ့ဆက်ပြီး မတိုးချင်တော့။ နောက်ဆုတ်သင့်ပါပြီ။ ဦးခန့်ကျော်စွာတို့ အိမ်ထောင်ရေးကိုလည်း မပျက်ပြားစေချင်။ သူမ နောက်ဆုတ်မည်။ မတရားလောဘတွေက သူမဘဝကို ဘယ်အတိုင်းအတာအထိ ပျော်ရွှင်မှု ပေးနိုင်မှာလဲ . . .

“ ဦး ပြန်ပါ ”

“ မပြန်တော့ဘူး ညိုပြာ၊ ဦး ဒီမှာပဲနေဖို့ ဆုံးဖြတ်ထားလိုက်ပြီ”

“ ဦးနော် ညိုပြာ့သိက္ခာကို ဒီလောက်အထိ မချသင့်ဘူး”





“ ဘာလဲ သိက္ခာ ညိုပြာ ၊ မင်းနဲ့ဦးဟာ ဘယ်ဒေခြေအနေအထိရောက်ခဲ့လဲဆိုတာ မင်း အသိဆုံးပဲ မဟုတ်လား ”

“ ဦးရဲ့ တိတ်တိတ်ပုန်းဘဝမှာ ညိုပြာ မနေနိုင်တော့ဘူးလို့ ပြောထားပြီးပြီပဲ ”

ညိုပြာညက် ဒေါသတကြီး ဖြစ်သွားရသည်။

အသားတွေ တဆတ်ဆတ်တုန်လာတဲ့အထိပင်။ ဦးခန့်ကျော်စွာကတော့ ခေါင်းမာစွာဖြင့်ပင် မပြန်ဘဲ နေတော့သည်။

“ မင်းဟာ ငါ့ရဲ့စေတနာ၊ မေတ္တာတွေကို စော်ကားလှချည်လား ညိုပြာ ”

“ ဦး ပြန်ပါ ”

“ မပြန်နိုင်ဘူး ညိုပြာ . . . မင်းဟာ ငါ့မိန်းမ၊ ဒီအခန်းက ငါ့အခန်း ”

ဦးခန့်ကျော်စွာကို ညိုပြာညက် လက်လျှော့ရမလို ဖြစ်နေသည်။

အခုလောက်ဆို . . .ဒေါ်မြတ်ဝါဆို ဘယ်လောက်များ ခံစားနေရမလဲ။ သူမ ကိုယ်ချင်းစာနေမိသည်။

“ ဦး ဒေါ်မြတ်ဝါဆိုကို မသနားတော့ဘူးလား ”

“ ဒါ ဦးအလုပ်ပါ ညိုပြာ ၊ မင်းက ကိုနေ့ဒအားကိုးနဲ့ ဦးကို စွန့်ခွာဖို့ ကြိုးစားနေတာ ”

“ မဟုတ်ဘူး ဦး . . .မဟုတ်ဘူး ၊ ညိုပြာ မမှားသင့်တော့ဘူးဆိုတာ သိလို့။ ပိုင်းလုံးမတစ်ယောက်အဖြစ် ညိုပြာ ဆက်ပြီး အပြောမခံချင်တော့လို့ပါ ”



www.burmeseclassic.com

www.burmeseclassic.com



" မင်း သိပ်နောက်ကျသွားပြီ ညိုပြာ . . .ငါ့ရဲ့နှလုံးသားတွေက မင်းကိုချစ်နေပြီ၊ မစွန့်လွှတ်နိုင်တော့ဘူး "

ကိုနေနှင့် လက်ထပ်သွားမှာကို သူ ဘယ်နည်းနှင့်မှ လက်မခံနိုင်။

" ဦးရင်ထဲမှာ မီးတောက်နေတာ မင်း သိပါတယ်နော် . . . အရာရာကို ဦး စွန့်လွှတ်ဖို့ အဆင်သင့်ပဲ "

" ရှင့်ကို ကျွန်မ ဘယ်နည်းနဲ့မှ ဆက်မပေါင်းနိုင်တော့ဘူး ဦးခန့်ကျော်စွာ "

" စဉ်းစားပါဦး ညိုပြာရယ် . .မင်း ချမ်းချမ်းသာသာ နေချင်တယ်ဆို ၊ ဦး ဖြည့်စွမ်းပေးတာပဲ မဟုတ်လား "

ခင်ညိုပြာညက်ပုခုံးလေးကို ဆုပ်ကိုင်၍ပြောနေမိသည်။ သူ့ဂုဏ်သူ့သိက္ခာတွေကိုမငဲ့နိုင်တော့ဘဲ အရှက်မဲ့စွာ အောက်ကျခံ၍တောင်းပန်နေမိ၏။ ခင်ညိုပြာညက်ကို မခွဲနိုင်တော့လို့။ အချစ်ဆိုတာ မှလောင်ခြင်းလား။

ဝါဆို့ကိုချစ်ခဲ့တုန်းက သူ့နှလုံးသားတွေ အေးချမ်းခဲ့ရ၏။ အခု သူ့နှလုံးသားတွေ မီးတောက်တွေလို တဟုန်းဟုန်းတောက်လောင်နေ၏။

" ညိုပြာလေး "

ခင်ညိုပြာညက် ငြိမ်သက်စွာ ထိုင်နေသည်။ သူမ ဆုံးဖြတ်လိုက်သည်။ ဦးခန့်ကျော်စွာနှင့် လုံးဝမပတ်သက်တော့ရန်ပဲ ဖြစ်သည်။

" ဦး "

" ပြောလေ ညိုပြာ "

" ညိုပြာ ကိုနေ့ကို လက်မထပ်ဘူး ၊ ညိုပြာ့ကို မပတ်သက်ဘဲ ဦး နေပါ "





" မနေနိုင်ဘူး ညိုပြာ . . . မင်း ဘယ်လိုနေနေ ဦး မင်းကို မစွန့်လွှတ်နိုင်ဘူး "

ဦးခန့်ကျော်စွာရဲ့ ခေါင်းမာမှုက ခင်ညိုပြာညက် စိတ်ညစ်ရ၏။ သူမ ဘဝက ဆုံးပြီ။

" ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာ ကံပါပဲ သမီးရယ် "

အမေပြောခဲ့တဲ့စကားတွေကို သူမ ဆန့်ကျင်ဘက် တွေးခဲ့မိ၏။

" ဆင်းရဲတယ်ဆိုတာ ဆင်းရဲတာကို ကျေနပ်ကြလို့ ဆင်းရဲတာပဲ အမေ ၊ သမီးတော့ ချမ်းသာချင်တယ် ၊ ချမ်းသာအောင် ကြိုးစားမှာ"

ခင်ညိုပြာညက် ချမ်းသာအောင် ကြိုးစားခဲ့မိတာပဲ မဟုတ်လား။ လူကတော့ ချမ်းသာပါရဲ့။ စိတ်ကမချမ်းသာ။ သူမဘဝက ဦးခန့်ကျော်စွာရဲ့ လောင်းရိပ်အောက်မှာ မိနေပြီ . . .ရုန်းမထွက်နိုင်တော့။

" မင်းကို ဦး တရားဝင်လက်ထပ်မယ် . . . သိပ်ချစ်လို့ပါ ညိုပြာလေးရယ် "

" ဟင့်အင်း . . ဟင့်အင်း . . .ဦးကို ညိုပြာ မချစ်တော့ဘူး"

ညိုပြာ ပြောပြီး သူမအိပ်ခန်းထဲ ပြေးဝင်လာခဲ့သည်။

သူ့ကို မချစ်တဲ့ကောင်မလေးတစ်ယောက်ကိုမှ ချစ်ခဲ့မိသည်။ ချစ်ဇနီးဝါဆို တစ်ယောက် စိတ်ထိခိုက်ကြေကွဲနေမှာပဲ။

ပြန်ဖို့ ထလိုက်သည်။ သို့ပေမယ့် စိတ်တွေက ခင်ညိုပြာညက် အနားမှာပဲ ရှိနေချင်မိ၏။

ဦးခန့်ကျော်စွာတစ်ယောက် ဧည့်ခန်းမှာပဲ ပြန်ထိုင်နေမိပြန်၏။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၉

ကိုကိုရယ် . . . ဝါဆို့အပေါ် ရက်စက်လိုက်တာ။

ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးကို အစွဲကြီး စွဲနေသည်။

ဝါဆို စိတ်သောကတွေ ခံစားနေရ၏။

ကိုကို့အတွက်ပါ။ စီးပွားရေးလောကမှာ နာမည်တစ်လုံးနှင့် ကိုယ်ကျင့်တရား ကောင်းစွာ နေခဲ့သူ။

ဝါဆို မတွေးရဲ . . ။ ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိတော့ပေ။

ကိုကိုတစ်ယောက် ဝါဆို့ကိုတောင် ပစ်ပယ်နိုင်ပြီပဲ။ဖောက်ပြန်တဲ့ အလုပ်တွေကို ဘာဖြစ်လို့များ ကိုကို လုပ်ခဲ့ရ တာလဲ . . . ။

ညဉ့်နက်လာပြီ။

ကိုကိုပြန်လာနိုးနှင့် ကားသံကို သူမနားစွင့်နေရတာ အမောပင်။

အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးနေသည်။

ကိုကို ပြန်မလာ။

သုရဲတောင်းစာပေတိုက်



ဝါဆို့ကိုဘယ်တော့များ ကွာရှင်းပြတ်စဲဖို့ ပြောမလဲ မသိဘူး။ မျက်ရည်တွေသာ အားကိုးစရာပါ။ ညဉ့်နက်မှ ဝါဆို အိပ်ပျော်သွားသည်။ သူမ အိပ်ရာမှ နိုးတဲ့အထိ ကိုကိုတစ်ယောက် ပြန်မလာသေးပေ။

အလုပ်ကို သူမ ဖုန်းဆက်သည်။ ကိုယ်တိုင်မလိုက်ဘာက သူမအတွက် ကိုကို့သိက္ခာ မကျစေချင်၍ပါ။

ကိုကို မလာသေးဘူးတဲ့။

ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးနဲ့ အကြည်ဆိုက်နေမှာပေါ့။

သူမ ကိုကို စိတ်ချမ်းသာအောင် ကွာရှင်းပြတ်စဲပေးလိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။ ခင်ညိုပြာညက်လို ကောင်မလေးကို လက်ထပ် လိုက်ရင် ကိုကို့ဂုဏ်သိက္ခာတွေ အဖတ်ဆည်လို့ရမှာ မဟုတ်ပော့။

ဝါဆို မလျှော့ဘူး။ မှုန်ထူနေတဲ့ကိုကို့ကို ဝါဆိုတတ်နိုင်သလောက် ချော့မော့ ဖျောင်းဖျချင်နေသည်။ ကိုကိုရှိနေတဲ့နေရာကိုလည်း မသိ။

ခင်ညိုပြာညက်ကို ဘယ်လောက်များ စွဲလမ်းမြတ်နိုးနေပြီလဲ။

ဝါဆို့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပဲ စီးကျလာနေရသည်။ တစ်ယောက်တည်း အားငယ်နေမိသည်။ မိဘဆွေမျိုးတွေကိုလည်း ဖွင့် ပြောရမှာ မျက်နှာပူနေမိသည်။

ရှက်စရာ။ ကိုကို့အပေါ် ဆွေးမျိုးအသိုက်အဝန်းတွေက အထင် ကြီး လေးစားနေကြသည်။

ဝါဆို့အပေါ်လည်း သစ္စာကြီးစွာ ချစ်မြတ်နိုးခဲ့၏။

ဘယ်လိုဖြစ်သွားရတာလဲ ကိုကိုရယ်။

သုရဲတောင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘားဘက်လုပ်ရမှန်းပင် မသိ။ ချစ်ခင်ပွန်းကိုလည်း ချစ်နေဆဲမို့ မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေသည်။

" ဂလင် . .လင် . . .လင် "

ဖုန်းလာ၍ ကိုကို့ဆီကများလား ဟု ဝမ်းသာသွားမိသည်။ သူမ လက်လေးတွေ တုန်ယင်လာ၏။ ရင်တွေ ခုန်နေ၏။ ကိုကို ဖြစ်ပါစေ . . .။

" ဟဲလို "

" မြတ်ဝါဆိုလား "

ကိုကို မဟုတ်ဘဲ ကိုကို့မိတ်ဆွေ ကိုသက်ထွန်း ဖြစ်နေသည်။

" ဟုတ်ပါတယ် ကိုသက်ထွန်း "

" ဝါဆို "

" ပြောပါ "

" ကိုခန့်အကြောင်း ပြောစရာ ရှိလို့၊ နင့်စိတ်တွေကို ခိုင်ခိုင်ထားနော် "

ကိုသက်ထွန်း ဘာပြောတော့မယ်ဆိုတာ ဝါဆို သလိုပါပြီ။ လက်ကလေးတွေ တုန်ယင်လာသည်။

ချစ်ခင်ပွန်းရဲ့ဂုဏ်သိက္ခာတွေ အကျကြီး ကျသွားပြီပဲ။

" ကိုခန့် ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးနဲ့ ရှုပ်နေတယ် ဝါဆို "

သိထားပြီးသား ကိစ္စပေမယ့် တုန်လှုပ်ချောက်ချားမိတာတော့ အမှန်ပင်။ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ယင်လာရသည်။





" နင် အချိန်မှီ တားသင့်တယ် ဝါဆို ၊ ပတ်ဝန်းကျင်က သိသွားပြီ . . . နင့်ယောကျ်ားကို အပြောကြီးသလောက် ကျိတ်ပုန်းခုတ်နေတာပဲ "

" တော်ပါတော့ ကိုသက်ထွန်းရယ် ၊ ကိုကို အခုလို ဖြစ်ရတာ ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးမြူဆွယ်လို့ပဲ ဖြစ်မှာပါ "

" ဘာပဲဖြစ်ဖြစ် နင်တို့အိမ်ထောင်ရေးကိုတော့ မပြိုကွဲစေနဲ့၊ ယောကျ်ားကို ချစ်လို့ သည်းခံနေရင် နင့်ယောကျ်ားပဲ နင်သထက်နစ်မှာ"

ကိုသက်ထွန်းက ဝါဆိုနှင့်ရော ကိုကိုနှင့်ပါ ငယ်သူငယ်ချင်းတွေ ဖြစ်ကြသည်။ ပြောမနာ . . . ဆိုမနာ။

ဖုန်းချလိုက်သည်။ ကိုကိုနှင့်ပတ်သက်ပြီး ပြစ်ဝင်ဝေဖန်သံတွေကို မကြားရဲတော့။

ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည်။ နှလုံးသားတွေ တစစီဖြစ်သလို ခံစားနေရသည်။ အိပ်လို့လည်း မရ၊ စားချင်စိတ်လည်း မရှိ။ တစ်ချိန်က ကိုကို့အကြင်နာတွေကို တမ်းတလွမ်းမောနေရသလို ဒဏ်ထီးကျန်မလေး ဖြစ်နေသည်။

မျက်ရည်ပေါက်တွေသာ သူမရဲ့အဖော်ပါ။

တခြားမယားကြီးတွေ ကဲ့သို့ ရန်တွေ့တာတွေ၊ အရှက်ခွဲတာတွေ မလုပ်ချင်။

ကိုကို့ဂုဏ်သိက္ခာကို ထိခိုက်မှာကိုပဲ စိုးရိမ်နေမိသည်။

ဦးခန့်ကျော်စွာကတော့ ခင်ညိုပြာညက်ကို ဘယ်လိုဖျောင်းဖျလို့မှ မရပေ။ အတွေ့ပင် မခံ။



www.burmeseclassic.com

www.burmeseclassic.com



" ရှင်ပြန်ပါ ဦးခန့်ကျော်စွာ ၊ ညိုပြာဘဝကို ဒီလောက်ဖျက်ဆီးရရင် ကျေနပ်ပါတော့ "

ခင်ညိုပြာညက်စကားတွေက သူ့နှလုံးသားတွေကို ထိခိုက်စေသည်။ အရူးတစ်ပိုင်း ဖြစ်နေမိ၏။ အလုပ်ထဲမှာလည်း စိတ်မဝင်စားနိုင်အောင် ဖြစ်နေမိသည်။

သူ အလုပ်ကို လာသည်။ စိတ်တွေက ခင်ညိုပြာညက်ကို စိတ်မချနိုင်ဘဲ ဖြစ်နေမိသည်။

" ဦးခန့် "

" ဟင် . . .ကိုနေ "

ကိုနေကို မြင်လိုက်ရ၍ ဦးခန့်ကျော်စွာ တုန်လှုပ်ချောက်ချားသွားမိသည်။

သူ့မိတ်ဆွေရဲ့သား။ ကောင်းကင်ပြာအရောင်းခန်းမကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်။ မိသားစုလို ဖြစ်နေတဲ့ ကိုနေ။

ကိုနေက သူ့ရှေ့စားပွဲမှာ ဝင်ပြီး ထိုင်လိုက်သည်။

" ဦးခန့်ကို ပြောစရာရှိလို့ ကိုနေ လာခဲ့တာ "

" ပြောလေ ကိုနေ "

" တခြားတော့ မဟုတ်ပါဘူး ဦးခန့်ရာ . . .ခင်ညိုပြာညက်ကို လက်ထပ်ချင်တယ် . . . အဲဒါ ဦးခန့် ဖျောင်းဖျပေးပါနော် "

" မင်းကို ကောင်မလေးက မချစ်ဘူးလား ကိုနေ "

" ချစ်တော့ ချစ်တယ် ဦးခန့်၊ ဘာဖြစ်လို့မှန်းမသိပါဘူးဗျာ လက်ထပ်ဖို့တော့ ငြင်းနေတယ် ၊ ဒက်ဒီတို့ကလည်း သဘောတူတယ်"





ဦးခန့်ကျော်စွာ တစ်ကိုယ်လုံး သွေးသားလည်ပတ်မှုဝေ့ ရပ်ဆိုင်းသွားရသည်။ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွား၏။

သူ . . . ဘာပြောရမလဲ။

ကိုနေ့အပြုံးကို သူ ရင်မဆိုင်ရဲအောင် ဖြစ်သွားရသည်။

" ဦးခန့်အတွင်းရေးမှူးမလေးက မာနတော့ ကြီးတယ် ၊ ကိုနေ့လိုကောင်မျိုးကိုတောင် အထင်ကြီးတာ မဟုတ်ဘူးဗျ "

" ကိုနေ . . . မင်း ခင်ညိုပြာညက်ကို သဘောကျရင် မင်းကြိုးစားပေါ့ ၊ ကောင်မလေးကို ဦးခန့် မချုပ်ကိုင်နိုင်ပါဘူးကွာ "

" ဟာ . . . ဦးခန့်ကလည်း ကိုနေ့ကို ကူညီပါဗျာနော်။ ခင်ညိုပြာညက်ရဲ့အချစ်တွေကို ကျွန်တော် သိတယ် ၊ ညိုပြာက ကျွန်တော့် အသိုင်းအဝန်းတွေကို မယုံတာပါ "

" ဦးခန့် မပြောနိုင်ဘူး ကိုနေ ၊ အလုပ်တွေများနေလို့ကွာ"

ဦးခန့်လေသံ မာသွားသဖြင့် ကိုနေ အံ့ဩသွားမိသည်။ မျက်နှာထားကပါ တင်းနေ၏။ ကိုနေ့ကို အပျော်ကြံမယ်လို့များ ထင်နေသလားမသိပေ။

" ဦးခန့် ကိုနေ့အချစ်တွေကို ယုံပါ . . . ခင်ညိုပြာညက်ကို ဦးခန့် အာမခံလိုက်ရင် ကျွန်တော့်အပေါ် ယုံလာမှာပဲ "

" ကိုနေ ဒီမှာ အလုပ်တွေရှိသေးတယ်ကွယ် မင်းပြန်တော့"

ဦးခန့် ဖွင့်အတင်းနှင်ထုတ်လိုက်သဖြင့် ကိုနေ ပြန်ခဲ့ရသည်။

ခင်ညိုပြာညက်အခန်း ရောက်လာတိုင်း . . . ချစ်သူမျက်ဝန်းလေးတွေက ညှိုးငယ်ဖျော့တော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



" ညှိုပြာ . . . ကိုနေ့ကို လက်ထပ်ဖို့ ညှိုပြာ ဘာဖြစ်လို့ ငြင်းနေတာလဲကွာ "

ကိုနေ့ကို တွေ့လိုက်သဖြင့် ညှိုပြာ ငိုချင်သွားမိသည်။

သူမ သေသေချာချာတွေးမိတော့မှ ကိုနေ့အပေါ် ဘယ်လောက် ချစ်မြတ်နိုး တွယ်တာခဲ့ရတာ သိသိလာရ၏။

ကိုနေက သူမဘေးနားမှာ ကပ်ထိုင်ပြီး သူမလက်လေးအား ဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည်။

သူမရှုန်းထွက်ဖို့ မေ့နေသည်။ နှလုံးသားထဲမှာ တစစ်စစ်နှင့် နာကျင်မှုဝေဒနာတွေ ခံစားလာ ရသည်။

" ညှိုပြာရယ် . . . ကိုနေ့ကို ချစ်ရက်သားနဲ့ ဘာဖြစ်လို့ မာနတွေ ကြီးပြနေတာလဲကွ "

သူမ ကိုယ်လေးက ကိုနေ့ရင်ခွင်ထဲ ရောက်သွားရသည်။

လုံခြုံမှု ရှိသွားသလိုပင်။

ကိုနေရယ် . . . ညှိုပြာ့ဘဝက ဦးခန့်ကျော်စွာရဲ့လောင်းရိပ် အောက်မှာ မသူပ်သာတော့ပါဘူး။

တစ်နေ့ကျရင်တော့ . . . အမည်းစက်တွေ အစွန်းအထင်းတွေ များစွာရှိနေတဲ့ ညှိုပြာ့ဘဝကို သိသွားမှာပါ။ ခွင့်လွှတ်ခြင်းဆိုတာ အတိုင်း အတာတစ်ခုထဲပဲ ရှိမယ်ဆိုတာ ညှိုပြာ သိရပါတယ်။

" ကိုနေတို့ လက်ထပ်ကြရအောင်နော် ညှိုပြာ . . . အားလုံး အဆင်ပြေနေကာပဲ၊ မာမီက သမီးလေးနဲ့တွေ့ချင်တယ်တဲ့ ၊ ညှိုပြာ လိုက်ခဲ့နော် "

**သူရဲကောင်းစာပေတိုက်**



" ဟင့်အင်း . . . လောလောဆယ်တော့ ညှိုပြာ ဘယ်သူနဲ့မှ မတွေ့ပါရစေနဲ့ ကိုနေ "

" မာမီတို့က အဆင့်အတန်း မခွဲခြားတတ်ပါဘူး ညှိုပြာ . . သမီးလေးတစ်ယောက်လို ချစ်ကြမှာပါ "

ညှိုပြာကလည်း သူမအကြောင်းနဲ့သူမဖို့ တွန့်နေမိသည်။

မဖြစ်နိုင်ပါဘူး။ ဖြူစင်သန့်ရှင်းခြင်း မရှိတော့တဲ့ ညှိုပြာ့ဘဝ အကြောင်း ညှိုပြာပဲ သိနေသည်။ ဦးခန့်ကျော်စွာရဲ့ တရားမဝင်ဇနီးမယား တစ်ယောက်မဟုတ်လား။

တစ်နေ့နေ့မှာတော့ ဆုံးဖြတ်ချက်တွေအားလုံးဟာ ပီပီပြင်ပြင် ဖြစ်လာမှာပါ ကိုနေ။

" ဘာဘာပဲဖြစ်ဖြစ်ကွာ ၊ မာမီကိုတော့ ခဏလေး လိုက်တွေ့နော်"

ကိုနေက ဖွတ်အတင်းကြီးခေါ်နေသဖြင့် ညှိုပြာ မညည်းရက် တော့ပေ။ စိတ်တွေက မပြတ်သားနိုင်။ တစ်ခါတလေ . . . ဖွတ်မှိတ်ပြီး ကိုနေ့ဆန္ဒတွေအားလုံး ဖြည့်စွမ်းပေးချင်မိသည်။ မဖြစ်နိုင်ပါဘူး ဟုပဲ သူမအသိတွေက နှိုးဆော်ပေးနေ၏။

" နော် . . ညှိုပြာ၊ လက်ထပ်တာ လက်မထပ်တာ နောက်မှ ဆုံးဖြတ်ကွာ ၊ မိတ်ဆွေတစ်ယောက်အဖြစ် မာမီ့ကို တွေ့လိုက်ပါ "

ညှိုပြာ့ကို သိပ်ချစ်မိ၏။

သူ့ကို လေးစားတန်ဖိုးထားလေ အထင်ကြီး မြတ်နိုးရလေ ဖြစ်နေ၏။

" ညှိုပြာ ဆက်ငြင်းနေရင် ကိုယ် ပွေ့ခေါ်သွားမှာနော် "

**သူရဲကောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



ညိုပြာကို ပွေ့တော့မည်ဟန်ပြင်သဖြင့် လန့်သွားရ၏။

" ကိုနေနော် . . . အဲသလိုကြီး ဖွတ်မလုပ်နဲ့ "

" ပေပ်မယ်ကွာ . . . ကိုနေ့အချစ်တွေကို ဥပက္ခာပြုထားတာ မခံနိုင်တော့ဘူး ၊ ဖြစ်ချင်တာဖြစ် "

ကိုနေက ဖွတ်အတင်းပွေ့ဖက်နေ၍ ညိုပြာ လိုက်လျောလိုက်ရသည်။

" ဟဲပါ . . . ဒီလောက်ခေါ်နေရင်လည်း ညိုပြာ လိုက်ခဲ့ပါတော့မယ်ရှင် "

ကိုနေ ကျေနပ်အောင် ခင်ညိုပြာညက် လိုက်လျောလိုက်သည်။

သူမ၊ ဘာမှမစဉ်းစားချင်တော့။ ချစ်ရတဲ့ကိုနေ့ရင်ခွင်ထဲမှာ တစ်နာရီတစ်ဝက္ကန့်ပဲဖြစ်ဖြစ် နေပစ်ချင်သည်။

ဦးခန့်ကျော်စွာနှင့်ကိစ္စတွေကို သိသွားတဲ့နေ့ မုန်းချင်လည်း မုန်းပါစေတော့။ သူ့အကြင်နာ အယုအယတွေကို ခံယူပစ်ချင်တဲ့ဆန္ဒတွေ ကြီးမားလာရသည်။

ကိုနေတို့ အိမ်ထဲ ပထမဦးဆုံး ဝင်ရောက်လာရခြင်းပင်။

ချမ်းသာလိုက်ကြတာ။ ခင်ညိုပြာညက်ခြေလှမ်းတွေပင် ဆက်မလှမ်းရဲတော့၊ ခမ်းနားထည်ဝါလွန်းတဲ့အရှိန်အဝါတွေ သူ့မစိတ်တွေကို ခြောက်လန့်လိုက်သည်။

" ဟီ . . . တီ "

ကားဟွန်းသံကြောင့် ဖြူဖွေးပြီး မိန်းမခံ့ခံ့ကြီးတစ်ယောက် ထွက်လာ၏။





" အဲဒါ ကိုယ့်မာမီလေ "

" ခုတယ်နော် "

" ညိုပြာ ယောက္ခမလောင်းပေါ့ "

" ဟွန်း . . . "

ကိုနေ့မာမီက တိုက်ဝကနေ အပြုံးတွေနှင့် ခရီးကြိုနေသည်။

"မာမီ သူက သားပြောပြောနေတဲ့သားချစ်သူ ခင်ညိုပြာညက်"

" အေးကွယ် . . . သမီးလေးကို တွေ့ရတာ ဝမ်းသာပါတယ်၊ မာမီတို့က သမီးလိုချင်နေတာနဲ့ အတော်ပဲဖြစ်သွားရတာပေါ့ကွယ် နော်"

ကိုနေ့မာမီက ညိုပြာညက်လက်ကလေးကို ဆုပ်ကိုင်ပြီး တိုက်ထဲ ခေါ်လာသည်။

တယုတယ ကြိုဆိုနေ၏။

" သမီးအကြောင်းတွေကို မာမီတို့သိထားပြီးပါပြီ . . . ဆင်းရဲတာက အရေးမကြီးပါဘူး ၊ မာမီတို့က ချမ်းသာပြီးသားပဲဟာ "

ခင်ညိုပြာညက်ရဲ့ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းသွားရသည်။ ငိုပစ်ချင်လာမိ၏။

ကိုနေတို့အသိုက်အဝန်းတွေက စိတ်သဘောဝား ပြည့်ဝလွန်းတာပါလား။

" သားလေး မြတ်နိုးဖို့ပါပဲကွယ် . . . သမီးလေး ဘာမှ အားမငယ်နဲ့ ၊ အခမ်းနားဆုံးဖြစ်အောင် မာမီတို့ စီစဉ်ပေးပါ့မယ် "

ယောက္ခမလောင်းကြီးက အားပေးလေ ညိုပြာ အခက်ကြီးခက်လေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာနှင့်သာ သူမ ပတ်သက်ဆက်နွယ်ခြင်း မရှိလျှင် ဘယ်ပါလောက်ကောင်းမလဲ။

အမေပြောသလို ကံကိုပဲ ပုံချရတော့မလို ဖြစ်နေရသည်။

နောင်တတွေ ရနေမိ၏။

ကိုနေ့မာမီက ချစ်မြတ်နိုးဟန်ပြလေ ခင်ညိုပြာညက် ချောက်ချားလေ ဖြစ်လာသည်။ ထပြန်ချင်နေ၏။

" သမီးလေးက ဖူးဖူးထွတ်ထွတ် သန့်သန့်စင်စင်လေး၊ သားမြတ်နိုးတာလည်း အပြစ်မရှိပါဘူးကွယ်၊ မာမီတော့ ချွေးမချောချောလေးအတွက် ဂုဏ်တောင်တက်ဦးမှာပဲ "

ခင်ညိုပြာညက် ဆက်ပြီး ရင်ဆိုင်နိုင်စွမ်း မရှိတော့ပေ။ ပြန်လာချင်သည်။ ရုက်သည် ဟု အကြောင်းပြကာ ကိုနေ့ကို ပြန်ပို့ခိုင်းရ၏။

ခင်ညိုပြာညက်ရယ် . . . နင် စိတ်ကူးယဉ်တမ်းတခဲ့ရတဲ့ဘဝလေးတစ်ခုကို ရနေပြီပဲ။ ဒါပေမယ့် . . . သိပ်နောက်ကျလွန်းတယ်။

အရာရာဟာ ခင်ညိုပြာညက်အတွက် အရှုံးတွေနဲ့ပဲ ရင်ဆိုင်ရတော့မှာပါ။

ကိုနေ ပြန်သွားတော့ အားပါးတရ ငိုရှိုက်ပစ်လိုက်တော့သည်။

~ ~ ~



အခန်း - ၂၀

" မင်း . . . မင်း ကိုနေတို့တိုက် လိုက်သွားတယ် မဟုတ်လား ညိုပြာ "

" ဟုတ်တယ် ဦး "

" ဘာ . . . "

" ကိုနေ့ကို ညိုပြာ လက်ထပ်မယ်လို့ ပြောပြီးပြီပဲ "

" မင်းကို ငါ သဘောမတူနိုင်ဘူးလို့ ပြောပြီးပြီပဲ "

" ညိုပြာကို တားပိုင်ခွင့်မရှိဘူးတိုတာရော ဦး သဘောပေါက်ဖို့ လိုအပ်တယ် "

ခင်ညိုပြာညက်ကလည်း ဦးခန့်ကျော်စွာကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

" မင်း ကိုနေနဲ့လက်ထပ်ရဲ လက်ထပ်ကြည့် မင်းကို အရှက်ခွဲပြမယ်ယယ် "

ဦးခန့်ကျော်စွာကတော့ ဘာကိုမှ မစဉ်းစားနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အသိမဲ့လူတစ်ယောက်လို ဖြစ်နေသည်။ ခင်ညိုပြာညက်ကို စွန့်လွှတ်လိုက်ရမှာကို သေမလောက်အောင် စိုးရိမ်နေမိသည်။

“ မင်းကို ငါ သိပ်ချစ်တယ် ညိုပြာ . . . ငါ့ကို ဘာဖြစ်လို့ စိမ်းကားရက်စက်ပစ်ချင်နေရတာလဲ . . .ပြောစမ်း ”

“ မသိဘူး . . .မသိဘူး ၊ ညိုပြာ့ကို ဦးရဲ့အရိပ်အောက်ကနေ ရုန်းထွက်ခွင့် ပေးပါတော့ ”

ခင်ညိုပြာညက် မျက်ရည်တွေသာ သူမမျက်ဝန်းတွေထဲမှာ စီးကျလာသည်။

“ မင်း ချမ်းသာချင်တာ မဟုတ်ဘူးလား . . .ညိုပြာ ”

“ ကိုနေလည်း ချမ်းသာတာပဲ ဦး ”

“ မိဘချမ်းသာတာ မင်းအတွက် ဘာအကျိုးရှိမှာလဲ . ဦးရဲ့ ပိုင်ဆိုင်တဲ့စည်းစိမ်ဟာ မင်းပိုင်ဆိုင်ခံစားရမှာပါ ”

“ ညိုပြာ မလိုချင်တော့ဘူး ”

“ ဝါဆို့ကို ကွာရှင်းလိုက်ရင်ရော မင်း ကျေနပ်မလား ”

ဦးခန့်ကျော်စွာ မျက်နှာကို ခင်ညိုပြာညက် မုန်းတီးနာကြည်းစွာ ကြည့်လိုက်မိသည်။

“ ရှင်ဟာ ကိုယ့်ငယ်လင်ငယ်မယားကိုတောင် ပစ်ပယ်နိုင်ရင် ကျွန်မကိုရော ရှင် ဘယ်အချိန်အထိ သံယောဇဉ်တွယ်နိုင်မှာလဲ ”

ဒေါ်မြတ်ဝါဆိုမှာ ဘာအပြစ်မှမရှိတဲ့ အိမ်ရှင်မတစ်ယောက်ပင်။ ဦးခန့်ကျော်စွာက ကွာရှင်းပြတ်စဲဖို့ ဆုံးဖြတ်နေသည်။ ဒေါ်မြတ်ဝါဆို ကိုတောင် ဦးခန့်ကျော်စွာက သံယောဇဉ် ပြတ်နိုင်သေးတာပဲ။





“ ဒီအခန်းကနေ ညိုပြာ ထွက်သွားမယ် . . ဦး ပြန်ယူပါ”

“ မင်း . .မင်း ကိုနေ့အားကိုးနဲ့ ဦးကို အာခံတာလားညိုပြာ”

“ မဆိုင်ပါဘူး ဦး . . . ညိုပြာ အမှားတစ်ခုကို ဆက်မလုပ်သင့်တော့ဘူး ထင်လို့ပါ ”

ကိုနေ့ကို သူမ ဘယ်တော့မှ လက်မထပ်ဖို့ ဆုံးဖြတ်ထားသည်။ ဦးခန့်ကျော်စွာနှင့်သူမအကြောင်းကို ဖုံးဖိထားလို့ ဖြစ်မလား။

“ မင်း ဒီအခန်းကနေ ဘယ်မှမသွားရဘူး ညိုပြာ . . ဦးကို သနားပါ . . .မရက်စက်ပါနဲ့ ”

ဦးခန့်ကျော်စွာ ခင်ညိုပြာညက်ကို တောင်းပန်နေမိသည်။

အချစ်တွေက ပြင်းပြနေ၏။ ပြီးတော့ သည်မိန်းကလေးဘဝကို သူ ကောင်းစားစေချင်တဲ့ဆန္ဒ ရှိနေသည်။ ယုတ်မာချင်၍တော့ မဟုတ်။

“ ဦး မင်းကို မစွန့်လွှတ်နိုင်ဘူး ညိုပြာရယ် ”

“ ညိုပြာကတော့ ဦးကို ကျေးဇူးရှင်တစ်ယောက်လိုပဲ ခါက်ဆံ နိုင်မယ် ”

ခင်ညိုပြာညက်ကို ဘယ်လိုမှပြောမရတော့သဖြင့် သူစိတ်ထိခိုက်သွားရသည်။ ဆောက်တည်ရာ မရတော့၊ နှလုံးသားတွေက အချစ်အတွက် သောကတွေ ရောက်နေရသည်။ ခင်ညိုပြာညက်အတွက် ခံစားနေရသည်။

ကိုနေ့ဘက် ပါသွားပြီလား . . .။ အရက်ကြီး ရက်နေမိသည်။ ဝါဆို့ဆီလည်း သူ ပြန်ချင်စိတ် မရှိတော့ပေ။ နေမထိ ထိုင်မသာဖြစ်နေသည်။

“ ကိုခန့် ”

“ ဟင် . . .”



www.burmeseclassic.com

မမျှော်လင့်ဘဲ သူငယ်ချင်းသက်ထွန်း ရောက်လာသည်။တုန် လှုပ်သွားရ၏။ သည်အခန်းကို ဘယ်လိုသိပြီး လိုက်လာလည်း မသိပေ။

" မင်းကို ပြောစရာရှိလို့ . . . အပြင်လိုက်ခဲ့ "

ဦးခန့်ကျော်စွာ ဘယ်လိုမှ ငြင်းမရဘဲ ဖြစ်နေသည်။ ပြောမနာ ဆိုမနာ သူငယ်ချင်း၊ ဝါဆိုများ တစ်ခုခု ဖြစ်နေပြီလား ဟု စိတ်ပူသွားမိ၏။ အပြင်ထွက်လာကြ၏။

" ကိုခန့် . . . မောင်ရင့်လုပ်ရပ်တွေက ပတ်ဝန်းကျင်မှာ ဘယ်လောက် သိက္ခာကျနေပြီလဲ ဆိုတာ မင်း သိရဲ့လား "

ဦးခန့်ကျော်စွာ ခေါင်းငိုက်စိုက်ချ ထားလိုက်မိသည်။

" ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးနဲ့မင်း . . . "

" တော်ပါတော့ သက်ထွန်း၊ ငါ ဆက်မကြားချင်တော့ဘူး "

" ပြောရမှာပဲ ကိုခန့်၊ မောင်ရင်ရဲ့ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့် တရားတွေကို အဖတ်ပြန်ဆည်သင့်တယ် "

ဝါဆို စိတ်သောကတွေ ရောက်ပြီး အိပ်ရာထဲ လဲနေသည်။ ရင်ကွဲမတတ် ခံစားနေရသည်။

" တစ်ချိန်က မင်းအပြောကြီးခဲ့တာတွေ မင်း မေ့ပစ်လိုက်ပြီ လား ကိုခန့် "

" တော်ပါတော့လို့ ငါ ပြောထားပြီးပြီပဲ သက်ထွန်း . . . အဲဒီ အပြောကြီးခဲ့တာတွေက ငါ့ကို အထိနာနေပြီကွ "

" ဝါဆို အိပ်ရာထဲမှာ လဲနေပြီ ကိုခန့် "

" ဟင် . . . "





" မင်းသွားကြည့်သင့်တယ်၊ ပြန်သင့်ပါတယ်ကွာ၊ ကိုယ်ကျင့် တရား ပျက်ပြားတဲ့ယောက်ျားတွေကို မင်းအထင်မကြီးဘူးဆို . . ရှုတယ်ဆို"

ဝါဆို သိပ်ပြီးခံစားနေရမှာကို ဦးခန့်ကျော်စွာ သိပြီးသားပါ။ ခင်ညိုပြာညက် အနားကနေ မခွာနိုင်။ သူနှင့်ဝေးရာကို ထွက်သွားရမှာ အစိုးရိမ်ကြီး စိုးရိမ်နေသည်။

" ဝါဆိုက ပြောတယ်၊ မင်းဖြစ်ချင်တာတွေအားလုံး ဖြစ်စေရ မယ်တဲ့၊ ကွာရှင်းပေးပါမယ်တဲ့ "

" ဝါဆိုက ဒီလိုပဲ ပြောလား "

" အေး . . . မင်းကြည့်ရတာ တော်တော်ဝမ်းသာသွားပုံပဲ"

ဝါဆိုဘက်က အေးအေးဆေးဆေး ကွာရှင်းပေးမယ်ဆို၍ ဝမ်းသာသွားမိသည်။ သူက ကွာရှင်းတာ မဟုတ်။ ခင်ညိုပြာညက်အမြင် မှာ သံသယရှင်းဖို့က အရေးကြီးနေသည်။

" မင်း ဝါဆိုနဲ့ တွေ့လိုက်ပါ "

ဦးသက်ထွန်းတို့အသိုက်အဝန်းထဲမှာ ဦးခန့်ကျော်စွာက စံပြ တစ်ယောက် ဖြစ်သည်။ အရက်မသောက်။ လောင်းကစားလည်း ဝါသနာ မပါ။ မိန်းမအပေါ်လည်း သစ္စာတရားကြီးမားတဲ့အိမ်ထောင်ရှင်တစ်ဦး။ ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေး မြှူဆွယ်လို့ပဲ ဖြစ်နိုင်၏။

" ပြန်မယ် ကိုခန့်၊ မင်း ဝါဆိုကိုတော့ မင်း မရက်စက်သင့် ပါဘူးကွာ "

ဦးသက်ထွန်း စိတ်မကောင်းကြီးစွာနှင့် ပြောပြီး ပြန်သွားသည်။ စိတ်မတည်ငြိမ် ယောက်ယက်ခတ် ကျန်ခဲ့သူက ဦးခန့်ကျော်စွာ။

www.burmeseclassic.com



ဝါခဲ့ ကွာရှင်းပေးမယ် တဲ့။

သူ့မှာ ဂုဏ်သိက္ခာတွေကတော့ မရှိတော့ပါဘူး။ မိန်းကလေး တစ်ယောက်ကို အပျော်ပေါင်းသင်းပြီး ပစ်မထားခဲ့ချင်ပေ။ လက်ထပ်ယူရဲ တဲ့ သတ္တိ ရှိရမည်။

သူက ယောက်ျား။

ယောက်ျားပီသစွာ မိန်းမတစ်ယောက်ကို တာဝန်ယူချင်သည်။ ကိုခနနှင့် လက်ထပ်တော့လည်း သူတို့အကြောင်းသိသွားရင် ပြဿနာ တက်နိုင်၏။ ဝါဆိုနှင့် စာရင်းရှင်းဖို့ ဆုံးဖြတ်လိုက်သည်။

" ဘီ . . .တီ . . . တီ"

ခြံစောင့်ကြီးက တံခါးဖွင့်သည်။

" ဒါဆိုရော "

" ခနမကောင်းဘူး ဆရာ "

ဦးခန့်ကျော်စွာ ဘာမှမပြောတော့ဘဲ တိုက်ထဲ ဝင်လာခဲ့သည်။

ဝါခဲ့က အိပ်ခန်းထဲမှာ။ သူ့ကိုမြင်တော့ အေးစက်မာကျောတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေသည်။

ဦးခန့်ကျော်စွာ အံ့သြသွားရ၏။ ဝါဆိုရဲ့ မုန်းတီးနာကြည်းတဲ့ မျက်ဝန်းတွေကို သူ တစ်ခါမှ မမြင်ဖူးခဲ့ပေ။

" ဒါဆို "

" ရှင် ပြန်လာသေးတယ်နော် "

ဝါခဲ့ဆီ ဦးခန့်ကျော်စွာ မပြန်တာ တစ်လလောက် ရှိနေပြီ။ ဖုန်းပင် မဆက်မိ။





" မင်း နေမကောင်းဘူးဆို "

" ဒါတွေက ရှင့်အတွက် သိပ်အရေးမကြီးပါဘူး ၊ ကျွန်မကို ကွာရှင်းပြတ်စဲဖို့ ရှင်လာတာ မဟုတ်လား "

ဝါဆို့အမေးကြောင့် ဦးခန့်ကျော်စွာ ဘာပြန်ဖြေရမှန်း မသိ တော့။ လာတာကတော့ ကွာရှင်းဖို့ပဲ။

" ပြောလေ ဦးခန့်ကျော်စွာ . . . ရှင် ခင်ညိုပြာညက်ဆိုတဲ့ ကောင်မလေးကို မပြတ်နိုင်ဘူး မဟုတ်လား "

အရာရာကို ရင်ဆိုင်ဖို့ ဦးခန့်ကျော်စွာ ဆုံးဖြတ်လိုက်မိသည်။ ခင်ညိုပြာညက်ကို သူ စွန့်လွှတ်ဖို့သတ္တိတွေ မရှိပေ။ ဒါဆိုကိုတော့ စည်းစိမ်ဥစ္စာတွေ အပြည့်နှင့် တင့်တင့်တယ်တယ် ထားခဲ့မှာပဲ။

" ဝါဆို့ကို ရှင် စွန့်ပစ်တော့မယ် မဟုတ်လား "

" ကိုကို မလွှဲသာမရှောင်သာ ခင်ညိုပြာညက်ကို လက်ထပ်ရ မှာပါ ဝါဆို "

" မလွှဲသာ မရှောင်သာလို့ ဟုတ်လား ဦးခန့်ကျော်စွာ "

" ကိုကိုလို့တောင် မခေါ်တော့ဘူးလား ဝါဆို "

ဝါဆို့နှလုံးသားတွေထဲမှာ နာကျင်နေမိ၏။ မိန်းမတစ်ယောက်ကို သည်လောက်အထိ ရက်စက်နိုင်ပါလား။ ဝါဆိုကြားချင်တာက ကိုကို့မိန်းမ ကို ဘယ်တော့မှမကွာနိုင်ဘူး . . .ဆိုတဲ့ စကားပင်။

အခုတော့ . . . သူမနှင့် ကွာရှင်းပြတ်စဲဖို့ ကိုကိုလာခဲ့တာပါ ဆိုတာ သိလိုက်ရ၏။ နှစ်ပေါင်းများစွာ ကြင်ကြင်နာနာ၊ ယုယုယယ ပေါင်း သင်းလာခဲ့တဲ့မိန်းမ တစ်ယောက်အတွက် ကွာရှင်းရက်၏။ စွန့်လွှတ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



" ခင်ညိုပြာညက်ကို လက်ထပ်တာ ကိုကို့ဂုဏ်သိက္ခာအရပါ ဝါဆို "

" ဘာပြောတယ် ဦးခန့်ကျော်စွာ "

" ကိုကို ယောက်ျား ပီသချင်တယ်၊ မိန်းကလေးတစ်ယောက်ကို ပေါင်းပြီး ပစ်မထားချင်ဘူး "

" ကျွန်မဘဝ ရေ့ရေးကိုရော ရှင် ထည့်မတွက်တော့ဘူးလား"

ဒေါ်မြတ်ဝါဆိုအသံတွေက တုန်ယင်လှုပ်ခါစွာ အံ့ဩသံတွေပင်။ နှလုံးသားတွေ မာလှချည်လား။

သူမအပေါ် ဒီလောက်ရက်စက်နိုင်လိမ့်မည် ဟု မထင်မိပေ။

" ဝါဆို့ကို စည်းစိမ်ဥစ္စာတွေ အပြည့်နဲ့ ထားခဲ့မှာပါ ၊ အသိုက်အငန်းရှိတဲ့ဝါဆိုအတွက် ပူစရာမှ မရှိတာ "

" ပူစရာ မရှိဘူး ဟုတ်လား။ ကျွန်မဟာ ရှင့်မိန်းမဆိုတာရော ရှင် မေ့ပစ်လိုက်ပြီလား ၊ ဝါဆိုဟာ ကိုကို့ဘဝရဲ့ မီးရှူးတန်ဆောင်ဆို"

" ကိုကို့ကို ဘာမှ ဆက်မပြောပါနဲ့တော့ဝါ ၊ ကိုကို့ကို နားလည်ပါကွာ . . . ခင်ညိုပြာညက်ဘဝက ကိုကို့ကြောင့် ပျက်စီးသွားရတာ"

" ရှင့်ရဲ့ဂုဏ်သိက္ခာတွေကိုရော ထည့်မစဉ်းစားတော့ဘူးလား"

ဦးခန့်ကျော်စွာ အတွေးတွေထဲမှာ ခင်ညိုပြာညက်ကိုပဲ နှလုံးနေမိသည်။ ဝါဆို့ကို မုန်းလို့ မဟုတ်။ ညိုပြာညက်ကို မစွန့်လွှတ်နိုင်၍သာ အဓိက ဖြစ်နေသည်။

" ကိုကို့ကို ကွာရှင်းပြတ်စဲပေးပါ ဝါဆို "

ကိုကို့စကားတွေက ဒေါ်မြတ်ဝါဆိုရဲ့နှလုံးသားတွေကို ချွန်ထက်





တဲ့ ဓါးမြှောင်တစ်ခုနှင့် ထိုးနှက်ပစ်လိုက်သလိုပင်။

သူမထင်တာက တစ်မျိုး။ ကိုကို့ဘက်က သူမကို ကွာရှင်းနိုင်မှာ မဟုတ်ဟုပင်။ အချစ်ကြီးတော့ အမျက်ကြီးချင်လာသည်။ ကိုကို့ကို သူမ အချစ်ကြီး ချစ်ခဲ့မိ၏။ ယုံကြည်အားကိုးလာခဲ့ရသည်။

အခုတော့ . . . တဖြည်းဖြည်း ရက်စက်သွန်းတဲ့ယောက်ျား တစ်ယောက်အဖြစ် မြင်လာသည်။

မုန်းလာ၏။ နာကြည်းစိတ်တွေက ဒေါ်မြတ်ဝါဆို နှလုံးသားထဲ တိုးဝင်လာခဲ့သည်။ သူမမျက်ဝန်းတွေထဲမှာ တင်းမာခက်ထန်မှုတွေရှိနေ၏။

ဒါပေမယ့် စိတ်တွေကို ထိန်းချုပ်လိုက်သည်။ နောက်ဆုံးအကြိမ်အဖြစ် သူမ အိမ်ထောင်ရေး မပြိုကွဲအောင် ကြိုးစားကြည့်ချင်၏။

စိတ်တွေကို လျှော့ချပစ်လိုက်သည်။

" ကိုကို "

" ပြောပါ ဝါဆို "

" အနှစ်နှစ်အလလ တည်ဆောက်လာခဲ့တဲ့ ဒါဆိုတို့အိမ်ထောင်ရေးကို လွယ်လွယ်နဲ့ ဖျက်ဆီးပစ်လိုက်တော့မှာလား "

ဦးခန့်ကျော်စွာအကြည့်တွေက တွေဝေငေးငိုင်သွားသည်။

ဝါဆို့ဆီမှ အကြည့်တွေကို သူ ရင်မဆိုင်ရဲ။

"ဂုဏ်သိက္ခာကျမယ့်အလုပ်တွေကို ဘာဖြစ်လို့လုပ်ချင်ရတာလဲ"

" ခင်ညိုပြာညက်ရဲ့ဘဝပျက်ရမယ့်အရေးက ကိုကို့ဂုဏ်သိက္ခာတွေနဲ့ လဲပစ်လိုက်ချင်တယ် ဝါဆို "

" ခင်ညိုပြာညက်ဘဝအတွက် တာဝန်ယူမယ့် ကိုကို ရှိနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာ မကြားချင်ဆုံးစကားတွေက ကိုနေနှင့်ညီပြုလက်ထပ်တော့မယ် ဆိုတဲ့စကားတွေ ဖြစ်နေသည်။

" ကိုနေက ကိုကိုနဲ့ညီပြုအကြောင်းတွေ မသိလို့ လက်ထပ်ချင်နေတာ ဝါဆို "

" အဲဒါက ကိုကိုပြောမှ ကိုနေ သိသွားနိုင်တာပါ "

" ကိုကို တောင်းပန်ပါတယ် ဝါဆို ၊ မင်းကိုပဲ စွန့်လွှတ်ဖို့ ကိုကို ဆုံးဖြတ်လိုက်ပြီ "

" ဟင် . . ."

ကိုကိုပြောလိုက်တာမှ ဟုတ်ရဲ့လားလို့ သေချာအောင် ပြန်ကြည့်မိသည်။ ဝါဆို့ကိုပဲ စွန့်လွှတ်မယ်တဲ့။ ခင်ညိုပြာညက်ကို သည်လောက်တောင် စွဲလမ်းမြတ်နိုးနေတာပါလား။

" ကိုကို့ဆုံးဖြတ်ချက်တွေကို ပြင်ဖို့ သေသေချာချာ စဉ်းစားပါဦး။ အချိန်တွေ ရှိပါသေးတယ် ကိုကို "

ဦးခန့်ကျော်စွာကတော့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ပေ။ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

" ကိုကို့ဆုံးဖြတ်ချက်ကို မပြင်ပါရစေနဲ့တော့ . . . ကွာရှင်းစာချုပ်မှာသာ လက်မှတ်ထိုးပေးလိုက်ပါတော့ ဝါဆို "

ကိုကို့ကို နာကြည်းမုန်းတီးတဲ့အကြည့်တွေနှင့် ကြည့်ပစ်လိုက်၏။

" ရှင်ဟာ တော်တော်ရက်စက်ယုတ်မာတဲ့ ယောကျ်ားတစ်ယောက်ပဲ ဦးခန့်ကျော်စွာ၊ ဝါဆို ကွာရှင်းပေးပါ့မယ် . .ရှင် သဘောကျသလိုသာ စီစဉ်လိုက်ပါတော့ "





ဝါဆို့မျက်နှာလေးကို ဦးခန့်ကျော်စွာ ရီဝေစွာ ကြည့်နေမိသည်။

သူ့ကို သိပ်ချစ်တဲ့မိန်းမ။ အယုံအကြည်ဆုံးမိန်းမ။ အိမ်ရှင်မတစ်ယောက်ပီသလွန်းတဲ့ ဝါဆို့ကို သူ စွန့်လွှတ်ရတော့မည်။

ကိုကို စိတ်ထိခိုက်ရပါတယ် ဝါဆိုရယ် . . .၊

ကံတရားအရ ဖြစ်သွားတဲ့ အဖြစ်အပျက်တစ်ခုပါ။

သူ ပြန်ဖို့ ထလိုက်သည်။

ဝါဆိုရှေ့မှာ ဆက်ပြီး ထိုင်နေရဲတဲ့သတ္တိ မရှိတော့၍ ဖြစ်၏။

" ကိုကို ပြန်မယ် ဝါဆို ၊ နောက်နေ့မှ ရှေ့နေခတွကတစ်ဆင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးကြမယ် "

ကိုကိုဟာ သူမကို တကယ်ပဲ ကွာရှင်းပြတ်စဲတော့မှာလား။

ရက်စက်နိုင်တဲ့သတ္တိတွေ အပြည့်ရှိနေကြောင်း သူမ သိလိုက်ရသည်။ ခံပြင်းနာကြည်းစိတ်တွေက ဒေါ်မြတ်ဝါဆို နှလုံးသားတွေထဲ တိုးဝင်လာ၏။ ကိုကို့ကို ဆတ်ခနဲ မော့ကြည့်မိသည်။

" ရှင့်ကို ကျွန်မ မုန်းတယ် ၊ နာကြည်းတယ် ၊ ရှင့်ရဲ့အချစ်သစ်နဲ့ပဲ ဘဝတစ်သက်လုံး ပျော်ရွှင်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်"

ကိုကိုက သူမကို ကျောခိုင်း မထွက်သွားခင် ကိုကို့ကို သူမ ကျောခိုင်းထွက်လာခဲ့မိတော့သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၁

" ညိုပြာ့ကို လက်ထပ်ဖို့ ကိုနေ စဉ်းစားပါဦး . . . အချိန်တွေ ရှိပါသေးတယ် "

ကိုနေက သူမလက်ထပ်ဖို့ အကြိမ်ကြိမ်တောင်းဆိုနေသည်။

သူမက၊ စိတ်မလုံ။ ကတိပေးရမှာကိုပဲ သတ္တိကြောင်နေမိတာ သူမကိုယ် သူမ သိသည်။

ဖွင့်ပြောလိုက်ရင် ကောင်းမလား။

လိမ်ညာပြီး လက်ထပ်လိုခြင်း မရှိ။

တစ်နေ့ . . . သိသွားရင် ကိုနေ့အမုန်းတွေကို သူမ ခံစားနိုင်မှာ မဟုတ်ပေ။

ချစ်သူ့ဘက်က အပြစ်ကင်းသည်။ ဖြူစင်လွန်းသည်။

ညိုပြာ့ညက်အပေါ် သစ္စာရှိစွာ အချစ်ကြီး ချစ်တဲ့သူ။

" ကိုနေကတော့ အချိန်မဆွဲချင်တော့ဘူး ညိုပြာရယ်၊ စိတ်မချဘူး၊ အမြန်ဆုံးလက်ထပ်ပြီး ကိုနေ စိတ်ဖြောင့်ဖြောင့်နေချင်ပြီ "





လူကြီးတွေကလည်း သဘောတူကြည်ဖြူထားကြပြီမဟုတ်ပေဘူး။

ညိုပြာဘက်က ငြင်းနေသည်။

ကိုနေ စဉ်းစားမရ။ ဒက်ဒီနှင့်မာမီတို့ကလည်း ချွေးမချောလေးကို ချစ်ခင်နေကြသည်။

မိမရှိ၊ ဖမရှိ တစ်ကောင်ကြွက်မလေးဖြစ်၍ သနားတဲ့အပြင် ချွေးမအဖြစ် သဘောကျနေ၏။

ဘာလိုသေးလဲ . . .။

" မာမီက ချွေးမလေးကို သူ့သားနဲ့ လက်ထပ်စေချင်တယ်ဘဲ"

ကိုနေတို့ဘက်မှ ကောင်းလေ ညိုပြာညက် စိတ်ချောက်ချားလေဖြစ်သည်။ သူမမှာက အမည်းစက်ကြီး ရှိနေ၏။

ဖျက်လို့မရတဲ့အပြင် . . .

" ကိုနေရယ် . . . ညိုပြာ့ကို အချိန်လေးတစ်ခု ပေးပါ၊ အဖြေ တစ်ခုခု ထွက်လာနိုင်မယ့်အချိန်လေးပေါ့ "

" ညိုပြာ့မှာ ကိုနေနဲ့ လက်မထပ်နိုင်တဲ့အကြောင်းတစ်ခုခု ရှိနေသလိုပဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ ညိုပြာ . . . ကိုနေက ညိုပြာ့ ခင်ပွန်းလောင်းပဲဟာ "

" ဟင်းနေဦး . . ."

ကိုနေ့ရင်ခွင်မှာ မျက်နှာထိုးကပ်ရင်း ငိုချင်နေမိသည်။

သူ့အကြောင်းနာတွေကို သူမ ဘာဖြစ်လို့များငြိမ်သက်စွာ ခံစားနေရတာလဲ။ တကယ်တော့ . . . ကိုနေနှင့် အဝေးဆုံးနေရာတစ်ခုကို သူမ သွားသင့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ကျော်စွာရဲ့ အရိပ်အောက်ကနေ ပထမဆုံး ရုန်းထွက်သင့်သည်။ အလုပ်သင့်ဆုံးအလုပ်ကို သူမ လုပ်ဖို့ အကောင်းဆုံးပဲ မဟုတ်လား . . .။

ချစ်သူရဲ့အကြင်နာတွေ ၊ အယုအယတွေ၊ ချစ်စကားလှလှလေးတွေက သူမနှလုံးသားတွေကို နာကျင်စေသည်။

" ကိုနေ ပြန်တော့နော် "

" မနှင်ပါနဲ့ကွာ "

" မသင့်တော်လို့ပါ "

ဦးခန့်ကျော်စွာ ပြန်ရောက်လာမှာကို ညိုပြာ စိုးရိမ်နေမိသည်။

" ကိုနေတော့ လက်ထပ်ဖို့ စီစဉ်မယ် ၊ ဒက်ဒီတို့နဲ့လည်း ညှိနှိုင်း တွေ့ပြီးပြီပဲ ၊ မာမီ့ကို အမြန်ဆုံးစီစဉ်ဖို့ ပြောလိုက်တော့မယ်နော်"

ချစ်သူရဲ့ဆန္ဒကို ခင်ညိုပြာညက် ငြင်းဆန်နိုင်တဲ့အင်အားမရှိ။ ကိုနေ့မျက်ဝန်းတော်ထဲမှာ မျှော်လင့်ချက်အရိပ်ကလေးတွေ ပျောက်မသွားစေချင်ပေ။

" ညိုပြာ "

" ဟင် . . ."

" ကိုနေ မာမီ့ကို လက်ထပ်ဖို့ စီစဉ်ခိုင်းလိုက်တော့မယ်နော်"

ခင်ညိုပြာညက် ဟန်ဆောင်နိုင်စွမ်း မရှိတော့အောင် ဖြစ်သွားသည်။ ကိုနေကို သူမ ရင်ဆိုင်နေရတဲ့အဖြစ်တွေ ပြောပြဖို့ စိတ်ကူးကြည့်မိ၏။ မဖြစ်သေးပါဘူး။ သူမအကြောင်းတွေကို သိလိုက်လျှင် ဒေါသတကြီး တုံ့ပြန်မှာ စိုးရိမ်မိသည်။





နာကြည်းမယ့်စကားတွေ၊ အထင်မြင်သေးတဲ့အကြည့်တွေကို ရင်မဆိုင်ရဲလို့ပါ။

" ကိုနေရယ် . . . လက်ထပ်ဖို့ကိစ္စ သိပ်မလောဖို့ ညိုပြာ တောင်းပန်ပါရစေ . . . တစ်ပတ်အတွင်းမှာ ညိုပြာ အဖြေပေးမယ်နော်"

" မောတယ်ကွာ "

ကိုနေ့ကို အမြန်ဆုံးပြန်ဖို့ ညိုပြာ ချော့မော့ပြောဆိုနေရသည်။

" ညိုပြာတစ်ယောက်တည်း နေရတာပါ ကိုနေ၊ ပတ်ဝန်းကျင်က တစ်မျိုး မြင်လိမ့်မယ် ၊ အထင်သေးသွားရင် မကောင်းပါဘူး "

ခင်ညိုပြာညက် ပြန်နိုင်းတော့လည်း အနမ်းလေးတစ်ခုနှင့် နှုတ်ဆက်သည်။ သူ ထပြန်သွား၏။

" ကောင်လေးက သနားပါတယ် ၊ ကလေးမလေးကို ဒဲဒ်ချစ်တာပဲ ၊ လက်ထပ်ဖို့ သဘောတူလိုက်ပါလားကွယ် "

အိမ်ဖော်အဒေါ်ကြီးက အားမလိုအားမရစွာဖြင့် ပြောနေသည်။

" ညိုပြာ့ဘဝက ကိုနေနဲ့ မတန်တော့ပါဘူး အဒေါ်ရယ် "

ကိုနေပြန်သွားပြီး မကြာခင်မှာပင် ဦးခန့်ကျော်စွာ ရောက်လာသည်။ တော်ပါသေးရဲ့ဟု တွေးမိ၏။ ဦးခန့်ကျော်စွာရဲ့ကျေးဇူးတရားတွေကို သူမ သိသည်။ ရိုးသားဖြူစင်တဲ့ပတ်သက်မှုကိုပဲ ခင်ညိုပြာညက် ငိုလားမိသည်။

" ညိုပြာ "

အေးစက်တဲ့မျက်ဝန်းတွေနှင့် မော့ကြည့်လိုက်မိသည်။

" ဝါဆိုနဲ့ ဦး ကွာရှင်းပြတ်စဲလိုက်ကြပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . ."

ညိုပြာ အထိတ်တလန့်နှင့် ဦးခန့်ကျော်စွာရှေ့မှ ထလိုက်မိ၏။

" ဦးက အတင်းကွာနိုင်းတာ မဟုတ်ပါဘူး ညိုပြာ ၊ ဝါဆိုက မနေပါင်းချင်တော့လို့ ကွာတာပါ "

ဦးခန့်ကျော်စွာက သူမလက်လေးကို ဆွဲကိုင်ပြီး ပြန်ထိုင်စေ၏။ အသားချင်းက ထိကပ်နေ၏။ သူမပုခုံးကို သိုင်းဖက်လာသဖြင့် ဆတ်ခနဲ ဖယ်ပစ်လိုက်မိသည်။

" ကျွန်မ ရှင့်ကို ဆက်ပြီး မပတ်သက်ချင်တော့ဘူးလို့ ပြောပြီး ပြီပဲ ဦးခန့်ကျော်စွာ "

" မင်း ဘာပဲပြောပြော ဦးကတော့ မင်းကို ဇနီးမယား တစ်ယောက်အဖြစ် သတ်မှတ်ရမှာပဲ "

" ကျွန်မဘဝကို ဒီလောက်အထိ နှစ်ထားရရင် ကျေနပ်ပါ"

ခင်ညိုပြာညက် ဘာပြောပြော ဦးခန့်ကျော်စွာတစ်ယောက် မှုန်ထူနေသည်။ လွတ်တဲ့ငါးမှ ကြီးချင်လာသည်။ ရမ္မက်ဆန္ဒတွေက သူ့ အသိတွေကို ဖုံးလွှမ်းသွားသည်။ ထိန်းချုပ်နိုင်စွမ်းမရှိတော့။

" မင်း ငါနဲ့ပဲနေရမယ် ညိုပြာ ၊ မင်းဟာ ငါ့မိန်းမ "

" မဟုတ်ဘူး . . . မဟုတ်ဘူး ဒေါ်မြတ်ဝါဆိုဆီပဲ ပြန်သွားပါ ဦးခန့်ကျော်စွာ "

" မင်း အစကတည်းက ငါ့ကို ဘာဖြစ်လို့မငြင်းရတာလဲညိုပြာ"

" ရှင်က ဖွက်အတင်း ကျွန်မကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တာပဲ"

" ဘာ . . ."





" ကျွန်မအမေ အသက်ကိုလဲပြီး ရှင့်ရဲ့စည်းစိမ်တွေ ရခဲ့တာ၊ ကျွန်မချစ်သူနဲ့ ဝေးအောင် ရှင်လုပ်တာ "

" တော်စမ်း . . . ငါ ဘာမှမသိချင်တော့ဘူး ၊ မင်းကို ငါက လွှဲပြီး ဘယ်သူကမှ မပိုင်ဆိုင်စေရဘူး "

ဦးခန့်ကျော်စွာ စိတ်တွေ ရိုင်းစိုင်းချင်နေသည်။ ပျားနေပြီ။ ဝါဆိုနှင့် ရှေ့နေတွေမှတစ်ဆင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးကြသည်။

" ရှင့်ကို ကျွန်မ သိပ်ချစ်မိတယ် ၊ အခုတော့ သိပ်မုန်းသွားပြီ"

ဝါဆိုက သူ့ကို ခါးသီးနာကြည်းစွာ ကြည့်ပြီး ပြောသွားခဲ့သည်။ သူ့ကို ချစ်လွန်းတဲ့မိန်းမတစ်ယောက်ရဲ့ အမုန်းကို သူခံလိုက်ရသည်။

" ဦးကို ချစ်တဲ့မိန်းမတစ်ယောက်ရဲ့ အမုန်းခံပြီး မင်းကို သိပ်ချစ်တဲ့အကြောင်း သက်သေပြလိုက်တာပါ "

" ရှင့်ရဲ့ ရက်စက်တတ်တဲ့ နှလုံးသားတွေကို ကျွန်မ လုံးဝ အယုံအကြည် မရှိတော့ဘူး "

" ဦးကို မသနားတော့ဘူးလား ညိုပြာရယ် "

" ရှင့်ကို ကျွန်မကျေးဇူးရှင်မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ပဲ ပတ်သက်ပါရစေ "

ခင်ညိုပြာညက်ဘက်က ငြင်းမှ ဦးခန့်ကျော်စွာ ဒေါ်မြတ်ဝါဆိုဆီ ပြန်မှာပါ။

" ညိုပြာ "

" ကျွန်မ အသားကို မထိပါနဲ့ "

ခင်ညိုပြာညက် ဘာပဲပြောပြော သူ မနာကြည်နိုင်ဘဲဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေပဲ ရှိနေ၏။

မှန်သွားပြီ။

" ဦးအပေါ် ဘာဖြစ်လို့များ ရက်စက်ချင်နေရတာလဲ ညိုပြာ"

" မုန်းလို့ "

" ဘာ . . ."

" ဟုတ်တယ် . . .ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ ကျွန်မချစ်သူနဲ့ ကျွန်မအမေအတွက် လက်စားချေပစ်လိုက်တာပဲ "

" မင်း . . .မင်း "

ဦးခန့်ကျော်စွာ ဆောက်တည်ရာမရအောင် ပေါက်ကွဲသွားရ၏။ ဒေါသတကြီးနှင့် ရင်ဆိုင်ပစ်ချင်၏။

" ငါ့ကို ဒုက္ခရောက်အောင် မင်းလုပ်လိုက်တာပေါ့ ဟုတ်လား ခင်ညိုပြာညက် "

" ဟုတ်တယ် "

" မင်း အကြံပက်စက်လှချည်လားဟင် . . . ငါ့စေတနာတွေ၊ ငါ့မေတ္တာတွေကို မင်း စော်ကားပိုက်တာပေါ့ "

" ဦးခန့်ကျော်စွာ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ကျွန်မနှလုံးသားထဲမှာ ကိုနေပဲ ရှိတယ် "

ဦးခန့်ကျော်စွာ အနားကနေ ညိုပြာ ထွက်လာခဲ့တော့သည်။ အိပ်ခန်းထဲ ဝင်လာ၏။ သော့ပိတ်ထားလိုက်သည်။

ညိုပြာ့ရိုက်ပြစ်တွေကို ညိုပြာ ဆေးကြောပစ်လိုက်တာပါ ဦးရယ်။ ရှင် ကျွန်မကို မုန်းသွားဖို့၊ နာကြည်းသွားဖို့ပဲ အရေးကြီးပါတယ်။





ဒေါ်မြတ်ဝါဆိုဟာ ဦးခန့်ကျော်စွာအတွက် အသင့်တော်ခုံးဖနိုး မယားတစ်ယောက်ပါ။

ခင်ညိုပြာညက်ကတော့ သူမဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ပေ။ အဝေးဆုံးကို သူမ ထွက်သွားတော့မည်။ ကိုနေ့ကိုလည်း လက်မထပ်ဖို့ အနိုင်အမာ ဆုံးဖြတ်ချက် ချထားသည်။ ဦးခန့်ကျော်စွာ မုန်းသထက် မုန်းသွားအောင် လုပ်ပြဖို့က သူမရဲ့အလုပ်ပင်။

နိုင်မြဲစွာ တည်ဆောက်ထားတဲ့အိမ်ထောင်ရေးတစ်ခုကို သူမ ဖျက်ဆီးပစ်ရက်နိုင်စွမ်းအား မရှိ၍ပါ။ နောင်တရနေမိသည်။

ဦးခန့်ကျော်စွာနှင့်ဒေါ်မြတ်ဝါဆိုတို့ အိမ်ထောင်ရေးကို ဖျက်ဆီးလိုက်တဲ့ သံသရာအကြွေး။ နောင်သံသရာအထိ ပေးဆပ်ရမည့်အရေး မတွေးရဲအောင် ဖြစ်နေမိသည်။

ခင်ညိုပြာညက် ဘယ်တော့မှ အများတစ်ခုကို မကျူးလွန်တော့ပါဘူး။ ဦးခန့်ကျော်စွာကို ဘယ်တော့မှ အတွေ့မခံသင့်ဟု တွေးနေမိ၏။

အခန်းအပြင်ဘက်မှာတော့ ဦးခန့်ကျော်စွာ ဒေါသတွေနှင့်ခံပြင်းမှုတွေ ရောထွေးကာ အသိတရားတွေ မဲ့သွားရတော့၏။ အရှက်လည်း မရှိတော့။ ခင်ညိုပြာညက်ရဲ့လက်စားချေမှုတွေက သူ့နှလုံးသားတွေကို မီးလောင်တိုက် သွင်းနေသလိုပင်။

ကားနှင့် အပြင်သို့ ထွက်လာခဲ့သည်။

ကိုနေ့ဒက်ဒီဦးမောင်မောင်ထွန်း အလုပ်ခန်း ရောက်လာခဲ့သည်။

" ကိုခန့် . . .အရေးတကြီး ဘာဖြစ်လာတာလဲဗျ မျက်နှာလည်း မကောင်းဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်ထွန်းကို ပြောသင့်မပြောသင့် စဉ်းစားလိုက်၏။ မထူးတော့ . . .။ ခင်ညိုပြာညက်နှင့် ကိုနေတို့ လက်မထပ်ဖြစ်ဖို့က အရေးကြီးနေသည်။

" ကိုမောင်မောင်ထွန်းကို ကျုပ် အရေးတကြီး ပြောစရာရှိလို့ လာတာ "

" ပြောလေဗျ "

" တခြားတော့ မဟုတ်ပါဘူး . . . ခင်ဗျားသားနဲ့ လက်ထပ်ဖို့ သဘောတူထားတဲ့ ခင်ညိုပြာညက်က ကျုပ်နဲ့ လက်ထပ်ထားတဲ့ မိန်းကလေးပဲ "

" ဘာပြောတယ် ကိုခန့် "

ဦးမောင်မောင်ထွန်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ခင်ညိုပြာညက်က သားချစ်သူ။

တစ်ဦးတည်းသောသားရဲ့ဆန္ဒကို ဦးမောင်မောင်ထွန်းတို့ အမြဲဖြည့်ဆည်းပေးခဲ့သည်။ သားချစ်တယ်ဆိုတော့လည်း အဆင့်အတန်းမခွဲခြားဘဲ လက်ထပ်ဖို့ သဘောတူလိုက်ကြ၏။

" ကိုခန့် . . . ခင်ဗျား ဘာတွေလာပြောနေတာလဲ "

" ကျုပ်ပြောတာက ရှင်းရှင်းလေးပါ ကိုထွန်း။ ခင်ညိုပြာညက်နဲ့ ကျုပ် လက်ထပ်ထားတယ် "

" ခင်ဗျား ရူးနေလား "

" ဟုတ်တယ် . . . ကျုပ် ရူးနေတယ်၊ အချစ်အတွက် . . ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးအတွက် "





ဦးခန့်ကျော်စွာရဲ့စကားတွေကို ဦးမောင်မောင်ထွန်း မယုံကြည်နိုင်အောင် ဖြစ်မိသည်။

ခင်ညိုပြာညက်က ဦးခန့်ကျော်စွာနဲ့ လက်ထပ်ထားသူတဲ့။ ဖြစ်နိုင်ပါ့မလား။

ဦးခန့်ကျော်စွာ ဆိုတာ သူတို့လောကတွင် ကိုယ်ကျင့်တရားအကောင်းဆုံးသူတစ်ယောက်။ နာမည်ပျက် မရှိ။ ဒံမ်ထောင့်အပေါ် သစ္စာအရှိဆုံးယောကျ်ားတစ်ယောက် ဟု သတ်မှတ်ကြသည်။

" ကျုပ်နဲ့ဝါဆို ကွာရှင်းပြတ်စဲလိုက်ကြပြီ "

" ခင်ဗျား . . .ခင်ဗျား "

" ဟုတ်တယ် ကိုမောင်မောင်ထွန်း . . . ကျုပ် သစ္စာမဲ့ဖဲ့သူ။ ခင်ညိုပြာညက်ကို ကျုပ် ယူလိုက်တယ်၊ ခင်ဗျားသားနဲ့ခင်ဗျားတို့က သဘောတူလိုက်တော့ ခင်ညိုပြာညက်နဲ့ကျုပ် ဝေးမသေို ဖြစ်နေပြီဗျ"

ဦးခန့်ကျော်စွာ အသိကင်းမဲ့စွာ အရူးတစ်ယောက်လို ပြောနေမိသည်။

" ခင်ဗျား တကယ်ပြောနေတာလား "

" ကျုပ်က ခင်ဗျားကို လိမ်ပြောရမှာလားဗျ။ ကျုပ် အရမ်းခံစားနေရတယ်၊ ကျုပ်မှာ သစ္စာတရားဆိုတာလည်း မရှိတော့ဘူး၊ ကိုယ်ကျင့်တရားတွေလည်း မဲ့နေပြီ "

ဦးခန့်ကျော်စွာ သူ ပြောချင်တာတွေ ပြောပြီ ထပြန်လာခဲ့၏။

မင်း ဘာတတ်နိုင်သေးလဲ . . .ခင်ညိုပြာညက်။

ငါ့ဘဝကို မင်းဖျက်ဆီးလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူး . . .တဲ့။

လက်စားချေလိုက်တာ . . .တဲ့။

ငါ့နှလုံးသားတွေရော ၊ ငါ့ဘဝကိုပါ မင်း အငြိုးကြီးကြီးနဲ့ လက်စားချေလိုက်တာပေါ့။

သူ အားသောက်ဆိုင်တစ်ခုရှေ့မှာ ကားကိုရပ်ပြီး သီးသန့်နေရာလေးမှာ ထိုင်သည်။ အကောင်းဆုံး အရက်တစ်ပုလင်းကို မှာလိုက်၏။

ခန့်ကျော်စွာဆိုတဲ့ကောင်။

ဘယ်တော့မှ အရက်သောက်တဲ့ကောင် မဟုတ်ဘူး။

မင်းအတွက် . . .

ငါ အရက်သောက်ပစ်လိုက်တော့မယ် ခင်ညိုပြာညက်လေးရေ။

မသောက်ဖူးတဲ့အရက်ကို သူ ပထမဆုံးအကြိမ် သောက်ပစ်လိုက်သည်။ ခင်ညိုပြာညက်က သူ့ကို လက်ခံမှာ မဟုတ်တော့ဘူးဆိုတာ သိနေ၏။ အရက်ခွက်ကို ငုံ့ပြီး သောက်လိုက်သည်။

" အား . ."

ရင်ထဲမှာ ခါးသက်တဲ့အရသာနှင့်အတူ ပူပူလောင်လောင်ကြီး ဖြစ်သွားသည်။ တစ်ခွက်ပြီး တစ်ခွက် သောက်မိ၏။

ငါ့နှလုံးသားတွေ ပြာကျသွားတော့လည်း အကောင်းဆုံးပဲ။

မင်းကို ငါ သိပ်ချစ်တယ်။

ငါ့ကို မုန်းလို့ လက်စားချေလိုက်တာတဲ့ . . . ဟုတ်လား ခင်ညိုပြာညက်ရယ်။

ဆိုင်ပိတ်မှ သူ ထလိုက်မိသည်။





အူရှိုင်း။ ခေါင်းထဲမှာချာချာလည်နေအောင် အရက်က အစွမ်းပြနေသည်။ ဒယိမ်းဒယိုင်နှင့် ထမိ၏။ ကားပေါ်ရောက်အောင်ပင် ဦးခန့်ကျော်စွာ အနိုင်နိုင် တက်လိုက်ရသည်။

" ခင်ညိုပြာညက်ရယ် . . . မင်းအတွက် ဦး အရမ်းခံစားနေတယ်ကွာ "

ဦးခန့်ကျော်စွာအတွက် ချစ်ဖနီးဝါဆိုဆီပဲ ပြန်ဖို့ရှိတော့သည်။

" ဝါဆို မင်းအချစ်တွေကို သစ္စာမဲ့လို့ ကိုကို ဒုက္ခတွေ့နေရပြီကွာ "

" ဝေါ . . .ဝေါ "

ဦးခန့်ကျော်စွာ တဝေါဝေါနှင့် အန်ရင်း ကားစက်နှိုးလိုက်သည်။ သူ့ခေါင်းတွေ ရီဝေနေသည်။ မထူနိုင်တော့ . . .။

" ဝါဆိုရယ် . . .ကိုကို မင်းရင်ခွင်ထဲကို ပြန်လာပါရစေတော့"

ကားကို မောင်းပြီး ထွက်လာခဲ့တော့သည်။

အသိတွေကို ထိန်းနေရသည့်ကြားမှပင် မျက်လုံးတွေက ပြာဝေသွားရ၏။ သူ့ရှေ့မှာ သစ်ပင်ကြီးတစ်ပင်။ ရှောင်ဖို့ကြိုးစားလိုက်စဉ်မှာပင် ခေါင်းထဲမှာ အမှောင်ထုက ဖုံးသွားတော့သည်။

" ဒုန်း . . .ကျွီ . . "

" အား . . ."

ဦးခန့်ကျော်စွာရဲ့ ရင်ဝဆီမှ ပြင်းထန်တဲ့နာကျင်မှုတစ်ခုကို ခံစားလိုက်ရသည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၂

ဦးခန့်ကျော်စွာ ဆုံးပြီ။

လူဘွေအားလုံးကို တုန်လှုပ်ချောက်ချားသွားစေမည့် အဖြ

အပျက်ကြီးပင်။

" ခင်ညိုပြာညက် ဆိုတဲ့ကောင်မလေးကြောင့် ဘဝပျက်သွာ

ရတာ "

ဦးခန့်ကျော်စွာ သေဆုံးမှုက ခင်ညိုပြာညက်ကြောင့် ဖြစ်နေ

သူမနာမည်က မကောင်းသတင်းနှင့်အတူ လူတောထဲမတိုး

နိုင်အောင်ပင် ဖြစ်နေ၏။

" ဦးခန့်ကျော်စွာက မိန်းမအပေါ် သိပ်သစ္စာကြီးတဲ့အိမ်ထော

ရှင် တစ်ဦးပဲဟာ ၊ ခင်ညိုပြာညက်ရဲ့ အမြူအဆွယ်ကောင်းတော့ ဘယ

နိုင်မလဲ "

ဦးခန့်ကျော်စွာရဲ့နာရေးသတင်းက သတင်းစာကြော်ငြာမ

ပါလာသည်။ ဒေါ်မြတ်ဝါဆိုရဲ့ခင်ပွန်းတဲ့။

**သူရဲတောင်းစာပေတိုက်**



ပတ်ဝန်းကျင်ကတော့ သူမနှင့်ဦးခန့်ကျော်စွာအကြောင်း သိပ်ပြော

ကြသည်။ အတင်းပြောစရာဖြစ်နေ၏။ မျက်နှာမပြရဲတော့။

ဦးခန့်ကျော်စွာ သူမစိတ်နှင့် အခုလိုဖြစ်ရတာလဲ မဟုတ်လား။

ခင်ညိုပြာညက် စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားခဲ့ရသည်။

ကျေးဇူးရှင်။

နာမည်ပျက် လုံးဝမရှိတဲ့ ဦးခန့်ကျော်စွာ သည်လိုဖြစ်ရတာ

သူမကြောင့်ပေါ့။

အစက ငြင်းခဲ့ပေမယ့် သူမကိုယ်တိုင်လည်း ဦးခန့်ကျော်စွာရဲ့

ထောက်ပံ့မှုကို လက်ခံခဲ့မိသည်။ အတူတူနေခဲ့၏။ စည်းစိမ်ဥစ္စာတွေကို

က်မောတွယ်တာနေခဲ့မိသည်။

" ကိုယ့်ဟာကိုယ် ရိုးရိုးသားသားကြိုးစားရင်လည်း ချမ်းသာနိုင်

ပါတယ် မိညိုပြာညက်ရယ် "

အမေပြောခဲ့တဲ့စကားတွေကို သူမ ပြန်ကြားယောင်လာသည်။

ညိုပြာအမှားတွေပါ။ လူပုံအလယ်မှာ မျက်နှာမပြရဲအောင် ဖြစ်သွားရတဲ့

အထိပင်။

ဦးခန့်ကျော်စွာအသုဘကို ခင်ညိုပြာညက် လိုက်ပို့ရန် မဖြစ်နိုင်

တော့။ ပတ်ဝန်းကျင်မှ လူတွေရဲ့ရန်လိုတဲ့အကြည့်တွေကို ကြောက်နေမိ၏။

သူမ ကျေးဇူးရှင်တစ်ယောက်ဖြစ်တဲ့ ဦးခန့်ကျော်စွာကို တွေ့ချင်

မိသည်။ နောက်ဆုံးအကြိမ်အဖြစ် ဦးချကန်တော့၍ တောင်းပန်ချင်၏။

ရေခဲတိုက်သို့ သူမ စောစော ရောက်သွားမိသည်။

အသုဘရှင်တွေ မလာသေး။

**သူရဲတောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဦးအလောင်းကို လှပစွာ ပြင်ဆင်နေကြတာ တွေ့ရသည်။

မျက်နှာပေါ်မှာ ဇာပဝါလေး လွှမ်းထား၏။ အနီးကပ်၍ ငုံ့ကြည့်လိုက်မိသည်။

" ပာင် . . ."

ဇပဝါလေးကြားမှ ဦးရဲ့မျက်နှာက ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။

" ဖြုံစ်မှ ဖြစ်ရလေ . . ဦးရယ် "

ခင်ညိုပြည့်က် စိတ်ထိခိုက်ကြေကွဲစွာ ရေရွတ်လိုက်မိသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာ၏။ ဦးခန့်ကျော်စွာရဲ့ မျက်နှာတစ်ခုလုံး မြင်မကောင်းအောင် ပျက်စီးသွားသည်။

" ညိုပြာကို ဦး ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြသွားတာသား . . ဦးရယ် "

တစ်နှိုန်ကသာ . . . ဦးခန့်ကျော်စွာရဲ့ လိုက်လျောမှုတွေအပေါ် သူမ ငြင်းဆန်ပစ်ခဲ့မိရင် သည်လို အဖြစ်ဆိုးနှင့် ကြုံရမှာ မဟုတ်။

" ညိုပြာ ဦးကို ကန်တော့ပါတယ် . . . အပြစ်တွေအားလုံးကို ခွင့်လွှတ်ပါ . . . ဦးအပေါ် ရှိနေတဲ့ အငြိုးအတေးတွေလည်း မရှိတော့ပါဘူး . . . ဦး "

ဦးခန့်ကျော်စွာ အလောင်းဘေးနားမှာ ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့လိုက်မိသည်။ ပြီးတော့ . . .တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်မိသည်။

" ခင်ညိုပြာညက် "

သူမ မော့ကြည့်လိုက်တော့ ဒေါ်မြတ်ဝါဆိုဖြစ်နေ၏။အနက်ရောင်ဝတ်စုံလေးက ဒေါ်မြတ်ဝါဆိုရဲ့ ဝင်းအိနေတဲ့အသားနှင့် လိုက်ဖက်လွန်း၏။





ဒေါ်မြတ်ဝါဆိုက သူမ တစ်ခါမှ မမြင်ဖူးပေမယ့် သိနေသည်။ အနက်ရောင်ဝတ်စုံကို ဝတ်ထားတဲ့အပြင် သူမနာမည်ကိုလည်း သိနေ၏။

" ငါဟာ ကိုကို့မိန်းမ ဒေါ်မြတ်ဝါဆိုပဲ . . . ညည်း ဒီကို ဘာလာလုပ်တာလဲ "

ဒေါ်မြတ်ဝါဆိုကို သူမ မျက်ရည်တွေကြားမှ ငေးကြောင်စွာ ကြည့်မိသည်။ သူမအထင်ကြီးပြီး တွေ့ချင်နေမိခဲ့တဲ့ ဒေါ်မြတ်ဝါဆို။

ဒေါ်မြတ်ဝါဆိုဘဝကို သူမ အားကျခဲ့ဖူးသည်၊

တွေ့ရပါပြီ . . .။

မိန်းမကောင်း မိန်းမမြတ်တစ်ယောက်ရဲ့ တင့်တယ်မှုက အပြည့် ဖြစ်နေသည်။

" မမ "

" ညည်း . . ငါ့ကို အဲဒီလို မခေါ်နဲ့ "

ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးကိုလည်း၊ ဒေါ်မြတ်ဝါဆို ပထမဆုံး တွေ့ဖူးခြင်းပင်။ ကိုကို့အလောင်းနားမှာ ငိုနေကတည်းက ခင်ညိုပြာညက်မှန်း သိလိုက်သည်။

ကိုကို စွဲမက်မယ်ဆိုလည်း စွဲမက်ချင်လောက်သည်။

ငယ်သည်။ နုနယ်လှပချောမွတ်နေ၏။ ဝင်းအိနေတဲ့အသားလေးတွေနှင့် သူမဝတ်ထားတဲ့ အနက်ရောင်ဝမ်းဆက်လေးက လိုက်ဖက်နေသည်။

တိုက်တိုက်ဆိုင်ဆိုင် . . .။ ခင်ညိုပြာညက်ရော၊ ဒေါ်မြတ်ဝါဆိုပါ အနက်ရောင်တွေ ဝတ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနုပ်ရောင်ဆိုတာ . . . ဝမ်းနည်းခြင်းအထိမ်းအမှတ်တစ်ခုပဲ မဟုတ်လား။

" ငါ့ယောက်ျားကို တမလွန်ဘဝထိ စိတ်ဒုက္ခရောက်အောင် ညည်း လာလုပ်နေတာလား "

" မဟုတ်ပါဘူး မမရယ် . . . ဦးအပေါ်မှာ ညီပြုပြုမူခဲ့တဲ့ အပြစ်တွေကို လာပြီး တောင်းပန်တာပါ "

" ငါ့ကိုက အသက်မှ မရှိတော့တာပဲ ခင်ညီပြုပြာညက်၊ ညည်း ကြောင့် တို့အိမ်ထောင်ရေး ပြိုကွဲခဲ့ရတယ်၊ တစ်သက်လုံးနာမည်ကောင်း နဲ့ ဂုဏ်သိက္ခာရှိရှိ နေလာခဲ့တဲ့ ကိုကို့ဘဝ ခုတော့ ပျက်သွားရပြီ "

ကိုဂံ့မှတ်အတင်း ကွာရှင်းပြတ်စဲခိုင်း၍ ဒေါ်မြတ်ဝါဆို ကွာပေး ခဲ့ရသည်။ သူ့အနေနှင့် ဘယ်တော့မှ မထင်မှတ်ခဲ့တဲ့ အဖြစ်အပျက် တစ်ခုပင်။ သွေးပျက်မတတ် ခံစားခဲ့ရသည်။ စိတ်တွေက ချောက်ချားကာ လှုပ်တောထဲပင် မတိုးချင်တော့။

ကိုဂံ့ရဲ့ရက်စက်စွာ စွန့်ပစ်မှုကိုခံလိုက်ရတာ ခင်ညီပြုပြာညက် ကြောင့်ပါ။

" ညည်း . . . ထွက်သွားတော့ "

ဒေါ်မြတ်ဝါဆို ရင်ထဲမှာ ကိုကို့အပေါ် ချစ်မြတ်နိုးနေဆဲပင်။ သူမ အဓောကြီးလာခဲ့သည်။ ကိုကို့မျက်နှာကို တစ်ဝကြီး ကြည့်ချင်၍ပါ။ ဓာတ်ပုံလေးလွှမ်းထားတဲ့ ကိုကို့မျက်နှာက ရုပ်ပျက် ဆင်း ပျက် ဖြစ်နေသည်။

ဒေါ်မြတ်ဝါဆို နှလုံးသားတွေ နာကျင်နေမိ၏။





ဖြစ်မှဖြစ်ရလေ . . .ကိုကိုရယ်၊ ဘာမဟုတ်တဲ့မိန်းမတစ်ယောက် အတွက် ကိုကို ကြိုးစား တည်ဆောက်ခဲ့တဲ့ဘဝတစ်ခု ပျက်စီးသွားရပြီ။

" ညည်းကြောင့် ကိုကို့ဘဝ အရှုံးနဲ့ လူ့လောကကြီးထဲက ထွက်သွားရပြီပဲ ခင်ညီပြုပြာညက် . အခုမှ တောင်းပန်နေလည်း အပိုပဲ၊ သွားပါတော့ "

" ညီပြုပြာ သွားမှာပါ မမ ၊ ဦးကို . . ."

" တော်ပါတော့အေ . . . ညည်းရုပ်ညည်းရည်နဲ့ လင်တော် တော်ရှားတာပဲ ၊ အင်းလေ . . . ကိုကိုက တခြားယောက်ျားတွေထက် ပိုချမ်းသာတာကိုး "

" ညီပြုပြာကို အဲဒီလို မပြောပါနဲ့မမ၊ ကံကြမ္မာကြောင့် အခုလို ဖြစ်သွားရတာပါ မမရယ် "

" ဟင်း . . .ဟင်း ညည်း တော်တော်အပြောကောင်းတာပဲ၊ ညည်း ကိုကို့ဆီက ဘယ်လောက်ရလိုက်လဲ . . ထပ်လိုချင်သေးရင်လည်း တရားဥပဒေကနေ တောင်းဆိုပေါ့အေ "

" ကျွန်မ . . .ကျွန်မ "

" ညည်း ထွက်သွားတော့ . . . တခြားလူတွေ ရောက်လာရင် ကိုကို့ဂုဏ်သိက္ခာ ထပ်ကျပါဦးမယ် ၊ သွားပါတော့ ခင်ညီပြုပြာညက်ရယ်၊ တောင်းပန်ပါတယ် "

ခင်ညီပြုပြာညက် တဆတ်ဆတ် တုန်ယင်နေတဲ့ နှုတ်ခမ်းသား လေးတွေကို သွားဖြူဖြူလေးများဖြင့် ဖိကိုက်ထားမိသည်။

ဦးခန့်ကျော်စွာ အလောင်းနားမှာ သူမ ရှိမနေသင့်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မလှပတော့တဲ့ဦးမျက်နှာကို သူမ စူးစိုက်ကြည့်ပြီး ထွက်လာခဲ့တော့၏။ အဖြစ်အပျက်တွေအားလုံးဟာ အမေ ပြောသလို ကံတရားတွေကြောင့်လား။ ကံဆိုတာ အလုပ်တဲ့။ အဲဒါက ခင်ညိုပြာညက်ရဲ့အယူအဆ။

" ကံဆိုတာ အလုပ်ပါ အမေရာ . . . ဆင်းရဲတဲ့ဘဝကို သဘောကျနေရင် ကျေနပ်နေရင် ဆင်းရဲမှာပဲ "

ခင်ညိုပြာညက်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့အတွေးအခေါ်တွေပဲ ဖြစ်သည်။

" ညိုပြာကတော့ ဆင်းရဲတဲ့ဘဝကို ကျေနပ်မနေနိုင်ပါဘူး။ ချမ်းသာချင်တယ် . . ကြိုးစားပြမယ် "

ဦးခန့်ကျော်စွာလို သူဌေးကြီးတစ်ယောက်ကို အပိုင်ချိုင်ပြီး ချမ်းသာအောင် ကြိုးစားတာမျိုးတော့ သူမမှာ ဆန္ဒမရှိတာ အမှန်ပါ။

ကံကြမ္မာကြောင့် ဖြစ်သွားခြင်းလား . . .။

သူမ အခန်းပြန်ရောက်တော့ ကိုနေ့မိခင်ဒေါ်လှလှဆွေ ရောက်နေသည်။ အကြည့်တွေက တင်းမာနေ၏။ ကိုနေ မိတ်ဆက်ပေးခါစနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။

" မာမီ ရောက်နေတာကိုး "

" ဟုတ်တယ် ခင်ညိုပြာညက်၊ ညည်းကို ဆွေးနွေးစရာရှိလို့ လာခဲ့တာပဲ အေ့ "

ခင်ပွန်းသည်ဖြစ်သူ ပြောပြ၍ ခင်ညိုပြာညက်အကြောင်း သိလိုက်ရသည်။ ရုပ်ရည်နှင့် မလိုက်အောင် အကျင့်ပျက်ပြားတဲ့မိန်းကလေး ဖြစ်နေ၏။ သားနှင့် သဘောမတူနိုင်တော့။





ခင်ညိုပြာညက်နှင့် ဦးခန့်ကျော်စွာတို့အကြောင်းသိရ၍ သားရှုံးမတက် ခံစားနေရသည်။

ဒေါ်လှလှဆွေတို့ဇနီးမောင်နှံ သားကို ချော့မော့ဖျောင်းဖျနေရ၏။

" ခင်ညိုပြာညက် "

" ဟုတ်ကဲ့ . . .ပြောပါ မာမီ "

" ညည်းကို တောင်းပန်ချင်တာက ကျုပ်သားလေးကို ဆက်ပြီး မျှားသွယ်ဖြားယောင်းတာတွေ မလုပ်ဖို့ပါပဲ "

ကိုနေ့အပေါ် သူမ ဘယ်တော့မှ ဖြားယောင်းသွေးဆောင်တာတော့ မလုပ်ခဲ့ပေ။ လက်ထပ်ဖို့ပင် ငြင်းဆန်နေခဲ့မိသည်။

ကိုနေ အသိဆုံးပါပဲ။ ချစ်သူကို ချစ်လွန်း၍ ပစ်ပစ်ခါခါ မငြင်းရက်နိုင်တာတစ်ခုပဲ ရှိသည်။

" ကျုပ်သားလေးလာရင် ညည်းလုံးဝလက်မခံဖို့ ပြောပါရစေ"

" ညိုပြာ အရင်ကတည်းက ကိုနေနဲ့ လက်ထပ်ဖို့ မပြောခဲ့ပါဘူး မာမီ ၊ ငြင်းနေတာပါ "

" ဦးခန့်ကျော်စွာရဲ့ မယားငယ်ဖြစ်နေတာနဲ့များ ငါ့သားကို ညည်း ဆက်သွယ်ရက်တယ် "

" ဦးနဲ့ညိုပြာက တရားဝင်လက်ထပ်ထားတာ မဟုတ်ပါဘူး အန်တီ "

" တော်စမ်းပါအေ . . . ဦးခန့်ကျော်စွာကိုယ်တိုင်က ပြောသွားတာပဲ "

" ဟို . . .ဟို ညိုပြာ "



www.burmeseclassic.com

www.burmeseclassic.com



“ ဒီမှာညီပြုပြာညက် . . . ကျူပ်သားကို ညည်း လက်ထပ်ဖို့ မကြိုးစားဖို့ တောင်းပန်ပါရစေ . . . ကျူပ်သားလေးကို မနှစ်ပါနဲ့အေ”

ဒေါ်လှလှဆွေအကြည့်တွေက သူမကို အထင်သေးလွှန်းနေ၏။ မုန်းတီးနေ၏။ ကျူပ်သားကို မနှစ်ပါနဲ့တဲ့။

ခင်ညီပြုပြာညက်ကတော့ . . .လူ့လောကကြီးထဲမှာ နေဖို့ပင် မကောင်းတော့။

ရှက်စရာကောင်းလိုက်တာ။

ဦးခန့်ကျော်စွာရဲ့အမြှောင်မယားတစ်ယောက်အဖြစ် ကဲ့ရဲ့ရှုတ်ချ ခြင်း ခံနေရသည်။ ကိုနေ့မိဘတွေက လက်ထပ်ဖို့အတွက် သဘောမတူ တော့။ ခင်ညီပြုပြာညက်ကလည်း လက်ထပ်ချင်တဲ့ဆန္ဒ မရှိ။

ဆုံးဖြတ်ထားပြီးသား။

သူမ အရာရာကို စွန့်လွှတ်တော့မည်။

လူ့လောကကြီးမှာပင် နေချင်စိတ်မရှိအောင် ဖြစ်သွားရသည်။

“ အဒေါ် . . .ကျွန်မ သီလရှင် ဝတ်တော့မယ်၊ လူ့လောကကြီး ထဲမှာတောင် မနေချင်တော့ပါဘူး ”

“ ကောင်မလေးရယ် . . . ညည်းဘဝက တစ်ကောင်ကြွက်မ လေးပဲ . . .ကောင်းပါတယ်အေ ”

ဦးခန့်ကျော်စွာရဲ့ ပစ္စည်းတွေကိုလည်း စွန့်လွှတ်သင့်သည်။

ခင်ညီပြုပြညက် မချမ်းသာချင်တော့ပါဘူး။

အမေပြောတဲ့ ကံဆိုတာကို ယုံချင်သွားပြီ။ ခင်ညီပြုပြာညက် အရာရာကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ။

**သူရဲတောင်းစာပေတိုက်**



“ ညီပြုပြာ ”

“ ဟင် . . .ကိုနေ ”

အရက်တွေ မူးပြီး ကိုနေ သူမဆီ ရောက်လာသည်။ ထိုင်မနေ၏။ ကိုနေ ဘယ်တုန်းကများ အရက်သောက်တတ်ခဲ့ပါလိမ့်။ သူမ လန့်သွား သည်။ ဦးခန့်ကျော်စွာတုန်းကလည်း အရက်တွေသောက်ပြီး ကားဝှိုက်မှု ဖြစ်ရ၏။

“ ကိုနေ ”

“ ခင်ဗျားက ဦးခန့်ကျော်စွာရဲ့ တရားဝင်မိန်းမတစ်ယောက် ဆိုတာ ဘာဖြစ်လို့ မပြောတာလဲ ”

“ ကိုနေ မဟုတ်တာတွေ လာမပြောပါနဲ့ . . . ဦးခန့်ကျော်စွာရဲ့ တရားဝင် မိန်းမတော့ မဟုတ်ဘူး ”

“ အမြှောင်မယားပေါ့ ”

“ ဟုတ်တယ် ”

“ မင်း . . မင်း စောစောက ငါ့ကို ဘာဖြစ်လို့ အပြတ်မပြောရ တာလဲ ”

“ ကိုနေ့ကို ညီပြုပြာ လက်မထပ်နိုင်ဘူးလို့ ပြောပြီးပြီပဲ၊ ကိုနေနဲ့ လက်ထပ်ဖို့ ညီပြုပြာ ဘယ်တော့မှ မကြိုးစားဘူးဆိုတာ ကိုနေ အသိခံပါ”

ခင်ညီပြုပြာညက်ရဲ့ မျက်လုံးလေးတွေကို သူ စိုက်ကြည့်နေမိ၏။ အမြင်တွေ ဝါးနေ၏။ မပီသ . . .။

ဒက်ဒီက ဦးခန့်ကျော်စွာနှင့် ခင်ညီပြုပြာညက်အကြောင်း ပြော၏။ သူ . . . မယုံကြည်နိုင်။

**သူရဲတောင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



" ဦးခန့်က ငါနဲ့မင်းကို မတွေ့နိုင်အောင် တားဆီးနေတာ မင်းယောက်ျားဖြစ်နေလို့ကိုး "

" တော်ပါတော့ ကိုနေ . ညိုပြာ တောင်းပန်ပါတယ်၊ ထွက်သွားပါတော့ . . . ထင်ချင်သလိုထင် ၊ ကိုနေ့ကို ဘယ်တော့မှ လိမ်ညာလက်မထပ်ဘူးဆိုတာ သိထားပါ "

ကိုနေတစ်ယောက် မခံစားနိုင်အောင် ဖြစ်နေမိသည်။

ခင်ညိုပြာညက်ကို ချစ်မိသည်။

မစွန့်လွှတ်နိုင် . . .။ ဦးခန့်လို အဘိုးကြီးတစ်ယောက်ကိုမှ သွားပြီး ချိုင်လိုက်တဲ့ မိန်းမ။

" ငါ ကိုယ်တိုင်က မင်းကို စည်းစိမ်ချမ်းသာတွေ အပြည့်နဲ့ ထားနိုင်ပါတယ်လို့ပြောတော့ မင်း ငြင်းတယ်၊ အဘိုးကြီးရဲ့အမြှောင်မယားအဖြစ်တော့ မင်း သဘောတွေ့နေတယ် မဟုတ်လား "

" ကိုနေနေ် . . ညိုပြာကို ဒီလောက်အထိ ပြောဖို့မသင့်ပါဘူး။ တော်ပါတော့ . . .ထွက်သွားပါတော့ "

ညိုပြာ အရူးတစ်ယောက်လို အော်ဟစ်ငိုယိုပစ်လိုက်ချင်သည်။ နှလုံးသားတွေ မရှိတော့။ တစ်ကောင်ကြွက်မ . . .အထီးကျန်မ။

ဘဝဟာ အားကိုးရာ မဲ့နေရသည်။

" ငါ . . .ရှက်တယ် ၊ ခံပြင်းတယ် ၊ မင်းရဲ့လှည့်စားမှုတွေကို ခံလိုက်ရတယ် ၊ မင်းမို့ ငါ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားရက်တယ် . . ခင်ညိုပြာညက်ချယ် "

ကိုနေ မူးမူးနှင့် ပြောချင်တာတွေ စိတ်ထဲမှာရှိသမျှ ပြောနေမိ၏။





မွန်းကျပ်နေ၏။

" ငါ အရမ်းခံစားရတယ် ခင်ညိုပြာညက် ၊ မင်း ဘာတွေဖြစ်လို့များ ငါ့ကို အမှန်အတိုင်း မပြောခဲ့ရတာလဲ "

" ဝုန်း . . ."

" ကိုနေ "

စားပွဲမျက်နှာပြင်ကို လက်သီးနှင့် တအားထုပစ်သည်။

ပတ်ဝန်းကျင်ကို ညိုပြာ ရှက်မိသည်။

" ဒုန်း "

" ငါ့နှလုံးသားတွေ တစ်စစီ ဖြစ်သွားပြီ မိန်းမလည်မကြီးရေ"

" ဝုန်း . ."

" ချလွမ်း . . .လွမ်း "

ကိုနေ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတော့သည်။

ညိုပြာ ငိုပစ်လိုက်၏။

သူမဘဝက နိမ့်ကျတဲ့ဘဝ။ လူတွေရဲ့တံတွေးခွက်မှာ မျောရတော့မယ့်အဖြစ်။

ခင်ညိုပြာညက် ကိုနေလုပ်သမျှကို ကြည့်နေရတော့သည်။

~ ~ ~



www.burmeseclassic.com

## အခန်း - ၂၃

" မမဝါဆို "

" ဟင် . . . ညည်း . . ညည်း ဒီကို ဘာလာလုပ်တာလဲ၊ ကိုကို့အမွေတွေ အောင်းရအောင် လာတာလား "

" မဟုတ်ပါဘူး မမဝါဆို "

" မဟုတ်ရင် ညည်း ထွက်သွား . . . သူများအိမ်ထောင်ရေးကို ဖျက်တဲ့ကောင်မနဲ့ မပတ်ပါရစေနဲ့ "

ဒေါ်မြတ်ဝါဆိုမျက်နှာထားက တင်းမာခက်ထန်နေသည်။

သူမကို မလိုလားဟန်ပြ၏။

အင်းလေ . . . ဦးခန့်ကျော်စွာ သေဆုံးရတာ ခင်ညိုပြာညက် ပယောဂ ပါနေသည်။ ဟုတ်လည်း ဟုတ်ပါတယ် . . . ဒေါ်မြတ်ဝါဆိုကို ခင်ညိုပြာညက် အပြစ် မတင်ရက်ပေ။

" ညိုပြာ . . ညိုပြာ မမဝါဆိုကို ပြောစရာရှိလို့ပါ တောင်းပန်စရာလည်း ရှိသေးလို့ပါ "





" ဘာမှလာပြီး ရှင်းပြမနေနဲ့ ခင်ညိုပြာညက် . . . ညည်း ဖြားယောင်းသွေးဆောင်လို့ ကိုကို လူ့လောကကြီးထဲကနေ နာမည်ပျက်နဲ့ ထွက်သွားရပြီပဲ "

" ဟုတ်ပါတယ် မမ . ဒါပေမယ့် ခင်ညိုပြာညက် ဖြားယောင်း သွေးဆောင်ခဲ့တာတော့ မဟုတ်ပါဘူး "

" ဘာအေ့ . . . "

ခင်ညိုပြာညက်ဆန္ဒကတော့ မမမြတ်ဝါဆိုရဲ့ ခွင့်လွှတ်မှုတွေပင်။ ဦးခန့်ကျော်စွာနဲ့ မမဝါဆိုတို့ရဲ့ အိမ်ထောင်ရေးကို သူမ ဖျက်ဆီးခဲ့သည်။ ပြိုကွဲစေခဲ့၏။ လူ့လောကကြီးထဲမှ အရှက်မဲ့စွာ ထွက်သွားရသည်။

ညိုပြာ့ရဲ့ အငြိုးအတေးကြီးစွာ လက်စားချေလိုက်၍ပဲ ဖြစ်၏။

" ဦးခန့်ကျော်စွာကို ညိုပြာ အငြိုးအတေးကြီးစွာနဲ့ လက်စားချေလိုက်တာပါ "

" ဟင် . . . "

" ဦးခန့်ကျော်စွာကြောင့် ညိုပြာ့အမေ ဆုံးသွားရတယ် "

ဦးခန့်ကျော်စွာနှင့် ပတ်သက်ခဲ့ရတာတွေကို ရှင်းပြလိုက်မိသည်။

" ညိုပြာဟာ ချမ်းသာချင်တယ်၊ ကိုယ့်ဘဝကို အားမရဘူး၊ လှချင်ပချင်စိတ်တွေကြောင့်လည်း ပါ,ပါတယ် . . ညိုပြာ ဆင်းရဲတာကို ဦးခန့်ကျော်စွာကြောင့် ကိုနေသိသွားတာလည်း မကျေမနပ် ဖြစ်ခဲ့ရတယ်"

ခင်ညိုပြာညက် ဆိုတဲ့ ကောင်မလေးကို ဒေါ်မြတ်ဝါဆို ကြည့်လိုက်မိသည်။ သူမ မျက်ဝန်းလေးတွေက အပြစ်ကင်းသင်နေတာတော့ အမှန်ပင်။

www.burmeseclassic.com



" ညီပြာ ငြင်းပါသေးတယ်၊ အလုပ်ကတောင် ထွက်လိုက်တယ် ဦးခန့်ကျော်စွာက ဖွတ်တိုးတော့ အမေဆုံးသွားတဲ့အထိပါပဲ "

ဒေါ်မြတ်ဝါဆိုရဲ့ ဒေါသတွေက တဖြည်းဖြည်း လျော့ပါးသွားရသည်။ မိမိက စိတ်သဘောထား နူးညံ့သူပါ။

" ညီပြာ စိတ်အလိုလိုက်ပြီး အငြိုးကြီးကြီးနဲ့ လက်စားချေပစ်လိုက်မိတာပါ "

ခင်ညီပြာညက် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

" ညီပြာ တောင်းပန်ပါတယ် . . .အဲဒီလိုတောင်းပန်တာလည်း ဦးခန့်ကျော်စွာရဲ့ခံစားခွင့်တွေကို ညီပြာ မတောင်းဆိုပါဘူး . . .မမဝါဆို ခွင့်လွှတ်မှုတစ်ခုပဲ တောင့်တမိတာပါ "

ခင်ညီပြာညက်လို လှပချောမောလွန်းတဲ့ မိန်းကလေးတစ်ယောက်နှင့် ကိုကို ပတ်သက်မိတာ မဆန်းပေ။ နီးစပ်မှုက ရှိနေသည်။ ကိုနေလည်း ခင်ညီပြာညက်အတွက် ပျက်စီးနေတဲ့အကြောင်း သိရ၏။

" ညီပြာကို ဦးပေးထားတဲ့ပစ္စည်းတွေကို မမဝါဆိုကို ပြန်အပ်ဖို့ ညီပြာ လာခဲ့တာပါ "

" မလိုပါဘူး ခင်ညီပြာညက်၊ မင်းပဲယူပါ၊ စံစားလိုက်ပါတယ်၊ မင်းကို မုန်းလိုက်လို့ ကိုကို အသက်ပြန်ရှင်လာမှာမှ မဟုတ်တာ "

ခင်ညီပြာညက်ရဲ့ အပျိုစင်ဘဝလေး ပျက်သွားရတာပဲ မဟုတ်လား။ ကိုနေ့လို အရည်အချင်းပြည့်ဝတဲ့ ယောကျ်ားတစ်ယောက်ကိုပင် လက်မထပ်ရဲတဲ့ဘဝ။ ဝါဆို ကိုယ်ချင်းစာမိသည်။ အဖြစ်အပျက်တွေ အားလုံးကို ကံကြမ္မာပေါ်မှာပဲ ဝါဆို ပုံချလိုက်တော့မည်။





ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ပေ။

" မင်းကို မမ ခွင့်လွှတ်ပါတယ် ခင်ညီပြာညက်၊ ကိုယ်ချင်းလည်း စာပါတယ်၊ ကိုကိုပေးတဲ့ပစ္စည်းတွေကိုလည်း မင်းယူပါ "

" မယူပါရစေနဲ့ မမဝါဆို၊ ညီပြာ တရားရိပ်မှာပဲ နေတော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ "

ကိုနေ လာသောင်းကျန်းနေသဖြင့် ခင်ညီပြာညက် အရှက်ကွဲရသည်။ သူမဘဝက နစ်သထက်နစ်ရတော့မည်။ အားကိုးရာမရှိတဲ့ဘဝ။

" ညီပြာ့မှာ ဘုရားရိပ်တရားရိပ်က လွဲပြီး အားကိုးရာ မရှိတော့ပါဘူး မမရယ် "

" မင်း . . .မင်းကြောင့် ကိုနေ ပျက်စီးနေတယ်။ တစ်ခုခုတော့ စဉ်းစားပါဦးကွယ် "

" ညီပြာ ဆုံးဖြတ်ပြီးပါပြီ မမ၊ ကိုနေ့ဘဝကို ဘယ်တော့မှ နစ်မွန်းအောင် ညီပြာ မလုပ်ခဲ့ပါဘူး "

လူကြီးတွေကလည်း ညီပြာနှင့်လုံးဝ သဘောမတူနိုင်တော့ဘဲ ဟန့်တားနေကြသည်။

" ဒီမှာ ဦးပေးထားတဲ့တိုက်ခန်းနဲ့ ကားရဲ့ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းတွေပါ၊ ညီပြာရဲ့အမှားတွေ၊ အညစ်အကြေးတွေကို တရားရိပ်မှာပဲ ဆေးကြောပါရစေတော့ . . .မမရယ် "

စာရွက်စာတမ်းတွေနှင့် သော့တွဲတွေကို ပေးပြီးထွက်ခဲ့မိသည်။

" ခင်ညီပြာညက် "

မမဝါဆို ခေါ်သံကို သူမ ကြားလိုက်ပေမယ့် လှည့်မကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ စီးလာတဲ့ကားကို ထားခဲ့သည်။

မှားသွယ် . . .။ ဦးခန့်ကျော်စွာဘဝကို သူမ ဖျက်ဆီးလိုက်တာ

မိုက်မဲတဲ့အလုပ်။ ဒေါ်မြတ်ဝါဆိုက စိတ်သဘောထား နူးညံ့တဲ့မိန်းမ

တစ်ယောက်။ အစကတည်းက ခင်ညိုပြာညက်က အပြတ်သားဆုံး ငြင်း

ပစ်လိုက်ဖို့ကောင်းတာပါ။

သူမ ထွက်လာခဲ့သည်။ တရားရိပ်သာတစ်ခုသို့ သူမသွားဖို့ပဲ

ဆုံးဖြတ်ထားမိသည်။ ကားငှားဖို့ စောင့်နေမိသည်။

ရင်ထဲမှာ အေးငြိမ်းမှုတွေ ခံစားလာသလိုပင်။

သူမရပ်နေတုန်း ကားတစ်စီးက သူမအနားမှာ လာရပ်သည်။

ကားပေါ်မှ ဆင်းလာသူက ကိုနေ။

" ဒေါ်ခင်ညိုပြာညက် . . . လမ်းပေါ်မှာ တစ်ယောက်တည်း

ခွင်ရှာနေတာလား "

ထုံးစံအတိုင်း ကိုနေ့ဆီက အရက်နံ့က ထောင်းခနဲထွက်လာ၏။

ညိုပြာ စိတ်ပူသွားမိသည်။ ဦးခန့်ကျော်စွာကဲ့သို့ တစ်ခုခု

ဖြစ်သွားလျှင် . . .။ ကိုနေပြောသမျှကို ခင်ညိုပြာညက် ငြိမ်သက်စွာ

ခံယူနေမိသည်၊ ပြောပါစေ . . .။

" ကားပေါ်တက်လေ ခင်ညိုပြာညက် "

ညိုပြာ့အကြည့်တွေက ကိုနေ့ဆီ ဆတ်ခနဲ ရောက်သွားသည်။

" မင်းအတွက် မြတ်မြတ်လေး ရမှာပါ "

" ကိုနေ . . . ဘာတွေလာပြောနေတာလဲ ၊ ဒီလောက်အထိ

ညိုပြာ့ကို အထင်သေးနေပြီလား "





" မင်းမှာ အထင်ကြီးစရာ ဘာရှိလို့လဲကွ ၊ မင်းကို ထောက်ပံ့နေတဲ့ ဦးခန့်ကျော်စွာမှ မရှိတော့တာ ငွေရလွယ်တဲ့အလုပ်တွေကို မင်းလုပ်ရမှာပဲပေါ့ "

" ကိုနေနော် . . . ညိုပြာ့ကို အဲဒီလောက် အထင်မသေးပါနဲ့ "

သူ့ရှေ့ကနေရှောင်ထွက်သွားဖို့ ခင်ညိုပြာညက်ကြိုးစားလိုက်၏။

" နေပါဦး ဒေါ်ခင်ညိုပြာညက်ရဲ့ "

" ညိုပြာ့ကို ဒီလောက်အရှက်ခွဲရရင် ကျေနပ်ပါတော့ ကိုနေ "

" ဘာ . . . ကျေနပ်ရမယ် ဟုတ်လား ဒေါ်ခင်ညိုပြာညက်၊ ခင်ဗျားကို ကျုပ်က သိပ်ချစ်သွားမိတာ ခင်ဗျား သိပါတယ် "

" ကိုနေရယ် . ညိုပြာတောင်းပန်ပါတယ် . ပြန်ပါတော့နော် "

" မပြန်ဘူး . . . မင်း ငါ့ကားပေါ်တက် ၊ ဦးခန့်ကျော်စွာလိုပဲ မင်းကို ငါ တရားမဝင် မိန်းမတစ်ယောက်အဖြစ် ပေါင်းနိုင်ပါတယ် "

ကိုနေတစ်ယောက် သူမအတွက် ဆောက်တည်ရာမရအောင် ခံစားနေရရှာသည်။ မကြည့်ရက်။ ချစ်သူဘဝပျက်နေတာကို သူမဘယ်လို ဖျောင်းဖျရမလဲ။ ဦးခန့်ကျော်စွာ သေသွားမယ့်အစား သူမသေသွားရင် သိပ်ကောင်းမှာပဲ . . . သေချင်နေမိသည်။ လမ်းမကြီးပေါ်မှာ သူမကို အပျက်မတစ်ယောက်ကဲ့သို့ ဆက်ဆံနေ၏။

" တက်လေ "

" ဟင့်အင်း . . . ညိုပြာဟာ ကိုနေ ထင်သလိုမြင်သလို အကျင့်ပျက်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး "

" ဘာကွ .မင်းလောက် အကျင့်ပျက်တဲ့မိန်းမ ရှိသေးလို့လား "



www.burmeseclassic.com

www.burmeseclassic.com



“ ကိုနေနော် ”

“ ငါက ဦးခန့်ကျော်စွာလောက် မထော်လို့လား ”

သူ့ လက်ထပ်ဖို့တောင်းဆိုတုန်းက ခင်ညိုပြာညက် ငြင်းခဲ့သည်။ ငြင်းမှာပေါ့။ ဦးခန့်ကျော်စွာက သူ့ထက် ပေးနိုင်ကမ်းနိုင် ငထောကြီးကိုး။

“ တက်ပါ ခင်ညိုပြာညက်ရယ် . . . အိုက်တင်ခံ မနေစမ်းပါနဲ့၊ မင်း ဘယ်လောက်လိုချင်လဲ . . . ကြေးဘယ်လောက်လဲ ပြောစမ်းပါ”

ကိုနေ့စကားလုံးတွေက ကြမ်းသထက် ကြမ်းလာတော့သည်။

သူမ ဂုဏ်သိက္ခာကို စော်ကားလွန်းနေ၏။ ကြာတော့ ပတ်ဝန်းကျင်မှလူတွေရဲ့ မယုံသင်္ကာအကြည့်တွေကို ခံရတော့သည်။

“ ရှင့်နောက်ကို ညိုပြာ လိုက်လာရင် ရှင် ကျေနပ်မလား တိုထွန်းနေလ ”

“ ကျေနပ်တယ် . . . သိပ်ကို ကျေနပ်တယ် . . .ငါ့အချစ်တွေ၊ ငါ့နှလုံးသားတွေကို ရက်ရက်စက်စက် စော်ကားသွားတဲ့မိန်းမ ”

နောက်ဆုံးအနေနှင့် ကိုနေ့ဆန္ဒတွေကို ဖြည့်စွမ်းပေးလိုက်ဖို့ ခင်ညိုပြာညက် ဆုံးဖြတ်လိုက်သည်။ စိတ်တွေကို လျှော့ချပစ်လိုက်၏။

ကိုနေ့ ကားပေါ် တက်လိုက်သည်။ ကားလေးက အခန်းတစ်ခု ရှေ့မှာ ရပ်သွားပြီး သူမကို ဆင်းစေ၏။

“ မင်း ဒီအခန်းမှာနေ . . . ဦးခန့်ကျော်စွာ ထားသလို ငါ ထားမယ် ”

ကိုနေ ပြုသမျှနုဖို့ ခင်ညိုပြာညက် ဆုံးဖြတ်ထားပြီးသားပဲ မဟုတ်လား။ အံလေးကို တင်းကျပ်စွာ ဖိကြိတ်ထားလိုက်မိသည်။





ကိုနေရယ် . . . ကျေနပ်အောင်သာ ညိုပြာကို လက်စားချေပစ်လိုက်ပါတော့။

ကိုနေက သူမမျက်နှာကို စေ့စေ့ကြည့်ပြီး သူမကိုယ်လုံးလေးကို ဖက်လိုက်သည်။ အခန်းထဲမှာ နှစ်ယောက်ပဲရှိနေ၏။ ခင်ညိုပြာညက် ငြိမ်သက်စွာ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေမိသည်။ သူမကို တအား ပွေ့ဖက်နမ်းပြီးမှ လွှတ်လိုက်၏။

“ မင်း . . .မင်းကို ငါ မယုတ်မာရက်ဘူး ၊ ငါ့နှလုံးသားတွေက မင်းကို ချစ်နေဆဲပဲ ရှိသေးတယ် ခင်ညိုပြာညက် ၊ မင်း . . .သွားပါတော့၊ ထွက်သွားပါတော့ ”

“ ဒုန်း ”

သူ့စိတ်ရိုင်းတွေပျောက်သွားအောင် နံရံကို လက်သီးနှင့် ထိုးပစ်လိုက်မိသည်။

“ မင်းကို ငါ့နှလုံးသားတွေက ချစ်နေတယ် . . . အဲဒါကို ငါ မကျေနပ်တာပဲ ခင်ညိုပြာညက် ”

ကိုနေ တစ်ခုခုဖြစ်သွားမှာကို ခင်ညိုပြာညက် စိုးရိမ်သွားမိသည်။ သူမ ထွက်သွားရမှာ ခက်နေ၏။ အရက်သောက်ထားသဖြင့် တစ်ယောက်တည်း မထားခဲ့ရက်ပေ။ ကိုနေ့မာမီဆီ ဖုန်းဆက်အကြောင်း ကြားပြီး ညိုပြာထွက်လာခဲ့သည်။ ညိုပြာ ဖုန်းဆက်တော့ ဒေါ်မြတ်ဝါဆီ ရှိနေသည်။

“ ခင်ညိုပြာညက်ဆီကဖုန်းဆက်တာ၊ ကိုနေ့ကို လာခေါ်ပါအုံး ”

ဒေါ်မြတ်ဝါဆီက ကောင်မလေးအကြောင်းတွေကို လာရှင်းပြနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ မမတို့လည်း သဘောပေါက်ပါတယ်ကွယ်၊ ခင်ညိုပြာညက်က သားကို လက်ထပ်မယ်လို့ ဒီနေ့အထိ ကတိပေးခဲ့တာတော့ မဟုတ်ပါဘူး”

သားဘက်က အကြိမ်ကြိမ်လက်ထပ်ခွင့်တောင်းခဲ့တာ ဒေါ်လှလှဆွေ သိနေသည်။ လက်မခံခဲ့ပေ။ ခင်ညိုပြာညက်သာ လက်ထပ်ရင် သားကို မြှူဆွယ်စရာပင် မလို။

သားက အရူးအမူးချစ်နေတာပါ။

“ သားဆီလိုက်သွားရအောင် ဝါဆို ၊ မမသားနဲ့ခင်ညိုပြာညက်ကို လက်ထပ်ဖို့ မမတို့တားနေတာ သားရဲ့ပျက်စီးရာလမ်းပဲကွယ် ”

ဒေါ်လှလှဆွေနှင့် ဒေါ်မြတ်ဝါဆိုတို့နှစ်ယောက်သား သူတို့ရှိတဲ့နေရာကို လိုက်ခဲ့ကြသည်။ ခင်ညိုပြာညက် မရှိတော့ . . .။ သားကိုသာ အရက်တွေ မူးပြီး အိပ်နေတာ တွေ့လိုက်ရသည်။

“ ခင်ညိုပြာညက်ကို အမြန်ဆုံးရှာမှ ဖြစ်မယ် ဝါဆို၊ ကောင်မလေးဘဝကို မမတို့ စောင့်ရှောက်ထားသင့်ပါတယ် ”

ကိုနေ အမူးပြေတဲ့အချိန်တွင် ဒေါ်မြတ်ဝါဆိုက ရှင်းပြလိုက်၏။

“ ဒါဆို ညိုပြာ့ကို အမြန်ဆုံး ရှာမှဖြစ်မယ် မာမီ၊ အန်တီဝါဆို ညိုပြာ သီလရှင်များ ဝတ်လိုက်ပြီလား ”

သားအမိတွေ သီလရှင်ကျောင်းတွေကို လိုက်ပြီး စုံစမ်းကြသည်။ ခင်ညိုပြာညက်ရှိတဲ့နေရာကို သိလိုက်ရ၏။ ထိုအချိန်တွင် ခင်ညိုပြာညက်က လူ့လောကကြီးကိုစိတ်ကုန်၍ သာသနာ့ဘောင်ဝင်ဖို့ ဆုံးဖြတ်လိုက်ပြီ။

“ စဉ်းစားဦးနော် ဒကာမလေး . . . ယောဂီဘဝနဲ့ နေကြည့်ပါဦးလားကွယ် ”





လှပချောမောလွန်းတဲ့ကောင်မလေးဖြစ်၍ သီလရှင်ကြီးက အထပ်ထပ် စဉ်းစားခိုင်းနေသည်။

“ စိတ်ကို ငြိမ်ငြိမ်ထားပါ ဒကာမလေး။ သီလရှင်ဝတ်လိုက်ရတာနဲ့ ဒကာမလေးနှလုံးသားတွေ အေးချမ်းသွားမယ်လို့ ထင်နေတာပါ ”

“ လူ့လောကကြီးထဲမှာ အားကိုးရာမဲ့ဘဝ၊ အထီးကျန်ဘဝနဲ့ ညိုပြာညက်မနေပါရစေနဲ့တော့၊ သီလရှင်ပဲဝတ်ချင်ပါတယ် ဆရာကြီးရယ်”

“ အင်းလေ . . . ဒကာမလေး ဝတ်ချင်ရင်လည်း ဆရာကြီး ဝတ်ပေးပါ့မယ် ”

သီလရှင်ဆရာကြီးက ခင်ညိုပြာညက်ဆန္ဒကို ဖြည့်စွမ်းပေးဖို့ ပြင်ဆင်နေသည်။

ကျောင်းတိုက်ထဲသို့ ကားလေးတစ်စီး မောင်းဝင်လာတာ တွေ့ရ၏။ ကားပေါ်က ဆင်းလာသူတွေက ဒေါ်လှလှဆွေနှင့် ဒေါ်မြတ်ဝါဆိုတို့ပါ။ နောက်မှာက ကိုနေ။

“ သမီးလေးညိုပြာ စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့ဦးကွယ်၊ မာမီ တောင်းပန်ပါတယ် . . . သားလေးဘဝ ပျက်စီးတော့မှာကို သမီး ထိန်းသိမ်းပေးပါဦး ”

ဒေါ်လှလှဆွေတို့ကိုတွေ့လိုက်၍ ခင်ညိုပြာညက် အံ့ဩသွား၏။

“ ညိုပြာ ”

“ ရှင် . . .”

“ မမဝါဆို တောင်းပန်ပါတယ် . . .ကိုနေ့ အနားမှာ ညီမလေးပဲ ရှိနေသင့်ပါတယ် ”



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ဆရာလေးနှင့် ဒေါ်လှလှဆွေတို့ ကျောင်းတိုက်ပေါ် တက်သွားသည်။ ခင်ညိုပြာညက်ကတော့ ရပ်နေမိ၏။

" ညိုပြာ "

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်ကြည်တွေ ဖုံးလွှမ်းနေသည်။

" ကိုနေ တောင်းပန်ပါတယ် . . . ဦးခန့်နဲ့ညိုပြာ ဘာဖြစ်လို့ ပတ်သက်မိသွားလဲဆိုတာ ကိုနေ သိပါပြီ "

ကိုနေ ခင်ညိုပြာညက်လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

" ညိုပြာ ပူလောင်ရှုပ်ထွေးတဲ့လူ့လောကကြီးထဲမှာ မနေချင်တော့ပါဘူး ကိုနေ ၊ ပြီးတော့ ညိုပြာဘဝက မသန့်ရှင်းတော့ပါဘူး "

" ကိုနေ နားလည်ပါတယ်ကွာ ၊ ညိုပြာသာ ကိုနေ့ကို စွန့်ခွာရက်ရင် ကိုနေလည်း လူ့လောကကြီးထဲမှာ မနေတော့ဘူး "

ကိုနေက ပြောပြီး ကားပေါ်ပြန်တက်ကာ စက်နှိုးလိုက်သည်။

" ညိုပြာ သူတော်ကောင်းအလုပ်ကို လုပ်တာ မတားတော့ပါဘူး။ ကိုနေကတော့ ဟိုပိတောက်ပင်ကြီးတည့်တည့် ကားကို မောင်းပစ်လိုက်ပြီး ဘဝကို အဆုံးသတ်လိုက်တော့မယ် "

ကိုနေက ဖွတ်တရွတ်လုပ်တတ်တဲ့ အကျင့်ရှိ၍ ညိုပြာ ထိတ်ခနဲ ဖြစ်သွားရသည်။

သူမအပေါ် သိပ်ချစ်မြတ်နိုးတဲ့ ကိုနေ့ဘဝကိုတော့ အဆုံးရှုံးမခံနိုင်ပေ။

ကားက ရွေ့သွားပြီ။

" ကိုနေ "





ညိုပြာ အထိတ်တလန့်နှင့် ကိုနေ့ကားအနားသို့ ပြေးသွားမိ၏။

" မဟုတ်တာတွေမလုပ်ပါနဲ့ ကိုနေရယ် . . ညိုပြာ အရှုံးပေးလိုက်ပါပြီ "

ကိုနေ့မျက်နှာပေါ်မှာ အပြုံးတွေ ဝေသွားရတော့သည်။

" ကိုနေ့ကို လက်ထပ်တော့မယ်ပေါ့ "

" အင်း . . . "

" ဟာ . . .ဝမ်းသာလိုက်တာကွာ . .ကားပေါ်တက် "

ညိုပြာလည်း ချစ်သူအလိုကျ ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်ရသည်။ မောင်းထွက်ဖို့ ပြင်လိုက်သည်။

" မာမီတို့ကို ခေါ်ဦးလေ . . . ညိုပြာလည်း ဆရာလေးကို နှုတ်ဆက်ရဦးမှာ "

" မာမီတို့က အငှားကားနဲ့ လာလိမ့်မယ် ၊ ဆရာလေးကို နှုတ်ဆက်နေရင် ကိုနေ့အချစ်ကို သီလရှင် အတင်းဝတ်ပေးနေဦးမယ်"

ခင်ညိုပြာညက် မတားနိုင်ခင် ကားလေးမှာ ဝေါခနဲ မောင်းထွက်ခဲ့တော့သည်။

အဲသည်လို ဖွတ်လုပ်တတ်တာ ညိုပြာ စိတ်ညစ်ရတာပေါ့. .။ သူ့ဆန္ဒအတိုင်းပဲ နေပြလိုက်သည်။

" ညိုပြာညက်ကလေး "

" ပြော . . . "

" မောင့်ကို ချစ်လား "

" အင်း . . . "



www.burmeseclassic.com

www.burmeseclassic.com



" ငါးစပ်က ပြောကွာ "

" နေစ်ပါတယ်တဲ့ရှင် "

" ပျော်သွားပြီကွာ . . ."

သူမ သက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး နမ်းမည်ပြုသည်။ ကားလေး ဘယ်ညာယမ်းခါသွားသည်။

" ဥဒ္ဒိုပြာညက်လေးရယ် . . . သိပ်ချစ်တာပဲ "

ခင်ဥဒ္ဒိုပြာညက်အတွက်တော့ . . . ချစ်သူရဲ့စကားသံတွေက ကြည်နူးမှုတွေ ဖြစ်နေ၏။

မာနအလွန်ကြီးတဲ့ သူမရင်ထဲမှ ဝှက်ထားတဲ့ အနမ်းတွေက မောင့်အတွက်သိုတာ မောင်သာသိရင်...။

ကိုနေ့ရင်ခွင်သည်သာ ခင်ညိုပြာညက်အတွက် အေးချမ်းတဲ့ နားခိုရာကမ္ဘာလေးတစ်ခုပါလေ . . .။

အားလုံးကို ချစ်ခင်လေးစားစွာနဲ့
ထာဝရ ဆယ်ကမ္ဘာကျေးဇူးတင်လျက်ပါပဲလို့ . . .။

မိကိုဋ္ဌးဇင်

သူရဲကောင်းစာပေတိုက်

BURMESE CLASSIC .com

www.burmeseclassic.com